
ပြစ်မှုနှင့်
ပြစ်ဒဏ်
တင်မောင်မြင့်
CRIME AND
PUNISHMENT
Fyodor Dostoevsky
၂၀၀၂ ခုနှစ်
အမျိုးသားစာပေဆုရ
စာအုပ်

mgyoe.com SAMPLE BOOK



ပြစ်မှုနှင့် ပြစ်ဒဏ်

တင်မောင်မြင့်

CRIME AND PUNISHMENT

Fyodor Dostoevsky

ISBN 978-99971-44-04-1

K0392

9 789997 144041 >

mgyoe.com


SAMPLE BOOK
FYODOR
TOYEVSKY
RIME AND
NISHMENT
White Nights
The brothers karamazov
DEMONS
FYODOR DOSTOEVSKY
THE BROTHERS KARAMAZOV
FYODOR DOSTOEVSKY
FYODOR DOSTOEVSKY
POOR FOLK
THE BEST SHORT STORIES OF FYODOR DOSTOEVSKY
CRIME AND PUNISHMENT
FYODOR DOSTOEVSKY
CRIME AND PUNISHMENT
FYODOR DOSTOEVSKY
CRIME AND PUNISHMENT
FYODOR
DOSTOYEVSKY
COLLECTION
PENGUIN CLASSICS
CRIME AND PUNISHMENT
Fyodor Dostoevsky
THE BROTHERS KARAMAZOV
Uncle's DREAM
Fyodor
DOSTOEVSKY
FYODOR DOSTOYEVSKY
THE GENTLE SPIRIT
YODOR DOSTOEVSKY
The Gambler
Fyodor Dostoyevsky
White Nights
THE
CROCODILE

mgyoe.com SAMPLE BOOK



mgyoe.com

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဖင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဇူလိုင်လ၊ ၂၀၁၂ ခုနှစ်၊ ရာပြည့်စာအုပ်တိုက်။
ဒုတိယအကြိမ် - ဒီဇင်ဘာလ၊ ၂၀၁၉ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
တတိယအကြိမ် - အောက်တိုဘာလ၊ ၂၀၂၃ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၅၀၀
မျက်နှာဖုံးပုံနှိပ် - ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)
အတွင်းပုံနှိပ် - အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ဖော်မောင်
တန်ဖိုး - ၂၅၀၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK

Crime and Punishment

FYODOR DOSTOEVSKY

Translated by Richard Pevear and Larissa Volokhonsky

ပြစ်မှုနှင့်ပြစ်ဒဏ်

တင်မောင်မြင့်

(မြန်မာပြန်)

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

ဒီစာအုပ်ဟာ လူသတ်မှု (ပြစ်မှု) ဝတ္ထုတစ်ပုဒ် ဖြစ်တယ်။ ဇာတ်ကြောင်းကို လူသတ်သမားက သူ့ရှုထောင့်က ပြန်ပြောပြတဲ့ ဝတ္ထုပါ။ အပြစ်ကင်းစင်တဲ့ စာဖတ်ပရိသတ်ဟာ အင်မတန်ရက်စက်တဲ့ လူသတ်မှုကြီးထဲမှာ မျောပါသွားပါတော့တယ်။ ဒီဝတ္ထုကြီးဟာ ကြောင်နဲ့ကြွက် လိုက်တမ်းပြေးတမ်း ကစားတဲ့ လျှို့ဝှက်သည်းဖို ဝတ္ထုအမျိုးအစားဖြစ်ပါတယ်။ ဘဝမှာထွက်ပေါက်မရှိအောင် ပိတ်မိခံနေရပြီး လူသတ်သမား ဖြစ်သွားတဲ့ လူငယ်တစ်ယောက်နဲ့ ပျော်ပျော်နေတတ်ပေမယ့် ဖွဲ့နွဲ့ပုံကြီးတဲ့ စုံထောက်ရဲ့အရာရှိတို့ရဲ့ စိတ်ဓာတ်ရေးရာ ပညာပြိုင်ခန်း ဖြစ်ပါတယ်။

သိပ်ထူးဆန်းပြီး သိပ်ထက်မြက်တဲ့ နည်းတွေနဲ့ သူတို့နှစ်ယောက် ဉာဏ်ကစားကြတယ်၊ ကွက်ကျော် ရိုက်ကြတယ်။ အလွန်အင်မတန် ကြီးမားတဲ့ အင်အားတစ်မျိုးက လူငယ်ကို ပြစ်မှုကျူးလွန်ဖို့ တွန်းအားပေးတယ်။ အဲဒီမှာ ကာယိကဝေဒနာ၊ စေတသိကဝေဒနာတွေကို တွေ့ရမယ်။ တစ်ပြိုင်တည်းမှာ လူ့ဂုဏ်သိက္ခာနဲ့ မေတ္တာအကြည်ဓာတ်ကိုလည်း မြင်ရမယ်။

၁၈၆၆ ခုနှစ်မှာ *'ပြစ်မှုနှင့်ပြစ်ဒဏ်'* ထွက်ပြီးကတည်းက စာဖတ်သူတွေ အသက်ရှူ မှားခဲ့ကြတယ်။ ဘာသာပြန်ဆရာတွေလည်း ဦးနှောက်စားခဲ့ကြတယ်။ ဒေါ်စတာယက်စကီကို မိအောင် ပြန်နိုင်ဖို့ အခက်အခဲ တွေ့ခဲ့ကြတယ်။ ဝတ္ထုရဲ့ စာမျက်နှာစာ တချို့တဝက်ကိုပဲ အမိဖမ်းနိုင်ကြပြီး ဝတ္ထုရဲ့ ဒဿနကို ထောင့်စုံဘက်စုံ အပီအပြင် မဖွင့်ဆိုနိုင်ခဲ့ကြဘူး။

ယနေ့ နှစ်ပေါင်းများစွာ ကြာမှ ရစ်ချဒ်ပီဗီးယားနဲ့ လာရစ်ဆာဗိုလ်ကွန်စကီတို့ နှစ်ယောက်ဟာ အလွန့်အလွန် ခက်ခဲနက်နဲတဲ့၊ လူတို့ နားလည်နိုင်စွမ်းရဲ့ ဟိုမှာဘက်ကို ရောက်နေတဲ့ ဒီဝတ္ထုကြီးကို ကျားကုတ်ကျားခဲ

mgyoe.com

mgyoe.com SAMPLE BOOK

ကြိုးစားပြီး အင်္ဂလိပ်ဘာသာနဲ့ ပြန်ဆိုခဲ့ကြတယ်။ အလျော့၊ အတင်းတွေ အများကြီး လုပ်ပြီး၊ လက်တစ်ဆုံး နှိုက်ပြီး စာရေးဆရာရဲ့ ပါရမီကို စနစ်တကျ ကြိုးစား ဖော်ထုတ်ခဲ့ကြတယ်။

✣

"ဟောဒီ နောက်ဆုံးဘာသာပြန်ဟာ အလွန်တိကျတယ်။ တင်ဆက်ပုံ သိပ်ခေတ်မီတယ်။ *'ပြစ်မှုနှင့် ပြစ်ဒဏ်'* ဟာ ခုမှ ပိုပြီး ပီပြင်လာတယ်။ ပိုပြီး ရုပ်လုံးကြွလာတယ်။ ရင်နဲ့အမျှ ခံစားရအောင် အသက်ဝင်လာတယ်။ အလှ ရသကို ဖော်ကျူးတဲ့ နေရာမှာ တံခွန်စိုက်လို့ ပြောနိုင်တယ်"

ဆန်ဖရန်စစ္စကို၊ ခရော်နီကယ်လ်

✣ ✣ ✣

mgyoe.com

mgyoe.com
SAMPLE BOOK

မှူရင်းဝတ္ထု ရေးသူ
ဒေါ်စတာယက်စကီ (၁၈၂၁–၁၈၈၁)

၃၀ အောက်တိုဘာ ၁၈၂၁ တွင် မော်စကိုမြို့၌ မွေးဖွားသည်။ ဖခင်မှာ စစ်တပ်ဆရာဝန်၊ စည်းကမ်းတင်းကျပ်သူ။ မိခင်မှာ ကုန်သည်မျိုးရိုး၊ ချစ်ခင်ကြင်နာတတ်သူ။ မွေးချင်း ခြောက်ယောက်အနက် ဒုတိယမြောက်။ ငယ်စဉ်ကပင် စာပေဝါသနာ ပါခဲ့သော်လည်း ဖခင်၏ စီမံချက်ဖြင့် ၁၈၃၇ တွင် ပီတာစဘတ် စစ်တက္ကသိုလ်၊ စက်မှုသိပ္ပံ၌ ငါးနှစ်မျှ တက်ရောက် ပညာသင်ခဲ့။ ပီတာစဘတ် အင်ဂျင်နီယာတပ်တွင် တနှစ်တာ တာဝန်ထမ်းဆောင်ပြီးနောက် တပ်မှ နုတ်ထွက်ကာ စာပေလောကသို့ ဝင်ရောက်။ ၁၈၄၅ တွင် ပထမဆုံး လုံးချင်းဝတ္ထု 'မရှိဆင်းရဲသား (Poor People)' ကို ထုတ်ဝေရာ အထူးပင် အောင်မြင်ခဲ့သည်။

သူ့ဘဝတွင် ဇာဘုရင် ဆန့်ကျင်မှုကြောင့် သေဒဏ်ပေးခံရခြင်း၊ ထို့နောက် ဆိုက်ဘေးရီးယားတွင် အလုပ်ကြမ်းနှင့် ပြစ်ဒဏ် ကျခံရခြင်း၊ အသုံးအစွဲကြမ်းခြင်းနှင့် လောင်းကစားမှု လွန်ကဲခြင်းတို့ကြောင့် အမြဲတမ်း ငွေကြေးချို့တဲ့ကာ ကြွေး လည်ပင်းထိ နစ်နေရခြင်းတို့အပြင် အခြားဒုက္ခတစ်ခုမှာ ငယ်စဉ်ကတည်းက ဝက်ရူးပြန်ရောဂါ စွဲကပ်နေခြင်းပင် ဖြစ်သည်။ သူသည် ထိုဝေဒနာများကို သူ ကွယ်လွန်သည့် ၁၈၈၁ ခုနှစ်အထိ ခံစားသွားရသည်။ ဝတ္ထုတိုအချို့နှင့် ဝတ္ထုရှည် ၁၅ ပုဒ်ခန့် ရေးသားခဲ့သည်။ ယင်းတို့အနက် ပြစ်မှုနှင့် ပြစ်ဒဏ် **(Crime and Punishment, 1886)၊ အန္ဓ (The Idiot, 1868)၊ အမှောင့်ပယောဂ (The Possessed, 1873) နှင့် ကာရမာဇော့ ညီနောင်များ (Brothers Karamazov, 1880)** တို့မှာ သူ၏ အထင်ရှားဆုံး၊ အကြီးမားဆုံး မဟာဝတ္ထုရှည်ကြီး လေးပုဒ် အဖြစ် သတ်မှတ်ကြသည်။

✣ ✣ ✣

mgyoe.com

mgyoe.com SAMPLE BOOK

အင်္ဂလိပ်ဘာသာ ပြန်ဆိုသူများ
ရစ်ချဒ်ပီဗီယားနှင့် လာရစ်ဆာ ဗိုလ်ကွန်စကီ

ရုရှားဘာသာမှ အင်္ဂလိပ်ဘာသာသို့ သူတို့နှစ်ယောက် ဘာသာပြန်ပုံမှာ ထူးခြားဆန်းသစ်ကာ ရုရှားအငွေ့အသက် ပါအောင် ပြန်နိုင်သဖြင့် နာမည် ကြီးသွားသည်။ မစ်ဟိုင်း ဘူဂါကော့ဗ်၊ ချက်ကော့၊ ဂိုးဂိုးလ်၊ လီယိုတော်လ်စတွိုင်း ဝတ္ထုများစွာကို ဘာသာပြန်ခဲ့သည်။ တော်လ်စတွိုင်း၏ Anna Karenina အတွက်၊ ဒေါ်စတာယက်စကီ၏ The Brothers Karamazov အတွက် PEN/Book – of – the – Month Club မှ ဘာသာပြန်ဆုများ ချီးမြှင့်ခံရသည်။ သူတို့ ဘာသာပြန်သည့် တော်လ်စတွိုင်း၏ Anna Karenina နှင့် What is Art? ၊ ဘူဂါကော့ဗ်၏ The Master နှင့် Margarita ကို ပင်ဂွင်း စာအုပ်တိုက်မှ ထုတ်ဝေခဲ့သည်။

ဘော်စတွန်မြို့သား ရစ်ချဒ်ပီဗီယားနှင့် စိန့်ပီတာစဘတ်မြို့သူ လာရစ်ဆာ ဗိုလ်ကွန်စကီတို့သည် လက်ထပ်ပြီး ပါရီမြို့တွင် နေထိုင်လျက်ရှိသည်။

✣ ✣ ✣

mgyoe.com

mgyoe.com SAMPLE BOOK

မြန်မာဘာသာ ပြန်ဆိုသူ
တင်မောင်မြင့်

ရောဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်၊ စစ်ကျွန်းရွာတွင် အဖ ဦးမောင်ဒွေး၊ အမိ ဒေါ်ကျော့စိန်တို့က ၁၉၃၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် မွေးဖွားသည်။

ရန်ကုန်မြို့ ရေကျော်ဦးမောင်မောင် အလွတ်ပညာသင်ကျောင်းမှ အလယ်တန်းအောင်ပြီး တောင်ကြီးမြို့ အစိုးရအထက်တန်းကျောင်း (ယခု အ.ထ.က – ၁) မှ ၁၉၅၈ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်သည်။

၁၉၆၁ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီ(ယခု MOGE)တွင် အလုပ်ဝင်ပြီး ၁၉၉၄ ခုနှစ်တွင် ငွေစာရင်း အရာရှိအဖြစ် အငြိမ်းစားယူသည်။

၁၉၈၅ ခုနှစ်တွင် သည်းဦးပန်းမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်၊ ၁၉၈၈ ခုနှစ်တွင် အထောက်တော်လှအောင်၏ သတင်းမဂ္ဂဇင်းတွင် ဒုတိယ အယ်ဒီတာချုပ် တာဝန်များ ထမ်းဆောင်ခဲ့သည်။

၁၉၈၃ ခုနှစ်တွင် နာမည်ရင်းဖြင့် *'ငွေကျွန်' (World Rapers by Jonathan Black)* ကို မြတ်ငြိမ်းနှင့် တွဲပြီး ဘာသာပြန်ခဲ့သည်။ ယနေ့အထိ *သံယောဇဉ် ကမ်းခြေ(၁၉၈၃) (Man on Fire by A.J.Quinnell)၊ အချစ်၏ အခြားသော မျက်နှာစာ(၁၉၈၄)(Rendezvous by Evelyne Anthaony)၊ ငယ်စာရင်းဝင်မို့(၁၉၈၄) (Not as a Stranger by Morton Thompson)၊ သံမဏိလိပ်ပြာ (၁၉၈၇) (Philadelphian by Richard Powell)၊ အရိပ်မဲ့ ရုပ်ပုံလွှာ(၁၉၈၅) (Snap Shot by A.J.Quinnell)၊ မဟာရုံတံတိုင်းကို ဖြတ်ကျော်ခြင်း(၁၉၈၅) (This side of Glory by Gwen Bristow)၊ မေတ္တာရုပ်ပုံတော်(၁၉၈၅) (Where Love has Gone by Herold Robin)၊ တမ်းတတတ်သည်(၁၉၈၅)(Rememberance by Dannielle Steel)၊ အချစ်များစွာနဲ့ပါ ဆရာ(၁၉၈၇)(To Sir With Love by E.R. Braithwaite)၊ နွေကဗ္ဗာ(၁၉၈၈)(Deep Summer by Gwen Bristow)၊ မြကတ္တီပါလမ်း(၂၀၁၇)(Handsome Road by Gwen Bristow)၊ မာနမီးလျှံ (၁၉၉၉)(Body of Love by Charles Keats)၊ မဒမ်ကျူရီ(၂၀၀၁) (Madame Curie by Eve Curie)၊လေရဟတ်နီ(၂၀၀၄)(Moulin Rouge by Pierre La Mure)၊ တောင်ပံမဲ့သင်းကွဲတေးဆိုငှက် (၂၀၀၄) (To Kill a Mocking Bird by Harper Lee)၊ စကားလက် (၂၀၀၆) (Scarlet by*

mgyoe.com

mgyoe.com SAMPLE BOOK

Alexandra Ripley)၊ အင်နာ ကာရီနီနာ(၂၀၁၀) (Anna Karenina by Leo Tolstoy)၊ မျှော်(၂၀၁၁) (Waiting by Ha Jin)၊ ပြစ်မှုနှင့်ပြစ်ဒဏ် (၂၀၁၂) (Crime and Punishment by Dostoevsky)၊ မိစ္ဆာဝက်ပါ(၂၀၁၄)(Les Miserable by Victor Hugo)၊ ဘဝအနှောင်(၂၀၁၅)(Of Human Bondage by W.S. Maugham) အပါအဝင် ဘာသာပြန်စာအုပ်ပေါင်း ၁၀၀ ကျော် ရေးသားပြီး ဖြစ်သည်။

အမျိုးသားစာပေဆုရ (ဘာသာပြန်) စာအုပ်များမှာ–

၁။ မဒမ်ကျူရီ	(၂၀၀၁)	(သုတ)
၂။ တောင်ပံမဲ့သင်းကွဲတေးဆိုငှက်	(၂၀၀၄)	(ရသ)
၃။ အနက်ရောင်အိပ်မက်စိမ်းမြမေတ္တာ	(၂၀၀၇)	(ရသ)
၄။ မျှော်	(၂၀၁၁)	(ရသ)
၅။ ပြစ်မှုနှင့်ပြစ်ဒဏ်	(၂၀၁၂)	(ရသ)

၂၀၁၉ ခုနှစ်တွင် အမျိုးသားစာပေဆု(တသက်တာ)ရရှိသည်။

✣ ✣ ✣

mgyoe.com

mgyoe.com SAMPLE BOOK

အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသူများ၏ အမှာစကား

"ရေးတုန်းက မပေါ်ဖူးခဲ့သေးတဲ့ ဝတ္ထုမျိုး၊ ထူးထူးခြားခြား နော်ဗယ်မျိုးတပုဒ်လောက် ကိုယ်ရေးမလို့။ ပုံနှိပ် စာမျက်နှာ ၄၈၀ လောက် ရှိမယ်။ လေးလအတွင်း အပြီး ရေးရမှာ။ နှစ်ပုဒ်တပြိုင်တည်း ရေးမယ်။ တအုပ်ကို မနက်ပိုင်း ရေးပြီး တအုပ်ကို ညနေပိုင်း ရေးမယ်။ ချစ်တဲ့အင်နာဗာစီလီနိုဗာရေ... အဲဒီလို ထူးခြားတဲ့ ဝတ္ထုမျိုး ရေးဖို့ ခုကတည်းက ကိုယ် ရင်တွေ ခုန်နေပြီသိလား။ အရမ်းပျော်နေတယ်။ ကိုယ်က သမားရိုးကျ ပတ်ဝန်းကျင်နဲ့ ခွင်မကျဘူးလေ"

မိတ်ဆွေတယောက်ဆီကို ဒေါ်စတာယက်စကီ ရေးသည့်စာ ဖြစ်သည်။ လောကကြီးနှင့် သဟဇာတ မဖြစ်ပုံကို သူ့ကိုယ်သူ သတိထားမိသည့် ၁၈၆၆ ခုနှစ် နွေရာသီတွင် ရေးသောစာ ဖြစ်သည်။ ပတ်ဝန်းကျင်သည် သူ့အတွက် စက်ဆုပ်ဖွယ်အတိ ဖြစ်နေ၏။ ထိုစဉ်က သူ့အသက်မှာ လေးဆယ့်ငါးနှစ်သာ ရှိသေးသည်။ (ထောင်ကျနေသည့် ဆယ်နှစ်တာ အပါအဝင် ဖြစ်သည်။) အစိုးရ ဆန့်ကျင်ရေးထဲတွင် ပါခဲ့၍ ထောင်ဒဏ်နှင့် ပြည်နှင်ဒဏ် ပေးခံရသည်။ သည်ကာလအတွင်း ပထမဇနီး ကွယ်လွန်သွားခဲ့သည်။ သူ အချစ်ဆုံး အစ်ကိုတယောက် ဆုံးသွားသည်။ တင်နေသည့် ကြွေးက ရူဘယ် ၄၃,၀၀၀ ဆိုတော့ လည်ပင်း ရောက်နေပြီ။ လွန်ခဲ့သည့်နှစ်က ကြွေးရှင်တွေကို ရှောင်ရန် နိုင်ငံခြားသို့ ထွက်ပြေးခဲ့ရသည်။ ထိုစဉ်က သူ့အိတ်ထဲတွင် ၁၇၅ ရူဘယ်သာ ပါသည်။ ကိုယ့်ဖို့သာ သိသော ထုတ်ဝေသူ စတီလော့စကီကို ဝတ္ထုသစ် တပုဒ် ပေးဖို့ ကတိပေးထားသည်။ နောက်ဆုံးပေးရမည့် ရက်က ၁၈၆၆ ခုနှစ် နိုဝင်ဘာလ ၁ ရက်။ မပေးနိုင်လျှင် (စတီလော့စကီက မပြီးနိုင်ဟု တွက်ထားသည်။) လက်ရှိ သူ့စာအုပ်အားလုံး၊ နောင်ရေးမည့် စာအုပ်အားလုံး ထုတ်ဝေသူက သိမ်းယူမည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကံကောင်းထောက်မစွာဖြင့် ဒေါ်စတာယက်စကီက "ဘယ်တုန်းကမှ မပေါ်ခဲ့ဖူးသည့်" စာအုပ်ကြီးကို သတ်မှတ်ရက်အတွင်း အပြီးရေးနိုင်ခဲ့သည်။ သို့သော် သူ စိတ်ကူးထားသည့် နည်းဖြင့် ရေးဖြစ်ခဲ့ခြင်း မဟုတ်။ တပုဒ်ကို ရေးပြီး ၁၈၆၆ ခုနှစ် ဇန်နဝါရီလကတည်းက Russian Herald သတင်းစာတွင် နေ့စဉ် ထည့်သည်။ သည်စာအုပ်ကို ရေးနေရသဖြင့် လုံးဝ မအားတော့ဘဲ စတီလော့စကီကို ပေးဖို့ စာအုပ်ကို မစနိုင်ခဲ့ချေ။ နောက်ဆုံး သူငယ်ချင်းတယောက် အကြံပေးချက်အရ လက်ရေးတိုစာရေးမတယောက် ငှားလိုက်ရသည်။ ကောင်မလေးက ခပ်ငယ်ငယ်။ နာမည်က အင်နာဂရီဂိုရီဗနာ။ မကြာခင် သူတို့ လင်မယား ဖြစ်သွားကြသည်။ အောက်တိုဘာလထဲတွင် အင်နာ့ကို Gambler ဝတ္ထု နှုတ်တိုက် ရွတ်ပေးပြီး ထုတ်ဝေသူအား အချိန်မီ ပေးနိုင်ခဲ့သည်။ နိုဝင်ဘာလထဲတွင် သတင်းစာအခန်းဆက် ဝတ္ထုရှည်ကြီးကို အပြီးသတ်နိုင်ခဲ့သည်။ ယင်းဝတ္ထုကြီးကား Crime and Punishment (ပြစ်မှုနှင့် ပြစ်ဒဏ်) ဖြစ်လေသည်။ ဒေါ်စတာယက်စကီ နောက်ဆုံး တဆယ့်ငါးနှစ်အတွင်း ရေးသွားသော ဝတ္ထုကြီးငါးပုဒ်အနက် ပထမဆုံးနှင့် အထူးခြားဆုံး ဝတ္ထုကြီး ဖြစ်သည်။

Crime and Punishment ထွက်လာတော့ ဝေဖန်ရေးဆရာတွေ၊ စာပေ ပညာရှင်တွေ ဝိုင်းဝေဖန်ကြသည်၊ အကဲဖြတ်ကြသည်။ သို့သော် ဘယ်သူမှ အတိအကျ မဖော်ညွှန်းနိုင်ကြ။ သူတို့သည် ဟိန္ဒူပုံပြင်ထဲက မျက်မမြင် ခြောက်ယောက် ဆင်ကို စမ်းပြီး မိရာအစိတ်အပိုင်းကို ကိုယ်စီ မှန်းဆ ပြောဆိုနေကြသည်နှင့် တူနေသည်။ တယောက်က မြွေ၊ တယောက်က သစ်ပင်၊ တယောက်က နံရံ၊ တယောက်က ယပ်တောင် စသည်ဖြင့်... စသည်ဖြင့်။ ဒေါ်စတာ ယက်စကီကိုယ်တိုင်ရေးခဲ့သည့် မှတ်စုများ၊ သုံးသပ်ချက်များကလည်း အလွန် အေးစက်စက်နိုင်သည်။ အကြမ်းဖျင်းလောက်သာ မှန်း၍ ရနိုင်သည်၊ ထို့ကြောင့် ဝေဖန်ရေးဆရာတွေ အမှားမှား အယွင်းယွင်းဖြစ်ကုန်ခြင်းပင်။

ဒေါ်စတာယက်စကီက လုံးချင်းမထွက်ခင် အကြိမ်ကြိမ် ပြင်ရေးသည်။ အတွေးသစ်တခုရလျှင် ဇာတ်ကြောင်းကို ပြောင်းပစ်သည်။ ၁၈၆၅ ခုနှစ် ဒီဇင်ဘာလထဲတွင် သူ့မိတ်ဆွေ မြေပိုင်ရှင်ကြီး ဗရန်ဂျဲလ်ထံ ရေးသည့်စာတွင် "ကျွန်တော် ရေးနေတာတွေ တော်တော်ကြာသွားပြီ။ (Crime and Punishment ပထမမူ) တဖြည်းဖြည်းနဲ့ အပိုင်း ၆ ပိုင်း ပါတဲ့ တကယ့်နော်ဗယ်ကြီး ဖြစ်သွားတယ်။ အဲဒါတွေ ကျွန်တော် အားလုံး မီးရှို့ပစ်လိုက်တယ်။ ကျွန်တော်ခုမှ ဖွင့်ပြောတာပါ။ ကိုယ့်ဘာသာ ကိုယ် မကြိုက်လို့ပါ။ ပုံစံအသစ်နဲ့ ခွင်အသစ်ချပြီး ကျွန်တော်ပြန်ရေးတယ်။ နေ့ရော ညရော ရေးတယ်။ ဒါပေမဲ့ သိပ်အားမစိုက်ရသလိုပဲ။ နော်ဗယ်ဆိုတာကဗျာပဲ။ နော်ဗယ်ရေးနိုင်ဖို့ စာရေးဆရာတယောက်ဟာ စိတ်ရဲ့ ငြိမ်းချမ်းမှု ရှိရမယ်၊ ယုံကြည်မှုရှိရမယ်..."

ဒေါ်စတာယက်စကီက နော်ဗယ်ဟာ ကဗျာပါတဲ့။ ဆိုလိုသည်မှာ Crime and Punishment သည် သံစုံပြည်နေသည့် ဝတ္ထုကြီး ဖြစ်သည်။ လေးနက်သော ဘဝအမြင်တွေဖြာထွက်နေသည်။ အနှစ်သာရကို ရုတ်ခြည်းမြင်နိုင်ဖို့ မလွယ်။ ပြီးတော့ ရှုပ်ထွေးလွန်းသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထို့ကြောင့် လေ့လာသူတွေ၊ ဝေဖန်ရေးဆရာတွေ အမိမဖမ်းနိုင်ကြခြင်းကို ခွင့်လွှတ်သင့်သည်။ အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူနိုင်သည့် ဒေါ်စတာယက်စကီ၏ အရေးအသား၊ အသုံးအနှုန်းများကို တမျိုးတည်း အသံထွက်အောင် လုပ်ဖို့မှာ လွယ်ကူမည် မဟုတ်ပေ။

Crime and Punishment သည် ဟန်သစ်နှင့် ထွက်လာသည့် ဝတ္ထုများထဲတွင် တပုဒ် အပါအဝင် ဖြစ်သည်။ ဖောက်ထွက်သည့် ဝတ္ထု ဖြစ်သည်။ သူ့ရေးဟန်က လေးနက်လွန်းသည်။ သူ့နောက်ပိုင်း ဝတ္ထုများကို ဒေါ်စတာယက်စကီက ဘဝတွင် ချောင်ပိတ်မိနေသည့် အဖြစ်ဆိုးများ၊ ဘဝအမောများကို ဖော်ညွှန်းသည့် ဝတ္ထုများဟု အဓိပ္ပာယ်ဖွင့်သည်။ တဖက်က ကြည့်လျှင် သူ့ဝတ္ထုများသည် ပျော်ရွှင်နေသော ကမ္ဘာကြီးထဲမှ အနိဋ္ဌာရုံတွေကို အမြစ်က တူးပြီး သရော်ပြလိုက်သော ဝတ္ထုများ ဖြစ်သည်။

ဒေါ်စတာယက်စကီ၏ ထူးခြားမှုမှာ ဆန့်ကျင်ဘက်များကို ပိုက်စိပ်တိုက် ရှာဖွေနိုင်သည့်၊ တီထွင်နိုင်သည့် အရည်အချင်း ဖြစ်သည်။ အနက်အရှိုင်း၊ လက်တဆုံး နှိုက်ကာ အသေးစိတ် ရေးနိုင်သည့် အရည်အချင်းဖြစ်သည်။ အနိဋ္ဌာရုံတွေကို သူက ရယ်သွမ်းသွေးပစ်သည်။ ရုရှား နေ့စဉ်ဘဝကို အပီအပြင် ဖော်ထုတ်ရာတွင် အသေးစိတ်လွန်းသည်။ သူ့နော်ဗယ်များသည် သူ့ခေတ်တနေရာတွင် ငြိမ်နေဖို့ ငြင်းဆန်ကြသည်။ တော်လ်စတွိုင်း၊ တူရဂိညက်နှင့် ဂွန်ချာရော့ဗ်တို့က သူ့လို မဟုတ်။ သူတို့၏ နော်ဗယ်များက သူ့ခေတ်အသိုင်းအဝိုင်းထဲတွင်သာနေသည်။ ဒေါ်စတာယက်စကီကမူ သမိုင်းထဲမှ ခုန်ထွက်ကာ ကျွန်တော်တို့နှင့် ထိပ်တိုက် လာတွေ့သည်။ နောက်ဆုံး စကားကို သူ မပြောရသေးသည့်အလား။

သူ့စာပေသည် "သရုပ်မှန်၏ ပုံတူ" ဖြစ်သည်။ ပိုရှင်းအောင် ၁၈၆၄ ခုနှစ်တွင် ထွက်သည့် သူ၏ Notes from Underground (မြေအောက်မှတ်တမ်းများ)ကို ကျွန်တော်တို့ ပြန်လှန်ရပါလိမ့်မည်။ Crime and Punishment မစမီ တနှစ်က ထွက်သည့် စာအုပ် ဖြစ်သည်။ သည်ဝတ္ထုငယ်ကလေးသည် ဖောက်ထွက်ခြင်း၏ ဘဝ ဖြစ်သည်။ ဝိရောဓိများ၏ အရင်းအမြစ်ကို တူးဖော်သည့် ဝတ္ထု ဖြစ်သည်။ ဤတွင် သူ၏ လမ်းသစ်ကို စတင်ဖောက်လုပ်ခြင်း ဖြစ်သည်။ သည့်နောက်ပိုင်း ထွက်လာသည့် သူ့လက်ရာအားလုံး Notes from Underground ၏ ဟန်ဖြစ်လာသည်ဟု ဆိုနိုင်သည်။ ဤအပြောင်းအလဲအတွက် သူ (ဒေါ်စတာယက်စကီ) ကိုယ်တိုင် အံ့သြရမလောက် ဖြစ်သွားသည်။

သည်ကိစ္စနှင့် ပတ်သက်ပြီး စိတ်ကူးယဉ်ကွန်မြူနစ် ချန်နီရှက်စကီ၏ What Is to be Done? ဆိုသော အစီအစဉ်ရှိရှိရေးသည့် ဝတ္ထုကို ဒေါ်စတာယက်စကီ ဝေဖန်ဖို့ ကြိုးစားသေးသည်။ သို့သော် ဝေဖန်စာ မရေးဖြစ်တဲ့ ပုံပြင်တပုဒ် ရေးဖြစ်သည်။ ကာကွယ်ခြင်း တဝက်၊ ဝန်ခံခြင်းတဝက် ပုံစံဖြင့် မြေအောက်မှ အမည်မရှိ လူတယောက်အကြောင်း ပုံပြင် ဖြစ်သည်။

၁၈၆၀ ပြည့်လွန်နှစ်များတွင် ဒေါ်စတာယက်စကီသည် အစွန်းရောက် နိုင်ငံရေးသမားများနှင့် ပေါင်းမိကာ သူ့ယုံကြည်ချက်တွေ ပြောင်းလာသည်။ သူ့စာပေဘဝသည်

mgyoe.com

mgyoe.com SAMPLE BOOK
အပြင်းစား ဘဝမျိုး မဟုတ်ခဲ့ပေ။ ဘုရင်စနစ်ကို ဝေဖန်သည်။ ဆင်းရဲသားများကို ကရုဏာထားသည်။ ပြင်သစ် စိတ်ကူးယဉ်ဝါဒီ ဖော်ရိုင်းယား၏ အယူအဆတွေကို သဘောကျသည်။ ဤမျှသာ။ ၁၈၄၀ ပြည့်လွန်နှစ်များတွင် ပီထရာချက်စကီ အုပ်စု၏ လျှို့ဝှက်အစည်းအဝေးတွေ တက်သည်။ သူတို့အုပ်စုတွင် ပုံနှိပ်စက် ရှိသည်။ ဖော်ရိုင်းယား၏ စာအုပ်တွေကို ရိုက်ဖြန့်ဖို့ စီစဉ်ကြသည်။ သည်အတွက် ၁၈၄၉ ခုနှစ်တွင် အဖမ်းခံရသည်။ Notes from the Dead House (သေမင်းအိမ် မှတ်စုများ) ဟူသည့် ထောင်အတွေ့အကြုံတွေ အခြေခံ ရေးသောဝတ္ထု ၁၈၆၀ တွင် ထွက်လာသည်။ ပီတာစဘတ်သို့ သူ ပြန်မရောက်မီ တနှစ် ဖြစ်သည်။ သည်စာအုပ်တွင် အခန်းထောင့် တနေရာမှာ ထိုင်လျက် ကောင်းကင်ပြာကြီးကို မော့ကြည့်နေပုံကို ဖွဲ့သည်၊ ထောင်နံရံအပြင်ဘက်တွင်တော့ ဘဝက တမျိုး၊ လွတ်လပ်မှု အပြည့်၊ တနေ့နေ့မှာ ထောင်က လွတ်ရမည်။ အပြင်တွင်စောင့်နေသည့် လွတ်လပ်သော ဘဝထဲ ပြန်ဝင်မည်။ ဒီအခါမှာ အများအယွင်းတွေ မလုပ်မိအောင် လောကနီတိနှင့်အညီ နေတော့မည်။

၁၈၆၀ ပြည့်လွန်နှစ်များတွင် အစွန်းရောက် အယူအဆများကို သူ မကြိုက်တော့ပေ။ ဒုစရိုက်ပြုမှားမိသူ တယောက်၏ နောင်တရခြင်းမျိုး။ ကိုယ့်ဘုရင်၊ ကိုယ့်သခင်ကို ရိုသေရမည်။ ရုရှား ရှေးဟောင်း ခရစ်ယာန် တရားတော်နှင့်အညီ နေတော့မည်။ သည်ကမ္ဘာကြီးထဲတွင် ဘယ်တုန်းကမှ မရှိခဲ့ဖူးသည့် မေတ္တာတရားမျိုးကို ရှာတော့မည်။ သည်လို သည်လို တွေးထားပေမယ့် တခုမှ ဖြစ်မလာ။ Notes from Underground အရ ဆိုလျှင် သူ့ခန္ဓာကိုယ်ကို တစုံတရာ ပူးကပ်နေသည်နှင့် တူ၏။ ဆိုက်ဗေးရီးယားမှ ပြန်လာပြီး သူ့ အတွေးအမြင်တွေ အရမ်းစူးရှလာသည်၊ ထက်မြက်လာသည်။ သဘာဝဥပဒေတို့၊ သင်္ချာဗေဒတို့ကို လှောင်ပြောင် သရော်သည်၊ တိုက်ခိုက်သည်။ တိုးတက်သည့် အယူအဆ၊ ယဉ်ကျေးမှု စသည်တို့ကိုလည်း ပြက်ရယ်ပြုသည်။ ချန်နီရှက်စကီ၏ သိပ္ပံနည်းကျ စိတ်ကူးယဉ် ကွန်မြူနစ်ဝါဒကိုလည်း လက်မခံတော့။ ပို၍ပြင်းသော တဖက်စွန်းသို့ ရောက်သွားခြင်းပင်။ သူက ကြွေးကြော်သည်။ 'နှစ်နဲ့နှစ် ပေါင်း လေးရတယ် ဆိုတဲ့ အဖြေဟာ ဘဝ မဟုတ်တော့ဘူး။ ရဲဘော်တို့၊ အဲဒါဟာ သေခြင်းတရားရဲ့ အစပဲ'

၁၈၆၀ ပြည့်လွန်နှစ်တွေကို ပြန်ကြည့်လျှင် အလက်ဇန္ဒာ(၂) ပြုပြင်ပြောင်းလဲရေး စလုပ်တာ တွေ့ရသည်။ ကျွန်စနစ် ဖျက်သိမ်းပေးသည်။ ဂျူရီအဖွဲ့နှင့် တရားစီရင်ရေးကို ခွင့်ပြုသည်။ လယ်ယာမြေစနစ် ပြုပြင်ပြောင်းလဲရေး လုပ်ပေးသည်။ ဆင်ဆာထိန်းချုပ်မှုကို လျှော့ပေးသည်။ ၁၈၄၀ ပြည့်နှစ်၊ လစ်ဘရယ်များအတွက် အပြောင်းအလဲများမှာ အိပ်မက်မျှသာ ဖြစ်သည်။

သို့သော် သူ့အမြင်တွေ ပြောင်းသွားပြန်သည်။ ပြည်နှင်ဒဏ်ကာလပြီးလို့ ပြန်လာပြီး မကြာမီ သူသည် ထူးထူးဆန်းဆန်း ဖြစ်လာသည်။ ထောင်ထဲတွင် သူ ပျော်လာခဲ့သည့်ကောင်းကင်ပြာကြီး မတွေ့ရတော့ပါလား။ သူ လိုချင်သည့် လွတ်လပ်မှု ဆိုတာ ဘယ်မှာလဲ။ မတွေ့ရတော့ပါလား။ သည်နေရာတွင် အခြားအမှန်တရားတခု အစားဝင်နေသလိုပါလား။
mgyoe.com

mgyoe.com SAMPLE BOOK

သည်လိုအခြေအနေနှင့် ရင်ဆိုင်ဖို့ သူ အဆင်သင့် မဖြစ်ခဲ့ပေ။ သူ စမ်းတဝါးဝါး ဖြစ်နေသည်။ သည်အခြေအနေကို သူက အတိတ်ဖြစ်ရပ်လို့ သဘောထားလိုက်သည်။ သည်အကြောင်း ၁၈၆၁ ခုနှစ်က သူ ဆောင်းပါးတပုဒ် ရေးဖူးသည်။ တညနေတွင် သူ အိမ်ပြန်လာသည်။ နီဗားမြစ်ကမ်းနဖူးတွင် ရပ်ပြီး မြစ်ကြောင်းကို မျက်စိတဆုံး မျှော်ကြည့်လိုက်သည်။

နောက်ဆုံးမှာ ကမ္ဘာကြီးတခုလုံးကို လှမ်းမြင်နေရသလိုပါပဲ။ နီဗားမြစ်ရိုးတလျှောက်မှာခွန်အားကြီးမားတဲ့ လူတွေရှိတယ်။ နုံချာချည့်နဲ့တဲ့လူတွေရှိတယ်။ ဒါပေမဲ့ ညနေဆည်းဆာမှာ အားလုံး ရွှေရောင်တောက်နေတယ်။ သူတောင်းစားအိမ်လည်း လှနေတာပဲ။ မြင်ကွင်းအားလုံး မြင်မြင်သမျှ အကုန်လှနေတယ်။ ဒါပေမဲ့ မှောင်ရီသမ်းလာတာနဲ့ အလှပျက်စီးသွားလိမ့်မယ်။ ကျွန်တော့်စိတ်ထဲ တမျိုးကြီး ဖြစ်သွားတယ်။ အမည်ဖော်မရတဲ့ ခံစားမှုတမျိုးနဲ့ ကျွန်တော့်သွေးတွေ ဆူပွက်လာသလိုပဲ။ အဲဒီခံစားမှုဟာ ယနေ့ထိ စိတ်ထဲစွဲကျန်နေတယ်။ ဒါပေမဲ့ ခုထိ ဘာမှန်းမသိဘူး။ ခွဲခွဲခြားခြား ပြောမပြတတ်ဘူး။ ဒါပေမဲ့ ကမ္ဘာသစ်ကို လှမ်းမြင်လိုက်ရသလိုပဲ။ တခါမှ မရောက်ဖူးတဲ့ ကမ္ဘာ။ လျှို့ဝှက်ဆန်းကြယ်တဲ့ သင်္ကေတ တခုက တဆင့် လှမ်းမြင်လိုက်သလိုပဲ။ အဲဒီ တဒင်္ဂမှာပဲ ကျွန်တော့် လက်ရှိဘဝ ချက်ချင်း စတင်ပြောင်းလဲ ....။

သည်အကြောင်း နောက်ပိုင်းစာပိုဒ်မှာ ပိုပြီး အသေးစိတ် ရှင်းပြထားသည်။

ပတ်ဝန်းကျင်ကို ကျွန်တော် ချက်ချင်း ငေးကြည့်လိုက်တယ်။ လူတွေဟာ ထူးထူးဆန်းဆန်း ပုံသဏ္ဌာန်တွေ ဖြစ်နေတယ် ဆိုတာ သတိထားလိုက်မိတယ်။ ဒါပေမဲ့နေရာတိုင်းမှာတွေ့နိုင်တဲ့လူမျိုးတွေ၊ တကယ့် လူတွေ၊ ဒွန်ကားလို့စ် ပုံစံတွေလည်း မဟုတ်ဘူး။ ဝတ်ကောင်းစားလှ ဘွဲ့ထူး ဂုဏ်ထူးနဲ့ အရာရှိ အရာခံတွေ။ ဒါပေမဲ့ တခုခု လွန်ကဲနေသလိုပဲ။ ကျွန်တော့်ရှေ့က တယောက်က မျက်နှာရှုံ့မဲ့ပြီး ထူးထူးဆန်းဆန်း လူအုပ်ကြီးထဲမှာ ဇက်ပုပြီး ပုန်းနေတယ်။ သူ့လက်ထဲမှာ ယမင်းရုပ်ကလေးတွေနဲ့၊ ကြိုးဆွဲလိုက်ရင် အရုပ်ကလေးတွေက လှုပ်တယ်။ ဒါကို သဘောကျပြီး သူ အူတက်မတတ် ရယ်နေတယ်။*

ဤသို့ ပရလောကလိုလို၊ မကောင်းဆိုးဝါးလိုလို အဓိပ္ပာယ်နှစ်မျိုး ထွက်သည့် ရယ်စရာများကို ဒေါ်စတာယက်စကီ၏ နောက်ပိုင်းစာအုပ်များတွင် တွေ့လာရသည်။ နီဗားမြစ်ကမ်းမှ မြင်ကွင်းမျိုးထဲသို့ စိတ်ကူးဖြင့် သူ ရောက် သွားခြင်း ဖြစ်သည်။ ချန်နီရှက်စကီလို ဖောက်ပြန်ရေးသမားများ၏ အတွေးအခေါ်ကို ဒေါ်စတာယက်စကီသည် မကောင်းဆိုးဝါး ရယ်သံမျိုးဖြင့် ရယ်ကောင်း ရယ်နေလိမ့်မည်။ (သူတို့ အတွေးအခေါ်အတွက် ဖြစ်လာမည့် အကျိုးသက်ရောက်မှုကို သိ၍ မဟုတ်။ သူတို့ကို ကြည်ကြည်လင်လင် ကြိုမြင်နေ၍ ဖြစ်သည်။)

* Don Carlos (1708–1858) – စပိန်နန်းတွင်းလူလိမ်

mgyoe.com

mgyoe.com SAMPLE BOOK

လူ့ဘဝကို သူတို့က သတ်မှတ်မပေးနိုင်။ ဘယ်ဥပဒေနှင့်မှ မသတ်မှတ်နိုင်။ ဘယ်ယုတ္တိဗေဒနှင့်မှ မသတ်မှတ်နိုင်။ ဘယ်သူကမှလည်း တခမ်းတနား စာမဖွဲ့နိုင်။ သည်အခြေခံဖြင့် သူသည် နှီးကြားလာနေသော ဥရောပအပေါ် ကမ္ဘာ့အမြင်ကို နိဂုံးဆွဲသည်။ ရုရှား ပညာတတ်တယောက် အမြင်ဖြင့် သုံးသပ်သည်။

သည်လိုစာအုပ်မျိုးကို ဒေါ်စတာယက်စကီ ရှေ့တွင် ဘယ်သူမျှ မရေး ဖူးခဲ့ကြပေ။ သူက ထိုခေတ်၏ ဖောက်ပြန်သော အတွေးအခေါ်တွေကို တိုက်ခိုက်သည်။ ခက်ခဲနက်နဲသော ဒေသိယစကားလုံးများ ဖောဖောသီသီ သုံးစွဲပြီး ရေးနိုင်သည်။ သာမန်စာဖတ်သူများ မျက်မှောင်ကုတ်သည့် အရေးအဖွဲ့မျိုး ဖြစ်သည်။ သူ၏ Notes from Underground မှ နာမည်မဲ့ဇာတ်ကောင်အတိုင်း လူ့ဘဝ၏ သစ္စာတရားကို ရှာဖွေသည်။ Crime and Punishment မှ ဇာတ်လိုက် ရပ်စ်ကိုလ်နီကော့ဗ်သည် ပညတ်တော်အရ အပြစ်ရှိသူ ဖြစ်သည်။ စာဖတ်ပရိသတ်အတွက် ဒေါ်စတာယက်စကီ၏ "အသစ်အဆန်း" သို့မဟုတ် ဘယ်သူမှ မရေးဖူးသည့် Crime and Punishment သည် မကောင်းဆိုးဝါး၏ ရယ်သံ ဖြစ်သည်။ Notes from Underground သည် "နီဗားမြစ်ကမ်းနဖူးမှ မြင်ကွင်း" နှင့် အတူတူပင် ဖြစ်သည်။

ဝတ္ထု၏ အပိုင်း (၂) မှ စာတပိုဒ်သည် သူ၏ ပီတာစဘတ်မြင်ကွင်း (Petersburg Visions) တွင်ပါသည့် စာပိုဒ်နှင့် အတူတူပင် ဖြစ်သည်။ လူသတ်မှု ဖြစ်ပြီး နောက်တနေ့တွင် ရပ်စ်ကိုလ်နီကော့ဗ်သည် နီဗားမြစ်ကူးတံတားပေါ်တွင် ရပ်၍ မြို့ကို ငေးကြည့်နေသည့် အခန်း။

သူသည် တံတားပေါ်တွင် ရပ်လျက် မြို့ကိုအကြာကြီး ငေးကြည့်နေသည်။ သည်မြင်ကွင်းသည် မြင်နေကျ မြင်ကွင်း ဖြစ်သည်။ တက္ကသိုလ် ကျောင်းသားဘဝကတည်းက သည်နေရာသည် အိမ်အပြန် သူ ရပ်ကြည့်နေကျ နေရာ ဖြစ်သည်။ (အကြိမ်ပေါင်း တရာမက ရှိလိမ့်မည် ထင်သည်) အလွန် ကြည့်လို့ကောင်းသည့် မြင်ကွင်းကျယ် ဖြစ်ပါ၏။ သည်လို ရပ်ကြည့်တိုင်း မရေမရာ၊ မရှင်းမလင်း အတွေးတမျိုး ဝင်လာစမြဲ။ သည်အတွေး ဝင်လာလျှင် ကျောထဲစိမ့်သွားတတ်သည်၊ သည်အတွေး ဝင်လာလျှင် မြင်ကွင်းတခုလုံး ဆွံ့အ နားမကြားသလို တိတ်ဆိတ်သွားတတ်သည်။ သည်လို ထူးထူးဆန်းဆန်း ခံစားရတိုင်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု နည်းလာပြီး အသိဉာဏ်တွေ အုံ့မှိုင်း ထုံထိုင်းသွားတတ်သည်။ မရေရာသော အနာဂတ်သည်လည်း မှုန်ဝါးသွားတော့သည်။

သည်လိုအခါတွင် ရှုပ်ထွေးလွန်းသော၊ အဖြေမထွက်သော မေးခွန်းတွေ ရုတ်ခြည်း ခေါင်းထဲ ပေါ်လာတတ်သည်။ သည်လို ပေါ်လာခြင်းမှာ မတော်တဆ ပေါ်လာခြင်း ဟုတ်ဟန်မတူ။

သည်နေရာတွင် ကျောထဲစိမ့်သွားလောက်အောင် အသံနက်ကြီးဖြင့် ရယ်မောသံကို ကြားယောင်လာကြရသည်။ မကောင်းဆိုးဝါး၏ အသံတိတ် ရယ်သံလေလား။ ပြဿနာက ဘာမှန်းမသိ၊ ပဟေဠိ။ အသံသည် အမှောင်ထဲတွင် ပျောက်ကွယ်သွားသည့်အလား။

mgyoe.com

mgyoe.com SAMPLE BOOK

ရပ်စ်ကိုလ်နီကော့ဗ်သည် သည်အဖြစ်မျိုးနှင့် မကြာခဏ ကြုံတွေ့နေရသည်။ သူ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုကြောင့် သည်လို ဖြစ်လာခြင်း မဟုတ်။ သူ၏ အပြုအမူသည် မဖြေရှင်းနိုင်သော အကြောင်းများ၏ ပထမအဆင့်ကဲ့သို့ ဖြစ်နေသည်။

Crime and Punishment သည် အလွန်အဆင့်မြင့်သည့် လျှို့ဝှက်သည်းဖို ဝတ္ထုကြီး ဖြစ်သည်။ လျှို့ဝှက်ဆန်းကြယ်လွန်းဆုံးမှာ လူသတ်သမား ဇာတ်လိုက် ကိုယ်တိုင်ပင် ဖြစ်လေသည်။

ဒေါ်စတာယက်စကီရေးသောစာ၊ပေးသောစာများ၊မှတ်စုများအရသည်နော်ဗယ်လ်ကြီး၏ ဇာစ်မြစ်ကို ကျွန်တော်တို့ ဘက်ပေါင်းစုံမှ သိရှိခဲ့ကြပြီး ဖြစ်ပါသည်။ ၁၈၆၅ ခုနှစ်က သူ နိုင်ငံခြားခရီးထွက်စဉ် ဝတ္ထုနှစ်ပုဒ် ရေးဖို့စိတ်ကူးသည်။ တပုဒ်က နော်ဗယ်လ်ဝတ္ထုရှည်ကြီး။ နာမည်က ယမကာလုလင်များ (The Drunkards)။ လက်ရှိ ဖြစ်နေသည့် အမူးသမားများ၏ ပြဿနာများ ဖြစ်ကြောင်း၊ သူ ရေးမည့် အစီအစဉ်ကို စာအုပ် တိုက်တတိုက်ကို ပြောတော့ ထုတ်ဝေသူက ပယ်ချခဲ့သည်။ နောက်တပုဒ်က "ရာဇဝတ်မှုကျူးလွန်ခြင်း စိတ်ရောဂါ" (Psychological account of a crime)။ လွန်ခဲ့သည့် ဆယ့်ငါးနှစ် ထောင်ထဲမှာကတည်းက ဥထားသည့် ဇာတ်လမ်း။ ယမကာလုလင်များကို အမြန်ဆုံးရေးမည် စိတ်ကူး၏။ သို့သော် စိတ်ကူးပေါက်ပြီး နောက်တပုဒ် ရေးနေသဖြင့် မရေးဖြစ်။ ၁၈၆၅ ခုနှစ်တွင် ဝတ္ထုပုံကြမ်း အသေးစိတ်ကို Russian Herald အယ်ဒီတာ မစ်ဟိုင်းခတ်ကော့ဗ်ဆီ ရေးပို့သည်။ ထိုစဉ်က သူ့စိတ်ကူးထဲမှ ဇာတ်လမ်းမှာ ခပ်တိုတို ဖြစ်သည်။ စာရေးဆရာက ပြန်ပြောပြသော ပုံသဏ္ဌာန်ဖြင့် ရေးမည်။ ရာဇဝတ်မှုကို သူကိုယ်တိုင် ဝန်ခံပြောပြမည့် ဇာတ်လမ်း။ ခတ်ကော့ဗ်ထံ သူ ရေးပို့သည့် ဇာတ်လမ်းမှာ "ခေတ်ပညာတတ် လူငယ်တယောက်၊ လူတော် လူကောင်း တယောက်က ထူးဆန်းသည့် သြဇာလွှမ်းမိုးမှုတခုကြောင့်၊ လေထဲတွင် ပျံ့လွင့် နေသည့် မရေမရာ အတွေးအခေါ်ကြောင့် လူသတ်မှု ကျူးလွန်ခဲ့ကြောင်း ဇာတ်လမ်းမျိုး ဖြစ်နိုင်သည်..."။ တနည်းပြောရလျှင် ရုရှားနိုင်ငံ၏ တဖက်စွန်းရောက် အတွေးအခေါ်များ၏ ကူးစက်မှု ဖြစ်သည်၊အထူးသဖြင့် ၁၈၆၀ ပြည့်နှစ်များတွင် ပေါ်လာသည့် နတ္ထိကဝါဒ ဖြစ်သည်။ ဒေါ်စတာယက်စကီ၏ Notes from Underground မှာ သည် သဘောပင် ဖြစ်သည်။ နောက်ဆုံးတွင် သူ မီးရှို့ပစ်လိုက်သည့် စာမူမှာ သည်စာမူ ဖြစ်သည်။

သည်ဇာတ်လမ်းထဲမှ ဇာတ်လိုက်ကမူ မီးထဲ ပါမသွားဘဲ ဘယ်သူမှ မရေးဖူးသေးသည့် ပုံစံဖြင့် သူ နောက်ထပ် ရေးမည့် နော်ဗယ်လ်ထဲတွင် ဆက်လက် အသက်ဝင်နေသည်။ ပို၍ ကြီးကျယ်သော ပုံသဏ္ဌာန်ဖြင့် ရှင်သန်နေခြင်း ဖြစ်သည်။ သို့သော် ဇာတ်လမ်းအသစ်တွင် မူလဇာတ်မှာလို ဝန်ခံခြင်း ပုံစံမျိုး မဟုတ်တော့။ ဇာတ်အိမ်လည်း အပုံကြီး ပိုကျယ်သွားသည်။ ကံအားလျော်စွာ သေခါနီးဆဲဆဲတွင် ဆေမျွန်ဇာဒါရိုဗစ်ချ်မာမီလာဒေါ့ ဆိုသူ တယောက်နှင့် ဒေါ်စတာယက်စကီ မိတ်ဆွေ ဖြစ်ခဲ့သည်။ လောလောဆယ် အလုပ်အကိုင် မရှိသည့် အမှုထမ်းဟောင်းတဦးဖြစ်သော ထိုပုဂ္ဂိုလ်နှင့် သူ့ဇနီး ကက်တာရီးနာအိဗန်နိုဗာတို့၏

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်လမ်းမှာ The Drunkards ထဲမှ ဆုတ်ဖြထားသော စာမျက်နှာများတွင် ပါဝင်ခဲ့သည်။ ကက်တာရီးနာမှာ ရောဂါသည်တဦး ဖြစ်သည်။ သူတို့မိသားစုနှင့် ရပ်စ်ကိုလ်နီကော့ဗ် ခင်မင်ခဲ့သည်။ သမီးကလေး ဆွန်ညာမှာ အစပိုင်းတွင် အရေးပါသည့် ဇာတ်ကောင် မဟုတ်။ သူတို့မိသားစုနှင့်တွေ့ပြီး မကြာခင် ရပ်စ်ကိုလ်နီကော့ဗ်ထံသို့ အမေ့ဆီမှ စာရှည်ကြီး တစောင် ရောက်လာခဲ့သည်။ စာထဲတွင် ညီမဖြစ်သူ ဒွန်ညာနှင့် လူကုံထံ လူဇင်တို့၏ ဇာတ်လမ်းကို အမေက ထည့်ရေးလာသည်။ ပြီးတော့ အရက်သမားလူဆိုးဟု ထင်ရသော်လည်း အလွန် သဘောကောင်းသည့် ဆဗီဒရီဂေးလော့ဗ်။ ဇာတ်လမ်းမှာ ချက်ချင်း သုံးပွင့်ဆိုင် ဖြစ်သွားသည်။ သည်နေရာတွင် ဒေါ်စတာယက်စကီ၏ ဇာတ်ကောင် အထားအသိုနှင့် ဖွဲ့စည်းပုံကို ကျွန်တော်တို့ စတင်တွေ့ရှိရသည်။ စာရေးဆရာက နံဘေးမှ ပြောနေရာက ရုတ်ခြည်း ဇာတ်ကောင်တွေ အသံထွက်လာသည်။ ဝါကျအရှည်ကြီးတွေနှင့် စကားပြော ကြသည်။ ကိုယ့်အကြောင်း ကိုယ် သိုင်းသိုင်းဖွဲ့ဖွဲ့ ရင်ဖွင့်ကြသည်။ အပိုင်း (၁) ကို လူသတ်မှု ဖြင့် အဆုံးသတ်ထားသည်။ ဤတွင် ဇာတ်လမ်းမှာ ရပ်လုံးကြွတက်လာပြီး ရှေ့ဘာဖြစ်မလဲ ဟူသည့် သိချင်စရာများစွာ၊ ပဋိပက္ခများစွာ၊ အလှည့်အပြောင်းများစွာဖြင့် စာဖတ်သူကို ဆွဲခေါ်သွားတော့သည်။

၁၈၆၆ ခုနှစ်တွင် သတင်းစာထဲ ပထမပိုင်း ပါလာသောအခါ ဒေါ်စတာယက်စကီ၏ ခေါင်းထဲတွင် မဖြေရှင်းနိုင်သည့် မေးခွန်းတွေ စုပုံနေသေးသည်။ ဖေဖော်ဝါရီလထဲတွင် ရေးသည့် သူ့မှတ်စုများထဲတွင် ဆွန်ညာ၏ ဇာတ်ရုပ်ကို သူ ဖော်နေဆဲ ဖြစ်သည်။ ပြီးတော့ ဘာကြောင့် ရပ်စ်ကိုလ်နီကော့ဗ် လူသတ်မှု ကျူးလွန်ရသည်ကိုလည်း သရုပ်ခွဲပြဖို့ ကြိုးစားနေသည်။ သူ ရေးထားသည့် ပုံကြမ်းများ (သူက ဇာတ်များကို အမြဲတမ်း ပုံကြမ်းဆွဲသည်) တွင် သူ့ဇာတ်လိုက်သည် နတ္ထိကဝါဒီတဦး ဖြစ်ကြောင်း အထင်အရှား သိသာနေသည်။ သူက နတ္ထိကဝါဒကို ကျိုးကြောင်းဆီလျော်သော အတ္တဝါဒနှင့် ရောမွှေထားပြီး လောက ကောင်းကျိုးကို သယ်ပိုးမည်ဟု ဆုံးဖြတ်ထားသူ ဖြစ်သည်။ သည်လို ကိုယ်ပိုင် အတွေးအခေါ်နှင့် နေသူ ဖြစ်သည်။ အလွန်ပြင်းထန်သည့် ကိုယ်ပိုင်အင်အားကို နပိုလီယမ်ဆန်ဆန် ကိုယ်တိုင် တည်ဆောက်ထားသူ ဖြစ်သည်။ တနေရာတွင် ရပ်စ်ကိုလ်နီကော့ဗ်သည် ခရစ်တော်ဆန်ဆန်၊ ကိုယ့်ကိုယ်ကိုယ် သူရဲကောင်းဆန်ဆန် စွန့်လွှတ်ခြင်း များစွာဖြင့် အနစ်နာခံသူ ဖြစ်နေပြီး၊ အခြားတနေရာတွင် သူ၏ တော်လှန်ပုန်ကန်စိတ်သည် မကောင်းဆိုးဝါး အစီးခံနေရသူပမာ သူ့ကိုယ်သူ သတ်သေမည့်သူ ဖြစ်နေပြန်သည်။ နောက်ဆုံးတွင်မှ ဒေါ်စတာယက်စကီ သည် သူ၏ ဇာတ်လိုက်ကို သည်နှစ်မျိုးလုံးထဲမှ ဆွဲထုတ်ပြီး ဘာမျှ မရှင်းတော့ဘဲ သည်အတိုင်း ထားလိုက်သည်။ ဤသည်ပင် နော်ဗယ်လ်ကြီး၏ ထူးခြားသည့် စရိုက်လက္ခဏာတခု ဖြစ်လာတော့သည်။

ဆွန်ညာကိုမူ စာရေးဆရာက ရပ်စ်ကိုလ်နီကော့ဗ်၏ အတွေးအခေါ်ကို အပြတ်အသား ဆန့်ကျင်သူအဖြစ် ပုံဖော်ဖို့ စိတ်ကူးရှိခဲ့သည်။ အလွန်အဆင့်မြင့်သည့် အနုပညာ အာရုံခံစားမှု ရှိသူကလေးအဖြစ် ရပ်စ်ကိုလ်နီကော့ဗ်က တန်ဖိုးထားသည်။ သို့သော်လည်း နောက်ဆုံးတွင် ဆွန်ညာသည် ယင်းအဆင့်သို့ မရောက်တရောက် ဘဝဖြင့် အသံတိတ်

mgyoe.com

mgyoe.com SAMPLE BOOK

ဇာတ်ရုပ်တခုသာ ဖြစ်သွားလေသည်။ အပိုင်း (၄) တွင် ဆွန်ညာသည် ခရစ်တော်ကို မဖူးမြင်ရဘဲ လာဇရပ်စ် ရှင်ပြန်ထမြောက်ခြင်းအခန်း ဖတ်နေရုံဖြင့်သာ ကျေနပ်နေရတော့သည်။ ကပ်စေးနှဲကြီး လူဇင်ကို အတ္တဝါဒီအဖြစ် သရုပ်ဖော်သည်။

နော်ဗယ်လ်ကြီး၏ အင်္ဂါရပ်တွေ တဖြည်းဖြည်း စုံလာသောအခါ သူ၏ မူလစိတ်ကူး ဖြစ်သော "ဖြစ်မှုတခု၏ စိတ္တဗေဒ အခြေခံသဘောတရား" မဟုတ်တော့ဘဲ၊ နတ္ထိကဝါဒ ဘက်မှ အငြင်းအခုံ မလုပ်တော့ဘဲ လေးနက်မှုသည် လမ်းကြောင်း ပြောင်းသွားသည်။ Notes from Underground ၏ ဦးတည်ချက်အတိုင်း အောက်ဆုံးအလွှာများဆီသို့ စာရေးဆရာက ခေါ်သွားသည်။ ထိုလောကတွင် ဝိသေသထူးသော ကုန်သည်ပွဲစားတွေ ပါသည်။ အရက်ဆိုင် ပိုင်ရှင်တွေ ပါသည်။ တိုက်ခန်း ဆေးသုတ်သမားတွေ ပါသည်။ အတိုးကြီးစားတွေ ပါသည်။ ချစ်စရာကောင်းသည့် နာတာရှာလို အိမ်ဖော်၊ သဘောမကောင်းသည့် ဂါတ်စာရေး ဇာမယိုတော့ဗ်၊ တဇွတ်ထိုးသမား၊ တဖက်စွန်းသမား လက်ဘီဇယက်နီကော့ဗ်၊ ဒေါ်သကုမ္ဘာရ ဗိုလ်ယမ်းဘီလူး စသူတို့ ပါသည်။ ဒေါ်စတာယက်စကီ၏ ကလောင်သည် သိပ်အရေးမပါသည့် ဇာတ်ရုံများကိုပင် ရုပ်လုံးကြွနေအောင် ရေးနိုင်စွမ်းသည်။

Crime and Punishment သည် ဒေါ်စတာယက်စကီ၏ နောက်ပိုင်း ဝတ္ထုများထက် တဦးချင်း ဇာတ်ကောင်စရိုက် အပီပြင်ဆုံး နော်ဗယ်လ် ဖြစ်သည်။ ဇာတ်ဆောင်အားလုံး၊ ဖြစ်ရပ်အားလုံးသည် ရပ်စ်ကိုလ်နီကော့ဗ်၏ အရှုပ်အထွေးများ၊ ဝိရောဓိများနှင့် ယှက်နွယ်ပတ်သက်နေသည်။ သူ့ကဏ္ဍသည် ဇာတ်လမ်း အခန်း လေးဆယ်အနက် သုံးဆယ်တွင် ပါဝင်ခဲ့သည်။ ထို့ကြောင့် သူ့စိတ်အတွင်းပိုင်းကို ကျွန်တော်တို့ ဝင်ကြည့်ခွင့် ရခဲ့ကြသည်။ ဆဗိဒရီဂေးလော့ဗ်၏ အဓ္ဈတ္တကိုလည်း ကျွန်တော်တို့ သိခွင့်ရခဲ့ကြပါသည်။ တဖက်က ကြည့်လျှင် အဖြစ်သနစ် အဖုံဖုံတို့ကို တကယ် ထင်သာမြင်သာရှိသော အမှန်တရားထက် ပိုပြီး လွန်လွန်ကဲကဲ ဖွဲ့ထားသည်၊ တကယ့်လူသားတယောက်၏ သဘာဝထက် ပိုလွန်းနေသည်။ အိပ်မက်ခန်းတွေ၊ စိတ္တဇအခန်းတွေ၊ ပီတာစဘတ်၏ အဆောက်အအုံတွေ၊ လမ်းတံတားတွေ၊ တူးမြောင်းတွေနှင့်အတူ ဝိညာဉ်ဆန်သည့် အခန်းတွေအပြင် တစ္ဆေခန်းများပင် ပါလိုက်သေးသည်။ ပရလောကနှင့် သတ္တလောကအကြားမှ စည်းခြား မျဉ်းကလေးမှာ ရေးရေးမျှသာ။ ရုပ်ပစ္စည်းနှင့် စိတ်ထင်မြင်ပိုးဝါးမှုများ ရောထွေးနေသည်၊ ဝေဝါးနေသည်။ Crime and Punishment တွင် ပြောင်းလဲနေသော ကမ္ဘာကြီးကိုမြင်နေရသည်။ တိုက်ဆိုင်မှု ပေါင်းများစွာ၊ ကြမ္မာဆိုး၏ လွှမ်းမိုးမှုဖြင့် တွေ့ဆုံကြုံကွဲခြင်းများစွာ၊ လမ်းတွေပေါ်မှာ၊ ပန်းခြံတွေထဲမှာ လှုပ်ရှားသွားလာရင်း ကြုံရကြားရသည့် အရေးတကြီး စကားသံများ၊ မြို့တော်ကြီး၏ တိုက်ခန်းများအတွင်း တီးတိုးသံများ၊ ဆူဆူညံညံ အသံဗလံများသည် ဇာတ်လမ်း၏ အထောက်အကူပြု ပစ္စည်းများ ဖြစ်နေသည်။ ပီတာစဘတ်သည် ဒေါ်စတာယက်စကီ ပြောသည့် အဖြစ်အပျက်တို့ကို ပုံဖော်သည့် ဇာတ်စင်နောက်ပိုင်းမှ ပန်းချီကားတချပ် မဟုတ်တော့ပေ။ ပီတာစဘတ်၏ အရှုပ်အထွေးများနှင့် ဇာတ်လိုက်၏ အရှုပ်အထွေးများ ထင်ဟပ်စေသည့် ကြေးမုံပြင် ဖြစ်နေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

သည်လို ဆိုလိုက်လို့ ရပ်စ်ကိုလ်နီကော့ဗ်၏ အဖွဲ့တွင်သည် လောကကြီးအတွက် အသုံးမဝင်။ သူသည် စိတ်ဝေဒနာသည် တယောက်ဟု ဆိုလိုခြင်း မဟုတ်ပေ။ အမှန်ဆိုရလျှင် ကျွန်တော်တို့အားလုံး ခံစားရသည့်အတိုင်း အမြင်အာရုံက လက်ခံသည်။ သို့သော် မြင်ကွင်းများသည် အမြဲတမ်း ရှုပ်ထွေးနေတတ်သည်။ ပုံပြင် ဆန်နေတတ်သည်။ စိတ်ဆန်နေတတ်သည်။ ကျွန်တော်တို့သည် အလှအပကို မြင်တတ်သလို ရွံရှာစက်ဆုပ်ဖွယ်ရာများကိုလည်း မြင်တတ်သည်။ ဣဋ္ဌာရုံကို မြင်တတ်သလို အနိဋ္ဌာရုံကိုလည်း မြင်တတ်သည်။ သည်လို အရှုပ်အထွေးများကို သူ့ကိုယ်တွင်းမှ ဖယ်ထုတ်ရန် ကြိုးစားရင်း ရပ်စ်ကိုလ်နီကော့ဗ်သည် စိတ်နှစ်မျိုးနှင့် လူထူးလူဆန်းတယောက် ဖြစ်လာသည်။ နာမည်စီးနေသည်လား၊ ပညတ်သွားရာ ဓာတ်သက် ပါနေသည်လား မဆိုနိုင်။ သူ့နာမည်မှာ ရပ်စ်ကိုလ်နစ်မှ လာခြင်းဖြစ်သည်။ အဓိပ္ပာယ်မှာ ဂိုဏ်းခွဲထွက်ခြင်း ဟူ၍ ဖြစ်သည်။ ဘုရားကျောင်းကို ကျောခိုင်းသူဟုလည်း အဓိပ္ပာယ်ရသည်။ သို့သော် သူသည် သူ့ကိုယ်သူ နှစ်ပိုင်း ပိုင်းပစ်လိုက်သူ ဖြစ်သည်။ ဝေဖန်ရေးဆရာ ကွန်စတင်တန်း မိုချာလ်စကီက ရပ်စ်ကိုလ်နီကော့ဗ်ကို "လူသား ဆန်တဲ့ လူတယောက်ရဲ့ ကိုယ်ထဲမှာ မကောင်းဆိုးဝါး ဝင်နေတာ" ဟု မှတ်ချက်ချသည်။

သူသည် ဥပဒေတန်း တက်နေသည့် တက္ကသိုလ်ကျောင်းသားတယောက် ဖြစ်သည်။ ထို့ကြောင့် အမှုလိုက်ရဲအရာရှိ ပေါ်ဖိရီပီထရိုဗစ်ချ်က သူ့ကို လေးစားသည်၊ ခင်သည်။ ထို့ကြောင့် မှုခင်းအကြောင်းအပြင် မှုခင်းနောက်ကွယ်မှ ဒဿနိကနှင့် စိတ္တဗေဒ ပြဿနာများကို သူနှင့် ဆွေးနွေးသည်။

✣

သူတို့ဆွေးနွေးကြသည်မှာ ယုတ္တိဗေဒ၏ ဥပဒေသများအကြောင်းဖြစ်သည်။ သည်အကြောင်းတွေကို ရပ်စ်ကိုလ်နီကော့ဗ် စတင် ရှာဖွေတွေ့ရှိခဲ့သည်။ မီးခြစ်ဘူးသာသာ သူ့အခန်းကလေးထဲမှ ထွက်လာခဲ့သည်။ တရားနည်းလမ်းကျသည့် ရာဇဝတ်မှုတခုကို သူ ကျူးလွန်တော့မည်။ တရားဥပဒေ လမ်းကြောင်းပေါ် ရပ်တည်ပြီး ကျူးလွန်၍တော့ မဖြစ်။ "ထူးခြားသော တစုံတရာ" ပေါ်တွင် အခြေခံရလိမ့်မည်။

ဓာတ်လမ်းဆုံးခါနီးတွင် သူ့မှာ အနာဂတ် ရှိနေကြောင်း၊ ဒုက္ခကို ကြိတ်မှိတ်ခံသင့်ကြောင်း ပြောခဲ့သူမှာ ပေါ်ဖိရီ ပီထရိုဗစ်ချ်ပင် ဖြစ်သည်။ 'ဒီကိစ္စပေါ်မှာ သိပ် အာရုံမထားပါနဲ့။ ဘဝထဲကို ဝင်လိုက်ပါ။ နေရာတကာမှာ ယုတ္တိဗေဒနဲ့ချည်း တိုင်းနေဖို့ မလိုပါဘူး'

ဒေါ်စတာယက်စကီ၏ အရေးအသားများထဲတွင် သည်တနေရာသည် အဓိပ္ပာယ်နှစ်မျိုး အထွက်ဆုံးနေရာ ဖြစ်ပါသည်။

ဒေါ်စတာယက်စကီက သည်လို အဓိပ္ပာယ်နှစ်ခွ ဖြစ်သော စကားလုံးများကို ပေါ့ပေါ့တန်တန် သုံးစွဲခြင်း မဟုတ်ပေ။ အဆီအငေါ် မတည့်ခြင်းများကို သူက ဟာသလုပ်ပစ်ခြင်း

mgyoe.com

mgyoe.com SAMPLE BOOK
ဖြစ်သည်။ ခါးသီးတာတွေ၊ ယုတ္တိမတန်တာတွေ၊ စက်ဆုပ်ဖွယ်ရာတွေကို မာမီလာဒေါ့မ် သေဆုံးခန်းနှင့် အသုဘ ညစာဝိုင်းတွင် မီးမောင်းထိုးပြသွားသည်။ ဒုက္ခသုက္ခတွေကြားထဲမှ ဟာသကွက်တွေကို ဝတ္ထု တပုဒ်လုံးမှာ အလျဉ်းသင့်သလို ထည့်သွားသည်။ ရပ်စ်ကိုလ်နီကော့ဗ်၏ ရုန်းကန်လှုပ်ရှားမှုများမှာပင် ပြုံးစရာများကို တွေ့ရသည်။ ပြီးတော့ ဒေါ်စတာယက်စကီက ပြဇာတ်ဆန်ဆန် အကွက်တွေကို ထည့်ပြသွားသည်။ ထိတ်လန့်တုန်လှုပ်ဖွယ် မြင်ကွင်းများကနေ ဖြုန်းဆို ဟားကွက် ပါချင် ပါလာသည်။

ပြင်းထန်လွန်းသည့် ခံစားမှုများသည် Crime and Punishment တွင် တလျှောက်လုံး တွေ့နေရသည်။ ယင်းတို့၏ အဖြေကို စာရေးဆရာက ထုတ်မပြခဲ့ပေ။ ဝေဒနာခံစားမှုကို ဥပဒေဖြင့် ပြဋ္ဌာန်း၍ မရနိုင်။

တနေရာတွင်တော့ ဆိုးယုတ်မှု အနိဋ္ဌာရုံ၏ အဖြေကို ထုတ်ပြထားသည်။ လာဇရပ်စ်* ရှင်ပြန်ထမြောက်သည့် အခန်းကို ဆွန်ညာ ဖတ်ပြသည့်နေရာ ဖြစ်၏။ လာဇရပ်စ်၏ သေရာမှ ပြန်ရှင်လာခြင်းသည် မည်သို့သော ကမ္ဘာတွင် ဖြစ်နိုင်မည်လဲ။ သည်အဖြစ်သည် သဘာဝ နှင့် ယုတ္တိဗေဒ ပြင်ပမှ အဖြစ်မျိုးဟု ဆိုရမည်။

ရပ်စ်ကိုလ်နီကော့ဗ်သည် စည်းအပြင်ကလူ ဖြစ်သည်။ ယုတ္တိဗေဒသမား ဖြစ်သည်။ ဆွန်ညာနှင့် ဆဗီဒရီဂေးလော့ဗ်ကြားမှ အလွန်အားကောင်းသည့် ဇာတ်ရုပ် ဖြစ်သည်၊ သို့သော် ယုတ္တိဗေဒ၏ အပြင်သို့ ရောက်သွားသည့်အခါ ရောက်သွားသည်။ ဆဗီဒရီ ဂေးလော့ဗ် လိုပင် မိုးထဲလေထဲတွင် ညနက်သန်းခေါင်အထိ လျှောက်သွားနေသည်။ ဆွန်ညာ့ဆီ ရောက် သွားသည်။ အလွန် လေးလံနွေးထွေးသော ဝေဒနာ ခြေလှမ်းများဖြင့်။ ဘာမျှ မရေရာသော၊ လုံးဝ အကောင်အထည်မရှိသော နေရာသစ်တခုကို သွားနေခြင်းပင်။ ဒေါ်စတာယက်စကီက သူ့ကို သည်နေရာတွင်ပင် ထားခဲ့သည်။

ကျွန်တော်များကလည်း သည်နိဒါန်းဖတ်သူအား ပြောစရာတွေ အပုံအပင် ရှိသော် ငြားလည်း သည်နေရာတွင်ပင် ထားခဲ့ရတော့မည်။ နော်ဗယ်လ်၏ အသက်သည် သဘော တရား မဟုတ်ပေ။ ခံစားမှု ဖြစ်ပါသည်။

ဒေါ်စတာယက်စကီက ကဗျာဟုဆိုသော သူ့နော်ဗယ်လ်ကြီးကို ကျွန်တော်တို့ ဘာသာပြန်ရာတွင် ခံစားမှု တစုံတရာ ပေးနိုင်သည်ဆိုပါက ကျွန်တော်တို့အား အကောင်းဆုံး ဝေဖန်ပေးခြင်း မည်ပါလိမ့်မည်။

ရစ်ချဒ် ပီဗီးယား

✢ ✢ ✢

* Lazarus – မေရီနှင့် မာသ၏ အစ်ကို။ ယေရှုက သေရာမှ ပြန်လည်ရှင်သန်စေသူ၊ ရှင်လုကာ အခန်းကြီး ၁၆၊ အခန်းငယ် ၁၉-၃၁။

mgyoe.com

mgyoe.com SAMPLE BOOK

အင်္ဂလိပ် ဘာသာပြန်သူ၏ မှတ်ချက်

ရုရှားအမည် ပေးပုံ၊ ခေါ်ဝေါ်ပုံများ

အဓိကဇာတ်ဆောင်များ၏ အမည်များကို ခေါ်ဝေါ်ပုံ အမျိုးမျိုးနှင့် နောက်ဆက်တွဲ အမည်များပါ ဖော်ပြထားပါသည်။ ရုရှားအမည် ခေါ်ပုံများမှာ အင်္ဂလိပ်နှင့် မတူ။

ရုရှားအမည်များသည် အဖေနာမည်ကို ရှေ့မှာထားပြီး မှည့်ကြသည်။ ပြီးမှ မိသားစု (မျိုးရိုး) အမည် လာသည်။ သာမန် စကားပြောရာတွင် အဖေနာမည်ကို ခေါ်၍ ပြောသည်။ နောက်ဆက်တွဲ နာမည်နှင့် အတိုကောက် နာမည်များကိုမူ မိသားစုဝင်များ၊ ရင်းနှီးသည့် မိတ်ဆွေများက ခေါ်ဝေါ်ပြောဆိုကြသည်။ ဥပမာ– ရပ်စ်ကိုလ်နီကော့ဗ်ကို ရိုဒီယို၊ ရော့ဒ်ယာ၊ ရော့ဒ်ကာ... စသည်ဖြင့် မိသားစုအမည် အတိုကောက်ကို စကားပြောရာတွင် အသုံးပြုသည်။ ဥပမာ– ရိုမန်နိုဗစ်ချ်ကို ရိုမန်နစ်ချ် စသည် စသည်။ ထို့ကြောင့် ရုရှားအမည်များသည် အင်္ဂလိပ်နှင့် မတူဘဲ ရှုပ်ထွေးသည်။

အဓိက ဇာတ်ဆောင်များ

- ရပ်စ်ကိုလ်နီကော့ဗ်၊ ရိုဒီယွန်ရိုမန်နိုဗစ်ချ် သို့မဟုတ် ရိုမန်နစ်ချ် (ရော့ဒ်ယာ၊ ရောဒ်ကာ)
- ပါလ်ချီးရီးယား အလက်ဇန္ဒရိုဗာ

mgyoe.com

mgyoe.com SAMPLE BOOK

- အပ်ဒေ့ါတယာရိုမန်နိုဗာ (ဒွန်ညာ၊ ဒွန်နက်ချ်ကာ)
- မာမီလာဒေ့ါပ် (ဆေမျှန်ဇက်ဘာရိုဗစ်ချ် (သို့) ဇက်ဘာရစ်ချ်)
- ကက်ထရီးနာ အီဗန်နိုဗာ
- ဆိုဖယာ ဆေမျှန်နိုဗာ (ဆွန်ညာ၊ ဆွန်နက်ချ်ကာ)
- ပေါ်လီနာ မစ်ဗေးလိုဗနာ (ပေါ်လယာ၊ ပေါ်လင်ကာ၊ ပေါ်လက်ချ်ကာ)
- ကိုလယာ (ကိုလ်ကာ)
- လန်ညာ (ပထမလီဒါ နောက် လီဒိုချ်ကာ)
- ဆဗီဒရီဂေးလော့ဗ် (အာကာဒီ အီဗန်နိုဗစ်ချ်)
- မာဖာပက်ထရိုဗနာ
- ရရှူမိခင် (ဗရာဇူမိခင်၊ ဒမီထရိပရိုကိုဗစ်ချ်)
- လူဇင် (ပျိုတာပီထရိုဗစ်ချ်)
- လီဘက်ဇယက်နီကော့ဗ် (အင်ဒရေးဆေမျှန်နိုဗစ်ချ် (သို့) ဆေမျှန်နစ်ချ်)
- နာတာစယာပီထရိုဗနာ (မိသားစုအမည် မရှိ။ နက်စတင်ကာ၊ နာတာစ ယူရှကာ)
- အလျိုနာအီဗန်နိုဗာ (မိသားစုအမည် မရှိ)
- လစ်ဇ်ဗက်တာအီဗန်နိုဗာ (မိသားစုအမည် မရှိ)
- အီလျာပီထရိုဗစ်ချ်၊ (ချစ်စနိုးအမည်) ယမ်းဘီလူး (မိသားစုအမည် မရှိ)
- ဇိုစီမော့ဗ် (မိသားစုအမည် မရှိ)
- နီကိုလေဒီမန်တိဗ် (မီကိုလေ၊ မီကိုလ်ကာ၊ နီကိုလက်စကာ)

✣ ✣ ✣

mgyoe.com

mgyoe.com SAMPLE BOOK

ပီတာစဘတ် မြင်ကွင်း

ပီတာစဘတ်မြို့ကြီး၏ နာမည်အပြည့်အစုံမှာ စိန့်ပီတာစဘတ် ဖြစ်သည်။ သို့သော် အပြင်တွင် အလွယ်ခေါ်နေကြသည့်အတိုင်း ပီတာစဘတ် ဟုပင် သုံးထားသည်။ ၁၉ ရာစု အစောပိုင်းက ပီတာဘုရင်ကြီး၏ အမိန့်ဖြင့် တည်ဆောက်ခဲ့သည့်မြို့ ဖြစ်၍ ပီတာစဘတ်ဟု တွင်ခြင်း ဖြစ်သည်။ ဖင်လန် ပင်လယ်ကွေ့ထဲသို့ စီးဝင်သည့် နီဗားမြစ်နံဘေး၊ မြစ်ဝကျွန်းပေါ်တွင် တည်ဆောက်ထားသည့်မြို့ ဖြစ်သည်။ နီဗား၏ တနေရာတွင် မြစ်မြွာသုံးခု ကွဲထွက်သွားသည်။ သည်မြစ် သုံးစင်းသည် နီဗား၊ နီဗားကလေးနှင့် နက်ဗကာဟု အမည်တွင်သည်။ ပီတာစဘတ်သည် နီဗား၏ တောင်ဘက်ကမ်းတွင် တည်ရှိသည်။ မြို့ထဲသို့ ရေမလျှံစေရန် တူးမြောင်း အသွယ်သွယ် တားဆီး ဖောက်လုပ်ထားသည်။ တူးမြောင်းနှစ်ခု ဝန်းရံထားသည့် မြို့လယ်တနေရာကို ဗာစီလီ လီယက်စကီကျွန်းဟု ခေါ်သည်။ ထိုနေရာမှာ နီဗားနှင့် နီဗားကလေး မြစ်နှစ်ခုကြားတွင် ရှိသည်။ အောက်သို့ အနည်းငယ် စုန်ဆင်းလိုက်လျှင် လူကုံထံရပ်ကွက်နှင့် ပန်းခြံရှိသည်။ သည်နေရာကို ကျွန်းကလေးဟု အမည်တွင်သည်။

ဒေါ်စတာယက်စကီသည် သည်မြို့ကြီး၏ လမ်းနာမည်တွေ၊ ရပ်ကွက်နာမည်တွေကိုချန်ထားခဲ့သည်။ နှောင်းလူခေတ်ပညာတတ်များက မြေပုံတွေ ကိုင်ပြီး ရပ်စ်ကိုလ်နီကော့ဗ်၏ သွားလာလှုပ်ရှားမှုတွေကို လိုက်၍ ခြေရာကောက်သည်။ နေရာများ၊ လမ်းအမည်များကို ဖြည့်စွက်ပေးကြသည်။ ဘာသာပြန်သူ အချို့က ယင်းအတိုင်း ပြန်ကြသည်။ ယခု ဘာသာပြန်သူ ရစ်ချဒ်ပီဗီးယားနှင့် လာရစ်ဆာဗိုလ်ကွန်စကီ ဇနီးမောင်နှံကမူ မူရင်းအတိုင်း ဘာသာပြန်ဆိုထားသည်။

✣ ✣ ✣

mgyoe.com

mgyoe.com SAMPLE BOOK

ပြစ်မှုနှင့် ပြစ်ဒဏ်၊ ဆရာနတ်နွယ်နှင့် ကျွန်တော်

၂၀၀၇ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့။

အလွန်အမင်း ပူပြင်းသော နေ့။ ကျွန်တော်နှင့် ဗိုလ်နတ် (ဆရာနတ်နွယ်) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန် ဘူတာကြီးသို့ ရောက်ကြသည်။ ချွေးတလုံးလုံးနှင့်။ ကျွန်တော်တို့က ၁၂:၃၀ နာရီတွင် မန္တလေးသို့ ထွက်မည့် အထူးရထားဖြင့် မြစ်ကြီးနား သွားကြမှာကိုး။ ဖိတ်ကြားသူက ဥတ္တရလမင်း ဦးသန်းဆွေ။

ရထားထွက်ခါနီးတွင် နွယ်နီအဖွဲ့သားအချို့ လာနှုတ်ဆက်ကြသည်။ သရဖူ ကိုရဲလည်း ပါသည်။ ဧရဲက ပူပူလောင်လောင် အချိန်ကြီးတွင် ချီးဗားစ်တလုံးဖြင့် လာရောက်ဂါရဝပြုခြင်းဖြစ်သည်။ ကျွန်တော်နှင့်ဆရာနတ် တွဲပေါ် တက်လိုက်ကြသည်။ ဝီစကီပုလင်းကြီးကြည့်ပြီး ချွေးတွေ ပိုရွှဲလာကြသည်။ ကိစ္စမရှိ။ ကျွန်တော်တို့က အထူးရထား ပထမတန်းအဲယားကွန်းအိပ်ခန်းနှင့် သွားကြမှာပဲ။ ရထားမထွက်သေးလို့ ထင်ပါရဲ့။ လေအေးစက်မလာသေး။ တော်ပါသေးသည်။ ပလက်ဖောင်းပေါ်က တယောက်က ယပ်တောင် နှစ်ချောင်းဝယ်ပေးသဖြင့် ကျွန်တော်တို့ နှစ်ယောက် တဖျပ်ဖျပ် ခတ်နေစဉ် ရထားဘီး စ,လိမ့်သည်။ သူတို့လူသိုက်ကို ယပ်တောင်ကိုယ်စီဖြင့်ပင် ကျွန်တော်တို့ လက်ပြ လိုက်ပါသည်။ ရထားထွက်သော်လည်း လေအေးစက် မလာ။ တွဲစောင့်ကို မေးကြည့်တော့ 'ရထား မစီးဖူးဘူးလား' ဟူသည့် အကြည့်မျိုးဖြင့် ကြည့်ပြီး 'ကြာပေါ့' တဲ့။ တော်ပါသေးသည်။ မျက်နှာကြက်ပန်ကာကလေး နှစ်လုံး လည်လာသည်။ ဆရာသည် စကားနည်းသည့်အပြင် နားလေးသဖြင့် အသံတိုးတိုး ပြောတတ်သူ ဖြစ်သည်။ သည်ကြားထဲ ရထားဘီးသံက နားမခံနိုင်လောက်

mgyoe.com

mgyoe.com SAMPLE BOOK
အောင် ဆူနေသဖြင့် ဘာမှမပြောဖြစ်ကြတော့ဘဲ လယ်ကွင်းတွေကို ငေးရင်း နှစ်ယောက်သား အိပ်ငိုက် လိုက်ပါလာခဲ့ကြသည်။ ပဲခူး လွန်တော့ သူ တခုခု ကျွန်တော့်ကို လှမ်းပြောသည်။ မကြား။ နောက်တခါ ထပ်ပြောသည်။ မကြား။ ကျွန်တော့် နားတွေ အူနေသည်။ ဒုက္ခပါပဲ။ ကျွန်တော်ပါ နားလေးသွားပြီလား မသိ။ ရှေ့တိုး ခါးကိုင်းပြီး မနည်း အားစိုက်နားထောင်တော့မှ သူ အမေးရှိသည့် စကားကို ကြားရသည်။ ကြားပြန်တော့လည်း အဓိပ္ပာယ် နားမလည်။

"ရထားနဲ့ ခရီးသွားရင် ခင်ဗျား ဘယ်လို သောက်သလဲ" တဲ့။

"ဗျာ"

"ဩော်... ရထားပေါ်မှာ ဘယ်လို သောက်သလဲ မေးတာပါ"

ကျွန်တော်က အူကြောင်ကြောင် ဖြစ်နေဆဲ။

"ကျွန်တော်နဲ့ ကိုဝင်းဦး ခရီးထွက်ရင်တော့ တိုးကြောင်လေးတံတား ကျော်ရင် ပုလင်းဖွင့်တယ်"

သည်တော့မှ–

"ဩော်... ဆရာရယ်၊ စောစော ပြောရောပေါ့"

ကျွန်တော့် လှုပ်ရှားမှုတွေ မြန်လာသည်။ ပလတ်စတစ်ခွက် နှစ်လုံး၊ ရေခဲရေဘူး ခပ်သွက်သွက်ထုတ်ပြီး ပွဲ စသည်။ အမြည်းက အိမ်မှ ပါလာသည့် သားညှပ်ပေါင်မုန့်။

ချီးဖားစ်သည် သောက်လို့ကောင်းရုံမက အကြားအာရုံကိုပါ အားကောင်းစေသလား မသိ။ တယောက်ပြောတာ တယောက် ကြားစ ပြုလာသည်။ ဤသို့ဖြင့် တောအကြောင်း၊ တောင်အကြောင်း၊ 'မိမိ' (မိမိမှာ ဆရာနတ်က သူ့ကိုယ်သူ အမြဲသုံးသည့် နာမ်စား ဖြစ်ပါသည်) အကြောင်းများ ခပ်ဖြည်းဖြည်းချင်း ပြောဖြစ်ကြသည်။

✣

ဆရာ့ကျန်းမာရေးမှာ သည်နှစ်ထဲတွင် ကျလာသည်။ ပိန်ပိန်ပါးပါး သူ့ကိုယ်နေဟန်မှာ ပို၍ ပိန်ကာ ပို၍ ပါးလာသည်။ နွယ်နီတိုက်ကို အိမ်တွင် ပြောင်းဖွင့်ရသည့် အကြောင်းမှစ၍ စာကြောင်းပေကြောင်းများ ပြောဖြစ်ကြသည်။

"ဒါထက် တလောက ပြောဖြစ်တဲ့ အင်နာကာရနီနာ ခင်ဗျား လုပ်ဖြစ်မှာလား၊ လုပ်နေပြီလား"

"ဟုတ်ကဲ့ဆရာ၊ မစရသေးပါဘူး၊ ဖတ်နေရုံ မှတ်စုထုတ်နေရုံအဆင့်ပဲ ရှိပါသေးတယ်"

ထိုမှစ၍ ရုရှားဝတ္ထုများအကြောင်း၊ ဘာသာပြန် ပြဿနာများအကြောင်း ပြောဖြစ်ကြသည်။ ပြီးတော့ ကာရမာဇော့ ညီနောင်များအကြောင်း စသည် စသည်။

"တလောက နွယ်နီမှာ ပါလာတဲ့ ခင်ဗျားရဲ့ 'ကမ္ဘာကြွေးအထူဆုံး စာရေးဆရာ (ဒေါ်စတာယက်စကီ)' ဆောင်းပါးက ကျွန်တော် အရင်က ဖတ်ဖူးသလိုလိုပဲ"

"ဖတ်ဖူးမှာပေါ့ ဆရာ၊ ခုနစ်ဆယ်ပြည့်လွန်လောက်က ဆရာ မိုးဝေကို ကိုင်တုန်းမှာ ပါဖူးပြီးသားလေ"
mgyoe.com

mgyoe.com SAMPLE BOOK

"ဩော်"

ခေါက်စားပွဲကလေးပေါ်မှ ပလတ်စတစ်ခွက် နှစ်ခွက်က ခဏာခဏာ ခုန်ဆင်းသည်။ နှစ်ယောက်သား နှမြောတသစွာ ပြန်ကောက်တင်ရ၊ ပြန်ဖြည့်ရနှင့်။

ဆရာက ဟာသ ရှိသည်။

"အင်း... ခင်ဗျား မဆိုးဘူး၊ ဖန်ခွက် ယူလာရင် မလွယ်ဘူး" တဲ့။

(သည်ခရီးအကြောင်းကို ဆရာက နွယ်နီမှာ ပြန်ရေးသည်။ ဖြူး ရောက်တော့ ကျွန်တော်တို့ စားသောက်တွဲမှ ထမင်းကြော် မှာစားသည်။ လုံး၀ ဆား မပါ။ ဒါကို သူက 'ကျွန်တော်တို့ နှစ်ယောက်မှာ သွေးတိုးရှိမှန်း စားသောက်တွဲက ဘယ်လိုလုပ် သိနေသလဲ မသိဘူး' ဟု ထည့်ရေးသွားသည်။)

တယောက် နှစ်ပက်ခန့်နှင့် ထမင်းကြော် စားသောက်ပြီးတော့ သူက ကောက်ကာ ငင်ကာ ပြောသည်။

"Crime and Punishment ကို အင်နာ ပြီးရင် ဆက်လုပ်ပါလား"

ကျွန်တော် လန့်သွားသည်။

"ဟာ... အဲဒါ ဆရာ လုပ်ရမယ့်ဟာကို"

"ကျွန်တော် မလုပ်နိုင်တော့ပါဘူး"

"သိပ်ခက်မယ် ဆရာ"

သူက ခပ်ငေးငေးနှင့် ခေါင်းညိတ်ပြီး-

"အင်း...ဒေါ်စတာယက်စကီက ခက်တော့ ခက်တယ်"

တောင်ငူမှ ထွက်တော့ မှောင်စပျိုးပြီ။ ဆရာက ကာရမာဇော့ညီနောင် 'ပြန်' စဉ်က အားစိုက်ရပုံများကို ပြောပြနေသည်။

✣

အင်နာကာရနီနာကို ကျွန်တော် ၉-၉-၀၉ (ကိုးသုံးလုံး) နေ့တွင် ဘာသာပြန်ပြီးသည်။ ရာပြည့် စာအုပ်တိုက်မှ ဩဂုတ်လ ၂၀၁၀ တွင် ရာပြည့်စာအုပ် ၃၀၀ အဖြစ် ထုတ်ဝေခဲ့ပါသည်။ ၂၀၁၀ ခုနှစ် ကုန်ပိုင်းလောက်တွင် ရာပြည့်ဦးစိုးညွန့် ကျွန်တော့်ဆီ ဖုန်းဆက်လာသည်။

Crime and Punishment နောက်ဆုံးထုတ် (၁၉၉၂) ရထားတယ်။ လုပ်ကြရအောင်လားတဲ့။

"ဟိုလင်မယား ပြန်တာပဲ၊ ထုံးစံအတိုင်း ဘာသာပြန်စာပေဆုတွေ ထပ်ရတယ်"

ဟိုလင်မယား ဆိုသည်မှာ အင်နာကာရနီနာကို ရုရှားဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုသည့် ရစ်ချဒ်ပီဗီးယားနှင့် လာရစ်ဆာဗိုလ်ကွန်စကီတို့ ဖြစ်ပါသည်။ သူတို့ ဇနီးမောင်နှံသည် Brothers Karamazov နှင့် War and Peace ကိုလည်း ဘာသာပြန်ခဲ့ကြသူများ၊ ဆုတွေ ရရှိခဲ့သူများ ဖြစ်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဖတ်ကြည့်သေးတာပေါ့ဗျာ" ဟု အားမပါလှစွာ ကျွန်တော် မတင်မကျ ပြန်ပြောလိုက်ပါသည်။

သူတို့လင်မယား မည်မျှရှင်းအောင် ပြန်ထားသည်ဖြစ်စေ ဆရာနတ် ပြောသလို ကျွန်တော်တို့အတွက် ခက်ခဲ နက်နဲနေဆဲ ဖြစ်ပါသည်။ ဒဿနတွေ၊ အတွေးအမြင်တွေက နက်နဲလွန်းသည့်အပြင် ဒေါ်စတာယက်စကီကို နားလည်ဖို့ကလည်း ခက်ခဲလွန်းနေသည်။ ရစ်ချဒ်ပီဗီးယားဓ၏ နိဒါန်းတွင် သည်အကြောင်းများ ပါပြီးသားမို့ ကျွန်တော် အပ်ကြောင်း မထပ်လိုတော့ပါ။ နားမလည်သည့် အခန်းတွေ များလွန်းသဖြင့် Michael Scammell နှင့် Constance Garnett တို့၏ အင်္ဂလိပ်ဘာသာ ပြန်ဆိုသည့် စာအုပ်နှစ်အုပ်ကိုလည်း ကျွန်တော် ပြန်ဖတ်ရပါသည်။

Crime and Punishment ကိုရော၊ ဒေါ်စတာယက်စကီကိုပါ ဝေဖန်ရေးဆရာတွေ ကိုယ်တိုင် နားမလည်သဖြင့် မျက်စိလည်ကြရကြောင်း ရစ်ချဒ်ပီဗီးယားက သုံးသပ်ပြထားပါသည်။

ထို့ကြောင့် ကျွန်တော်လိုကောင်က သည်ကမ္ဘာကျော်ဝတ္ထုကြီးကို ဘာသာပြန်ဆိုခြင်းမှာ မတန်မရာ လုပ်ခြင်းပင်ဟု ဝေဖန်ပါလျှင် ကျွန်တော် အသာလေး ငြိမ်နေမည်ဖြစ်ပါသည်။

စာဖတ်သူများကို ကျွန်တော် တောင်းပန်ချင်သည့် အချက်တချက် ရှိပါသည်။ ရုရှားနာမည်များ ကျွန်တော်တို့နှင့် စိမ်းနေခြင်းအကြောင်း ဖြစ်ပါသည်။ သို့ပါ၍ မြန်မာ့နားနှင့် လိုက်လျောညီထွေ ရှိအောင် ကျွန်တော် ကြိုးစားထားသည့်ကိစ္စ ဖြစ်ပါသည်။ ဥပမာ– ရပ်စကိုလ်နီကော့ဗ်၏ မိခင် ပါလ်ချီရီးယားအယ်လက်ဇန္ဒရိုဗာကို မေမေရပ်စ်ကိုလ်နီကော့ဗ်၊ ဆိုဖီယာ ဆေမွန် နိုဗာကို ဆွန်ညာ စသည် စသည်။

ထပ်မံ၍ တခု မေတ္တာရပ်ခံချင်ပါသည်။ ဆရာမြသန်းတင့်၏ စစ်နှင့် ငြိမ်းချမ်းရေးပုဂံမှ တလ တအုပ် ထွက်စဉ်အခါက ရုရှားနာမည်များကို စိတ်ပျက်ပြီး ကျွန်တော်တို့ လက်တွန့်ခဲ့ကြပါသည်။ သို့သော် အတွဲ (၁) ဆုံးအောင် ကြိုးစားဖတ်ပြီးသည်နှင့် ကျွန်တော်တို့ လစဉ်အငမ်းမရ စောင့်ဖတ်ခဲ့ကြပါသည်။ အတွဲ (၁၂) အထိ ဖတ်ပြီးသော် ဇာတ်ကောင်ပေါင်း များစွာ၏ ရှည်လျားသော နာမည်များသည် ကျွန်တော်တို့၏ အသိအကျွမ်းများပမာ ရင်းနှီးသွားပါတော့သည်။

ထို့ကြောင့် ရိုဒီယွန်ရပ်စ်ကိုလ်နီကော့ဗ်၊ ဆဗီဒရီဂေးလော့ဗ် စသော လျှာခလုတ်တိုက်သည့် ရုရှားနာမည်များသည် တခန်း၊ နှစ်ခန်း ဖတ်ပြီးသည်နှင့် ရင်းနှီးသွားပါလိမ့်မည်။ ခင်ဗျားနှင့် ရင်းနှီးကျွမ်းဝင်သူများ ဖြစ်သွားရုံမက ခင်ဗျား တသက်လုံး စွဲနေမည့် ဇာတ်ကောင်များ ဖြစ်သွားကြပါလိမ့်မည်။

တင်မောင်မြင့်

၂၈.၁၁.၁၁

mgyoe.com

mgyoe.com SAMPLE BOOK

ဒေါ်စတာ ယက်စကီ

ဒေါ်စတာယက်စကီက သူကျင်လည်သည့် ဝန်းကျင်နှင့် လူတန်းစားအကြောင်း အရင်းခံ ရေးဖွဲ့သည်။ သူ့ကို၁၈၂၁ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့တွင် မော်စကိုမြို့၌ မွေးဖွားသည်။ ဖခင်က စစ်တပ် ဆရာဝန်။ သူက မွေးချင်း ခြောက်ယောက်အနက် ဒုတိယသား။ ဖခင်က စစ်တပ် စက်မှုသိပ္ပံ ပို့ပြီး အစ်ကိုလုပ်သူ မစ်ဟိုင်းနှင့်အတူ တက်စေသည်။ ကျောင်းစာကို သူက စိတ်မဝင်စား။ စာပေတွင်သာ မွေ့လျော်ချင်သည်။ ရုရှားစာရေးဆရာကြီး ဂိုဂိုးလ်ကို သူက ကိုးကွယ်သည်။

ကျောင်းပြီးလို့ ဝိတာစဘတ် အင်ဂျင်နီယာတပ်တွင် ဗိုလ်အဖြစ် အမှုထမ်းခဲ့သည်။ သို့သော် တနှစ်သာ လုပ်ပြီး ထွက်ပစ်လိုက်သည်။ စာပေလောကသို့ ခြေစုံပစ်ဝင်သည်။

ထိုအချိန်တွင် ဘုရင်စနစ် ဆန့်ကျင်သူ၊ ခေတ်ပြောင်းတော်လှန်ရေး လုပ်ချင်သူ၊ စနစ်ဟောင်းကို တော်လှန်ချင်သူ၊ Nihilism (နတ္ထိကဝါဒ)ကို တည်ထောင်ချင်သူများ၏ အုံကြွမှု စတင်နေပြီ။ ရုရှား ကောင်းကင်ပြင်တွင် ဆိုရှယ်လစ်ဝါဒ ရောင်နီ သမ်းလာနေပြီ။ ဤတွင် နိုင်ငံရေးမှုနှင့် သူ အဖမ်းခံရတော့သည်။

၁၈၄၉ ခုနှစ်တွင် သူတို့လူစုကို ဇာဘုရင့်စစ်တပ်က ဖမ်းပြီး သေဒဏ်ပေးလိုက်သည်။

✣

ထိုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့။

သူတို့ကို ဆေမျှုန်နေ့စကီ လူသတ်ကုန်းသို့ခေါ်သွားကြသည်။ အားလုံးကို ခေါင်းစွပ် ဝတ်ရုံဖြူကြီးတွေ စွပ်ပေးလိုက်ပြီး ဘုရားသခင်ထံ ဆုတောင်းခိုင်းသည်။ လက်ဖြောင့်တပ်ဖွဲ့က

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ကို သုံးယောက်တတွဲ ပစ်သတ်ကြတော့မည်။ ပထမသုံးယောက်ကို တိုင်တွင် ကြိုးနှင့်ချည်လိုက်ပြီး လက်ဖြောင့်တပ်သားများက သေနတ်ပြောင်းဝကို မြှောက်၍ ချိန်လိုက်ကြသည်။ ဒေါ်စတာယက်စကီက ဒုတိယအသုတ်တွင် ပါသည်။ သူ အသက်ရှင်ဖို့မိနစ် အနည်းငယ်သာကျန်တော့သည်။ ပထမ အသုတ် သေဒဏ်ကျများက 'ပစ်' မိန့်ကို စောင့်နေကြသည်။

ထိုစဉ် မြင်းသည်တော်တဦး ဖုန်တထောင်းထောင်းနှင့် မြင်းကို ကဆုန်စိုင်းပြီး အသော့နှင်လာနေသည်။ လက်တဖက်တွင် စာချွန်တော်လိပ်ကိုဝှေ့ကာ ဝှေ့ကာဖြင့်။ လက်မတင်ကလေးတွင် သူတို့ အသက်ချမ်းသာ ရခဲ့ကြသည်။ ဇာဘုရင်က သူတို့ကို သေဒဏ်အစားဆိုက်ဗေးရီးယားသို့ ပြည်နှင်ဒဏ်နှင့် ထောင်ဒဏ် ရှစ်နှစ် ပူးတွဲ ကျခံစေလိုက်သည်။ နောင်အခါ လေးနှစ်သို့ လျှော့ချလိုက်သည်။

ဆိုက်ဗေးရီးယား အတွေ့အကြုံကို Crime and Punishment တွင် ရပ်စ်ကိုလ်နီကော့ဗ် ထောင်ဒဏ်နှင့် ဆိုက်ဗေးရီးယားသို့ အပို့ခံရသည့်အခါ သူ ကောင်းကောင်း အသုံးချနိုင်ခဲ့သည်။

✣

၁၈၅၄ ခုနှစ်တွင် ထောင်မှ လွတ်သည်။ ၁၈၅၇ ခုနှစ်တွင် မုဆိုးမတယောက်နှင့် အိမ်ထောင်ကျသည်။ 'ခေတ်' ဂျာနယ် ထုတ်သည်။ အောင်မြင်သည်။ သို့သော် အစိုးရက ပိတ်ပစ်လိုက်သည်။ 'ခေတ်သစ်' ထပ်ထုတ်သည်။ ရှုံးသဖြင့် ရပ်လိုက်ရသည်။

၁၈၆၄ ခုနှစ်တွင် ဇနီးနှင့် အစ်ကိုမစ်ဟိုင်း ကွယ်လွန်သည်။ ဖဲကြွေးတွေ ပတ်ပတ်လည် ဝိုင်းလာသည်။ စာရေး ဆပ်လို့ မနိုင်တော့။ နေ့ရောညပါ တွန်းရေးဖို့ လက်ရေးတိုစာရေးမကလေး ငှားရတော့သည်။ အင်နာ ဆိုသည့် မိန်းမချောကလေး။ မကြာခင် အင်နာနှင့် ညားသွားသည်။

သူ ရေးသမျှထဲတွင် 'ပြစ်မှုနှင့်ပြစ်ဒဏ်' နှင့် 'ကာရမာဇော့ညီနောင်များ' မှာ ကမ္ဘာကျော်ဂန္ထဝင်အဖြစ် တင်ကျန်ရစ်သည်။

၁၈၈၁ ခုနှစ်၊ အသက် (၆၀) အရွယ်တွင် ဒေါ်စတာယက်စကီ ကွယ်လွန်သွားရှာသည်။ စီးသွင်း၍ အကောင်းဆုံးအချိန်တွင် အနုပညာစမ်းရေအလျှင် ရပ်တန့်သွားသည်ဟု ကျွန်တော် ခံစားရသည်။ ဒွန်ညာ၊ ဆွန်ညာ၊ ရပ်စ်ကိုလ်နီကော့ဗ်နှင့် ရာဇူမီခင်တို့ကား ကျွန်တော်တို့ နှလုံးသားမှ ပျောက်ကွယ်သွားတော့မည် မဟုတ်ပါချေ။

✣ ✣ ✣

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း (၁)

(၁)

ဇူလိုင်လဆန်းတရက်၏ အလွန်ပူပြင်းသည့် ညနေခင်း။ အက်စ်ဝိုင်လမ်းပေါ်ရှိ သူ ငှားနေသည့် အခန်းကျဉ်းကလေးထဲမှ လူရွယ်တယောက် အပြင်ထွက်လာခဲ့သည်။ လမ်းပေါ်တွင် ခပ်ဖြည်းဖြည်း လျှောက်ရင်း စိတ်မှတ်မဲ့စွာဖြင့် ကေအင်(န်) တံတားဆီသို့ ဦးတည် လျှောက်လှမ်းလာခဲ့သည်။

အခန်းထဲမှအထွက် လှေကားတွင် အခန်းရှင်အမျိုးသမီး မမြင်အောင် အသာလေး လျှိုထွက်လာခဲ့ခြင်း ဖြစ်သည်။ သူ့အခန်းမှာ ငါးထပ်တိုက်ကြီး၏ အပေါ်ဆုံးထပ် ခေါင်မိုးနှင့် ကပ်နေသည့် အထပ်ခိုးကျဉ်းကျဉ်းကလေး ဖြစ်သည်။ အခန်းဟု ဆိုရသော်လည်း အခန်းနှင့်မတူ။ ဗီရိုတလုံးနှင့် ပိုတူနေသည်။ အိမ်ရှင် အမျိုးသမီးက သူ့ကို ညစာကျွေးသည်။ သန့်ရှင်းရေးနှင့် သူ့ဝေယျာဝစ္စလုပ်ဖို့ အိမ်ဖော် အမျိုးသမီးတယောက်လည်း ရှိသည်။

အိမ်ရှင်က သူ့အောက်ခန်းတွင် နေသည်။ သူ့အပေါ်ထပ် အထပ်ခိုးမှ ဆင်းလျှင် အမျိုးသမီး၏ မီးဖိုခန်းကို ဖြတ်ရသည်။ လှေကားကို ထွက်သည့် တံခါးက အမြဲတမ်း ဖွင့်ထားသည်။ သည်နေရာကို ဖြတ်ရတိုင်း လူရွယ်သည် ရှိုးတိုးရှန့်တန့်ဖြစ်ကာ ရှက်စိတ်၊ ကြောက်စိတ် ဝင်စမြဲဖြစ်၏။ အိမ်လခ မပေးနိုင်သည်မှာ ကြာပြီလေ။ ထို့ကြောင့် အမျိုးသမီးနှင့် တိုးမှာကို လန့်နေခြင်း ဖြစ်သည်။

သူသည် သတ္တိနည်းသူတော့ မဟုတ်။ သူက မဟုတ်မခံသမား။ သို့သော် ရံခါတွင် လောကကို မကျေမနပ်ဖြစ်ကာ အလိုလို ဒေါသထွက်နေတတ်သည်။ ရံခါတွင်လည်း မတ်

mgyoe.com

mgyoe.com SAMPLE BOOK
ဝန်းကျင်ကိုကြောက်နေတတ်သည်။ သူသည် ဘဝထဲတွင် ဝင်ပုန်းနေသည်နှင့် တူ၏။ အထီးကျန်ဘဝကို ဖန်တီးနေသူ ဖြစ်၏။ အိမ်ရှင်အမျိုးသမီးကိုသာ မတွေ့ရဲခြင်း မဟုတ်။ ဘယ်သူနှင့်မျှ မတွေ့ချင်။ သူ့ဘဝသည် ဆင်းရဲမွဲတေမှုကြောင့် ထောင်းထောင်းကြေနေပြီ။ ဤသို့ဖြင့် ပတ်ဝန်းကျင်နှင့် ကင်းကွာလာသည်။ လူတွေနှင့် ဝေးလာသည်။ လုပ်စရာ ရှိတာတွေကိုလည်း လှည့်မကြည့်တော့ဘဲ ပစ်စလက်ခတ် ထားလိုက်သည်။

စင်စစ် သူသည် အိမ်ရှင်ကို ကြောက်နေခြင်း မဟုတ်။ သူ့ကို မောင်းချလျှင်လည်း သူ မမှု။ သို့သော် တချိန်လုံး ကြွေးတောင်းနေခြင်း၊ ဗျစ်တောက် ဗျစ်တောက်နှင့် ခြိမ်းခြောက်ခြင်းများကို သူ စိတ်ကုန်နေသည်။ ဟိုအကြောင်းပြ၊ သည်အကြောင်းပြ လိမ်ရ၊ ညာရတာတွေကိုလည်း သူ စိတ်ပျက်လှပြီ။ ထို့ကြောင့် ကြောင်တကောင်လို အသာ ခြေဖော့နင်းပြီး ဘယ်သူမှ မမြင်အောင် လစ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

အပြင်ရောက်တော့လည်းတခြားကြွေးရှင်နှင့်တန်းတိုးနေမလားးစိုးရိမ်နေပြန်သည်။ တယောက်တည်း တွေးရင်း စကားပြောလာသည်။

"တခုခု လုပ်ဖို့ ကြိုးစားကြည့်ချင်တယ်။ ဒါပေမဲ့ တပြိုင်တည်းမှာ အရေးမပါတဲ့ အသေးအဖွဲတွေကို လုပ်ရမှာ ကြောက်နေတယ်"

ပြောရင်း ထူးဆန်းသည့် အပြုံးတချက် လက်သွားသည်။

"အင်း... လက်ထဲမှာ အားလုံး ရှိတာပဲ။ ဒါပေမဲ့ နည်းနည်းလေး သတ္တိ ကြောင်တာနဲ့ အားလုံး လက်ချောင်းတွေထဲကနေ ထွက်ကျသွားရော။ ဒါဟာ သိပ်ထင်ရှားတဲ့ အမှန်တရားပဲ။ လူတွေ အကြောက်ဆုံး အရာဟာ ဘာပါလိမ့်။ ငါက စကားပဲ များနေတယ်။ ဒါကြောင့် ဘာမှ မလုပ်ဖြစ်တာ။ ဘာမှ မလုပ်ဖြစ်လို့ စကား ပြောနေတာလည်း ဖြစ်နိုင်တယ်။ ပြီးခဲ့တဲ့ လကစပြီး စကားတွေ ပိုပြောလာတယ်။ အခန်းထောင့်မှာ လှဲပြီး တနေကုန် ဒါကိုပဲ စဉ်းစား... အလကား အဓိပ္ပာယ်မရှိ။ ဘာပြုလို့ ငါ ခုလို လျှောက်သွားနေတာလဲ။ ဒါကို ငါ လုပ်နိုင်လို့လား၊ ဒီကိစ္စ ဒါလောက် လေးနက်လို့လား။ မလေးနက်ပါဘူး။ ဟင့်အင်း၊ မလေးနက်ပါဘူး။ သက်သက် ငါ အပျော်ကစားနေတာပဲ။ စိတ်ကူးယဉ်နေတာပဲ။ ဟုတ်ပါတယ်။ ဒါဟာ ကစားနည်း တမျိုးပဲ"

ရာသီဥတုက ပူလွန်းသည့်အပြင် လူတွေကလည်း ပြည့်ကျပ်နေသည်။ ထုံးမှုန့်တွေကလည်း လေထဲတွင် တဝေ့ဝေ့။ ငြမ်းစင်တွေ၊ အုတ်ပုံတွေနှင့် လမ်းဘေးတွင် ရှုပ်ယှက်ခတ်နေသည်။ အိမ်ကြီးအိမ်ကောင်းများနှင့် မနေနိုင်သည့် ပီတာစဘတ် မြို့သူမြို့သားများ အတွက် နှာခေါင်းယဉ်နေသော အနံ့ဆိုးကြီးက စူးစူးဝါးဝါး။ အနိဋ္ဌာရုံမြင်ကွင်းသည် အလွန်ပင်ပန်းနွမ်းနယ်နေသော လူငယ်အား ပို၍ စိတ်ပျက် လက်ပျက်ဖြစ်အောင် လုပ်နေသည့် အလား။ အရက်ဆိုင်များထဲမှ ပျံ့လွင့်လာသည့် အနံ့ကလည်း အန်ချင် အော့ချင်စရာ။ ပီတာစဘတ်တွင် သည်ရပ်ကွက်သည် အရက်ဆိုင် အပေါဆုံး ဖြစ်သည်။ အလုပ်အားရက် မဟုတ်ပါဘဲ အရက်မူးသမားတွေ ရှောင်လို့မလွတ်နိုင်အောင်ဖြစ်နေသည်။ ညနေဆည်းဆာ
mgyoe.com

mgyoe.com SAMPLE BOOK
ကို အရပ်ဆိုး အကျည်းတန်စေသည့် စက်ဆုပ် ရွံရှာဖွယ် အနိဋ္ဌာရုံမြင်ကွင်း ဖြစ်နေသည်။ လူရွယ်၏ အာရုံသည် ပို၍ ညစ်နွမ်းသွားလေပြီ။ သူသည် လူချောကလေးတယောက် ဖြစ်၏။ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါးနှင့် အနက်ရောင် မျက်လုံးများက ချစ်စရာကောင်းသည်။ ဆံပင်က ရွှေရောင်အတိ။

သူသည် အတွေးနက်သည်ထက် နက်လာပြီး ပတ်ဝန်းကျင်ကို မေ့သွားကာ သညာမဲ့စွာဖြင့် ဆက်လျှောက်နေသည်။ ပတ်ဝန်းကျင်ကို သူ လုံးဝ သတိမထားမိတော့။ သတိထားချင်စိတ်လည်း မရှိတော့။ ရံဖန်ရံခါ တယောက်တည်း စကားပြောလာသည်။ သည်လို တကိုယ်တည်း စကားပြောသည့် အကျင့်ကလေး ဝင်နေကြောင်း သူ့ဘာသာ သူ သတိထားမိသည်။ ထိုအချိန်တွင်ပင် သူ့အတွေးတွေ ရှုပ်ထွေးနေကြောင်းလည်း သတိထားမိ၏။ အားအင်ချည့်နဲ့နေပြီ ဖြစ်ကြောင်းလည်း သူ့ကိုယ်သူ သိနေသည်။ ဗိုက်ထဲတွင် အစာ မရှိသည်မှာ နှစ်ရက် ရှိပြီ။

သူ့ အဝတ်အစားတွေမှာ စုတ်ပြတ် ညစ်ပတ်နေပြီ။ အခြားတယောက် ဆိုလျှင် သည်လို အဝတ်မျိုးနှင့် အပြင်ထွက်ရဲလိမ့်မည် မဟုတ်ပေ။ သို့သော် သည်ပတ်ဝန်းကျင်တွင် တယောက်၏ အဝတ်အစားကို တယောက် သတိထားမိဖို့ အချိန်မရှိကြပေ။ လက်လုပ်လက်စားတွေများသည့် ရပ်ကွက်ဖြစ်၍ လူမျိုးပေါင်းစုံ၊ အလွှာပေါင်းစုံဖြင့် ရှုပ်ယှက်ခတ်နေသည်။ အံ့သြဖွယ်ရာ ထူးထူးဆန်းဆန်း မြင်ကွင်းကျယ်များကိုလည်း တွေ့ရတတ်သည်။ လူရွယ်သည် ဘဝနာကာ ထုသားပေသား ရပြီးသားမို့ သူ၏ အဝတ်အစားများအတွက် ရှက်ရွံ့အားငယ်ခြင်း မဖြစ်မိပေ။ သို့သော် ပေါင်းဟောင်း သင်းဟောင်းများနှင့်တော့ မတွေ့ချင်။ အထူးသဖြင့် သိပ်မနှစ်မြို့သည့် လူများနှင့် မတွေ့ချင်။ သို့စဉ်လျက် အမူးသမား တယောက်နှင့် သွားတိုးသေးသည်။ ရောမမြင်းကြီး ဆွဲလာသည့် မြင်းလှည်းပေါ်တွင် ပိုးလိုးပက်လက် ပါလာသည့် ယမကာ လုလင်တဦး ဖြစ်၏။ သူ့ကို မြင်တော့ လှည်းပေါ်မှ လှမ်းအော်သည်။ လက်သီး ငေါက်ငေါက်ထိုးပြီး–

"ဟေး... ဂျာမန်ဦးထုပ်နဲ့ ကောင်"

လူရွယ်သည် ကယောင်ကတမ်းနှင့် ဦးထုပ်ကို လက်တဖက်နှင့် ဆုပ်လိုက်သည်။ ဦးထုပ်မှာ ဖောက်နက်နက်နှင့် ဇင်မာမင်းဦးထုပ်* အဝိုင်း ဖြစ်သည်။ ဟောင်းနွမ်း စုတ်ပြတ်ကာ အရောင်အဆင်း မရှိတော့ပေ။ အစွန်းအထင်း အပေါက်အပြဲတွေနှင့် အနားတွေလည်း ဖွာလန်ကျဲနေပြီ။ ဦးထုပ်နှင့် မတူတော့ပေ။ သို့သော် သူက ရှက်စရာဟု မယူဆ။ သို့သော် ခံစားမှု တမျိုးတော့ ရသည်။ သူ့ကို လွှမ်းခြုံနေသည့် အကြောက်တရားက တမျိုး။

စိတ်တွေ နောက်ကျုလာပြီး တယောက်တည်း ညည်းတွားမိပြန်သည်။

"ဟုတ်ပါတယ်၊ ငါ ထင်တဲ့အတိုင်းပါပဲ။ တော်တော်ဆိုးပါလား။ အဲဒီလို အသေးအဖွဲ

---

* zimmerman မှာ နာမည်ကျော် ဝီတာစဘတ် ဦးထုပ်ဆိုင်ပိုင်ရှင် ဖြစ်သည်။ ဒေါ်စတာယက်စကီတွင် ထိုဦးထုပ်မျိုး တလုံး ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကလေးတွေက ပြဿနာ ဖြစ်တာ။ ဟုတ်တယ်၊ ဒီ ဦးထုပ်ကြီးဟာ သိပ်သိသာတယ်။ ရယ်စရာကောင်းတော့ ပိုပြီး ထင်သာ မြင်သာ ဖြစ်တာပေါ့။ ဒါပေမဲ့ ငါ့အဝတ်တွေက စုတ်ပြတ်နေတော့လည်း ဦးထုပ်လိုတာပေါ့။ ဒါပေမဲ့ ဦးထုပ်ပျော့ကလေးတလုံး ဆောင်းလည်း ဖြစ်တာပဲ။ ဒီဦးထုပ်ကြီးက တကယ် ကျက်သရေမဲ့တာပဲ။ ဘယ်သူမှ ဒီဦးထုပ်မျိုး မဆောင်းတော့ဘူး။ ဟိုးတမိုင်လောက်က လှမ်းမြင်နေတဲ့ ဦးထုပ်ကြီး။ လူတိုင်း မှတ်မိနိုင်တဲ့ဟာကြီး။ ဒါဟာ သက်သေခံပစ္စည်းပဲ။ ဒါမျိုး ရှောင်ရမယ်။ ဘယ်သူမှ မမှတ်မိနိုင်တဲ့ပုံမျိုး ဆောင်ထားရမယ်။ အသေးအဖွဲ့ကလေးတွေက စ,လို့ပေါ့။ အဲဒီ အသေးအဖွဲ့ ကလေးတွေကြောင့် ပျက်စီးကြရတာ''

သူ သွားရမယ့် နေရာက မဝေးတော့ပါ။ သူ့အိမ်က ထွက်ရင် ဘယ်နှလှမ်း လှမ်းရမည်ကို သူ့ စိတ်ထဲက အလွတ်ရနေသည်။ အတိအကျ မှတ်မိနေသည်။ ခုနစ်ရာ့သုံးဆယ်တိတိ။ တခါက အိပ်မက်ထဲတွင် လမ်းလျှောက်နေသလို ဖြစ်ဖူးသည်။ ထိုစဉ်က ခြေလှမ်းရေကြည့်မိခြင်း ဖြစ်သည်။ သည်တုန်းကတော့ အိပ်မက်ဟူသည် စိတ်ရှုပ်စရာ ကောင်းသောအရာဟုသာ ထင်မှတ်ခဲ့သည်။ ထို အိပ်မက်များကြောင့် တကိုယ်တည်း စကားပြောသည့် အကျင့် ဖြစ်လာခဲ့သည်။ တပြိုင်တည်းတွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု နည်းလာခဲ့သည်။ ခုတော့ ကိုယ့်ကိုယ်ကိုယ် တကယ် စမ်းသပ်တော့မည်။ သူ့ ခြေလှမ်းတွေ တဖြည်းဖြည်း အားပါလာသည်။

သို့သော်ရင်တွေလေးပြီး လူက ကတုန်ကယင်ဖြစ်လာသည်။ ပိုင်လမ်းပေါ်မှ တူးမြောင်းကို မျက်နှာမူထားသော ရှေ့မတိုက်ကြီးဆီသို့ ရောက်လာခဲ့သည်။ သည်တိုက်ကြီးတွင် အခန်းပေါင်းများစွာ ရှိပြီး လူတန်းစားပေါင်းစုံ နေကြသည်။ အပ်ချုပ်သမားတွေ၊ သော့ပြင်သမားတွေ၊ ထမင်းချက်တွေ၊ စာရေးစာချီတွေ၊ မိန်းကလေးတွေ၊ ဂျာမန်လူမျိုးတွေ ပါသည်။ တံခါးနှစ်ပေါက်မှ လူတွေ အမြဲတမ်း ဝင်ထွက်နေကြသည်။ တံခါးမှူး သုံး လေး ယောက် အလှည့်နှင့် တာဝန်ယူကြသည်။ သူတို့ကို တယောက်မျှ မတွေ့သဖြင့် လူရွှယ် ဝမ်းသာသွားသည်။ ဘယ်သူမှ မမြင်အောင် တံခါးပေါက်တခုမှ အသာကလေး ဖျတ်ခနဲ ဝင်လိုက်သည်။ ပြီးမှညာဘက်ချိုးပြီး မှောင်နှင့်မည်းမည်း လှေကားကျဉ်းကလေးဆီသို့လျှောက်သွားသည်။ သည်နေရာကို သူ နေသားကျနေအောင် လေ့လာထားပြီးပြီ။ အမှောင်ထဲတွင် ခလုတ်မထိဆူးမငြိအောင် သူ လျှောက်သွားနိုင်သည်။

''ငါ ကြောက်နေလို့ မဖြစ်ဘူး၊ ကြောက်နေရင် ဘယ်လိုမှ အလုပ် မဖြစ်နိုင်ဘူး''

လေးထပ်ကို တက်ရင်း သူ အမှတ်မထင် တွေးလာသည်။ တနေရာတွင် အထမ်းသမားတွေ၊ စစ်သား လူထွက်တွေနှင့် ပိတ်နေသည်။ အခန်းတခန်းထဲမှ ပရိဘောဂတွေ သယ်ထုတ်နေကြခြင်း ဖြစ်သည်။ ဂျာမန်လူမျိုးတယောက် မိသားစုနှင့် နေသည့် အခန်း ဖြစ်ကြောင်း သူ သိထားသည်။ သူတို့ အိမ်ပြောင်းနေကြခြင်း ဖြစ်မည်။ ဒါဆို သည်အထပ်တွင် အဘွားကြီးအခန်း တခုတည်း ကျန်တာပေါ့။ အင်း… ပိုအဆင်ပြေသွားပြီ။ တကယ်လို့…။

mgyoe.com

mgyoe.com
SAMPLE BOOK

တံခါး ပွင့်လာသည်။ သို့သော် ဟရုံမျှသာ။ ထခုန်မိမတတ် စိတ်လှုပ်ရှားသွား၏။ အဘွားကြီးက သူ့ကို မသင်္ကာသည့် မျက်လုံးများဖြင့် ကြည့်နေသည်။ အမှောင်ထဲမှ သူ့မျက်လုံးများက အရောင်တဖျပ်ဖျပ်။ သို့သော် ကြောက်စိတ်ကြောင့် လင်းလက်နေခြင်းမျိုး။ သို့သော် လှေကားရင်းမှ လူတွေကို လှမ်းမြင်တော့ အဘွားကြီး ကြောက်စိတ် ပြေသွားပုံရသည်။ သည်တော့မှ တံခါးကို တချပ်လုံး ဖွင့်ပေးသည်။

လူရွယ်က ခပ်မှောင်မှောင် အခန်းထဲသို့ လှမ်းဝင်သွားသည်။ အခန်းနှစ်ခန်း ဖွဲ့ထား၏။ အဘွားကြီးက လူရွယ်ကို စူးစမ်းသည့် မျက်လုံးများဖြင့် စိုက်ကြည့်နေသည်။ အသက်ခြောက်ဆယ်ကျော်၊ ပိန်ပိန်လှီလှီ အမျိုးသမီးကြီး ဖြစ်သည်။ အခန်းနှစ်ခန်း၏ နောက်ဘက်တွင် မီးဖိုခန်း ကျဉ်းကျဉ်းကလေး ရှိသည်။ အဘွားကြီး၏ ခေါင်းပေါ်တွင် ပဝါလွှမ်းမထား။ အဝတ်အစားတွေက ခပ်နွမ်းနွမ်း၊ ခပ်စုတ်စုတ်။ အရောင်အဆင်း မရှိတော့။ ကျန်းမာရေး ကောင်းပုံမရ။ ချောင်းတဟွပ်ဟွပ်နှင့်။ လူရွယ်က သူ့ကို ထူးဆန်းသည့် မျက်လုံးများနှင့် ကြည့်တော့ ပို၍ မယုံသင်္ကာ ဖြစ်လာသည့် အကြည့်ဖြင့် အဘွားကြီးက ကြည့်ပြန်သည်။

လူရွယ်က ဦးညွှတ်ပြီး ပြောသည်။

"ကျွန်တော့်ကို မမှတ်မိဘူးလား၊ တက္ကသိုလ်ကျောင်းသား ရပ်စ်ကိုလ်နီကော့ဗ်ပါ။ လွန်ခဲ့တဲ့ တလက ကျွန်တော် လာဖူးတယ်လေ"

ယဉ်ကျေးသိမ်မွေ့ဖို့ အထူးလိုအပ်ကြောင်း လူရွယ် သဘောပေါက်သည်။

"အင်း ...မှတ်မိပါတယ် သူငယ်ရယ်၊ မှတ်မိပါတယ်"

ဟု ပြောသော်လည်း မသင်္ကာသည့် မျက်လုံးများနှင့် ကြည့်နေဆဲ။

"ဟိုတခါ လာတဲ့ ကိစ္စမျိုးနဲ့ပဲ ကျွန်တော် လာခဲ့တာပါ ခင်ဗျာ"

ရပ်စ်ကိုလ်နီကော့ဗ် ဆက်ပြောတော့ အဘွားကြီး မျက်နှာ မကြည်မသာ ဖြစ်သွားသည်။ သည်လို မယုံကြည်ပုံ၊ မျက်နှာပျက်သွားပုံကြောင့် လူရွယ် အံ့သြသွားသည်။ ပြီးမှ စိတ်မသက်မသာနှင့် တွေးမိလိုက်သည်။

"ငါ သတိမထားမိလို့ ဖြစ်မှာပါ၊ ဟိုတခေါက် ရောက်တုန်းကလည်း ဒီအတိုင်း ထင်ပါရဲ့"

အဘွားကြီး ခဏငြိမ်နေသည်။ တစုံတရာကို ဝေခွဲမရ ဖြစ်နေပုံ။ ပြီးမှ လမ်းဖယ်ပေးပြီး အတွင်းခန်းထဲဝင်ဖို့ လက်ညှိုးထိုးပြကာ-

"ကဲ...ဝင်၊ ဝင်"

ဟု ဆိုသည်။

အခန်းကျဉ်းကလေးထဲသို့ လူရွယ် လှမ်းဝင်လိုက်သည်။ အခန်းကို နံရံစက္ကူ အဝါရောင် ကပ်ထား၏။ ပြတင်းပေါက် ခန်းဆီးတွေက ချည်ထည်ပွင့်ရိုက်တွေ။ ဝင်လုလု နေရောင်တွင် တောက်လက်နေ၏။ 'အင်း...ပြီးတော့ကော နေရောင် ဆက်လင်းနေဦးမှာလား' ရပ်စ်ကိုလ်နီကော့ဗ်၏ ခေါင်းထဲတွင် မဆီမဆိုင် အတွေးတခု ဖျတ်ခနဲ လက်သွား

mgyoe.com

mgyoe.com SAMPLE BOOK
ခြင်း ဖြစ်သည်။ တဆက်တည်း အခန်းအခြေအနေကို သေသေချာချာ မှတ်လိုက်သည်။ အသေးစိတ် အလွတ်ရအောင် မှတ်ခြင်းမျိုး။ သို့သော် ဘာမှ ထူးထူးခြားခြား မှတ်စရာမရှိ။ သစ်အယ်သားနှင့် လုပ်ထားသည့် ပရိဘောဂတွေက ဟောင်းနွမ်းလှပြီ။ ရောမ ဆိုဖာထိုင်ခုံကြီး တလုံး ပါသည်။ နောက်ကျောအမှီက သစ်သား။ ဆိုဖာရှေ့တွင် ဘဲဥပုံ စားပွဲကလေး တလုံး။ ပြတင်းပေါက် နှစ်ပေါက်ကြားတွင် မှန်တင်ခုံ။ ကုလားထိုင်တွေကို နံရံတွင် စီချထားသည်။ အပေါ်စားဘောင်နှင့် ဂျာမန်မကလေး သုံးယောက်၏ ဓာတ်ပုံသုံးပုံ နံရံတွင် ချိတ်ထားသည်။ သူတို့လက်ထဲတွင် ငှက်ကလေးတွေ ကိုယ်စီပိုက်လျက်။ အခန်းပြင်ဆင်မှုမှာ ဤမျှသာ။ အခန်းထောင့်မှ ဘုရားစင်တွင် မှန်အိမ်ငယ်ကလေးတလုံး ထွန်းထားသည်။ အခန်းကို ပြောင်လက် သန့်ရှင်းနေအောင် ဖုန်သုတ်ထားသည်။ ကြမ်းတိုက်ထားသည်။ လီဇာဗီတာ၏ လက်ရာ ဖြစ်မည်ဟု လူရွယ် တွေးလိုက်သည်။ တခန်းလုံး ဖုန်တစက်မျှ မရှိ။ ရပ်စ်ကိုလ်နီကော့ဗ် ဆက်တွေးသည်။

"အင်း...သည်လိုအဘွားကြီးတွေမို့ ဒါလောက်သန့်ရှင်းအောင် လုပ်နိုင်ကြတာပဲ"

ပြီးတော့ တဖက်အခန်းကလေးကို ကူးသည့် အပေါက်ဝမှ ချည်ထည်ခန်းဆီးကို တချက် ဖွေကြည့်လိုက်သည်။ အဘွားကြီး၏ ခုတင်နှင့် ဗီရိုတလုံး။ ဟိုတခေါက် လာတုန်းက လုံးဝ သတိမထားမိသည့် အခန်း။ သည်တိုက်ခန်းတွင် သည်အခန်း နှစ်ခန်းသာ ရှိသည်။

အဘွားကြီးက လူရွယ်နှင့် မျက်နှာချင်းဆိုင် ရပ်ပြီး သူ့မျက်နှာကိုတည့်တည့် ကြည့်၍-

"ဆိုပါဦး၊ ကိစ္စက"

"ပေါင်စရာ ပစ္စည်းတခု ယူလာခဲ့ပါတယ် အဒေါ်"

သူက အိတ်ထဲမှ ငွေရောင် နာရီပြားပြားကလေး တလုံး ထုတ်ယူလိုက်သည်။ နောက်ဖုံးတွင် ကမ္ဘာလုံး ပုံကလေးနှင့်။ ကြိုးက စတီး။

"ဟိုတခေါက် ပေါင်ထားတဲ့ ပစ္စည်းက ရက်လွန်နေပြီ"

"စိတ်မပူပါနဲ့ဗျာ၊ နောက်တလအတွက် ကျွန်တော် အတိုးပေးမှာပေါ့"

"စိတ်မပူပါဘူး၊ မင်း မပေးလည်း ရောင်းထုတ်လိုက်ရုံပေါ့ အဲဒါ ကျုပ်ရဲ့ လုပ်ပိုင်ခွင့်လေ"

"အဲဒီနာရီကို ဘယ်လောက် ပေးမှာလဲ အလျိုနာ အီဗန်နိုဗဗာ"

"မင်း ယူလာတဲ့ ပစ္စည်းတွေက အသေးအဖွဲ့တွေပဲ၊ ဘာမှ တန်ဖိုးမရှိတာတွေ၊ ဒါပေမဲ့ ပြီးခဲ့တဲ့ အခေါက်က လက်စွပ်ကို နှစ်ရူဘယ် ပေးလိုက်တယ်နော်၊ ရွှေဆိုင်မှာ နောက်တကွင်း သွားဝယ်ရင် တရူဘယ်ခွဲပဲ ပေးရတယ်"

"ကဲ... နာရီကိုတော့ လေးရူဘယ် ပေးပါဗျာ၊ ကျွန်တော် ပြန်ရွေးမှာပါ၊ အဖေ့နာရီလေ၊ မကြာခင် ကျွန်တော် ငွေရဖို့ ရှိပါတယ်"

"တရူဘယ်ခွဲပဲ ပေးနိုင်မယ်၊ အတိုး နုတ်ယူထားမယ်၊ ကြိုက်ရင် ထား၊ မကြိုက်ရင်လည်း ပြန်ယူသွား"

"ဗျာ... တရူဘယ်ခွဲ၊ ဟုတ်လား"
mgyoe.com

mgyoe.com SAMPLE BOOK

"ဟုတ်တယ်၊ အဲဒီလောက်ပဲ"

အဘွားကြီးက နာရီပြန်ပေးတော့ လူရွယ်က အောင့်သက်သက်ဖြင့် လှမ်းယူသည်။ သည်နေရာမှ ချက်ချင်း ထွက်သွားချင်လှပြီ။ တခြား ဘယ်မှ သွားစရာ မရှိ၍သာ သည် အဘွားကြီးဆီ လာခဲ့ရခြင်း ဖြစ်၏။ အခြားအကြောင်း တခုကြောင့်လည်း လာဖြစ်ခဲ့ခြင်း ဖြစ်သည်။

"ကဲ... ပေးဗျာ"

လေသံပြတ်ဖြင့် ပြောလိုက်သည်။ သည်တော့မှ အဘွားကြီးက အိတ်ကပ်ထဲ နှိုက်ပြီး သော့တွဲယူသည်။ ပြီးတော့ တဖက်ခန်းထဲ ဝင်သွားသည်။ အခန်းလယ်တွင် လူရွယ် တယောက်တည်း မတ်တတ်ရပ် ကျန်ရစ်သည်။ အသာ နားစွင့်နေလိုက်ပြီး ဟိုဘက်ခန်း အကြောင်း မှန်းကြည့်နေသည်။ ဗီရိုဖွင့်သံ၊ အံဆွဲထုတ်သံကို နားထောင်သည်။ အပေါ်ဆုံး အံဆွဲ ဖြစ်ပုံရသည်။

"အင်း... သော့တွဲက ညာဘက် အိတ်ထဲမှာ ဆိုတော့... သော့တွဲကို စတီးကွင်းနှင့် တွဲထားတယ်၊ သော့တချောင်းက တခြားသော့တွေထက် သုံးဆလောက် ပိုကြီးတယ်၊ သည်သော့ကတော့ အံဆွဲသော့ မဖြစ်နိုင်၊ မီးခံသေတ္တာ၊ ဒါမှမဟုတ် သံသေတ္တာသော့ ဖြစ်ရမယ်"

အဘွားကြီး ပြန်ထွက်လာသည်။

"ကဲ... သူငယ် ရော့၊ တရူဘယ်ပေါ်မှာ တလ ဆယ်ကိုပက်ဆိုတော့ တရူဘယ်ခွဲ အတွက် မင်း အဒေါ်ကို ဆယ့်ငါးကိုပက် ပေးရမယ်၊ ပြီးခဲ့တဲ့လက ယူထားတဲ့ နှစ်ရူဘယ် အတွက်လည်း မင်း ကိုပက် နှစ်ဆယ် ပေးရဦးမယ်၊ အားလုံးပေါင်းလိုက်ရင် သုံးဆယ့်ငါး ကိုပက်၊ ခုဆို စုစုပေါင်း မင်းရဲ့နာရီအတွက် တရူဘယ်နဲ့ ဆယ့်ငါးကိုပက်ပဲ ရတော့မယ်၊ ရော့... ယူ"

"ဗျာ...၊ တရူဘယ်နဲ့ ဆယ့်ငါးကိုပက် ဟုတ်လား"

"ဟုတ်ပါတယ်ရှင်"

လူရွယ်က ဘာမှ ဆက်မငြင်းတော့ဘဲ ပိုက်ဆံကို လှမ်းယူလိုက်သည်။ ပြီးတော့ ဘာမှမပြောဘဲ အဘွားကြီးကို စိုက်ကြည့်နေသည်။ တခုခု ပြောနေသလိုလို၊ တခုခု လုပ်ချင်နေသလိုလို။ သို့သော် သူ့ကိုယ်သူ ဘာလုပ်ချင်နေမှန်း၊ ဘာပြောချင်နေမှန်း မသိ။

"ကျွန်တော် မကြာခင် ပြန်လာခဲ့ပါဦးမယ် အလျိုနာအီဗန်နိုဗာ၊ ကျွန်တော့်မှာ ငွေစီးကရက်ဘူး အကောင်းစားလေး ရှိတယ်၊ သူငယ်ချင်းတယောက် ယူထားတာ၊ ပြန်မပေးသေးလို့"

ပြောရင်း ခေါင်းထဲ နောက်ကျူလာသဖြင့် ရယ်ပစ်လိုက်သည်။

"အဲဒီတော့မှ ပြောကြတာပေါ့ကွယ်"

"သွားပါဦးမယ် အဒေါ်၊ ညီမ မရှိတုန်း ဒီလိုပဲ တယောက်တည်း နေသလား ဟင်"

"သူနဲ့ မင်းနဲ့ ဘာပတ်သက်လဲ သူငယ်"

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာမှ မပတ်သက်ပါဘူး၊ မေးကြည့်တာပါ၊ ကဲ... သွားမယ်နော် အလျှိုနာ အီဗန်နိုဗာ"

ရပ်စ်ကိုလ်နီကော့ဗ် ထွက်သွားသည်။ ရင်ထဲတွင် လေးလံနေသည်။ ကြာလေ ပိုလေးလေ ဖြစ်လာသည်။ လှေကားထစ်များကို နင်းဆင်းလာရင်း တခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်သလို ခဏခဏ ရပ်မိသည်။ နောက်ဆုံးတွင်မှ လမ်းပေါ် ရောက်လာသည်။ တယောက်တည်း ပြောနေမိပြန်သည်။

"အို... ဘုရားသခင်၊ စက်ဆုပ်စရာ ကောင်းလှပါကလား၊ ငါ့ခေါင်းထဲကို ဒီလို စိတ်ကူး ဝင်လာတာ ဖြစ်နိုင်ပါ့မလား၊ တော်တော် အဓိပ္ပာယ်မရှိတဲ့ စိတ်ကူးပဲ၊ ငါ့နှလုံးသားဟာ ဒါလောက် ညစ်ပုပ်နေသလား၊ သိပ်ရွံဖို့ ကောင်းတယ်၊ ယုတ်ညံ့တယ်၊ ကြည့်စမ်း... တလမ်းလုံး ငါ့ စိတ်တွေ...'

သူ စိတ်လှုပ်ရှားနေပုံကို စကားလုံးများဖြင့် သူ မဖော်ကျူးနိုင်တော့။ ကိုယ့်ကိုယ်ကိုယ် ဘယ်တုန်းကမှ သည်လောက် ရွံ့ရှာမုန်းတီးခြင်း မဖြစ်မိခဲ့။ သည်အခြေအနေကနေ ထွက်ပြေးချင်လာသည်။ သို့သော် သူ့တွင် ပြေးစရာမြေမရှိ။ သူ သည်လို ဖြစ်နေသည်မှာ အဘွားကြီးအိမ်သို့ အသွားကတည်းက ဖြစ်၏။ အရက်သမားတယောက်လို မူးရီမူးဝေနှင့် ဆက်လျှောက်လာသည်။ ဘေးဘီကို သူ ဂရုမစိုက်။ နောက်တလမ်း အရောက်မှာ သူ့ကိုယ်သူသတိထားမိသည်။ ပတ်ဝန်းကျင်ကိုဝေ့ကြည့်လိုက်သည်။ သည်တော့မှ အရက်ဆိုင် တဆိုင်၏ ရှေ့တည့်တည့်တွင် ရောက်နေမှန်း သိတော့သည်။ ထိုစဉ် အမူးသမားနှစ်ယောက် ဆိုင်ထဲမှ ထွက်လာသည်။ တယောက်ကို တယောက် တွဲလာ၏။ ဘယ်သူက ဘယ်သူ့ကို တွဲလာမှန်း မသိ။ အရက်ဆိုင်က လမ်းဘေးအနိမ့်ထဲမှာ ဖြစ်သည်။ သူတို့နှစ်ယောက် လမ်း ပေါ်သို့ သိုင်းကွက်နင်းပြီး တက်လာကြသည်။

ဘာမှ စဉ်းစားမနေတော့ဘဲ သူတို့ တက်လာသည့် လှေကားထစ်တွေကို ရပ်စ်ကိုလ်နီကော့ဗ် နင်းဆင်းလာခဲ့သည်။ သည်ဆိုင်ထဲကို သူ တခါမှ မရောက်ဖူးသေး။ ဆိုင်ထဲ မရောက်ခင် အနံ့အသက်တွေဖြင့် သူ မူးရီမူးဝေ ဖြစ်နေပြီ။ သို့သော် လည်ချောင်းတွေ ခြောက်ကပ် ပူလောင်နေပြီး သူ ရေဆာနေပြီ။ ဘီယာအေးအေး တခွက်လောက် ချချင်နေသည်။ ဆိုင်ထဲ ရောက်တော့ ညစ်ပေပေ မှောင်မိုက်မိုက် အခန်းထောင့် တနေရာတွင် ဝင်ထိုင်လိုက်သည်။ စားပွဲက စေးကပ်ကပ်။ အရက်တွေ၊ ဘီယာတွေ ဖိတ်ကျထားသည်ကို သန့်ရှင်းရေး မလုပ်။ ဘီယာမှာပြီး ပထမခွက်ကို နွားတော်ရေကျ သောက်ချလိုက်သည်။ စိတ်ထဲ ကျေနပ်ပေါ့ပါးသွား၏။ ခေါင်းကြည် သွားပြီ။ သည်တော့မှ မျှော်လင့်ခြင်းများစွာဖြင့် တတွတ်တွတ် ရွတ်နေပြန်သည်။

"အားလုံး ဘာမှ အဓိပ္ပာယ် မရှိပါဘူး၊ ဘာမှ ပြဿနာ မရှိဘူး၊ ငါ့ ခန္ဓာကိုယ် နေမကောင်းလို့ တိမ်းတိမ်းပွေပွေ ဖြစ်သွားတာ၊ ကြည့်စမ်း... ဘီယာတခွက်၊ ပေါင်မုန့် တယှက် ဗိုက်ထဲဝင်သွားတာနဲ့ အဆင်ပြေသွားပြီ၊ ချက်ချင်း ငါ့စိတ်ဓာတ် ခွန်အားတွေ ပြန်တက်လာပြီ ငါ့စိတ်တွေ ကြည်လင်လာပြီ ငါ့ ရည်ရွယ်ချက်တွေ ပိုခိုင်မာလာပြီ အလကား အသေးအဖွဲ တွေကို ငါ ပုံကြီးချဲ့နေတာပဲ"

mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်ထဲ လှောင်အိမ်က ထွက်လာတဲ့ ငှက်တကောင်လို လွတ်လပ် ပေါ့ပါးသွားသည်။ ပျော်ရွှင်ကြည်လင်စွာဖြင့် အရက်ဆိုင်ထဲမှ အခြား သောက်ဖော် စားဖက်များကို လှမ်းကြည့်လိုက်သည်။ သို့စင်လျက် ဟိုအဝေးမှ နိမိတ်ဆိုးတခုကို လှမ်းမြင်နေရသလိုလို စိတ်တွင် ထင်ယောင်နေလေသည်။

အရက်ဆိုင်ထဲတွင် လူရှင်းစ ပြုနေပြီ၊ လူ ငါးယောက် ထပြန်သွားသည်၊ တယောက်က လက်ဆွဲဘာဂျာနှင့်။ စားပွဲလွတ်တွေ အများကြီး ဖြစ်နေသည်။ သူတို့လူသိုက် ထပြန်သွားတော့ သုံးယောက်သာ ကျန်ရစ်သည်။ တယောက်က ကုန်သည်ပုံစံမျိုး။ ဘီယာတခွက်ပြီး တခွက် သောက်နေသော်လည်း သိပ်မူးပုံ မပေါ်။ သူ့အဖော်က ဧရာမ လူထွားကြီး။ ကုတ်အင်္ကျီက ခါးပိုင်းတွင် ကျပ်နေသည်။ မုတ်ဆိတ်မွေးတွေ ဖြူနေပြီ။ သူကတော့ တော်တော်မူးနေပြီ။ ခုံတန်းရှည် တခုပေါ် လှဲချပြီး အိပ်ပျော်သွားသည်။ သို့သော် ခဏအတွင်း ပြန်နိုးလာသည်။ လက်နှစ်ဖက် ဆန့်ပြီး မကြာခဏ အညောင်းဆန့်သည်။ သီချင်း အော်ဆိုသည့်အခါ ဆိုသည်။ သို့သော် ဘာသီချင်းမှန်း၊ ဘာအဓိပ္ပာယ်မှန်း မသိ။

"တနှစ်ပတ်လုံး သူဟာ သူ့မိန်းမကို ချစ်ခဲ့တယ်၊ တနှစ်ပတ်လုံး... သူဟာ... သူ့မိန်းမကို... ချစ်ခဲ့တယ်"

အိပ်ပျော်သွားပြီး ပြန်နိုးလာသည်။

"ပိုဒဟာချက်စကဟာ မြစ်ကို စုန်ဆင်းသွားတယ်။ သူ့အသိ ကောင်မလေးနဲ့ ပြန်တွေ့တယ်"

သူ ပျော်နေသည်။ သို့သော် သူ့ပျော်ရွှင်မှုက မည်သူ့ကိုမျှ မကူးစက်။ သူ့အဖော်က သူ့ကို စိတ်ပျက်နေပုံရသည်။ အခြားစားပွဲတွင် တယောက်တည်း ထိုင်သောက်နေသည့် လူက အစိုးရအရာရှိဟောင်း တယောက်နှင့် တူသည်။ သူက စဥ့်ခွက်ကလေးနှင့် ဘီယာကို ငုံ့ပြီး တငုံချင်း စုပ်နေသည်။ မကြာခဏ ဟိုဟိုသည်သည် ကြည့်သည်။ သူကလည်း တခုခုကို အလိုမကျ ဖြစ်နေပုံ။

(၂)

ဆိုခဲ့ပြီးဖြစ်သလို ရပ်စ်ကိုလ်နီကော့ဗ်သည် လူတွေနှင့် အထိအတွေ့နည်းသူ ဖြစ်သည်။ အထူးသဖြင့် နောက်ပိုင်း တွေ့ရသည့် အသိုင်းအဝိုင်းကို ပို၍ ဝေးစွာ ရှောင်သည်။ သူသည် သိသိသာသာကြီးကို ပြောင်းလဲလာခဲ့သည်။ အပေါင်းအသင်း ခင်မင်တတ်သည့် အကျင့်တွေ သူ့တွင် မရှိတော့ပေ။ တလလုံးလုံး နာကြည်းစွာဖြင့် နာကျင်မှုများကိုသာ တွေးတော ဆင်ခြင်နေသောအခါ သူသည် ဆူး တချောင်းပြီး တချောင်း ပေါက်ကာ လောကကြီးထဲမှ ထွက်ပြေးသွားပြီး တခြားကမ္ဘာတခုတွင် အသက်ဝဝ ရှုချင်နေသည်။ အဲဒီကမ္ဘာသည် လက်ရှိဘဝထက်တော့ အသက်ရှုလို့ ဝမည် ထင်သည်။ ခုလို အရက်ဆိုင်ထဲ ထိုင်နေရသည့်နှင့် စာလျှင်တော့ နှလုံးမွေ့လျော် ပျော်ဖွယ်ရာ ကောင်းလိမ့်မည် ထင်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဆိုင်ပိုင်ရှင်၏ ကောင်တာက အခြားအခန်း တခန်းတွင် ရှိသည်။ သို့သော် လေ့ကား ထစ် သုံးလေးထစ်ကို ဆင်းပြီး သည်ဘက်ခန်းကို မကြာခဏ လာကြည့်သည်။ သူ လာလျှင် သားရေရှူးဖိနပ်ကို အရင်မြင်ရသည်။ ဖိနပ်ဦးက နီကြောင်ကြောင်နှင့် ပြားနေပြီ။ သူဝတ် ထားသည့် ကုတ်အင်္ကျီရှည်မှာ ဆီချေးတွေ နိုင်းချင်းနှင့်။ လည်စည်း စည်းမထား။ သူ့မျက်နှာ က သံချေးတက်နေသည့် သော့ခလောက်ကို ဆီထည့်ထားသည့် အလား။ ဆိုင်ထဲတွင် ဆယ့်လေးနှစ်သားအရွယ် ချာတိတ်နှစ်ယောက် ရှိသည်။ မှာသမျှ ယူလာချပေးသည်။ သစ်သီးစုံသနပ်၊ ပေါင်မုန့်ညို၊ ငါးခုတ်သား စသည့် အမြည်းများ ရသည်။ သို့သော် တခုမှ အနံ့အသက် မကောင်း။ ချဉ်စုတ်စုတ် အရက်ဆိုင်နံ့နှင့် မလတ်ဆတ်သည့် ဟင်းလျာများ အနံ့ကြောင့် အော့ချင်အန်ချင် ဖြစ်လာကာ ဆက်ထိုင်ချင်စိတ် မရှိတော့။ သည်အနံ့များ ဖြင့်ပင် ငါးမိနစ်အတွင်း လူတယောက် သွင်သွင် မူးသွားနိုင်သည်။ လူအချို့သည် သူစိမ်းပြင်ပြင် ဖြစ်လင့်ကစား မြင်သည်နှင့် စိတ်ဝင်စားစရာ ကောင်းသူများ ရှိသည်။ ဘာစကား တခွန်းမှ မပြောရသေးခင် အလိုလို စိတ်ဝင်စားသွားခြင်းမျိုး။ ပင်စင်စား ဝန်ထမ်းဟောင်းနှင့် တူသူ သည် အလားတူစွာ ရပ်စ်ကိုလ်နီကော့ဗ်ကို စိတ်ဝင်စားလျက် ရှိသည်။

နောင်တွင် လူရွယ်က သူနှင့်စတွေ့ပုံကို ပြန်သတိရနေတတ်သည်။ ထိုစဉ်က သူ့စိတ် ထဲတွင် အနိဋ္ဌာရုံ တခုခုနှင့် ကြုံရ ကြားရတော့မလို ထင်ယောင်ပိုးဝါး ဖြစ်လျက် ရှိသည်။ တယောက်ကိုတယောက် စိုက်ကြည့်နေကြသည်။ တယောက်နှင့် တယောက် စကား ပြောချင်နေကြသည်။ ပင်စင်စားက ဆိုင်ထဲမှ အခြားလူတွေကိုတော့ စိတ်ပျက်နေပုံ။ သူ့ အသက်က ငါးဆယ်ကျော်လောက် ရှိမည်။ အရပ်က မနိမ့်မမြင့်။ အလုံးအထည် ခပ်တောင့် တောင့်။ နောက်စေ့တွင် ပြောင်နေပြီး ဆံပင်အချို့ ဖြူနေပြီ။ မျက်နှာကမူ အရက် များနေသူ များ၏ မျက်နှာမျိုး။ ပွရောင်းရောင်း၊ ဖောင်းအိအိ။ နီကြန်ကြန် မျက်လုံးများပေါ်သို့ မျက်ခွံတွေ တွဲကျနေသည်။ သို့သော် သူ့မျက်လုံးတွေက အရောင်တဖျပ်ဖျပ်နှင့် အသက်ဝင် လှုပ်ရှား နေသည်။ သူ့တွင် တစုံတရာ ထူးခြားမှု ရှိနေသည်။ သူ့မျက်ဝန်းတွေက ပျော်ရွှင်စွာ ကခုန် နေသည့်အလား။ သို့သော် ရူးသွပ်မှုနှင့် ပျော်ရွှင်နေပုံမျိုးလည်း တချက်တချက် ပေါ်လာ သည်။ သူ ဝတ်ထားသည့် ကုတ်အင်္ကျီကြီးမှာ မြင်မကောင်းအောင် ဟောင်းနွမ်း စုတ်ပြတ် နေပြီ၊ ကြယ်သီးတွေ ပြုတ်ထွက်ကုန်ပြီး တလုံးသာ တိုးလိုးတွဲလောင်း ကျန်နေ၏။ ထိုတလုံး ဖြင့် လျော့ရိလျော့ရဲ တပ်ထားသည်။ တတ်နိုင်သမျှ သေသပ်အောင် လုပ်ထားမှန်း သိသာ နေသည်။ အတွင်းခံ ခါးတိုကုတ်အင်္ကျီအောက်မှ ရှုံ့တွနေသည့် ရှပ်အင်္ကျီရှေ့ပိုင်းက အပြင် ထွက်နေသည်။ အစွန်းအထင်းတွေနှင့် ညစ်ညစ်ထည်းထည်း။ မေးစေ့တွင် အစိုးရအရာရှိ တွေ မုတ်ဆိတ်ရိတ်သည့်အတိုင်း ရိတ်ထားသည်။ သို့သော် နေ့စဉ် မရိတ်နိုင်သဖြင့် ငုတ်တို တွေ ထပ်ထွက်လာပြီး ပုံပျက်နေပြီ။ သူ့ ကြည့်ရသည်မှာ တခုခုကို နာကြည်းခံပြင်းနေပုံ။ စေးထန်းထန်း စားပွဲပေါ်ကို လက်ထောက်ပြီး ဦးခေါင်းကို လက်နှစ်ဖက်ပေါ်တွင် တင်ထား သည်။ သူ့ တံတောင်ဆစ်တည့်တည့်မှ အင်္ကျီတထပ်မှာ စုတ်ပြဲနေပြီ။ ဦးခေါင်းကို ခဏခဏ

mgyoe.com

mgyoe.com
SAMPLE BOOK

ကုတ်သည်။ နောက်ဆုံးတွင် ခေါင်းထောင်လာပြီး ရပ်စ်ကိုလ် နီကောဗ်ကို တည့်တည့်ကြည့်၍ အော်ပြောသည်။

"လူကြီးမင်းလေးနဲ့ ကျုပ် စကားပြောချင်ပါတယ်၊ ပြောခွင့်ပြုပါ၊ အဆင့်မြင့်မြင့် စကားပြောချင်လို့ပါ၊ ကိုရင့်ကြည့်ရတာ ခေတ်ပညာတတ်တယောက်၊ အရက်မသောက်တတ်တဲ့ လူငယ်တယောက်ဆိုတာ အတွေ့အကြုံအရ ကျုပ် သိနေတယ်ဗျ၊ ကျုပ်က ခေတ်ပညာတတ်တွေကို သိပ်လေးစားတာ။ ကျုပ်လည်း ခေတ်ပညာတတ် ဒေသကောင်စီဝင်ဟောင်းတဦးပါ၊ လူကြီးမင်းလေးက ဘယ်ဌာနမှာ လုပ်ပါသလဲ ခင်ဗျာ။ ကျုပ်နာမည် မာမီလာဒေါ့ဗ်ပါ"

"ဘယ်ဌာနမှာမှ မလုပ်ရသေးပါဘူး၊ ကျောင်းတက်နေတုန်းပါ ခင်ဗျာ"

လူရွယ်က ပြန်ဖြေသည်။ သူ၏ တဲ့တိုးမေးခွန်းကြောင့်ရော၊ ယဉ်ကျေးဖွယ်ရာသည့် စကားပြောပုံကြောင့်ပါ အံ့သြနေသည်။ ဘယ်သူနှင့်မှ စကားပြောချင်စိတ် မရှိချိန်မို့ ရပ်စ်ကိုလ်နီကောဗ် စိတ်ပျက်သွားသည်။

"ကျောင်းတက်နေတုန်းလား၊ ကျောင်းထွက်ထားတာလား။ အင်း... ထင်တော့ ထင်သား၊ အဲဒါ အတွေ့အကြုံပဲဗျ၊ အတွေ့အကြုံကြောင့် ကျုပ် အကဲခတ်နိုင်တာပေါ့"

ပြောပြီး သူ့ကိုယ်သူ ကျေနပ်နေပုံဖြင့် နဖူးကို လက်ညှိုးနှင့် ထောက်ပြသည်။

"ကိုရင်လေးဟာ တက္ကသိုလ်ကျောင်းသား တယောက်၊ ပြီးတော့ လက်ရှိမှာ ပညာတတ်တယောက် အနေနဲ့ ရပ်တည်နေတယ်၊ နောက်တခု ပြောခွင့်ပြုပါ"

သူ ထရပ်သည်။ အနည်းငယ် ယိုင်စပြုနေပြီ။ စဥ့်ခွက်ကလေးနှင့် ဘီယာပုလင်းကိုင်ပြီး လူရွယ့်စားပွဲသို့ လျှောက်လာပြီး စားလွယ်ခုတ်ခုံတွင် ဝင်ထိုင်သည်။ သူက မူးနေသော်လည်း စကားကို သိုင်းသိုင်းဖွဲ့ဖွဲ့ ပြောသည်။ အာဝဇ္ဇန်း ရွှင်သည်။ ဟုတ်တာတွေရော၊ မဟုတ်တာတွေရော စုံနေသည်။ တခါတလေ စကားတွေထပ်ပြီး လည်နေသည်။ ရပ်စ်ကိုလ်နီကောဗ်ကဲ့သို့ပင် သူလည်း လူတွေနှင့် စကားမပြောဖြစ်ခဲ့သည်မှာ တလလုံးလုံး ကြာခဲ့ပြီဟုလည်း ပြော၏။

"ဒီလို ကိုရင်လေးရ"

ဟု အစချီပြီး သူက အတည်ပေါက်နှင့် စကားဆက်သည်။

"ဆင်းရဲခြင်းဆိုတာ မင်္ဂလာတော့ မဟုတ်ဘူးပေါ့ဗျာ၊ အရက်ဟာလည်း အမင်္ဂလာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ကိုရင်လေးရ၊ စားစရာ မရှိတော့ဘူး ဆိုရင်တော့ ဒုက္ခဗျ၊ ဆင်းရဲရုံဆင်းရဲတာကတော့ မွေးရာပါအဆင့်နဲ့ ငယ်ငယ်တုန်းက ရှေ့ထီး ဆောင်းခဲ့ဖူးတာတွေနဲ့ ထေလို့ ရသဗျ၊ အဲ... ငတ်ပြီဆိုရင်တော့ ဘာမှ မတတ်နိုင်တော့ဘူး။ ကိုယ့်အသိုင်းအဝိုင်းက ကောင် တုတ်နဲ့ ရိုက်မောင်း ပုတ်မောင်းလုပ်ပြီး နှင်ထုတ်တာဗျ ကိုရင်လေးရ၊ တံမြက်စည်းနဲ့ ရိုက်ပြီး မောင်းထုတ်ရင် ပိုသိက္ခာကျတာပေါ့ဗျာ။ ဂလို ဂလို ကိုရင်လေးရ၊ ငတ်နေတဲ့အခါကျတော့ ကိုယ့်ကိုယ်ကိုယ်တောင် ပြန်စော်ကားမိတယ်။ အဲဒီနေရာမှာ ကျုပ်ဟာ ပထမဆုံး လူသားဖြစ်မလားမသိဘူး။အကြောင်းရင်းကတော့ အရက်ကြောင့်ပါပဲ။ချစ်စရာကောင်းတဲ့

mgyoe.com

mgyoe.com SAMPLE BOOK
ကိုရင်လေးရေ… လွန်ခဲ့တဲ့လက ပေါ့ဗျာ။ မစ္စတာလီဘက်ဇယက်နီကော့ဗ်က ကျုပ်မိန်းမကို ရိုက်တယ်ဗျ၊ အဲဒီအချိန်မှာ ကျုပ်က တခြားနေရာ ရောက်နေတယ်၊ သိလား ကိုရင်လေး၊ ကျုပ်ကို တခု ပြောခွင့်ပြုပါ ခင်ဗျာ၊ သိချင်လို့ပါ။ ကိုရင်လေး နီဗားမြစ်ပေါ်မှာ ညအိပ်ဖူး သလား၊ ကောက်ရိုးလှေပေါ်မှာလေ"

"ဟင့်အင်း၊ မအိပ်ဖူးပါဘူး၊ ဘာဖြစ်လို့ မေးတာလဲ"

ရပ်စ်ကိုလ်နီကော့ဗ် ပြန်မေးသည်။

"ဗျာ… ကျွန်တော် အဲဒီက ထလာတာလေ၊ တော်တော့ကို စုတ်တဲ့ညပါ ကိုရင်လေးရာ"

သူက တခွက်ထည့်ပြီး မော့ပြန်သည်။ ပြီးတော့ ငေးငေးငိုင်ငိုင်ဖြစ်ကာ အတွေး နယ်ချဲ့နေပြန်သည်။ သူ့ကိုယ်မှာ ကောက်ရိုးမျှင်တွေ ကပ်နေမှန်း ရပ်စ်ကိုလ်နီကော့ဗ် ခုမှ သတိထားမိသည်။ သူ ရေမချိုး၊ အဝတ်မလဲဘဲ နေသည်မှာ ငါးရက်လောက် ရှိပြီ ထင်သည်။ လက်တွေမှာ မည်းညစ်ကာ အဆီပြန်နေသည်။ လက်သည်းထိပ်တွေမှာ အမည်းရောင် ချေးတွေ အပြည့်။

သူ့ စကားတွေ ဟိုရောက် သည်ရောက် ဖြစ်နေသည်။ ဘာမှ စိတ်ဝင်စားစရာ မရှိ တော့။ ဆိုင်ဝန်ထမ်း ချာတိတ်နှစ်ယောက် ကျိတ်ရယ်စ ပြုနေပြီ။ ဆိုင်ရှင်လည်း ဟိုဘက် ခန်းမှ ဆင်းလာပြန်သည်။ သူ့ကို ရယ်စရာသတ္တဝါအဖြစ် သဘောထား နေကြပုံရသည်။ ဆိုင်ရှင်က ခပ်လှမ်းလှမ်း တနေရာတွင် ဝင်ထိုင်ပြီး ပျင်းတိပျင်းတွဲ သမ်းလိုက်သည်။ သို့သော် သူ့မျက်နှာတွင် ပြုံးရောင် သမ်းနေသည်။ သည်ဆိုင်သို့ မာမီလာဒွေါဗ် လာနေကျ ဖြစ်ဟန် တူသည်။ အားလုံးနှင့် ရင်းနှီးပြီးသား ဖြစ်ဟန်တူသည်။ သည်လို စကားလုံးကြီးများနှင့် အရက်ဆိုင်တွင် မကြာမကြာ ပြောတတ်ပုံ ရသည်။ သူတစိမ်းတွေကို ကျအောင် ပြောတတ် ပုံရသည်။ သည်လိုနေရာမျိုးတွင် ဘဝမှာ မွန်းကျပ်နေသည့် အမူးသမားတွေ၊ အိမ်တွင် ဩဇာ မညောင်းသည့် ယမကာလုလင်တွေ တွေ့ရတတ်သည်။ အမူးသမားအချင်းချင်း သူ့လို လူမျိုးတွေကို သဘောကျတတ်ကြသည်။

ဆိုင်ရှင်က ခပ်ကျယ်ကျယ် အော်မေးသည်။

"ဗျို့ ဆရာကြီး၊ ခင်ဗျားက အစိုးရအရာရှိ တယောက်ဆို၊ ဘာမှ လုပ်တာလဲ မတွေ့ပါလား"

"အို … ကိုရင်လေးရယ်၊ ကြည့်ပါဦး၊ ကျုပ်ကို ဘာမှ လုပ်တာ မတွေ့ရဘူးတဲ့"

မာမီလာဒွေါဗ်က ရပ်စ်ကိုလ်နီကော့ဗ်ကို အာရုံထားပြီး ပြောသည်။ သည်မေးခွန်း ကို သူ မေးလိုက်သည့်အလား။

"ကျုပ် ဘာမှ မလုပ်ဘူးတဲ့၊ ရင်နာတယ်ဗျာ၊ အဓိပ္ပာယ်မရှိ စွပ်စွဲခံနေရတာပဲ၊ လွန်ခဲ့တဲ့ တလက ကျုပ်မိန်းမကို လီဘက်ဇယက်နီကော့ဗ် သူ့လက်နဲ့ ရိုက်တုန်းက အရက် ခွက်ထဲမှာ ကျုပ် လဲနေတယ်။ ကျုပ် မခံစားရဘဲ နေမလား၊ ကိုရင်လေး… ကျုပ်ကို ခွင့်လွှတ် ပါဗျာနော်။ အဲဒီအဖြစ်မျိုးနဲ့ ကိုရင်လေး ကြုံဖူးရဲ့လား။ အဲ… မျှော်လင့်ချက် မရှိဘဲ ပိုက်ဆံ ချေးတဲ့ ကိစ္စမျိုး ဆိုပါတော့"

mgyoe.com

mgyoe.com
SAMPLE BOOK

"ပိုက်ဆံချေးဖူးတယ်၊ ဒါပေမဲ့ မျှော်လင့်ချက် မရှိဘဲ ဆိုတာ ဘာကို ပြောတာလဲ"

"လုံးဝကို မျှော်လင့်ချက် မထားတာကို ပြောတာပေါ့ ကိုရင်လေး၊ မရမှန်း သိသိကြီးနဲ့။ ဥပမာဗျာ၊ ကိုရင်လေးက ဒီလူ့အကြောင်း ကောင်းကောင်း သိတယ်၊ သူဟာ လူကောင်းတယောက်ပါ။ ဒါပေမဲ့ အဲဒီလူက ဘယ်အကြောင်းကြောင့်မှ ကျုပ်ကို ငွေချေးမှာ မဟုတ်ဘူး။ အဲဒါ ဘာပြုလို့လဲ သိလား၊ ကျုပ် ပြန်မဆပ်နိုင်ဘူး ဆိုတာ သူ သိနေလို့ပေါ့။ သူ့မှာ အကြင်နာတရားကလေး စိုးစဉ်းမျှ မရှိဘူးလား။ သူက ဟိုတနေ့က ရှင်းပြတယ်၊ သူ့အတွေး အမြင်သစ်တွေကိုပေါ့။ ဒီခေတ်ကြီးမှာ အကြင်နာတရားဆိုတာ သိပ္ပံပညာက လက်မခံတော့ဘူးတဲ့၊ နိုင်ငံရေး ဘောဂဗေဒ ထွန်းကားနေတဲ့ အင်္ဂလန်မှာ အဲဒီလို ဖြစ်နေတာ ကြာပြီတဲ့၊ ဒါကြောင့် သူ မပေးတာတဲ့။ သူ့ဆီက မရနိုင်ဘူး ဆိုတာ ကြိုသိတယ်၊ ဒါပေမဲ့ သူ့ဆီပဲ သွားရတယ်။ ပြီးတော့ ..."

"ဘာပြုလို့ သွားရတာလဲ"

ရပ်စ်ကိုလ်နီကော့ဗ်က ထောက်သည်၊

"တခြား သွားစရာ မရှိလို့ပေါ့ဗျာ၊ လူတယောက်အနေနဲ့ သွားစရာ တနေရာတော့ အနည်းဆုံး ရှိသင့်တာပေါ့ ကိုရင်လေးရာ။ အဲဒီတနေရာကို မသွားမဖြစ် သွားကို သွားရမယ့် အခြေအနေမျိုးတွေနဲ့ တခါတလေ ကြုံတတ်တယ်လေ။ ကျုပ်ရဲ့ အချစ်ဆုံး သမီးကလေးဟာ ပထမဆုံးအကြိမ်အဖြစ် အဝါရောင် မှတ်ပုံတင် ကတ်ပြားနဲ့ ထွက်သွားရတယ်။ ကျုပ်လည်း လိုက်သွားတယ်။ အဲ... နောက်တော့ ကျွန်တော့်သမီးက အဝါရောင်ကတ်ပြား* နဲ့ နေရတာနော်"

သူက ဖခင်တယောက်၏ ရင်မှဖြစ်သော မေတ္တာမျိုးဖြင့် ဆက်ပြောသည်။ လူရွယ်ကိုလည်း စိတ်ပူသည့် အမူအရာများဖြင့် လှမ်းကြည့်သည်။

"ထားပါတော့ ကိုရင်လေးရာ၊ ထားပါတော့"

သူက ချက်ချင်း စိတ်ထိန်းနိုင်သွားသည့် ပုံဖြင့် တည်ငြိမ်စွာ ပြောလိုက်သည်။ အရက်ကောင်တာမှ ချာတိတ်နှစ်ယောက်၏ သက်ပြင်းချသံကို ကျယ်လောင်စွာ ကြားလိုက်ရသည်။ ဆိုင်ရှင်ကမူ ပြုံးနေသည်။

"အရေးမကြီးပါဘူး ကိုရင်လေး၊ ကျုပ်ကို ကြည့်ပြီး ခေါင်းယမ်းကြတာတွေ ကျုပ် ဂရုမစိုက်တော့ပါဘူး။ အားလုံး သိနေကြပြီပဲ၊ လျှို့ဝှက်ချက် မှန်သမျှ ထုတ်ဖော်ရမယ်ဆို မဟုတ်လား။ ဒါကို ကျုပ် အပြစ် မပြောပါဘူး၊ ခံနိုင်ရည် ရှိပါတယ်၊ ထားပါလေ၊ ထားပါ၊ 'ဒီလူကို လေ့လာပါ' ဆို၊ မဟုတ်လား၊ ကျုပ်ကို ခွင့်လွှတ်ပါ ကိုရင်လေး။ ဒါပေမဲ့ ကိုရင်လေး ခွင့်လွှတ်နိုင်ပါ့မလား၊ ခွင့်မလွှတ်နိုင်ဘူး မဟုတ်လား။ ရှင်းရှင်းပြောရရင် ပိုပြီး ပြည့်စုံအောင်နဲ့ လေးနက်အောင် ပြောရရင် ကိုရင်လေး ကျုပ်ကို ခွင့်မလွှတ်နိုင်ပါဘူး၊ ဒါပေမဲ့ ကျုပ်က ရွံရှာစက်ဆုပ်စရာ ကောင်းတဲ့လူ မဟုတ်ဘူး ဆိုတာတော့ ဒီအချိန်မှာ ကိုရင်လေး လက်ခံရမယ်"

* ပြည့်တန်ဆာလုပ်ငန်းလိုင်စင်

mgyoe.com

mgyoe.com SAMPLE BOOK

လူရွယ်က စကား တခွန်းမျှ မဟ။

"ဒီမယ် ကိုရင်လေး"

သူက စိတ်ရှည်လက်ရှည် စောင့်နေပြီးမှ စကားပြန် မရသောအခါ တည်ငြိမ်စွာ၊ သိက္ခာရှိစွာ စကားဆက်သည်။ အခန်းထဲမှ ရယ်သွမ်းသွေးသံများ ငြိမ်ကျသွားသည်။

"ဒီမယ် ကိုရင်လေး၊ ကျုပ်မိန်းမ ကက်တာရီးနာအီဗန်နိုဗာဟာ အမျိုးကောင်း သမီးပါဗျ၊ အထက်တန်းလွှာက ပညာတတ် မိန်းကလေးပါဗျ၊ အရာရှိတယောက်ရဲ့ သမီး ပါဗျ၊ ကိုရင်လေး ယုံလား၊ ကျုပ်က အလကားပါပြွားဗျ၊ သူက အထက်တန်းလွှာက သူကောင်းမျိုး၊ သိပ် စိတ်ထားမြင့်မြတ်တဲ့ မိန်းကလေး။ အဲ...ဒါပေမဲ့ပေါ့ဗျာ၊ သူက ကျုပ်ကို သနားဖို့ ကောင်းတာပေါ့ဗျာ၊ လူတိုင်း လူတိုင်းဟာ အကြင်နာလေးတွေ အနည်းအကျဉ်းတော့ ရှိသင့်တာပေါ့ဗျာနော်၊ ကျုပ်ရဲ့ ကက်တာရီးနာ အီဗန်နိုဗာဟာ အဲ... သူဟာ စိတ်ထားမြင့်မြတ်တာ မှန်ပေမယ့် သိပ်မျှတမှု မရှိဘူး ကိုရင်လေးရ၊ ရှက်ရှက်နဲ့ ဝန်ခံပါတယ်၊ ကျုပ်ရဲ့ ခံစားမှု တွေကို သူ အလေးမထားဘူး"

သူ့ပြောပုံကြောင့် အခန်းထဲတွင် ရယ်သံတွေ သဲ့သဲ့ ထွက်လာပြန်သည်။ သူ ဆက်ပြန် သည်။

"ဒါပေမဲ့ဗျာ၊ တခါတလေလေးလောက် ... ဒါပေမဲ့ဗျာ၊ တခါမှ မတခါ ပါဘူး၊ အလကားပါပဲဗျာ၊ ပြောနေလည်း အပိုပါပဲ၊ အဲ ...ဆန္ဒမှန်သမျှတွေ တခါမက ပြည့်ဝခဲ့ဖူး ပါတယ်၊ အဲဒါက ကျုပ် စရိုက်ကြောင့်ပါ၊ ကျုပ်ဟာ မွေးလာကတည်းက တိရစ္ဆာန်သာသာ ဘဝနဲ့ နေခဲ့ရတာပါဗျာ"

"အဲဒါကတော့ သိသာပါတယ်"

အရက်ဆိုင်ပိုင်ရှင်က ဝါးခနဲ သမ်းရင်း မှတ်ချက် ပေးလိုက်သည်။

မာမီလာဒွေါ်က စားပွဲကို ဝုန်းခနဲ ထုပြီး-

"ကျုပ် မကောင်းတာတွေ ဆက်ပြောမယ် ကိုရင်လေး။ ကျုပ်ဟာ မိန်းမရဲ့ ခြေအိတ်တွေကိုတောင် ရောင်းပြီး သောက်ပစ်တဲ့ကောင်ဗျ၊ ဒါပေမဲ့ သူ့ဖိနပ်ကိုတော့ ရန် မရှာပါဘူး၊ မိန်းမခြေအိတ်ကို ရောင်းတုတ်တဲ့ ကောင်ဗျ၊ သူ့ ယုန်မွေးခြုံထည်လည်း ကျုပ် လျှော့ပစ်လိုက်တာပဲ၊ ဟိုတုန်းက သူ လက်ဆောင်ရတဲ့ ပစ္စည်း၊ ကျုပ်လက်ထက် မဟုတ် ပါဘူး၊ အဲဒါလည်း ကျုပ် အရည်ဖျော်ပစ်လိုက်တယ်လေ၊ ကျုပ်တို့နေတဲ့ နေရာက အရမ်း အေးတယ်။ သူ ခု ချောင်းဆိုးနေတယ်၊ သွေးတောင် ပါတယ်။ ကျုပ်တို့မှာ ကလေး သုံးယောက် ရှိတယ်၊ အားလုံး ငယ်ငယ်လေးတွေ၊ ကက်တာရီးနာအီဗန်နိုဗာဟာ နေ့ရော ညပါ အိမ်အလုပ် တွေ လုပ်ရတယ်၊ အိမ်ကို ကြမ်းတိုက်တယ်၊ သန့်ရှင်းရေးလုပ်တယ်၊ ကလေးတွေရဲ့ ဝေယျာဝစ္စ လည်း လုပ်တယ်၊ အဲဒါတွေက သူ ငယ်ငယ်ကတည်းက လုပ်နေကျလေ။ သူ့ အဆုတ်က မကောင်းဘူး။ အဆုတ်ရောဂါဖြစ်နေတာ ကျုပ် သိတယ်၊ သိတာပေါ့။ သူ ဘယ်လို ခံစား နေရတယ် ဆိုတာ။ ကျုပ် ပိုသောက်လေ ပိုသိလေပဲ၊ သူ့ကို သနားလေ ကျုပ် ပိုသောက်မိ

mgyoe.com

mgyoe.com
SAMPLE BOOK

လေပဲ။ ကျုပ်က ပျော်စရာ ရှာနေတာ မဟုတ်ဘူး၊ ဝေဒနာကို ဖွေရှာနေတာဗျ ကိုရင်လေးရ။ နှစ်ဆ ပိုခံစားချင်လို့ သောက်နေတာ”

စိတ်ပျက်လက်ပျက်ပုံစံဖြင့် စားပွဲပေါ်သို့ ခေါင်းငိုက်စိုက် ကျသွားသည်။ ခေါင်းပြန်မထူလာဘဲ ဆက်ပြောသည်။

“ဒီမယ် ကိုရင်လေး၊ ကိုရင်လေးရဲ့ မျက်နှာကို ကြည့်ပြီး ဝင်လာလာချင်း ကျုပ်အတပ်ပြောနိုင်တယ်ဗျ။ စကားတခွန်းမှ မပြောခင် သိနေတာနော်။ ကိုရင်လေးရဲ့ မျက်နှာမှာ ဗျာပါရပ် ပေါ်နေတယ်။ ဒါကြောင့် ဘဝတူချင်းပဲဆိုပြီး ကျုပ် ဇွတ်မိတ်ဆက်ပြီး စကားပြောတာ။ ကျုပ်ဘဝ ဇာတ်ကြောင်းကို ပြောပြဖို့ ပညာတတ်တယောက်ကို ကျုပ် ရှာနေတာဗျ။ ခံစားတတ်တဲ့ လူမျိုးပေါ့။ ကျုပ် မိန်းမဟာ အထက်တန်းလွှာက သူကောင်းမျိုး ခေတ်ပညာတတ် တယောက်ပဲ။ ဘုရင့်စံအိမ်တော် ဘွဲ့ယူ အခမ်းအနားကပွဲမှာ အခြားမင်းစိုးရာဇာတွေနဲ့ အတူ ကခဲ့တဲ့ မိန်းကလေးပါဗျ။ အဲဒီကပွဲမှာ ရွှေတံဆိပ် ရခဲ့တယ်။ လက်မှတ်ရခဲ့တယ်။ အဲ... ရွှေတံဆိပ်ကတော့ ရောင်းစားလိုက်ပြီပေါ့ဗျာ။ လက်မှတ်ကတော့ သူ့သေတ္တာထဲမှာ ခုထိ ရှိတုန်း။ မကြာသေးခင်ကတောင် အိမ်ရှင်အမျိုးသမီးကို ထုတ်ပြနေတာ ကျုပ် တွေ့သေးတယ်။ သူ့ရဲ့ ပျော်စရာငယ်ဘဝအကြောင်းတွေကို ပြောပြီး အမျိုးသမီးနဲ့ ပြေလည်အောင် သူ့ခမျာ အမြဲ ကြိုးစားနေရှာတာပါဗျာ။ ဒီအတွက် ကျုပ် ဘာမှ မဝေဖန်ပါဘူး။ လုံးဝ မပြောဘူး။ သူ့ခမျာ ပြစရာ ဒါပဲ ရှိတော့တာကိုး။ ကျန်တာတွေက အားလုံးပျက်စီးသွားပြီလေ။ ဟုတ်တယ်၊ သူက မာနကြီးတယ်၊ ဘယ်တော့မှ စိတ်ဓာတ်မကျဘူး။ သူကိုယ်တိုင် ကြမ်းတိုက်တယ်။ ပေါင်မုန့်ညိုကို စားတယ်။ ဒါပေမဲ့ သူ့ကို မလေးမစားသွားမလုပ်နဲ့၊ ချက်ချင်း အမောက် ထောင်လာတယ်။ ဒါကြောင့် မစ္စတာလီဘက်ဇယက်နီကော့ဗ် စော်ကားမော်ကား လုပ်တာကို သူ ပြန်ပက်တာပေါ့။ ဒီတော့ သူ့ကို ဟိုလူက ရိုက်တယ်။ သူ အိပ်ရာထဲ ပြေးဝင်လာတယ်။ အရိုက်ခံရလို့ မဟုတ်ဘူး။ အသားနာတာထက် စိတ်က ပိုနာလို့။ သူနဲ့ကျုပ် တွေ့တော့ သူက မုဆိုးမပါ။ ကလေးသုံးယောက် ပါလာတယ်။ အကြီးတွေက အငယ်ထက် ပိုသေးသလိုပဲ။ သူ့ ပထမအိမ်ထောင်က ခြေလျင်တပ်က အရာရှိ တယောက်ပါ။ ချစ်လို့ ယူလိုက်ကြတာပါ။ မိဘအိမ်ကနေ လိုက်ပြေးတယ်တဲ့လေ။ သူက သူ့ယောကျ်ားကို သိပ်ချစ်တာ။ ဒါပေမဲ့ ဟိုပုဂ္ဂိုလ်က မိန်းမထက် ဖဲကို ပိုချစ်တယ်။ ကွာရှင်းဖို့ လုပ်နေတုန်းမှာ သူ့ယောကျ်ား ဆုံးသွားတယ်။ သေတဲ့ထိ မိန်းမကို ရိုက်နှက်နှိပ်စက်သွားတယ်တဲ့။ အရိုးကွဲအောင် ရိုက်လို့လား မသိဘူး။ မိန်းမက သူ့ကို အသည်းစွဲအောင် ချစ်ပုံရတယ်ဗျ။ အထောက်အထား မပြနိုင်ပေမဲ့ အဲဒီအတိုင်း ပဲလို့ ကျုပ် ယုံတယ်။ သွားလေသူအကြောင်း သူ ပြောရင် မျက်ရည် ကျတာချည်းပဲ။ ဒီအတွက် ကျုပ် ဝမ်းသာတယ်။ တကယ်ဝမ်းသာတာ။ တချိန်က သူ့ဘဝမှာ အချစ် ရှိခဲ့တယ်၊ ပျော်ခဲ့ဖူးတယ် ဆိုတာ သိလို့ပဲ။

“အဲဒီလိုနဲ့ ဟိုးနယ်စွန်နယ်ဖျားမှာ ကလေး သုံးယောက်နဲ့ ကျန်ခဲ့တယ်။ ကျုပ်က အဲဒီအရပ်မှာ ရှိနေတယ်။ သူက ဆင်းဆင်းရဲရဲ ခိုးကိုးရာမဲ့ ဖြစ်နေချိန်။ ကျုပ်ကလည်း ထူးမခြားနား။

mgyoe.com

mgyoe.com SAMPLE BOOK

စွန့်စားခန်းတွေတော့ အမျိုးမျိုး ဖွင့်ခဲ့တာပေါ့ဗျာ။ ဒါပေမဲ့ တခုမှ မအောင်မြင်ပါဘူး။ သူကလည်း သူ့အမျိုးတွေဆီကို အောက်ကျမခံဘူး၊ ဒီတော့ သူ့ကို ဘယ်သူမှ လှည့်မကြည့်ကြဘူး။ မိန်းမက တကယ့် မာနခဲဗျ။ အဲ... ကိုရင်လေးရေ ကိုယ်ကလည်း ကလေးတယောက်အဖေ မုဆိုးဖို။ သမီးကလေးက ဆယ့်လေးနှစ်တောင် ရှိနေပြီလေ။ အဲဒီမှာ အမျိုးသမီးက ကျုပ်ကို လက်ကမ်းလာတာဗျ။ ဒီလို ဒုက္ခရောက်နေတဲ့ အမျိုးသမီးကို ကျုပ် ဘယ်ငြင်းရက်ပါ့မလဲ။ ကက်တာရီးနာက ခေတ်ပညာတတ်၊ အထက်တန်းလွှာကဗျ။ အဲဒီလို အမျိုးသမီးက ကျုပ်ကို လက်ထပ်ပါမယ်တဲ့၊ ငိုရင်းရှိုက်ရင်း၊ လက်တွေ တဖြောက်ဖြောက်ချိုးရင်း ကျွန်တော်နဲ့ လက်တွဲဖို့ ပြောတာဗျ။ သူ့မှာ သွားစရာ ဘယ်မှ မရှိဘူးလေ။ အဲဒါပဲဗျ။ အဲဒါပဲ ကိုရင်လေး။ ဘယ်မှ သွားစရာမရှိဘူး ဆိုတဲ့ အဓိပ္ပာယ်ဟာ အဲဒါပဲ။ ဟင့်အင်း၊ ကိုရင်လေး နားမလည်နိုင်ပါဘူး။ တနှစ်လုံး ကျုပ်ရဲ့ တာဝန်တွေကို အလစ်အဟာမရှိ ထမ်းဆောင်ခဲ့ပါတယ်ဗျာ။ အမြဲတမ်း ထမ်းဆောင်ခဲ့တာပါ။ ဟောဒါကို လုံးဝ မထိခဲ့ပါဘူး။ (သူက ပုလင်းကို လက်ညှိုးထိုးပြသည်) ခံစားချက်တွေ ရင့်နှင့်အမျှပါ။ ဒါပေမဲ့ သူက မကျေနပ်နိုင်ဘူးဗျ။ ကျုပ်ကို အားမရဘူး။ အဲဒီ အချိန်မှာ အလုပ် ပြုတ်တယ်။ သက်သက် ခံလိုက်ရတာပါဗျာ။ ကျုပ်မှာ အပြစ် လုံးဝ မရှိပါဘူး။ အဲဒီမှာ ကျုပ် စသောက်တာ။ ခုဆို တနှစ်ခွဲရှိပြီ။ ကျုပ်တို့ လင်မယားလည်း အေးစက်စက် ဖြစ်လာကြတယ်။ ဟောဒီ ကျောက်ရုပ်တွေ၊ ကြေးရုပ်တွေ ပေါလှတဲ့ မြို့တော်ကြီးမှာ ပေနေပြီး ဒုက္ခမျိုးစုံနဲ့ တွေ့ခဲ့တယ်။ အလုပ်တခု ရလိုက်၊ ပြန်ပြုတ် လိုက်နဲ့။ ဒီတခါ ပြုတ်ခဲ့တာကတော့ ကျုပ် အပြစ်ပါ။ မူးတဲ့ကိစ္စနဲ့ပါပဲ။ ခုတော့ အေမလီယာ ဖျို့ဒိုရော့ဗ်နာရဲ့ အခန်းထောင့် တနေရာမှာ ကျုပ်တို့ နေနေကြတယ်။ ဘယ်လို နေလို့ ဘယ်လို အိမ်လခ ပေးနေတယ်ဆိုတာ ကျုပ် မသိဘူး။ အဲဒီမှာ ကျုပ်တို့အပြင် တခြားလူတွေလည်း နေကြတယ်။ ဆိုဒမ်ဆိုတဲ့ လူကတော့ တကယ့်ကို ဆိုးတဲ့လူပါဗျာ။ အဲ...နေပါဦး၊ ကျုပ် သမီးကလေးလည်း တဖြည်းဖြည်း အရွယ်ရောက်လာပြီ။ မိထွေးရဲ့ ဒဏ်ကို ခံရင်း ကြီးပြင်းလာရတာပါဗျာ။ ကျုပ်က ဘာမှ မပြောရဲဘူး။ နားရွက်တောင် မခတ်ရဲဘူး။ ကျုပ် မိန်းမဟာ စိတ်ထား မြင့်မြတ်ပါတယ်။ ဒါပေမဲ့ စိတ်ကြီးတယ်၊ စိတ်မြန်တယ်။ အို... ဒါတွေ ပြောနေလို့ အပိုပါပဲလေ။ ကိုရင်လေး တွေးကြည့်ပါ။ ဆွန်ညာဟာ ပညာ ဘယ်သိပ်တတ်မလဲ။ လွန်ခဲ့တဲ့ လေးနှစ်က သူ့ကို ကျုပ် ပထဝီဝင် သင်ပေးဖို့ ကြိုးစားသေးတယ်။ နောက်တော့ ကမ္ဘာ့သမိုင်းပေါ့။ ဒါပေမဲ့ စာအုပ် ပြည့်ပြည့်စုံစုံ မရှိ။ ကျုပ်ကလည်း အဲဒီဘာသာရပ်တွေ သိပ်မပိုင်ဆိုတော့ ဘယ်ခရီးရောက်မလဲဗျာ။ ကျုပ်တို့ ပါရှား ဗိုင်းရပ်စ်ဘုရင်* အခန်းမှာ ရပ်လိုက်ကြတယ်။ သူ အပျိုကြီးဖားဖား ဖြစ်လာတော့ ဝတ္ထုတွေ ဖတ်လာတယ်။ မကြာ သေးခင်က မစ္စတာလီဘက်ဇယက်နီကော့ဗ်ရဲ့ ကျေးဇူးကြောင့် Lewes’s Physiology ရလာတယ်။ ကိုရင်လေး ဖတ်ပြီးရောပေါ့။ ဆွန်ညာ သဲသဲမဲမဲ ဖတ်တယ်။ တချို့စာပိုဒ်တွေကို အလွတ်ရနေတယ်။ ကျုပ်တို့ကို ပြန်ရွတ်ပြတယ်။ အံ့ရော၊ အဲဒီဘက်မှာတော့ တော်တယ်။ ကဲဗျ

* Cyrus the Great (၆၀၀ ? - ၅၂၉ ဘီစီ) – ပါရှားနိုင်ငံတော်ကို ထူထောင်ခဲ့သူ

mgyoe.com

mgyoe.com
SAMPLE BOOK

ကိုရင်လေးကို ကျုပ် မေးခွန်းတခု မေးမယ်။ ဒီလို ရိုးရိုးသားသား လုပ်ကိုင် စားသောက်နေတဲ့ မိန်းကလေးတယောက်ရဲ့ လုပ်ခ ဘယ်လောက်များ ရမယ်ထင်သလဲ။ တနေ့မှ ဆယ့်ငါးကိုပက် တဲ့ဗျာ။ ဒါတောင် ပြည်နယ်အုပ်ချုပ်ရေးမှူး ကလော့စတော့အီဗန်နိုဗစ်ချ်က... သူ့အကြောင်း ကိုရင်လေး ကြားဖူးမှာပါ။ သူ့အင်္ကျီ ချုပ်ပေးတာကို မကြိုက်လို့ ဆိုပြီး မိန်းမကို ဆဲဆို မောင်းထုတ်သတဲ့ဗျာ။ အင်္ကျီကော်လာက သိပ်ချွန်နေလို့တဲ့။ အိမ်က ကလေးတွေက ဆာလှပြီ။ ကက်တာရီးနာအီဗန်နိုဗစ်ချ်ဟာ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း လက်တွေ ချိုးနေတယ်။ သူ အဲဒီလို ဖြစ်ရင် မျက်နှာမှာ အနီကွက်တွေ ထလာရော။ အဲဒါ သူ့ရောဂါပဲ။ အဲဒီအခါ သူ ကျုပ်ကို ကောတော့တာပဲ။ 'ရှင်ဟာ အိမ်မှာ နေပြီး သောက်ဖို့နဲ့ စားဖို့ပဲ သိတယ်။ ဘာမှ သုံးမရဘူး' ဘာညာ၊ ဘာညာ ပေါ့ဗျာ။

"အလကားပြောတာပါ။ အိမ်မှာ စားစရာလည်း မရှိဘူး။ သောက်စရာလည်း မရှိပါဘူး။ ကလေးတွေ ပေါင်မုန့် အစအနတောင် မမြင်ရတာ ဒီနေ့ပါနဲ့ဆို သုံးရက် ရှိပြီ။ ကျုပ်က အိပ်ရာထဲမှာ မှူးပြီး လဲနေရုံကလွဲပြီး ဘာလုပ်ရမှာတုံး။ အဲဒီမှာ ဆွန်ညာ ပြောတာကြားလိုက်တယ်။ (ဆွန်ညာက သိပ်အေးတဲ့ မိန်းကလေး။ သိပ်သည်းညည်းခံတဲ့ မိန်းကလေး။ သူ့အသံက အမြဲတမ်း ကျိုးနွံညင်သာနေတာချည်းပဲ။ မျက်နှာကလေးက အမြဲတမ်း ဖျော့တော့ညှိုးချုံးနေတယ်) သူက ပြောတယ်။ 'ဘာလဲ ... ကက်တာရီးနာ၊ ဆွန်ညာ ဟိုနေရာ ပြန်သွားရမှာလားဟင်' တဲ့။ ဒါယာဖရန်စီဗနာဆိုတဲ့ မိန်းမကြီး ရှိတယ်။ မကောင်းတာ လုပ်စားတဲ့ မိန်းမကြီး။ ရဲက အမြဲ စောင့်ကြည့်နေတဲ့ မိန်းမကြီး။ ကက်တာရီးနာက ပြန်ပြီး သရော်သံနဲ့ ပြောတယ်။ 'နင်သွားတော့ ရွှေထုပ်ကြီး ရလာမှာမို့လား' တဲ့။ ကိုရင်လေး သူ့ကို အပြစ်မမြင်ပါနဲ့နော်။ အပြစ်မတင်ပါနဲ့။ သူ နေမကောင်းလို့ စိတ်နဲ့ကိုယ် သိပ်မကပ်ဘဲ ဖြစ်နေလို့ပါဗျာ။ ကလေးတွေကလည်း ဆာလို့ ငိုနေကြတယ်လေ။ သူ့စိတ်ထဲမှာ အဲဒီလို ဖြစ်လာရင် အစော်ကားခံရတယ်လို့ ထင်နေတတ်တယ်။ ကလေးတွေ ဆာလို့ ဘယ်လောက် အော်ငိုနေနေ ရိုက်တော့တာပဲ။ အဲဒီလို ဖြစ်လာရင် ငါးနာရီလောက်မှာ ဆွန်နက်ချ်ကာ (ဆွန်ညာ) အပြင်ထွက်သွားရော။ ရှစ်နာရီလောက်မှာ ပြန်ရောက်လာတတ်တယ်။ ကက်တာရီးနာရှေ့က စားပွဲပေါ်မှာ ဆယ့်ငါးကိုပက် ထားခဲ့ပြီး ဘာမှမပြောဘဲ ပြန်လှည့်ထွက်သွားရော။ ဘယ်သူ့ကိုမှ လှည့်မကြည့်ဘဲ အစိမ်းရောင်ခြုံထည်ကို ယူပြီး ပြန်လှည့်ထွက်သွားတာ။ (တအိမ်လုံးမှာ အဲဒီတထည်ပဲ ရှိတယ်) ပြန်လာရင် ခြုံထည်ကို ခေါင်းမြီးခြုံပြီး အိပ်ရာပေါ်တက်၊ နံရံဘက် ခေါင်းလှည့် အိပ်တော့တာပဲ။ သူ အိပ်မပျော်ပါဘူး။ တကိုယ်လုံး သိမ့်သိမ့်တုန်နေတာ လှမ်းမြင်နေရတယ်။ ဒီမယ် ကိုရင်လေး... ပြီးတော့ ဘာဖြစ်လဲ၊ သိလား။ ကက်တာရီးနာ အီဗန်နိုဗာ စကားတခွန်းမှ မပြောဘဲ သူ့အိပ်ရာဆီ ထသွားတယ်။ ပြီးတော့ ခုတင်နံဘေးမှာ ဒူးထောက်ချပြီး ဆွန်ညာ့ ခြေထောက်တွေကို တချိန်လုံး နမ်းနေတော့တယ်။ ပြီးတော့မှ တယောက်ကို တယောက် ဖက်ပြီး အိပ်ပျော်သွားကြရော။ နှစ်ယောက်စလုံး အိပ်ပျော်သွားကြတာဗျား။ တကယ်ပြောတာ ကိုရင်လေး။ ကျုပ်ကတော့ ထုံးစံအတိုင်း အရက်ခွက်ထဲ ဝင်ပုန်းနေတာပေါ့"

mgyoe.com

mgyoe.com SAMPLE BOOK

မာမီလာဒွေါ်ဇ် ငြိမ်သွားသည်။ လေကုန်သွားသည့် အလား။ ပြီးမှ ဆတ်ခနဲ တခွက် ငုံ့ပြီး တချက်တည်း မော့ချလိုက်သည်။ ပြီးမှ ဟင်းခနဲ သက်ပြင်းချသည်။ နောက်မှ လေအေး ကလေးနှင့် စကားဆက်ပြန်သည်။

"အဲဒီကစပြီး ကိုရင်လေးရေ... မလိုတဲ့လူတွေက ပြောကြတော့တာပေါ့ဗျာ။ ဒါယာဖရန်ဆီဗနာကို သပုပ်လေလွင့် လုပ်ကြတော့တာပေါ့။ မကောင်းတဲ့ အသက်မွေးဝမ်း ကျောင်းနည်းနဲ့ လုပ်စားနေတယ်၊ ဘာညာဘာညာပေါ့၊ ကျုပ်သမီးကလည်း အဝါကတ်ပြား ကိုင်ထားရတယ်ပေါ့။ ဒီလိုဆိုရင်တော့ ကျုပ်တို့နဲ့ အတူနေလို့ မဖြစ်တော့ဘူးပေါ့။ ကျုပ်တို့ရဲ့ အိမ်ရှင် အေမာလီယာကလည်း ဘယ်နည်းနဲ့မှ လက်မခံနိုင်တော့ဘူးပေါ့။ (သူကိုယ်တိုင် ဟိုတုန်းက ဒါယာဖရန်ဆီဗနာနဲ့ ဘဝတူပါ) ပြီးတော့ မစ္စတာလီဘက်ဇယက်နီကော့ဗ် ကလည်း အဲ... ဆွန်ညာ့ကြောင့် ကက်တာရီးနာ ဒီလိုဖြစ်ရတာဗျ။ ပထမဦးဆုံး ဆွန်ညာ့ကို သူကိုယ်တိုင် သဘောကျတာ။ ပြီးမှ ဖြုန်းစားကြီး စိတ်ပြောင်းသွားတာ။ သူက ပြောတယ် တဲ့၊ 'ဘာ... ငါ့လို လူတယောက်က ဒီမိန်းမနဲ့ တထပ်တည်း နေရမှာတဲ့လား' တဲ့၊ ကက်တာရီးနာ က ဘယ်ခံမလဲ။ အဲ... ဒါပေမဲ့ပေါ့လေ၊ ခုတော့ ဆွန်ညာတယောက် ညညမှာပဲ အိမ်ပြန် လာရဲတော့တယ်။ ကက်တာရီးနာကို သူ ရှာဖွေရသမျှလေး ပေးပေါ့လေ။ ကာပါနော်မော့ဗ်ရဲ့ အပ်ချုပ်ဆိုင်ခန်းပိုကလေးမှာ ငှားနေတယ်။ ကာပါနော်မောဗ့်က ခြေထောက်တဖက် မရှိဘူး။ အ,လည်း အ,နေတယ်။ စကားမပြောတတ်တာ သူတယောက်တည်း မဟုတ်ဘူး။ သူ့မိန်းမ ရောပဲ။ သူတို့မိသားစု တခုလုံးအ,အတွေချည်းပဲ။ သူတို့မိသားစုနဲ့ ဆွန်ညာ့အခန်းကလေးက သစ်သားခန်းဆီးကလေး တခုပဲ ခြားတယ်။ အင်း... အဖြစ်က ဆိုးပဲ့ဗျာ။ တကယ့် ဖွတ်ကျော ပြာစု မိသားစုပဲ၊ ဒီကြားထဲ အ,နေကြသေးတယ်။ တနေ့မနက်မှာ ကျုပ် ထပြီး စုတ်ပြတ်နေတဲ့ အဝတ်တွေကို ဝတ်လိုက်တယ်။ လက်နှစ်ဖက်ကို ကောင်းကင်ပေါ် ဆန့်တန်းပြီး ဆုတောင်း လိုက်တယ်။ ပြီးမှ မင်းကြီး အီဗန်အဖန်နာ ဆီဗစ်ချ်ဆီကို ထွက်လာခဲ့တယ်။ မင်းကြီးကို ကိုရင်လေး သိမှာပေါ့၊ အီဗန်အဖန်နာဆီဗစ်ချ်လေ၊ ဗျာ... မသိဘူး ဟုတ်လား။ ဒါဆို ကိုရင်လေး ဘုရားသခင်ရဲ့ သာဝကတပါးနဲ့ လွဲခဲ့တာပဲဗျ။ သူဟာ တကယ့် မီးနားက ဖယောင်းရုပ်တု* ဗျ။ ကျုပ် ဇာတ်လမ်းကို နားထောင်ပြီး သူ မျက်ရည်ကျတယ်။ သူက ပြောတယ်၊ 'ဒီမယ် မာမီလာဒွေါ်ဇ်၊ တခါတုန်းက မောင်ရင် ဟာ ကျုပ် မျှော်လင့်သလို ဖြစ်မလာခဲ့ဘူး။ ကျုပ် ဆုတောင်းမပြည့်ခဲ့ဘူး။ ကျုပ် နောက်တခါ ကြိုးစားကြည့်မယ်။ ကျုပ်မှာ တာဝန်ရှိတယ် ထင်လို့ပါ။ အဲဒါကို မြဲမြဲမှတ်ထားနော်။ ကဲ... သွားတော့' တဲ့၊ သူ အဲဒီအတိုင်း ပြောတာဗျ။ သူ့ ခြေဖဝါးအောက်က ဖုန်မှုန့်တွေကို ကျွန်တော် စိတ်နဲ့ နမ်းလိုက်ပါတယ်။ တကယ် နမ်းမယ် ဆိုရင် သူက ခွင့်ပြုမှာ မဟုတ်ဘူးလေ။ သူက ခေတ်ပညာတတ်၊ နိုင်ငံရေး တွေးခေါ်ရှင်

---

* Wax of Melteth ဖယောင်းသည် မီးရှေ့မှာ အရည်ဖြစ်သကဲ့သို့ မတရားသောသူတို့သည် ဘုရားသခင်ရှေ့တော် မှာ ပျက်စီးကြပါစေသော။ (ဆာလံကျမ်း ၆၈:၂)

mgyoe.com

mgyoe.com SAMPLE BOOK

မဟုတ်လား။ ကျုပ် အိမ်ပြန်သွားတယ်။ မကြာခင် သတင်းကြားရတာပါပဲ။ ကျုပ်ကို အလုပ်က ပြန်ခေါ်ပြီတဲ့။ အရင် လစာအတိုင်းပဲတဲ့။ ဘုရား မ,တာပါပဲ ကိုရင်လေးရာ။ အဲ... နောက်တော့..."

မာမီလာဒြေ့ဗ် တခါ ရပ်သွားပြန်သည်။ သူ့စိတ်ထဲ မချင့်မရဲ ဖြစ်နေပုံ။ ထိုစဉ် လမ်းပေါ်မှ အရက်သမားတသိုက် ဆိုင်ထဲ ဝင်လာကြသည်။ ဝင်လာကတည်းက လက်ဆွဲဘာဂျာသံ ဆူဆူညံညံနှင့် သူတို့ဆိုသည့် သီချင်းက 'လယ်တောကလေး'* ။ သူတို့လူသိုက် ဆူသထက် ဆူလာသည်။ ဆိုင်ရှင်နှင့် ချာတိတ်နှစ်ယောက် သူတို့တတွေအတွက် အလုပ်ရှုပ်သွားကြသည်။ မာမီလာဒြေ့ဗ်က သူတို့ကို ဂရုမစိုက်ဘဲ သူ့ဇာတ်လမ်းကို ဆက်သည်။ သူ့ ကြည့်ရသည်မှာ ပို၍ ပို၍ အားနည်းလာပုံ ရသည်။ သို့သော် မူးလာလေ၊ သူ့ စကားလုံးတွေ ကြွယ်ဝလာလေလေ။ နားထောင် ကောင်းလာသည်။ အလုပ်ခွင် ပြန်ဝင်ပြီး သူ အောင်မြင်မှုပြန်ရသည့်အခန်း ပြောရင်း သူ ပိုသွက်လာသည်။ သူ့မျက်နှာ သွေးရောင် လွှမ်းလာသည်။ ရပ်စ်ကိုလ်နီကော့ဗ်က အလေးအနက်ထားပြီး နားထောင်သည်။

"အဲဒါက လွန်ခဲ့တဲ့ ငါးပတ်ကပေ့ါ။ အဲဒီသတင်းကို သူတို့နှစ်ယောက် အဲ... ကက်တာရီးနာ အီဗန်နိုဗာနဲ့ ဆွန်နက်ချ်ကာ (ဆွန်ညာ) လည်း ကြားရော ဆွေ့ဆွေ့ခုန် ဝမ်းသာကြတာပေ့ါ။ ကျုပ်လည်း ဘုရားသခင်ရဲ့ မေတ္တာတော်နယ်မြေကို ရောက်သွားတဲ့ အတိုင်းပါပဲဗျာ။ ကျုပ်က တချိန်လုံး မူးနေပြီး ဆဲသံဆိုသံနဲ့ ဆူညံနေတဲ့ အခန်းဟာ တခါတည်း ဘုရားကျောင်းလို တိတ်ဆိတ်နေတော့တယ်။ ကလေးတွေလည်း ငြိမ်လို့၊ အားလုံးရဲ့ ခြေဖွဖွနင်းသံကိုလည်း ကျုပ် သတိပြုမိတယ်။ ကလေးတွေကို လေသံတိုးတိုးနဲ့ ဟန့်နေသံလည်း ကြားရတယ်။ 'ရှူး... အဖေကြီး ပင်ပန်းလို့ နားနေတယ်။ တိတ်တိတ်နေကြနော်' တဲ့။ အလုပ်မသွားခင် ကော်ဖီ အဆင်သင့်။ မလိုင်တွေ ဝေ့လို့၊ တကယ့် မလိုင်အစစ်တွေနော်။ တကယ်ပါ ကိုရင်လေး။ ဒီငွေကလေးနဲ့ ဒါလောက် အဆင့်အတန်းမြင့်မြင့် ကျုပ်ကို ကျွေးနိုင်တာ ကျုပ် အံ့ဩနေတယ်။ ကောင်းကောင်းလည်း ဆင်သေးသဗျ။ ဖိနပ်အသစ်၊ ချည်ထည် ရှပ်အင်္ကျီတွေ၊ ရုံးယူနီဖောင်းကလည်း အကောင်းစား။ ရုံးပြန်တက်တဲ့နေ့ နေ့လယ်စာ စားချိန် အိမ်ပြန်လာတော့ ကက်တာရီးနာက ဟင်းနှစ်ပွဲနဲ့ ကျွေးသဗျ။ ဟင်းချိုကလည်း နိုပ်မှနိုပ်၊ အမဲစဉ်းကောနဲ့ မုန်လာဥက အရန်ဟင်းတဲ့ဗျ။ ဘယ်တုန်းကမှ ဒီလို ဖွယ်ဖွယ်ရာရာ မစားဖူးပါဘူးဗျာ။ သူ့မှာ အဝတ်အစား ကောင်းကောင်း မရှိပါဘူး။ အမယ်... ဒါပေမဲ့ အဲဒီနေ့က ပွဲသွားမလား အောက်မေ့ရတယ်၊ ရှိတာလေးနဲ့ သူ လှအောင် ဝတ်တတ်တယ်လေ။ ဆံပင်ကိုလည်း ဖွဖွကလေး ဖြီးပြီး အလှပြင်ထားတယ်။ သူ့နေရာမှာ တခြားတယောက် ဝင်လာသလိုပဲ၊ ပိုနုနေတယ်၊ ပိုလှနေတယ်၊ ကျုပ်ရဲ့ ဆွန်နက်ချ်ကာကလေးကတော့ အိမ်ကို ငွေမှန်မှန် ထောက်ပံ့ရှာပါတယ်။ အိမ်ကို မကြာမကြာ ပြန်လာလို့ မသင့်တဲ့ အကြောင်းလည်း ကျုပ်ကို ပြောထားတယ်။ ညီအစ်ကို

* The Little Farm သီချင်းမှာ ၁၉ ရာစု အလယ်ပိုင်းတွင် အလွန်ခေတ်စားခဲ့သည်။ ကဗျာဆရာ A.V. Koltsov (1809–42) ၏ ကဗျာ။

mgyoe.com

mgyoe.com SAMPLE BOOK

မသိချိန်လောက်ကျမှပဲ ရောက်ရောက်လာတတ်တယ်။ ညစာစားပြီးရင် ကျုပ် တရေးတမော အိပ်တယ်။ အိမ်ရှင် အေမီလီယာ ဖျိုဒိုရော့ဗ်ဗနာနဲ့ ကက်တာရီးနာ နေ့တိုင်း ရန်ဖြစ်တယ်။ ခြေပန်းလက်ပန်းကျအောင် စကားများတာ။ အဲဒီနေ့မှာတော့ အဘွားကြီးကို ဖိတ်ပြီး ကော်ဖီ တွေဘာတွေတိုက်လို့ဗျား။ စကားထိုင်ပြောနေတာ နှစ်နာရီလောက် ကြာတယ်။ 'မာမီလာဒွေါ်မ် အလုပ် ပြန်ဝင်နေပြီ အဒေါ်ရဲ့။ မင်းကြီးကို သူ ကိုယ်တိုင် သွားတွေ့ပြီး အကျိုးအကြောင်း ရှင်းပြတာ။ အမယ်လေး၊ စောင့်နေတဲ့လူတွေ အများကြီးတဲ့။ သူ့ကို မင်းကြီးကိုယ်တိုင် ထွက်ပြီး လက်ဆွဲ ခေါ်သွင်းသွားတာတဲ့ရှင့်''

"အဲဒါတွေသူ့ဘာသာသူ လျှောက်ပြောတာ။ သူကအဲဒီလိုလည်းထွင်တတ်တယ်။ ဒါပေမဲ့ သူ ယုံယုံကြည်ကြည်ပြောတာ။ အဲဒီအတွက် သူ့ကို ကျုပ် အပြစ် မပြောပါဘူး။ လွန်ခဲ့တဲ့ ခြောက်ရက်က ကျုပ် လခ ထုတ်လာတယ်။ နှစ်ဆယ့်သုံးရူဘယ်နဲ့ ကိုပက် လေးဆယ်။ ကျုပ် အထုပ်လိုက် အပ်လိုက်တယ်။ ကျုပ်ကို တွတ်တီးတွတ်တာနဲ့ နှုတ်ခွန်းတွေ ချီနေ လိုက်တာလေ။ ကျုပ် ပါးကို ပုတ်ကာ ပုတ်ကာနဲ့။ 'မောင်ဟာ သိပ်ချစ်ဖို့ ကောင်းတာပဲ' လို့ မနားတမ်း ပြောနေလေရဲ့''

မာမီလာဒွေါ်မ် ပြုံးမလိုလို ဖြစ်လာသည်။ သို့သော် ရုတ်ခြည်း မျက်နှာညှိုးသွားပြီး သူ့ မေးစေ့တွေ တဆတ်ဆတ် တုန်လာသည်။ ပြီးမှ သူ့ကိုယ်သူ ထိန်းလိုက်သည်။ သို့သော် လေလွင့်တဦး၏ ပုံမှာ အထင်းသားပေါ်နေသည်။ ငါးရက်လုံးလုံး ကောက်ရိုးလှေပေါ် တွင် အိပ်ခဲ့ပြီး တနေကုန် သောက်ထားသည့်ပုံ။ တပြိုင်တည်းတွင် မိန်းမနှင့် မိသားစုကို တွယ်တာ စိတ် ပြင်းပြပုံလည်း ပေါ်နေ၏။ ရပ်စ်ကိုလ်နီကော့ဗ်က သူ့ဇာတ်လမ်းကို စိတ်ဝင်တစား နားထောင်နေသည်။သို့သော်သည်နေရာတွင် သူကရပ်ထားလိုက်သဖြင့် အောင့်သက်သက် နှင့် စောင့်နေရသည်။

"ဒီမယ် ကိုရင်လေးရေ ...''

ခုမှ သူ့ကိုယ်သူ သတိဝင်လာသလို စကား ပြန်ဆက်သည်။

"ကိုရင်လေးအတွက်တော့ ရယ်စရာ ဖြစ်နေမလား မသိဘူး။ တခြားလူတွေ ကြားရင် လည်း ရယ်ကြမှာပါပဲလေ။ ကျုပ်က ဘာမှ အရေးမပါတဲ့ အသေးအဖွဲတွေကို ခရေစေ့ တွင်းကျ လျှောက်ပြောနေတာကိုး။ ဒါပေမဲ့ ကျုပ်အတွက်တော့ ရယ်စရာ မဟုတ်ပေဘူးဗျ။ ကျုပ်က တကယ်ခံစားရတဲ့ လူကိုးဗျ။ အဲဒီနေ့ကတော့ တနေ့လုံး၊ တညနေလုံး ကျုပ်တို့ အိမ်ခန်းကလေးဟာ ချမ်းမြေ့ရိပ်မြုံကလေးပေါ့။ စိတ်ကူးယဉ် အိပ်မက်တွေ မက်လို့ပေါ့။ မိန်းမကို ဘယ်လို စိတ်ချမ်းသာအောင် ထားမယ်၊ ကလေးတွေကို ဘယ်လို အဝတ်တွေ ဝယ်ပေးမယ်၊ နာမည်ပျက်နဲ့ နေနေရတဲ့ တဦးတည်းသော ကျုပ်သမီးကလေးကို မိဘ ရင်ခွင်ထဲ ဘယ်လို ပြန်ခေါ်မယ်။ ဘာညာ ဘာညာပေါ့ဗျာ။ ကျုပ်စိတ်ကူးတာ မဖြစ်နိုင်တာ တခုမှ မရှိဘူးလေ။ အဲဒီမှာ ဘာဖြစ်လာလဲဆိုတော့ ကိုရင်လေးရေ... (မာမီလာဒွေါ်မ်က လူရွယ်ကို ဆတ်ခနဲ မော့ကြည့်လိုက်သည်) အဲဒီ အိပ်မက်တွေ မက်ပြီး နောက်တနေ့မှာ၊

mgyoe.com

mgyoe.com SAMPLE BOOK
အဲဒါ လွှန်ခဲ့တဲ့ ငါးရက်ကပေါ့။ အဲ ... ညပိုင်းရောက်တော့ ကျုပ်ဟာ သူခိုးတယောက်လို ကက်တာရီးနာရဲ့ သေတ္တာကိုဖွင့်တယ်။ကျန်တဲ့ပိုက်ဆံတွေအကုန်ယူခဲ့တယ်။ဘယ်လောက်လဲ ကျုပ် မမှတ်မိတော့ဘူး။ ကဲ... ခု ကြည့်၊ ခင်ဗျားတို့ အားလုံး ကျုပ်ကို ကြည့်ကြစမ်းပါ။ အိမ်က ထွက်လာတာ ငါးရက်ရှိပြီ။ သူတို့ကျုပ်ကို လိုက်ရှာနေကြလိမ့်မယ်။ အလုပ်လည်း ခုလောက်ဆို ပြုတ်ပြီ။ ကျုပ် ယူနီဖောင်းလည်း အီဂျစ်တံတားနားက အရက်ဆိုင်မှာ ထားခဲ့ရပြီ။ ဒီအင်္ကျီအစုတ်နဲ့ လဲဝတ်လာတာလေ။ ပြီးပြီ။ အားလုံး ဇာတ်သိမ်းသွားပြီ"

မာမီလာဒွေါ်ဗ်က သူ့နဖူးကို သူ့လက်သီးဖြင့် ထုသည်။ အံကြိတ်သည်။ မျက်စိ စုံမှိတ်ပြီး စားပွဲပေါ် တံတောင်နှစ်ဖက်ထောက်ကာ ဦးခေါင်းကို လက်ဝါးနှစ်ဖက်ထဲသို့ လေးလံစွာ ပစ်တင်လိုက်သည်။ သို့သော် ခဏမျှသာ။ ခေါင်းထောင်လာပြီး ရပ်စ်ကိုလ်နီကော့ဗ်ကို ရှက်ရွံ့ရွံ့ အမူအရာဖြင့် ကြည့်သည်။ ပြီးမှ စိတ်တင်းပြီး ရယ်ချလိုက်သည်။

"ကျုပ် ဒီနေ့ ဘာလုပ်လဲ သိလား။ ဆွန်ညာ့ဆီ သွားပြီး သူတောင်းစားတယောက် လို လက်ဖြန့်တောင်းတယ်။ ဟင်း... ဟား... ဟား... ဟား"

နောက် ရောက်လာသည့် အုပ်စုထဲမှ တယောက် က အသံပြကြီးနှင့် အော်မေးသည်။

"သူက ခင်ဗျားကို ပေးသလား"

"ဒီပုလင်းဟာ သူ့ပိုက်ဆံနဲ့ ဝယ်သောက်တာပါ ခင်ဗျာ"

မာမီလာဒွေါ်ဗ်က ရပ်စ်ကိုလ်နီကောမ့်ကို ကြည့်ပြီး ဖြေခြင်း ဖြစ်သည်။

"သူ့မှာ ရှိသမျှ ကိုပက်သုံးဆယ်ကို သူ့လက်နဲ့ ကိုင်ပြီး ကျုပ်ကို ပေးတာ။ ဘာတခွန်း မှ မပြောဘူး။ ဖအေကို လုံးဝ မငြိုငြင်ဘူး။ ဒါမျိုး ဒီကမ္ဘာမှာ ခင်ဗျားတို့ မြင်ဖူးသလား၊ ကြားဖူးသလား။ ဒါပေမဲ့ ရှိတယ်။ လူတွေဟာ ဒုက္ခပင်လယ် ဝေနေကြတယ်။ ပူဆွေးသောက ရောက်နေကြတယ်။ ဒါပေမဲ့ တပါးသူ တခြားလူတယောက်ကို အပြစ်မမြင်ဘူး။ အပြစ် မတင်ဘူး။ ဟုတ်တယ်၊ ကိုပက်သုံးဆယ် ရခဲ့တယ်။ သူက ဘယ်သူ့ကိုမှ အပြစ် မမြင်လေ ကျုပ် ပိုပြီး ခံစားရလေပဲဗျ။ ကိုပက် သုံးဆယ်ကြီးများတောင်နော်။ သူကကော အဲဒီပိုက်ဆံ ကို မလိုဘဲ နေမလားဗျ။ ပြောစမ်းပါ လူကြီးမင်းလေးရဲ့။ သူက သူ့ကိုယ်သူ သန့်ရှင်းအောင် ပြန်လုပ်ရမယ်လေ။ အဲဒီလိုလုပ်ဖို့ ငွေလိုတယ်ဗျ။ ဟုတ်တယ် မဟုတ်လား။ ဆီမွှေးဝယ်ဖို့ကစ ပိုက်ဆံလိုတယ်လေ။ ကော်တောင့်နေတဲ့ အပေါ်အင်္ကျီလေး၊ ဖိနပ်လှလှလေး လိုတယ်လေ။ အဲဒီအတွက် သူ စုထားတဲ့ ပိုက်ဆံတွေကို ကျုပ်ဆိုတဲ့ သူ့အဖေရင်းက ယူပြီး သောက်ပစ် လိုက်တယ်လေ။ အရည်ဖျော်ပစ်လိုက်တယ်လေ။ အဲဒီတော့ ကျုပ်လိုကောင်ကို ဘယ်သူ သနားမလဲ၊ ကိုရင်လေး သနားမလား။ ပြောစမ်းပါဦး။ ဟင်း... ဟင်း... ဟင်း..."

သူ နောက်ထပ်ငှဲ့ဖို့ လုပ်သည်။ သို့သော် ပုလင်းထဲတွင် ပြောင်နေပြီ။

"ဘာပြုလို့ ခင်ဗျားကို သနားရမှာလဲ"

အနားကိုပြန်ရောက်လာသည့် အရက်ဆိုင်ပိုင်ရှင်က ပြောတော့ ဆိုင်ထဲတွင် ရယ်သံ တွေ ထွက်လာသည်။ ဆဲသံတွေ စွက်နေသည့် ရယ်သံများ။ နားထောင်နေကြသူများကော၊
mgyoe.com

mgyoe.com SAMPLE BOOK

နားမထောင်သူများပါ အမှုတော်ထမ်းဟောင်းကြီး၏ ပုံပန်းကို ကြည့်ပြီး ဝိုင်းဟားကြခြင်း ဖြစ်၏။

"ဘာ... ဘာပြုလို့ သနားရမှာလဲ၊ ဟုတ်စ"

မာမီလာဒေါ့မ်က လက်မြှောက်ပြီး အော်မေးလိုက်သည်။ အားရပါးရ ပြောတော့မည့်ပုံ။ သည်စကားလုံးကို စောင့်နေသည့်အလား။

"ဘာပြုလို့ သနားရမှာလဲ၊ ဟုတ်လား။ ခင်ဗျား အဲဒီလို ပြောလိုက်တယ်နော်။ ကျုပ်က ကားစင်တင်ပြီး သတ်ပစ်ဖို့ ကောင်းတဲ့ ကောင်၊ ဟုတ်တယ်။ ဘာလုပ်ဖို့ သနားရမှာလဲ။သတ်ပစ်ရမှာ။အို...ဘုရားသခင်၊ ယဇ်ပူဇော်ခံခြင်းဖြင့် လူသားတို့ကို သနားတော်မူသော ဘုရားသခင်။ တပည့် တော်ကိုယ်တိုင် ယဇ်ပူဇော်ခံဖို့ အရှင့်ထံမှောက်သို့ အရောက်လာခဲ့ပါမည်။ တပည့်တော်သည် အပျော်ကို ရှာနေသူ မဟုတ်မူဘဲ ဝေဒနာကို ရှာနေသူ ဖြစ်ပါသည် အရှင်။ မျက်ရည်ကို အဖော်ပြုနေသူပါ အရှင်။ အို... ဝိုင်ကုန်သည်ကြီး၊ ခင်ဗျားရဲ့ ပုလင်းက ကျုပ်ကို ချိုမြိန်စေတယ် ထင်သလား။ ပုလင်းဖင်အောက်အထိ ကျုပ် ဝင်ရှာပြီးပြီ။ ကျုပ် တွေ့တာကတော့ ဝေဒနာတွေရဲ့ မျက်ရည်တွေချည်းပဲ။ သတ္တဝါတိုင်းကို မေတ္တာထားတော်မူသော ဘုရားသခင်က ကျုပ်ကို သနားလိမ့်မယ်။ အရှင်သည်သာ ယောက်ျား၊ မိန်းမအားလုံးကို အရာခပ်သိမ်း နားလည်တော်မူတယ်။ အရှင်တဦးတည်းသာ အဆုံးအဖြတ်ပေးတော်မူလိမ့်မယ်။ အဲဒီနေ့ရောက်ရင် အရှင်ကိုယ်တော်တိုင် ရောက်လာပြီး အမေးတော် ရှိလိမ့်မယ်။ 'သွေးသားမစပ်တဲ့ ကလေးများအတွက် သိက္ခာမရှိသော ရောဂါသည် မိထွေးနဲ့ ဘဝပေးထားတဲ့ သမီးကလေး ဘယ်မလဲ။ လူဆိုး လူမိုက် ဖအေ ယစ်ထုပ်ကို ကိုးကွယ်တဲ့ သမီးလေးလေ'၊ ပြီးတော့ ကိုယ်တော် ဆက်ပြောလိမ့်မယ်၊* 'ဒီမယ် သားတော်၊ သင့်ကို ငါ တချိန်က ခွင့်လွှတ် သနားခဲ့ပြီးပြီ။ ခုလည်း သင်၏ မကောင်းမှု ဒုစရိုက်များစွာအတွက် ငါ ခွင့်လွှတ်တော်မူတယ်။ ဘာကြောင့်လဲဆိုတော့ သင့်မှာ မေတ္တာတရား များစွာ ရှိနေလို့ပဲ' ပြီးတော့ ဘုရားသခင်ဟာ သမီးကလေး ဆွန်ညာ့ကိုလည်း ခွင့်လွှတ်တော်မူလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်။ အရှင် ခွင့်လွှတ်မှာပါ။ ဒီနေ့ သူနဲ့ တွေ့ခဲ့တော့ သူကလေး ခွင့်လွှတ်ခြင်းကို ခံယူရလိမ့်မယ်လို့ ကျုပ် ရင်ထဲက သိနေတယ်။ ပြီးတော့ အရှင်က အားလုံးကို အဆုံးအဖြတ်ပေးပြီး ခွင့်လွှတ်တော်မူလိမ့်မယ်။ အယုတ် အလတ် အမြတ်မရွေး ခွင့်လွှတ်တော်မူလိမ့်မယ်။ အားလုံးပြီးမှ ကျုပ်တို့ကို ခေါ်လိမ့်မယ်။ 'မင်းတို့လည်း လာကြ၊ ရှေ့တိုး လာခဲ့ကြစမ်း။ ငမူးတွေ၊ ညြော်... အားနည်းရှာတဲ့ ငါ့ကလေးတွေ၊ အရှက်မရှိတဲ့ ကလေးတွေ' အဲဒီမှာ ကျုပ်တို့ ရှေ့တိုးသွားကြရမယ်။ အရှက်မရှိ ရှေ့တိုးကြမယ်။ ပြီးတော့ တန်းစီ ရပ်ကြမယ်။ အဲဒီအခါ အရှင်က မိန့်လိမ့်မယ်။ 'သင်တို့ကား စက်ဆုပ်ရွံရှာဖွယ် အတိပါကလား။ တိရစ္ဆာန်ရုပ်အသွင်နဲ့၊ ဖျံမျက်နှာနဲ့ လာ... လာ... သင်လည်း လာ' အဲဒီအခါ ဉာဏ်ပညာနဲ့ ပြည့်စုံတဲ့

---

* ထို့ကြောင့် ငါဆိုသော သူသည် များစွာသော အပြစ်တို့နှင့် လွတ်သည်ဖြစ်၍ အလွန်ချစ်တတ်၏။ အနည်းငယ်သော အပြစ်လွတ်သော သူသည် အနည်းငယ်မျှသာ ချစ်တတ်သည်ဟု မိန့်တော်မူ၏။ (ရှင်လုကာ ၇း၄၇)

mgyoe.com

mgyoe.com
SAMPLE BOOK

သာဝကတယောက်က လျှောက်ထားမယ်။ 'အို... အရှင်၊ ဘယ်အတွက် သည်ကလေးကလွှင့်တွေကို လက်ခံတွေ့ဆုံတာပါလဲ အရှင်' အဲဒီအခါ ဘုရားသခင်က မိန့်တော်မူမယ်။ 'သင်သာဝက၊ ငါ သူတို့ကို လက်ခံတွေ့ဆုံတယ်။ သူတို့ဟာ ဒီလိုအခွင့်အရေးမျိုးကို ရလိမ့်မယ်လို့ တယောက်မှ မမျှော်လင့်ခဲ့ကြဘူး'။

"ပြောပြီး အရှင်ဟာ သူ့ရဲ့ လက်တော်တွေကို ကျုပ်တို့ဆီကို ဆန့်တန်းလိုက်လိမ့်မယ်။ အဲဒီအချိန်မှာ ကျုပ်တို့ အားလုံး အရှင့်ရဲ့ ခြေတော်ရင်းမှာ ပျပ်ဝပ်စင်းစင်း ဦးခိုက်ကာ ငိုကြွေးကြလိမ့်မယ်။ တချိန်တည်းမှာ အသံတွေ ဝင်လာကြလိမ့်မယ်။ အဲဒီအချိန်မှာ လူတိုင်းဟာ အားလုံးကို နားလည်သွားကြလိမ့်မယ်။ အဲဒီလို နားလည်လာတဲ့ အထဲမှာ ကက်တာရီးနာ အီဗန်နိုဗာလည်း ပါလိမ့်မယ်။ အို... အရှင်... အရှင်၏ မေတ္တာနယ်ပယ်ထဲကို*..."

ပြောရင်း သူ ခုံတန်းပေါ် ခွေကျသွားသည်။ ဘယ်သူ့ကိုမှ သူ သတိမရတော့။ သို့သော် ဆက်တွေးနေပုံရသည်။ သူ ပြောသော စကား၊ သူ ဟောသော တရားများသည် တဒင်္ဂတော့ ပရိသတ်ကို ဖမ်းစားနိုင်သည်။ သို့သော် ရေပွက်ပမာမျှသာ။ ခဏနေတော့ အော်သံတွေ၊ လှောင်သံတွေ၊ ဟားသံတွေ ပေါ်လာပြန်သည်။

"နားထောင်လို့ ကောင်းတယ်ဗျို့"

"ဘာတွေမှန်းလည်း မသိဘူး"

"တကယ့် နိုင်ငံ့ဝန်ထမ်းတယောက်ပဲ။ မှတ်လောက် သားလောက်ပါပေတယ်"

စသည် စသည်။

မာမီလာဒွေ့ါဗ်က ခေါင်းထောင်လာပြီး ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြောသည်။

"ကိုရင်လေး... ကျုပ်ကို ကိုဇယ်ရဲ့ အိမ်ကို ပို့ပေးပါ။ ဟောဒီကွက်လပ်ကို ဖြတ်သွားရင် ရောက်ပါပြီ။ ကျုပ် ကက်တာရီးနာဆီ သွားဖို့ အချိန်တန်ပြီ"

ရပ်စ်ကိုလ်နီကော့ဗ် ပြန်ချင်နေသည်မှာ ကြာပြီ။ မာမီလာဒွေ့ါဗ်ကို ပြန်ပို့ဖို့လည်း စိတ်ကူးပြီးသား။ သူ အာသွက်နေသော်လည်း သူ့ခြေထောက်များက နေ့ကွေးလေးလံနေပြီး လူရွယ်ကို သူ မှီတွဲလိုက်လာခဲ့သည်။ သူတို့ သွားရမည့် ခရီးမှာ ခြေလှမ်းနှစ်ရာ၊ သုံးရာလောက် ရှိမည်။ အိမ်နှင့် နီးလာလေ အမူးသမား မာမီလာဒွေ့ါဗ် ဣန္ဒြေပျက်လာလေ ဖြစ်လာသည်။

သူ စိတ်မသက်မသာဖြင့် ပြောသည်။

"ကျုပ် ကြောက်တာ ကက်တာရီးနာအီဗန်နိုဗာ မဟုတ်ဘူးဗျ။ သူ ကျုပ်ဆံပင်ကို ဆွဲမှာ နုတ်မှာ မဟုတ်တော့ပါဘူး။ ဆံပင်ကို ထားလိုက်ပါဗျာ။ ဆံပင်က အဓိပ္ပာယ် မရှိပါဘူး။ ဒါပေမဲ့ ကျုပ်ပြောမယ် ကိုရင်လေး။ သူ့မျက်လုံးတွေကို ကျုပ် ကြောက်တာဗျ။ သူ့အကြည့်ကို ကြောက်တာ။ သူ့ပါးပြင်ပေါ်မှာ အနီကွက် ထလာမှာလည်း ကျုပ် ကြောက်တယ် ကိုရင်လေး။

---

* ကိုယ်တော်က သင်တို့သည် ဆုတောင်းလျှင် မြွက်ဆိုရမည်မှာ ကောင်းကင်ဘုံ၌ ရှိတော်မူသော အကျွန်ုပ်တို့ အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်း ရှိပါစေသော။ (ရှင်လုကာခရစ်ဝင် ၁၁:၂)
နိုင်ငံတော် တည်ထောင်ပါစေသော။ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော။ (ရှင်မဿဲခရစ်ဝင် ၆:၁၀)

mgyoe.com

mgyoe.com SAMPLE BOOK
ကိုရင်လေး တွေ့ဖူးလား။ လူတွေ အဖျားဝင်လာရင် အပူငွေ့တွေ မှုတ်ထုတ်ပြီး စိတ်တွေ ကြွလာတာလေ။ အဲ... ကလေးငိုသံတွေကိုလည်း ကျုပ် ကြောက်တယ် ကိုရင်လေး။ ဆွန်ညာက သူတို့ကို ထမင်းမကျွေးရင် ဘာတွေကျွေးလဲ ကျုပ် မသိပါဘူး။ အဲ... ကျုပ် အရိုက်ခံရမှာ မကြောက်ဘူးဗျ။ ဒီမယ် ကိုရင်လေး၊ ကျုပ်ကို ရိုက်ရင် နာတော့ နာတယ်၊ ဒါပေမဲ့ ကျုပ် ပျော်တယ်ဗျ။ အသားမနာရင် ကျုပ် အစွမ်းအစ မရှိဘူးဗျ။ မိန်းမ ကြိုက်သလောက် ရိုက်ပါစေ။ ဒါမှ သူ စိတ်ချမ်းသာတာဗျ။ ဟော... ရောက်ပြီ။ အဲဒါ ကိုဇယ့်အိမ်ပဲ။ ဂျာမန် သေ့ာပြင်ဆရာပေါ့။ လူချမ်းသာနော်။ ကဲ... ကျုပ်ကို အိမ်ထဲထိ ပို့ပေးဗျာ"

သူတို့နှစ်ယောက် ဝင်းထဲ ဝင်လာခဲ့ပြီး လေးထပ်ကို တက်လာခဲ့ကြသည်။ အပေါ် ရောက်လေ လှေကားတွေက မှောင်လေ ဖြစ်လာသည်။ အချိန်မှာ ညဆယ့်တနာရီ မထိုးသေးပေ။ သို့သော် ဝီတာစဘတ်တွင် မီးမချုပ်သေး။ သို့သော် အပေါ်ဆုံးထပ် ရောက်သည့် အခါ မှောင်မည်းနေသည်။

အပေါ်ဆုံးထပ် ရောက်တော့ အမှောင်ကို ကျပ်ခိုးမှိုင်းတွေ အားဖြည့်ထားသည့် လှေကားထိပ်ကို ရောက်သည်။ အခန်းတိုင်းတွင် လူဆင်းရဲတွေ နေကြပုံရသည်။ ဖယောင်းတိုင် မီးကလေးတွေ မှိတ်တုတ်မှိတ်တုတ်နှင့်။ ဆယ်လှမ်းလောက်တွင် တံခါးတပေါက်စီ ရှိနေမှုန်း လှေကားထိပ်က လှမ်းမြင်နေရသည်။ အခန်းတွေက စုတ်စုတ်ပြတ်ပြတ်။ ကလေးတွေက စကြံမှာ ထွက်ဆော့နေကြသည်။ တံခါးဝတိုင်းမှ ခန်းဆီးတွေကလည်း စုတ်စုတ်ပြတ်ပြတ်။ ခန်းဆီး နောက်ကွယ်တွင် အိပ်ရာခုတင် ရှိပုံရသည်။

မာမီလာဒွေါဗ်၏ အခန်းမှာ အလားတူ အခန်းမျိုး ဖြစ်သည်။ အခန်းထဲတွင် ကုလားထိုင် နှစ်လုံး ရှိသည်။ ဖယောင်းပုဆိုး အုပ်ထားသည့် ဆိုဖာအစုတ်တလုံး ရှိသည်။ ရှေ့တွင် ခွေးခြေတလုံးနှင့် သစ်သားစားပွဲကြမ်းတလုံး။ စားပွဲစွန်းတွင် သံကြွပ် ဖယောင်း ခွက်တခု ရှိသည်။ ခွက်ထဲတွင် ဖယောင်းတိုင် အတိုတချောင်း မီးတောက်နေသည်။ ဝရန်တာတွင် လူတွေ ဖြတ်သွားနေကြပြီး သူ့အခန်းမှာ ထောင့်ခန်း ဖြစ်သော်လည်း သီးခြား အခန်း တခန်း ဖြစ်သည်။ အခန်းရှင် အေမာလီယာက သူ့အခန်းကို သံဆန်ခါ ခြားထားသည်။ တံခါးကို ခပ်ဟဟ ဖွင့်ထားသည်။ တဆက်တည်းတွင် အခန်းတွေ အများကြီး ကန့်ထားသည်။ အခန်းတိုင်းမှ ဆူဆူညံညံ အသံတွေ ထွက်နေသည်။ အော်ဟစ် ရယ်မောသံတွေ ညံနေသည်။ ဖဲဝိုင်း၊ လက်ဖက်ရည်ဝိုင်းမှ အသံတွေလည်း ရောနှော ပျံ့လွင့်နေ၏။ နားမခံသာသည့် မကြားဝံ့ မနာသာ စကားလုံးများလည်း ပါ၏။

အမျိုးသမီးကို မြင်လိုက်ကတည်းက ကက်တာရီးနာအီဗန်နိုဗာမှန်း သိလိုက် သည်။ အဝတ်အစားတွေ စုတ်ပြတ်နေသော်လည်း ကိုယ်လုံးကိုယ်ပေါက် လှသည်။ အရပ် အမောင်းကောင်းကောင်းနှင့်။ ဆံပင်က အညိုရောင်။ ပါးနှစ်ဖက်တွင် အနီအစက်အပြောက် ကလေးများက မြင်သာနေသည်။ ချောတော့ ချောတုန်းပင်။ လက်ပိုက်ပြီး အခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသည်။ နှုတ်ခမ်းအစုံကို တင်းတင်းစေ့လျက်။ အသက်
mgyoe.com

mgyoe.com
SAMPLE BOOK

ရှုပုံက မြန်နေသည်။ နေကောင်းပုံ မရ၊ အဖျားရှိန်ကြောင့် မျက်လုံးများ နီမြန်းနေသော်လည်း အကြည့်က စူးရှသည်။ ကုန်လုလု ဖယောင်းတိုင်မီးတွင် အရောင်တဖျပ်ဖျပ်။ ရောဂါသည် ပုံပေါက်နေသည့် မျက်နှာတွင် ဝေဒနာနှင့်သောကရိပ် လွှမ်းနေသည်။ ရပ်စ်ကိုလ်နီကော့ဗ်က အမျိုးသမီး၏ အသက်ကို မှန်းကြည့်လိုက်သည်။ သုံးဆယ်စွန်းပုံ မရသေး။ မာမီလာဒွေါဗ်နှင့် လုံးဝ လိုက်ဖက်သည့် အရွယ်မျိုး၊ ရုပ်ရည်မျိုး မဟုတ်။ သူတို့နှစ်ယောက် ဝင်လာမှန်း အမျိုးသမီး လုံးဝ သတိထားမိပုံ မရ။ မြင်ပုံလည်း မရ။ ကြားပုံလည်း မပေါ်။ အာရုံတခုခုတွင် နစ်မျော နေဟန် ရှိသည်။ အခန်းထဲတွင် ရှုပ်ပွနေသော်လည်း ပြတင်းပေါက်ကို ပိတ်ထားသည်။ လှေကားမှ တက်လာသည့် အနံ့အသက်မှာ ဆိုးရွားလှသော်လည်း အိမ်ရှေ့တံခါးကို ဖွင့်ထားသည်။ အတွင်းဘက် အခန်းများမှ ဆေးရွက်ကြီးနံ့ လှိုင်ထွက်နေသည်။ ချောင်းတဟွပ်ဟွပ် ဆိုးနေသော်လည်း တံခါးမပိတ်။ အငယ်ဆုံး ခြောက်နှစ်သမီး အရွယ်ကလေးက ဆိုဖာပေါ် ခေါင်းတင်ပြီး ထိုင်လျက်သား အိပ်ပျော်နေသည်။ သူ့ထက် တနှစ်လောက် ကြီးမည့် ယောက်ျား လေးတယောက်က အခန်းထောင့်တွင် ရပ်ကာ တဆတ်ဆတ် တုန်နေသည်။ အရိုက်ခံထား ရပုံ ရ၏။ ကိုးနှစ်သမီးအရွယ် အကြီးဆုံးမကလေးက မီးခြစ်ဆံတချောင်းလို ပိန်ရှည်ရှည်။ ဝတ်ထားတဲ့ အင်္ကျီကလေးကလည်း နွမ်းနွမ်းပါးပါး။ အနားတွေ ဖွာလန်ကျဲနေသည့်ဖလန်နယ် အဟောင်းကလေးကို ပခုံးပေါ် တင်လို့၊ သူ့မောင်လေးကို အရိုးပြိုင်းပြိုင်း ကျနေသည့် လက် ကလေးနှင့် သိုင်းဖက်ထားသည်။ တိုးတိုး တိုးတိုးနှင့် ချော့မော့နေပုံ ရ၏။ တချိန်တည်းတွင် ထိတ်လန့်ကြောက်ရွံ့နေသည့် ဧရာမ မျက်လုံးရွဲကြီးများဖြင့် မအေကို လှမ်းကြည့်နေသည်။ မာမီလာဒွေါဗ်က အခန်းဝတွင် ဒူးထောက်ထိုင်ချလိုက်ပြီး ရပ်စ်ကိုလ်နီကော့ဗ်ကို အခန်းထဲ တွန်းပို့လိုက်သည်။ အမျိုးသမီးက လူစိမ်းကို ကြည့်ပြီး အူကြောင်ကြောင်နှင့် မျက်နှာချင်း ဆိုင် ရပ်လိုက်သည်။ ပထမတော့ အခန်းမှား ဝင်လာသည် ထင်ပြီး ကြောင်နေရာမှ အခန်းဝ တွင် ဒူးထောက်လျက်သား ထိုင်နေသော အိမ်ဦးနတ် ကို လှမ်းမြင်လိုက်သည်။ သည်တော့မှ ဒေါသတကြီး လှမ်းအော်သည်။

"ဩော်... ပြန်ရောက်လာပြီကိုး။ ကလေကချေ ပေါက်လွှတ်ပဲစား၊ ဘယ်မှာလဲ ပိုက်ဆံ၊ ပြန်ပေး။ ပြစမ်း၊ အိတ်ကပ်ထဲက ရှိတာ ထုတ်။ ဩော်... ငါ့နှယ်၊ ဘယ်က အဝတ် တွေ ကောက်ဝတ်လာတာလဲ။ ရှင့်အဝတ်တွေ ဘယ်ရောက်ကုန်လဲ။ ပိုက်ဆံတွေကော၊ ပြောလေ"

အမျိုးသမီးက သူ့အိတ်တွေ နှိုက်ရှာသည်။ မာမီလာဒွေါဗ်က လက်နှစ်ဖက် ဆန့်ပေး ပြီး ကျိုးနွံစွာ အရှာခံသည်။ တပြားမှ မတွေ့။ သည်တော့ အော်မေးပြန်သည်။

"ဘယ်ရောက်ကုန်လဲ၊ ပြောလေ။ အို... ဘုရားသခင်၊ အကုန်သောက်လိုက်ပြီပေါ့ ဟုတ်လား။ ဆယ့်နှစ် ရူဘယ်လုံး ရှင် အရည်ဖျော်ခဲ့ပြီပေါ့၊ ဟုတ်လား"

ပြောပြီး ဒေါသတကြီး သူ့ဆံပင်ကို ဆောင့်ဆွဲကာ တရွတ်ဆွဲ သွားတော့သည်။ မာမီလာဒွေါဗ် လေးဖက်ထောက် ပါသွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ကောင်းတယ်... ငါ ပျော်တယ်၊ ငါ မနာဘူး။ ကိုရင်လေးရေ၊ ကျုပ် ပျော်နေတယ်ဗျ။ ပျော်... နေ... တယ်... ကိုရင်လေး... ရေ..."

အော်နေရင်း သူ့နဖူးနှင့် ကြမ်းပြင် ဒိုင်းခနဲ ဆောင့်မိသည်။ အိပ်ပျော်နေသည့် အငယ်လေး ထအော်ငိုသည်။ အခန်းထောင့်တွင် ရပ်နေသည့် ကောင်လေး တဆတ်ဆတ်တုန်နေသည်။ ပြီးမှ အသားကုန်အော်ပြီး သူ့အစ်မ ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ အကြီးမလေးလည်း သိမ့်သိမ့်တုန်နေသည်။ သစ်ရွက်တရွက်လို လှုပ်နေသည်။

အမျိုးသမီးက သနားစဖွယ် အော်မေးနေသည်။

"ဟုတ်လား၊ ရှင် အကုန် သောက်ပစ်ခဲ့ပြီပေါ့။ ဘယ်က အဝတ်တွေ ကောက်ဝတ်လာတာလဲ၊ ဟိုမှာကြည့်စမ်း၊ သူတို့အားလုံး ဆာလွန်းလို့ (ကလေးတွေကို လက်ညှိုးထိုးပြောခြင်း ဖြစ်သည်) သေတော့မယ်။ ရှင် မရှက်ဘူးလား၊ အမယ်လေး... ဘယ်လို ဘဝပါလိမ့်တော်"

ရုတ်တရက် ရပ်စ်ကိုလ်နီကော့ဗ်ကို သတိရပြီး-

"ဩော်... ရှင်နဲ့ အတူတူ သောက်လာကြတာပေါ့လေ။ ဟုတ်လား၊ သွား... ခုထွက်သွား"

ရပ်စ်ကိုလ်နီကော့ဗ် တခွန်းမှ မတုံ့ပြန်တော့ဘဲ တချိုးတည်း လစ်ဖို့ စိတ်ကူးလိုက်သည်။ အခန်းတိုင်း တံခါးတွေ ပွင့်လာပြီး ဝိုင်းကြည့်နေကြသည်။ ပမာမခန့် ခေါင်းပြူကြည့်နေသူများ။ သရော်လှောင်ပြောင်နေသည့် ဦးခေါင်းများ။ အချို့က စီးကရက် ခဲလျက်။ အချို့က ဆေးတံနှင့်။ အချို့က ဦးထုပ်ပျော့ကလေးများ ဆောင်းလျက်။ အလုအယက်ခေါင်းပြူ ကြည့်နေကြသည်။ အချို့က လက်ထဲတွင် ဖဲချပ်တွေ ကိုင်လျက်။ အချို့က အဝတ်တွေ ဖိုသီဖတ်သီနှင့်။ မိန်းမက ယောကျ်ားဆံပင် ဆွဲခေါ်သွားသည့် မြင်ကွင်းကို သူတို့သဘောကျပြီး ဝမ်းသာအားရ အော်ဟစ် ကောင်းချီးပေးကြသည်။ မာမီလာဒွေါဗ်ကလည်း သူ ပျော်နေကြောင်း အော်ပြောနေဆဲ။ ဆူဆူညံညံ အသံတွေကို ဝင်ထိန်းလိုက်သူမှာ အခန်းရှင် အေမာလီယာ ဖြစ်သည်။ အတင်းတိုးဝှေ့ဝင်လာပြီး ထုံးစံအတိုင်း အကြိမ်တရာမြောက်အော်ဟစ် ခြိမ်းခြောက်တော့သည်။ မနက်ဖြန် အိမ်ပေါ်က ဆင်းပေးရမည် ဖြစ်ကြောင်း ရာဇသံပေးခြင်း ဖြစ်သည်။ အခန်းထဲမှ ထွက်မည့်ဆဲဆဲ ဖြစ်နေသော ရပ်စ်ကိုလ်နီကော့ဗ် အမှတ်မထင် အိတ်ထဲ နှိုက်လိုက်သည်။ အကြွေ တဆုပ် ပါလာ၏။ ဘယ်သူမှ မမြင်အောင် ပြတင်းပေါက်ပေါင်ပေါ် တင်ပြီး လစ်ထွက်လာခဲ့သည်။ လမ်းရောက်မှ ပြန်တွေးကြည့်ပြီး တနုံ့နုံ့ ဖြစ်နေသည်။

''တော်တော်တုံးတဲ့ ငါပါလား။ သူတို့မှာ ရှာကျွေးနေတဲ့ ဆွန်ညာ ရှိသားပဲ။ ငါကိုယ်တိုင်လည်း တော်နေတဲ့ ကောင်ပဲ။ ဘာလို့ ပေးခဲ့ရမှာလဲ'

သွားပြီ။ ပြန်ယူလို့လည်း မဖြစ်တော့။ လေထဲတွင် လက်ဝှေ့ယမ်းလိုက်ပြီး အခန်းကို ပြန်လာခဲ့သည်။ ဒုတိယအတွေး ဝင်လာပြန်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဆွန်ညာလည်း ဆိပ်မွေးကလေး ဘာလေးဝယ်ဖို့ လိုဦးမှာပေါ့။ သည်လို သန့်သန့် ပြန့်ပြန့်နေဖို့ကလည်း ပိုက်ဆံလိုသေးတာပဲ။ ဩော်... ဆွန်နက်ချ်ကာ၊ ဆွန်နက်ချ်ကာ၊ ဒီနေ့ ငွေရှာလို့ ရပ့်မလား မသိဘူး။ အန္တရာယ်များတဲ့ အလုပ်ပဲ။ ရွှေရှာတဲ့ လူတွေလို နေမှာပေါ့။ ငါသာ ပိုက်ဆံ မထားခဲ့ရင် မနက်ဖြန် သူတို့ ထမင်းရည် သောက်နေကြရတော့မယ် ထင်တယ်။ ချီးကျူးပါတယ် ဆွန်ညာ။ မင်း ရှိနေလို့ သူတို့ ကံကောင်းနေတာပေါ့။ မင်း ရှာပေးတဲ့ငွေနဲ့ သူတို့ အသက်ဆက်နေကြတယ်နော်။ အဲဒါ တကယ်နော်။ အေးလေ၊ ကြာတော့လည်း အကျင့်ဖြစ်သွားတာ နေမှာပေါ့။ ခဏတော့ ငိုကြမယ်၊ ပြီးတော့ ကျင့်သားရ သွားကြမယ်။ လူဆိုတာ ဘာကိုပဲဖြစ်ဖြစ် ကျင့်သား ရသွားတာချည်းပါပဲ။ တော်တော် ဆိုးဝါးပါကလား"

သူ ဆက်တွေးသွားသည်။ သူ့ကိုယ်သူ သတိမထားမိဘဲ ဆက်ပြောနေပြန်သည်။

"အဲဒီလို မဟုတ်ဘူး ဆိုရင်ကော၊ လူဟာ ဆိုးသွမ်းတဲ့ သတ္တဝါ မဟုတ်ဘူး ဆိုရင်ကော။ ဒါဆို လူ့မျိုးနွယ် တစုလုံးအတွက် စဉ်းစားရမှာပေါ့။ ဒါဆို ကျန်တာတွေက အာဃာတ အခြေပြုတွေပေါ့။ ကြောက်ရွံ့ခြင်း အခြေပြု သဘောတရားတွေပေါ့။ ဒါဆို အခက်အခဲ ဘာမှ မရှိတော့ဘူးပေါ့။ ဒီလိုပဲ ဖြစ်သင့်တာလေ"

(၃)

နောက်နေ့ကျတော့ နေမြင့်မှ နိုးလာသည်။ ညက တော်တော်နှင့် အိပ်မပျော်။ အိပ်ပျော်သွားတော့လည်း နှစ်နှစ်ခြိုက်ခြိုက် မဟုတ်။ နိုးလာတော့ စိတ်တိုချင်နေသည်။ ဘာကိုမျှ အလိုမကျ ဖြစ်နေသည်။ အခန်းကျဉ်းကလေးထဲကို စိတ်ဆိုးမာန်ဆိုး ဝေ့ကြည့်လိုက်သည်။ ဗီရိုသာသာ အခန်းကျဉ်းကလေး။ တဖက်နံရံနှင့် တဖက်နံရံကို ခြောက်လှမ်းသာ လှမ်းရသည်။ နံရံပတ်ပတ်လည်တွင် ကပ်ထားသော စက္ကူတွေမှာ ဝါကြန်ကြန် ဖြစ်နေပြီ။ မျက်နှာကြက်က ခေါင်းနှင့်လွတ်ရုံကလေး။ ပရိဘောဂနှင့် အခန်းမှာ အတိအကျလို ဖြစ်နေ သည်။ ပြင်လို့ မရနိုင်လောက်အောင် အခြေအနေ ဆိုးနေသည့် ကုလားထိုင်ဟောင်း သုံးလုံး။ အခန်းထောင့်တွင် ဆေးသုတ်ထားသည့် စားပွဲတလုံး။ စားပွဲပေါ်တွင် စာအုပ်တွေ အထပ်လိုက်။ (ဖုန်တွေ ထုတက်နေသည်။ ယူမဖတ်တာ ကြာပြီဖြစ်ကြောင်း သိသာနေသည်) ပြီးတော့ ပုံဆိုးပန်းဆိုး ဆိုဖာခုံကြီးက နံရံတဖက်လုံးနီးပါးကို နေရာယူထားသည်။ ပွင့်ရိုက်ကျောမှီ အဖုံးမှာ ဖြူဖျော့လွင့်ပြယ်နေပြီ။ စုတ်ပြတ်နေပြီ။ သည်ဆိုဖာသည် သူ့အိပ်ရာလည်း ဖြစ်သည်။ ရုံခါတွင် သည်ဆိုဖာကြီးပေါ် ပစ်လှဲပြီး အဝတ်မလဲဘဲ အိပ်တတ်သည်။ သူ့မှာ စောင်မရှိ၊ ကျောင်းသားဘဝ လက်ကျန် စုတ်ပြဲနေသည့် ကုတ်အင်္ကျီရှည်ကြီးကို ခြုံအိပ်တတ်သည်။ ခေါင်းအုံး သေးသေးကလေးတလုံးကို အုံးအိပ်သည်။ လျှော်ထားသည့် အဝတ် ရှိလျှင် ပြန့်သွားအောင် ခေါင်းအုံးအောက်တွင် ထားအိပ်သည်။ ဆိုဖာရှေ့တွင် စားပွဲကလေး

mgyoe.com

mgyoe.com SAMPLE BOOK
တလုံး ရှိသည်။ အခန်းကို ကြည့်ရသည်မှာ လုံးဝ ကြည့်ပျော်ရှုပျော် မရှိ။ သို့သော် ရပ်စ်ကိုလ်နီကော့ဗ်က ပျော်နေသည်။ သည်အတိုင်း နေရတာကို သဘောကျနေသည်။ သူသည် ဥဒ္ဒဲ တခုထဲကို ဝင်ပုန်းနေသူ ဖြစ်သည်။ အိမ်ဖော်အမျိုးသမီးကြီး နာတာရှာက သူ့ဝေယျာဝစ္စ လုပ်ပေးသည်။ နာတာရှာက သူ့အခန်းကို မကြာမကြာ လှမ်းကြည့်ပြီး နားပူနားဆာ လုပ်တတ်သည်။ အိမ်ရှင်က သူ့ကို ထမင်းမကျွေးသည်မှာ နှစ်ပတ် ရှိပြီ။ သို့သော် သူ စောဒက မတက်။ သွားပြီး ဆွေးနွေးဖို့ စိတ်မကူး။ နာတာရှာက အိမ်ရှင်၏ ထမင်းချက်၊ အစေခံ ဖြစ်သည်။ သူကလည်း သူ့အခန်းကို ပုံမှန် တံမြက်စည်း ဝင်မလှည်းတော့။ သန့်ရှင်းရေးလည်း လုပ်မပေးတော့။ စိတ်ကူးပေါက်လျှင် တပတ်တခါလောက် လုပ်ပေးသည်။ သည်နေ့မနက် တံမြက်စည်း တချောင်းနှင့် ဝင်လာပြီး သူ့ကို နှိုးခြင်းဖြစ်သည်။

"တော်ပြီ ထတော့လေ။ ဘယ်အချိန် ရှိပြီလဲ။ ကိုးနာရီ ထိုးပြီရှင့်။ ဒီမှာ လက်ဖက်ရည် ယူလာတယ်။ သောက်မယ် မဟုတ်လား"

လူရွယ်က အိပ်ချင်မူးတူးနှင့် မျက်စိဖွင့်ကြည့်သည်။ နာတာရှာကို မြင်တော့ ဆိုဖာပေါ် တံတောင်ဆစ်ထောက်၊ ခေါင်းထူပြီး–

"အိမ်ရှင်ပို့တဲ့ လက်ဖက်ရည်လား"

နာတာရှာက အက်နေသည့် လက်ဖက်ရည်အိုးကို သူ့ရှေ့ချပေးသည်။ လက်ဖက် ခြောက် အဟောင်းတွေကို ပြန်နှပ်ထားသည့် လက်ဖက်ရည်အိုး။ အဝါရောင် သကြားခဲက နှစ်ခဲ။

"ဘာ... အိမ်ရှင်ပို့ခိုင်းတာ၊ ဟုတ်လား။ ပို့ပါလိမ့်မယ် အားကြီး"

"ကဲပါ... နာတာရှာ၊ ရော့ ယူ"

သူက အိတ်ကပ်ထဲ နှိုက်ပြီး အကြွေတဆုပ် ယူလိုက်သည်။

"ပေါင်မုန့်တလုံးနဲ့ ဝက်အူချောင်း နည်းနည်းဝယ်ပေးဗျာ။ ဝက်သားဆိုင် သွား၊ ဈေးအပေါဆုံး ဝက်အူချောင်း ဝယ်ခဲ့"

"ပေါင်မုန့်ပဲ ဝယ်ပါ။ ဘာလို့ အပေါစား ဝက်အူချောင်း စားမှာလဲ။ ကျုပ် ဂေါ်ဖီထုပ် စွပ်ပြုတ် ယူလာပေးပါ့မယ် တော်။ မနေ့က ပြုတ်ထားတာ။ ကောင်းမှကောင်း၊ တော်က ပြန်မှ မလာဘဲ"

နာတာရှာ စားစရာတွေနှင့် ပြန်ရောက်လာသည်။ ရပ်စ်ကိုလ်နီကော့ဗ် စ,စားသည်။ နာတာရှာသည် တောသူမကြီး ဖြစ်သည်။ စကား အလွန်များသည်။

"ပရာစကိုဗယာပါဗလိုနာက တော့်ကို ရဲတိုင်မလို့ တဲ့"

ရပ်စ်ကိုလ်နီကော့ဗ် မျက်ခုံးပင့်လိုက်သည်။

"ဗျာ... ရဲတိုင်မယ်၊ ဘာအတွက်လဲ"

"တော်က အိမ်လခလည်း မပေးဘူး။ ဆင်းလည်း မပေးဘူးတဲ့၊ ဘာအတွက် ရမလဲ၊ အဲဒါ အတွက်ပေါ့"

သူက အံကြိတ်လိုက်ပြီး–
mgyoe.com

mgyoe.com
SAMPLE BOOK

"ဟာ... သေတော့မှာပဲ။ ဒါလောက်မှ မစောင့်နိုင်ဘူးလား။ တော်တော်အသုံးမကျတဲ့ မိန်းမကြီးပဲ။ ဒီနေ့ သွားတွေ့ပြီး ပြောမယ်"

"အသုံးမကျတာတော့ ပြောမနေနဲ့။ ကျုပ်လည်း အသုံးမကျပါဘူး။ တော်ကကော ဘာထူးလို့တုံး။ ဂျုံအိတ်ကြီး ပစ်ချထားလိုက်သလို အိပ်နေပြီးတော့၊ အရင်တုန်းက ကလေးတွေကို စာသင်ပေးတယ်ဆို။ အဲဒါမျိုး ခုလုပ်ပါလား"

"လုပ်နေတာပဲဗျ"

ရပ်စ်ကိုလ်နီကော့ဗ် ကျဲမြဲတိုတိုနှင့် ပြန်ပြောလိုက်သည်။

"ဘာလုပ်တာလဲ"

"အလုပ် လုပ်တာပေါ့ဗျာ"

"ဘာအလုပ်လဲ မေးနေတာ"

"ကျွန်တော် စဉ်းစားနေတုန်းပဲ"

ရပ်စ်ကိုလ်နီကော့ဗ်က ခပ်ဆိုင်းဆိုင်းနှင့် အလေးအနက် ပြန်ဖြေသည်။

နာတာရှာက ရယ်ချပစ်လိုက်သည်၊ သူက အရယ်သန်သူ၊ ရယ်စရာရှိလျှင် တကိုယ်လုံး တုန်ခါပြီး အူတက်မတတ် ရယ်တတ်သည်။

နောက်ဆုံးမှ အရယ်ရပ်ပြီး –

"ပိုက်ဆံတွေ အများကြီး ရတော့မယ် ဆိုပြီး စိတ်ကူးယဉ်နေတယ်ပေါ့၊ ဟုတ်လား"

"ဖိနပ်မပါဘဲ ကလေးတွေကို စာသွားသင်လို့ မရဘူးဗျ။ ကျွန်တော် ကျိန်ပြောရဲတယ်"

"ကျိန်တော့ မကျိန်ပါနဲ့တော်"

သူ့အတွေးထဲမှ မေးခွန်းတွေကို သူ့ဘာသာသူ ဖြေနေဟန်ဖြင့် –

"ကလေးတွေအတွက် ပိုက်ဆံ ထားခဲ့တာကတော့ ဟုတ်ပါပြီ။ ဒီအကြွေ အနုပ်ကလေးနဲ့ ဘာသွားဝယ်စားလို့ ရမှာလဲ"

"တော်က ငွေအပုံလိုက်ကြီး ရချင်တယ်ပေါ့"

သူက နာတာရှာ့ကို ထူးထူးဆန်းဆန်း ကြည့်လိုက်သည်။ ခဏနေပြီးမှ ပြန်ပြောသည်။ ပြတ်ပြတ်သားသား လေသံဖြင့်–

"ဟုတ်တယ်၊ ငွေတွေ အပုံလိုက်ကြီး လိုချင်တယ်"

"ဟိုး ဆရာလေး၊ အလန့်တကြား၊ အလိုလို လန့်နေရတဲ့အထဲ။ မုန့်တခုလောက် သွားယူလိုက်ဦးမယ်နော်"

"သဘောပဲဗျာ"

"အဲ ...နေဦး၊ တော် အပြင်သွားနေတုန်း စာတစောင် ရောက်လာတယ်"

"ဟုတ်လား၊ ကျွန်တော့်အတွက်လား၊ ဘယ်သူ့ဆီကလဲ"

"အဲဒါတော့ မသိဘူးလေတော်။ ကျုပ် သုံးကိုပက် ပေးပြီး ရွေးထားလိုက်ရတာ။ ပြန်ပေးမယ် မဟုတ်လား"

mgyoe.com

mgyoe.com SAMPLE BOOK

"ဟာ ...အဲဒါတွေ ထားစမ်းပါဗျာ။ စာမြန်မြန် ယူခဲ့စမ်းပါ။ ဒုက္ခပါပဲ"

ရပ်စ်ကိုလ်နီကော့ဗ်က စိတ်မရှည်စွာ ပြောလိုက်သည်။

ချက်ချင်း စာ ရှေ့ရောက်လာသည်။ အမေ့ဆီမှ စာ။ သူ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ အမေ့ဆီမှ စာမလာတာ ကြာပြီကော။ ရင်ထဲ တလှပ်လှပ် ဖြစ်နေသည်။

"ကဲ ...နာတာရှာ၊ သွားတော့၊ သွားတော့၊ ရော့ ...ဒီမှာ သုံးကိုပက်၊ တဆိတ် မြန်မြန် ထွက်သွားဗျာ"

စာအိတ်ကိုင်ထားသော သူ့လက်တွေ တဆတ်ဆတ် တုန်နေသည်။ နာတာရှာ့ ရှေ့တွင် ဖွင့်လို့ မဖြစ်။ အမျိုးသမီးကြီး ထွက်သွားသွားချင်း စာအိတ်ကို နမ်းလိုက်သည်။ ပြီးတော့ လက်ရေးနှင့် လိပ်စာကို အကြာကြီး ငေးကြည့်နေသည်။ အမေ့လက်ရေးက သေးသေးလေးနှင့် ခပ်စောင်းစောင်း ဖြစ်သည်။ သူ့ကို စာရေး၊ စာဖတ် သင်ပေးခဲ့သည့် အမေ။ စာအိတ်ကို မဖွင့်သေးဘဲ လမ်းထလျှောက်သည်။ သူ့စိတ်ထဲတွင် တခုခုကို စိုးရိမ်နေသည်။ နောက်ဆုံးကျမှ စာအိတ် ကို ဖွင့်လိုက်သည်။ စာမှာ အထူကြီး ဖြစ်သည်။ အလေးချိန် တအောင်စ နီးပါး ရှိမည်။

၁

မေမေ့အချစ်ဆုံး ရော့ဒ်ယာ *

မေမေ စာနဲ့ စကားမပြောဖြစ်တာ နှစ်လ ရှိပြီနော်။ အဲဒီအတွက် မေမေ ခံစားရတာတွေ အများကြီးပါ။ အိပ်မပျော်တဲ့ ညတွေလည်း အများကြီးပေါ့။ အဲဒီလို အကြာကြီး အဆက်ပြတ်သွားတဲ့အတွက် သား မေမေ့ကို စိတ်မဆိုးပါ ဘူးနော်။ သားကို မေမေ ဘယ်လောက်ချစ်တယ်ဆိုတာ သားသိပါတယ်နော်။ မေမေတို့မှာ... အဲ... မေမေနဲ့ ဒွန်ညာ့မှာ သားကလွဲလို့ ဘယ်သူမှ မရှိဘူးလေ။ သားကလွဲလို့ ယုံကြည်စရာ၊ မျှော်လင့်စရာ ဘယ်သူမှ မရှိဘူး မဟုတ်လား။ ကျောင်း ဆက်မတက်တော့ဘူး ဆိုတာ ကြားရလို့ မေမေ့မှာ ရင်ထုမနာ ဖြစ်လို့ မဆုံးဘူးကွယ်။ မေမေ့ ပင်စင်လစာကလည်း တနှစ်မှ ရူဘယ် တရာ့နှစ်ဆယ်ပဲ ရတော့ ဘာမှ မဖြစ် လောက်ဘူးလေ။ ဒီတော့ သားဆီ မပို့နိုင်တော့ဘူးပေါ့။ လွန်ခဲ့တဲ့ လေးလက မေမေ ပို့လိုက်တဲ့ ဆယ့်ငါးရူဘယ်ဟာ သားသိတဲ့အတိုင်း သူများဆီက ချေးပေးလိုက်တာ လေ။ ပင်စင်ကို အပေါင်ထားပြီး ချေးရတာ သားရေ၊ ငွေချေးတဲ့လူက မေမေတို့မြို့ က ကုန်သည်ကြီးအဖာနာစီအီဗန်နိုဗစ်ချ် ဗာခရူရှင်လေ။ သူက သဘော ကောင်းပါတယ်၊ သားအဖေရဲ့ သူငယ်ချင်းလေ။ သူ့ကို အကျေဆပ်ပြီးမှ မေမေ ပင်စင်ထုတ်ရမှာမို့ သားဆီပို့ဖို့ ကြာသွားရတာပါ

---

* ရပ်စ်ကိုလ်နီကော့ဗ်ကို ချစ်စနိုးခေါ်ခြင်း ဖြစ်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကွယ်။ ခုတော့ သားဆီ စိုစိုပိုပိုကလေး ပို့နိုင်တော့မှာပါ။ ရှေ့လျှောက် မေမေတို့ အဆင်ပြေမှာပါ။အခြေအနေ ကောင်းတော့မှာပါ။ သား စဉ်းစားကြည့်စမ်း။ မေမေ အဲဒီ သတင်းကောင်း ပါးချင်လို့ ဒီစာကို အမြန်ဆုံး ရေးလိုက်တာ။ သားရဲ့ ညီမ သမီးလေး ဒွန်ညာလေ၊ မေမေ့ဆီ ပြန်ရောက်နေတာ တလခွဲ ရှိပြီ။ နောက်ကို မေမေတို့ သားအမိ ဘယ်တော့မှ ခွဲမနေရတော့ဘူး၊ သိလား။ ဘုရားသခင် ကျေးဇူးတော်ကြောင့် သူ့ဘဝမှန်တိုင်းထဲကနေ ဝင်ရှုံ့ကျွတ်သွားပြီလေ။ မေမေ ဖြည်းဖြည်းချင်း ရှင်းပြသွားမယ်နော်။ ဒါမှ ဘာလို့ ခုချိန်ထိ သူ့အကြောင်း သား မသိအောင် ဖုံးထားရတယ် ဆိုတာ ဓာတ်ရည်လည်သွားမှာ။

လွန်ခဲ့တဲ့ နှစ်လက ဒွန်ညာတယောက် ဆဗီဒရီဂေးလော့ဗ်အိမ်မှာ ရိုင်းပျ စော်ကားမှုတွေ ခံနေရတာ သား ကြားတဲ့အကြောင်း စာရေးလာသေးတယ်နော်။ အဲဒီ အကြောင်း အကြမ်းဖျင်းဖြစ်ဖြစ် သိချင်ပါတယ်လို့ သား ရေးခဲ့တယ်နော်၊ မေမေ ဘယ်လိုလုပ် ရေးနိုင်မလဲ ရောဒ့်ယာ၊ မေမေ အမှန်အတိုင်း ရေးလိုက်ရင် သား ချက်ချင်း ပြန်ပြေးချလာမှာ။ မေမေ့ သားအကြောင်း မေမေ သိတယ်လေ။ ညီမလေးကို ထိရင် သား ဘယ်တော့မှ သည်းခံမှာ မဟုတ်ဘူး မဟုတ်လား။ မေမေ ကိုယ်တိုင်လည်း စိတ်ဓာတ်တွေ ကျပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်လေ။ ပြောရမယ်ဆိုရင် တကယ့်အဖြစ်မှန်က ဘာလဲဆိုတာ မေမေ ကိုယ်တိုင်လည်း အပြည့်အစုံ မသိဘူးလေ။ အဓိကပြဿနာက သူတို့ အိမ်မှာ ဒွန်ညာက ကလေးထိန်း၊ စာပြဆရာမအဖြစ် စ,ဝင်အလုပ်လုပ်ကတည်းက ကြိုတင်ငွေ ရူဘယ်တရာ ယူလိုက်ရတယ်လေ။ လခထဲက တဖြည်းဖြည်း ပြန်ဖြတ်မယ်ပေ့ါ။ အဲဒီအကြွေး မကျေမချင်း အလုပ်ထွက်လို့ မရအောင် လုပ်တဲ့ သဘောပါပဲ။ အဲဒီ ပိုက်ဆံဟာ (မေမေ့အချစ်ဆုံး ရောဒ့်ယာရေ၊ ခုတော့ အားလုံး မေမေ ဖွင့်ပြောနိုင်ပါပြီ) သားဆီ ပို့ပေးဖို့ပါ။ အဲဒီတုန်းကတော့ ပိုက်ဆံ သိပ်လိုနေတယ်လေ။ မနှစ်တုန်းက သားဆီ ပို့ပေးတဲ့ ပိုက်ဆံပေ့ါ။ အဲဒီတုန်းက သားကို မေမေတို့ လိမ်ထားခဲ့ကြတယ်။ ဒွန်နက်ချ်ကာ (ဒွန်ညာ) စုထားတဲ့ ပိုက်ဆံပါလို့ ပြောခဲ့တယ်လေ။ ခုတော့ အမှန်အတိုင်း မေမေ ဖွင့်ပြောပါတော့ မယ်။ ဘုရားသခင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် မေမေတို့ ဘဝအထွေထွေ ပြေလည်လာပါပြီ။ သားညီမလေးက သားကို ဘယ်လောက် ချစ်တယ် ဆိုတာ သား သိတယ်နော်။ မစ္စတာဆဗီဒရီဂေးလော့ဗ်က အစောပိုင်းမှာ သူ့အပေါ် မိုက်ရိုင်းတာ အမှန်ပါပဲ။ နှိမ်လည်း နှိမ်တယ်တဲ့၊ စိတ်မချမ်းသာစရာ အသေးစိတ် တွေတော့ မပြောတော့ပါဘူးကွယ်။ သိရင် စိတ်မကောင်း ဖြစ်ရုံပဲ ရှိမှာပေ့ါ။ ပြီးတော့ ခု အဲဒါတွေ ပြီးသွားပြီလေ။ တိုတိုပြောရရင်တော့ သူ့မိန်းမ မာဖာ ပီထရိုဗနာရဲ့ စိတ်ထားမြင့်မြတ်မှုနဲ့ သူတို့ တအိမ်သားလုံးရဲ့ နားလည်တတ်မှု

mgyoe.com

mgyoe.com SAMPLE BOOK

ကြောင့် အားလုံး ပြေလည်သွားပါပြီ။ စောစောကတော့ ဒွန်နက်ချ်ကာအတွက် အတော့်ကိုမလွယ်တာ၊ မစ္စတာဆင်ဗီဒရီဂေးလော့ဗ်က တပ်ထဲတုန်းက အကျင့်ဆိုးတွေ ပြန်ပေါ်လာပြီး ဇွဲဖောက်လာရင် ဒွန်နက်ချ်ကာအဖို့ ပြေးပေါက်မရှိ ဖြစ်ဖြစ်သွားတယ်။ နောက်ဆုံး ဘယ်လိုဖြစ်သွားလဲ သိလား။ အဲဒီအရူးက ဒွန်နက်ချ်ကာကို ကျိတ်ပြီး အရူးအမူး ဖြစ်နေတာလေ။ အဲဒါကို ဖုံးကွယ်ဖို့ သူက သမီးလေးအပေါ် မောက်မာပြတယ်၊ ရိုင်းစိုင်းပြတယ်။ သူ့ အသက်က လည်း မငယ်တော့ဘူး။ အိမ်ထောင်ဦးစီးလည်း ဖြစ်နေတော့ သူ ရှက်လည်း ရှက်နေမှာပေ့ါ။ ဒါကြောင့် အဲဒီနည်းနဲ့ မျက်နှာဖုံးစွပ်ထားတာ။ မမျှော်လင့် အပ်တဲ့ အရာကို ပိုမျှော်လင့်လာလေ ဒွန်ညာ့အပေါ် သူ ပိုပြီး ရန်ရှာလေ ဖြစ်လာတယ်။ နောက်ဆုံး သူ့စိတ်သူ မထိန်းနိုင်တော့ဘဲ ဒွန်ညာ့ကို ဖွင့်ပြောပါလေရော။ ကတိတွေ အမျိုးမျိုး ပေးလို့ပေ့ါလေ။ အားလုံးကို စွန့်လွှတ်ခဲ့ပြီး တနေရာရာမှာ သွားဖာတ်မြုပ်နေဖို့၊ ဒါမှမဟုတ် နိုင်ငံခြား ထွက်သွားဖို့အထိ ပြောလာတယ်။

သား စဉ်းစားကြည့်ပါကွယ်။ သားညီမလေး ဘယ်လောက် စိတ်ဆင်းရဲလိုက်ရှာမလဲလို့လေ။ ဒါပေမဲ့ ချက်ချင်း ထွက်ပြေးလို့ကလည်း မဖြစ်ဘူး။ ယူထားတဲ့ကြွေးက မကျေသေးဘူးလေ။ ငွေရေးကြေးရေးကြောင့်ချည်း မဟုတ်ဘူး။ မာဖာပီထရိုဗနာ ရိပ်မိသွားမှာလည်း စိုးရသေးတာကိုး။ မိသားစု နာမည်ထိခိုက်မယ့် ကိစ္စ မဟုတ်လား။ ဒွန်နက်ချ်ကာ့အတွက်လည်း မလွဲမသွေ နာမည်ပျက်ရတော့ မှာကိုး။ တခြား စဉ်းစားစရာတွေလည်း အများကြီးပေ့ါကွယ်။ ဒီလိုနဲ့ အဲဒီ အမင်္ဂလာအိမ်ကြီးမှာ ဒွန်နက်ချ်ကာ ခြောက်ပတ်လုံးလုံး ဆက်ပြီး ဒုက္ခခံနေခဲ့ရှာတယ်။ သား သိတဲ့အတိုင်း ဒွန်ညာက သိပ်ထက်တာ၊ သိပ်အသိဉာဏ်မြင့်တာ မဟုတ်လား။ သူ ကျိတ်မှိတ်ခံနေတယ်။ အစွန်းအထင်း မရှိရလေအောင် အန္တရာယ်ကို ရှောင်တိမ်းနေနိုင်ခဲ့တယ်။ သိက္ခာကို မထိပါးအောင် ဣန္ဒြေနဲ့ နေနိုင်ခဲ့တယ်။ မေမေ့ကိုလည်း စိတ်ဆင်းရဲမှာစိုးလို့ဆိုပြီး လုံးဝ အသိမပေးခဲ့ဘူး။

ဒါပေမဲ့ တနေ့မှာတော့ မမျှော်လင့်ဘဲ မာဖာပီထရိုဗနာ သိသွားပါလေရော။ ပန်းခြံထဲမှာ သူ့ယောကျ်ားက ဒွန်ညာ့ကို မရရင် သေရပါမယ်၊ ဘာမယ် ပြောနေတုန်း မိန်းမက ကြားသွားတယ်လေ။ ဒါကို မရွှေမာဖာက သူ့ယောကျ်ားကို အပြစ်မတင်ဘဲ ဒွန်ညာ အနေအထိုင် မတတ်လို့ ဖြစ်ရတာပါလို့ အဓိပ္ပာယ် ဖွင့် တယ်။ ပန်းခြံထဲမှ မြင်မကောင်း ရှုမကောင်း၊ ကျော်မကောင်း ကြားမကောင်းတွေ ဖြစ်ကုန်တော့တာပေ့ါ။ ဘယ်လို ရှင်းပြလို့မှ မရဘဲ မာဖာပီထရိုဗနာကမကြားဝံ့မနာသာတွေပြောပြီးဒွန်ညာ့ကိုပါးဆွဲရိုက်တယ်တဲ့လေ။ ပြီးတော့ ချက်ချင်း မောင်းထုတ်လိုက်တယ်ကွယ်။ ထုပ်ချိန် ပိုးချိန်တော

mgyoe.com

mgyoe.com SAMPLE BOOK

မရလိုက်ဘူး။ လှည်းကြမ်းကြီးပေါ် ပစ္စည်း၊ အဝတ်အစားတွေ ပစ်တင်ပြီး မေမေ့ဆီ ပြန်ပို့တာလေ။ အဲဒီလို အစော်ကားခံရပြီး အရှက်တကွဲ အကျိုးနည်း ဘဝနဲ့ သမီးကလေး မျက်နှာအောက်ချ ပြီး ပြန်ရောက်လာတယ်။ ဆယ်မိုင်ခရီး ကို လယ်သမားတယောက် လိုက်ပို့တယ်လေ။ အဲဒီတော့ လွန်ခဲ့တဲ့နှစ်လက သားရေးတဲ့စာကို မေမေ ဘယ်လို ပြန်ရမလဲကွယ်။ မေမေ အရမ်းစိတ်ဆင်းရဲ နေချိန်ပေါ့။ အမှန်အတိုင်းလည်း သားဆီ မရေးရဲဘူး။ သားသိလည်း စိတ်ညစ်ရုံပဲ ရှိမယ်။ ဘာမှ လုပ်နိုင်မှာလည်း မဟုတ်ဘူး။ ညီမစိတ်နဲ့ သား ပျက်စီးတောင် သွားနိုင်တယ်လေ။ ဒွန်ညာက သားဆီ စာရေးခိုင်းပါတယ်။ ဒီအကြောင်း မပါဘဲ တခြားအကြောင်းတွေ ရေးပေ့ါတဲ့။ အဲဒီအချိန်မှာ မေမေ့ဝိညာဉ်ကို သောက တွေ ဖုံးနေပြီ။ ဒွန်ညာ့သတင်းကလည်း တမြို့လုံး နှံ့နေပြီ။ လူတွေရဲ့ အကြည့် တွေ၊ တီးတိုးသံတွေကို ရင်မဆိုင်ရဲလို့ မေမေတို့ သားအမိ ဘုရားကျောင်း တောင် မသွားရဲတော့ဘူးလေ။ အပေါင်းအသင်းတွေကလည်း လမ်းမှာ တွေ့ရင် တောင် နှုတ်မဆက်ချင်ကြတော့ဘူး။ တချို့က ဝေးဝေးရှောင်နေပြီး တချို့ ကောင်လေးတွေက ခြံဝကို ကတ္တရာနဲ့ လာပက်ကြတယ်။ *

ဒီတော့ အိမ်ရှင်က မေမေတို့ကို အိမ်ပြောင်းဖို့ ပြောလာတယ်။ အားလုံး မာဖာ့စနက်တွေလေ။ သူက သတင်း မပြန့်ပြန့်အောင် လိုက်ဖြန့်နေတယ်တဲ့ ကွယ်။ သူတို့က ဩဇာလည်းရှိ၊ အသိအကျွမ်းကလည်း များတော့ သတင်းက ပြန့်လွယ်တာပေ့ါကွယ်။ မေမေ ခံနိုင်ရည် မရှိတော့ဘူး။ အိပ်ရာထဲ လဲရော၊ ဒွန်ညာက မေမေ့ထက် မာတယ်၊ မေမေ့ကို နှစ်သိမ့်တယ်၊ တရားပြတယ်၊ တကယ့် သူတော်ကောင်းမလေးပါ သားရယ်။ ဒါပေမဲ့ ဘုရားသခင်ရဲ့ အစောင်အမ ကြောင့် မေမေတို့ ဒုက္ခတွေ တာမရှည် လိုက်ဘူး။ မစ္စတာ ဆဗီဒရီဂေးလော့ဗ်ဟာ ဒွန်ညာ့အတွက် အများကြီး စိတ်မကောင်း ဖြစ်လာတယ်။ ပန်းခြံထဲမှာ သူတို့ နှစ်ယောက် မတွေ့ခင်က လူနာ အမဲခြောက် တောင်းသလို တနေရာရာမှာ နှစ်ယောက်ချင်းတွေ့၊ တကျည်ကျည် လုပ်နေတဲ့ ဆဗီဒရီဂေးလော့ဗ်ကို ဒွန်ညာ အပြတ်ငြင်းတဲ့ စာတစောင် သူ့ဆီမှာ ရှိနေတယ်။ စာထဲမှာ မိသားစု ဂုဏ်သိက္ခာ ဆည်ဖို့ မာဖာပီထရိုဗနာရဲ့ မျက်နှာထောက်ဖို့ ဖခင်တယောက်အနေနဲ့ ကလေး တွေအတွက် ငဲ့ဖို့ နားချ တရားပြတဲ့ စာလေ။ မိမိမှာ မှဲ့တပေါက် မစွန်းခဲ့တဲ့ အကာအကွယ်မဲ့ မိန်းကလေးဖြစ်လို့ နောက်ထပ် မကြိုးစားဖို့ပေ့ါ။ (သားရေ... နောက်ပိုင်း ပြန်ရလို့ အဲဒီစာ မေမေ ဖတ်ရတော့ မျက်ရည်မဆည် နိုင်ဘူးကွယ်) ဒီကိစ္စ သူတို့လင်မယားကြားမှာ ပေါ်လာတော့ ဒွန်ညာ့မှာ အပြစ် ဟူသရွေ့ မြူမှုန့်မျှ မရှိကြောင်း ယောကျ်ားက မိန်းမကို အဲဒီစာ ပြတယ်။ ပြီးတော့

* ရုရှား တောမြို့ကလေးများ၊ ကျေးရွာများတွင် စာရိတ္တ မကောင်းသည့် အိမ်ခြံတံခါးကို ကတ္တရာနှင့် ပက်လေ့ ရှိသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒွန်ညာ့ကို တောင်းပန်ခိုင်းတယ်။ အစေခံတွေကလည်း ဒွန်ညာဟာ ပြစ်မျိုးမှ မထင် ဖြူစင်တဲ့ မိန်းကလေး ဖြစ်ကြောင်း ဝိုင်းသက်သေခံကြတယ်။ ဒီမှာတင် မာဖာပီထရိုဗနာ တယောက် အရမ်း တုန်လှုပ်သွားတယ်။ မေမေတို့ဆီ ပြေးလာပြီး အနူးအညွတ် တောင်းပန်တယ်လေ။ နောက်တနေ့မှာ ဘုရားကျောင်းသွားပြီး အပြစ်ကို ဝန်ချတယ်။ တင်ရှိနေတဲ့ တာဝန်ကြွေးကို ထမ်းဆောင်ပါမယ်လို့လည်း မယ်တော်မာရီ ရှေ့မှောက်မှာ ကတိကဝတ် ပြုခဲ့တယ်။

ဘုရားကျောင်းက အပြန် မေမေတို့ဆီ တန်းရောက်လာပြီး ဒွန်ညာ့ကို ဖက်ရင်း သူ့ကို ခွင့်လွှတ်ဖို့ ငိုယိုတောင်းပန်ရှာတယ်။ ဒွန်ညာလည်း မျက်ရည် မဆည်နိုင်ဘူးပေ့ါ။ အဲဒီမနက်မှာပဲ သူ သတင်းလွှင့်ထားခဲ့တဲ့ အိမ်တွေကို တအိမ် တက်ဆင်း လျှောက်သွားပြီး သူ အထင်လွဲခဲ့တာ ဖြစ်ကြောင်း၊ ဒွန်ညာဟာ ဘာအပြစ်မှ မရှိတဲ့ သူတော်စင်မလေး ဖြစ်ကြောင်းတွေ လျှောက်ပြောတယ်။ သက်သေအဖြစ် ဒွန်ညာ့ စာကိုလည်း အားလုံးကို ပြတယ်။ ဒွန်ညာ့လက်ရေးကို မိတ္တူကူးပြီး ဖြန့်တယ်လို့တောင် ကြားရတယ်။ (မေမေကတော့ ဒါလောက် မလိုဘူး ထင်ပါတယ်) ဒါပေမဲ့ ဒွန်ညာရဲ့ ဂုဏ်သိက္ခာကတော့ ချက်ချင်း ပြန်တက် လာတယ် ဆိုပါတော့။ တပြိုင်တည်းမှာ သူ့ယောကျ်ားကတော့ မြောင်းထဲ ရောက်သွားမတတ်ပဲ။ သူ့အတွက် မေမေ စိတ်မကောင်းပါဘူး။ သူ ရမ်းတာ တွေကြောင့် ဖြစ်ကုန်တာတွေလေ။ ဒွန်ညာ့ကို အထက်တန်းလွှာ အိမ်ကြီး တွေက ကလေးတွေကို ကျူရှင်ပေးဖို့ ခေါ်ကြတယ်။ သူက အားလုံး ငြင်းလွှတ် တယ်။ သူ့ကို လူတိုင်းလိုလိုက တလေးတစား ဆက်ဆံလာကြတယ်။

ဒီလိုကြီးမားတဲ့အပြောင်းအလဲဟာမေမေတို့ရဲ့ ကံကြမ္မာအချိုးအကွေ့ ထင်ပါရဲ့။ ဒီလို ရော့ဒ်ကာရေ... အဲဒီ အချိန်မှာပဲ ဒွန်ညာ့ကို လက်ထပ်ချင်တဲ့ ဖူးစာရှင်လောင်းတယောက် ပေါ်လာတယ်။ ဒွန်ညာ့ကို လက်ထပ်ပါရစေတဲ့။ သမီးကတော့ စဉ်းစားနေတုန်းပါပဲ။ ဒါပေမဲ့ မေမေက သားဆီ အမြန်ဆုံး အကြောင်းကြားချင်နေပြီ။ ဒီကိစ္စမှာ သားနဲ့ မတိုင်ပင်ရတာကို သားရဲ့ ညီမလေး အပေါ် ဗွေမယူ ပါနဲ့နော်။ မေမေ့ကိုလည်း ခွင့်လွှတ်ပါ။ သားဆီက အဖြေ စောင့်ဖို့ မေမေတို့မှာ အချိန်မရတော့လို့ပါ။ သားကိုယ်တိုင် အနားမှာ ရှိမနေ တော့ အသေးစိတ် ဆွေးနွေး ဖို့တော့ မဖြစ်နိုင်ဘူးလေ။

ဖြစ်ပုံက ဒီလို ရော့ဒ်ယာရေ... သူက သတ္တမအဆင့် တရားရေးဝန်ထမ်း အရာရှိကြီး၊ သူ့နာမည်က ပျိုတာပီထရိုဗစ်ချ်လူဇင်တဲ့။ မာဖာပီထရိုဗနာနဲ့ ဆွေမျိုးနီးစပ် တော်တယ်။ အောင်သွယ်တော်ကတော့ မာဖာ ကိုယ်တိုင်ပါပဲ။ သူက တဆင့် မေမေတို့ သားအမိနဲ့ မိတ်ဆက်၊ လက်ထပ်ချင်တဲ့အကြောင်း စာရေး။ သူက ဒွန်ညာ့အဖြေကို အလောတကြီး တောင်းခံနေတယ်။ သူက

mgyoe.com

mgyoe.com
SAMPLE BOOK

ယဉ်ယဉ်ကျေးကျေး ချဉ်းကပ်တာပါ။ သူဟာ သိပ်အလုပ်များတဲ့ အစိုးရအရာရှိကြီးလေ။ လောလောဆယ် ပီတာစဘတ် သွားဖို့ ကိစ္စရှိနေတယ်။ ခုအချိန်က သူ့အတွက် လွတ်အရေးကြီးနေတယ်တဲ့။ မေမေတို့လည်း ပထမ အရမ်းအံ့သြသွားတယ်။ ခုမှ ချက်ချင်း ဖြစ်လာတာကိုး။ မမျှော်လင့်ဘဲ ပေါ်လာတဲ့ ကိစ္စတဲ့။ မေမေတို့သားအမိ ခေါင်းတွေ ပူအောင် စဉ်းစားရတော့တာပေ့ါ။ သူဟာ တကယ်ယုံကြည် စိတ်ချရတဲ့ လူ၊ အောင်မြင်နေတဲ့ လူတယောက်ပါ။ သူနေတဲ့ မြို့မှာ ဌာနကြီးနှစ်ခုကို တာဝန်ယူထားရတယ်။ အသက်ကတော့ လေးဆယ့်ငါးထဲမှာပေ့ါ။ ဒါပေမဲ့ လူက ခင်မင်ချင်စရာ ကောင်းပါတယ်။ လူချောတယောက်ပါ။ အမျိုးသမီးတွေ ကျလောက်တဲ့ ပုံစံမျိုး။ လူတော်တယောက်ပါ။ ဒါပေမဲ့ နည်းနည်းတော့ ကြီးကျယ်သလိုပဲ။ မျက်နှာထား တည်တယ်၊ ဒါပေမဲ့ စကားပြောကြည့်ရင် ချက်ချင်း နွေးထွေးသွားရော။ သားကို တခုတော့ ကြိုပြောထားပါရစေ။ ပီတာစဘတ်မှာ သူနဲ့ တွေ့ရင် အဲ... မကြာခင် သူ ရောက်လာမှာ။ တွေ့ရင် ချက်ချင်း သူ့ကို အကဲမဖြတ်ပါနဲ့။ သားက စိတ်မြန်တတ်လို့၊ သူက သားကိုတလေးတစား ဆက်ဆံမှာ သေချာပါတယ်။ လူတယောက်ကိုအကဲဖြတ်မယ် ဆိုရင် အချိန်ယူသင့်တယ်လေ။ အလောတကြီး ဆုံးဖြတ်ရင် မှားတတ်တယ်။ မှား ရင် အပြင်ရခက်တယ် မဟုတ်လား။

ပျိုတာပီထရို ဗစ်ချ်ဟာ လူရိုသေ ရှင်ရိုသေ အစားထဲကပါ။ မေမေတို့နဲ့ ပထမဆုံး တွေ့တဲ့အချိန်မှာပဲ သူဟာ ပွင့်ပွင့်လင်းလင်း ပြောတတ်တဲ့ အကြောင်း ဖွင့်ဟ ဝန်ခံတယ်။ ဒါပေမဲ့ တဖက်သားပြောတာကိုလည်း သူနားထောင်တတ်ပါတယ်တဲ့။ "ဒီခေတ်ကြီးမှာ တယူသန်ဖြစ်နေရင် အာဃာတသမားဖြစ်သွားမှာပေ့ါ"တဲ့။ သူပြောတာတွေ မေမေ အားလုံး နားမလည်ပါဘူး။ ဒွန်ညာက ရှင်းပြတယ်။ သူဟာ ပညာတတ်ကြီးတယောက် မဟုတ်ပေမယ့် ကြင်နာတတ်ပုံရပါတယ် တဲ့။ အသိဉာဏ်လည်း မြင့်ပုံပါပဲတဲ့။ ထက်မြက်မယ့်ပုံပါပဲတဲ့။ သားရဲ့ ညီမအကြောင်း လည်း သိတယ် မဟုတ်လား။ သိပ်တိကျတာ၊ ခေါင်းလည်း အေးတယ်၊ စိတ်ထား မြင့်မြတ်တယ်၊ ကြာလေ ကြာလေ သူ့နှလုံးသားရဲ့ ခွန်အားကို မေမေ မြင်လာလေပဲ။ အချစ်မပါသော်လည်း ဒွန်ညာဟာ ဦးနှောက်ရှိတဲ့ မိန်းကလေးမို့ ယောကျ်ားလုပ်သူ ကိုပျော်အောင် ထားနိုင်မှာပါ၊ သူကိုယ်တိုင်လည်း ပျော်မှာပါ။ ဒါ အရေးကြီးဆုံးလေ။ ဒွန်ညာ ပျော်မယ်ဆိုတာကို သံသယဖြစ်စရာ မရှိသလောက်ပါပဲ။ တခုပဲ ပြောစရာ ရှိတယ်။ ဆုံးဖြတ်တာ သိပ်မြန်လွန်းသွားတယ်။ သူဟာ အမြော်အမြင်ကြီးတဲ့ လူတယောက်ပါ။ သူ့ ပျော်ရွှင်မှုအတွက်ထက် ဒွန်နက်ချ်ကာလေးရဲ့ ပျော်ရွှင်မှုကို ဦးစားပေးမယ့် လူစားမျိုးပါ။ ကြည့်ပေ့ါလေ။ သားကိုယ်တိုင် သူနဲ့ တွေ့ရတော့မှာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

ဒွန်ညာက မေမေ့ကို ပြောတယ်။ နေရာတကာမှာတော့ အတွေး အမြင်ချင်းတူချင်မှတူမှာပေါ့တဲ့။ (ပျော်ရွှင်နေပါတယ်ဆိုတဲ့အိမ်ထောင်တွေမှာ လည်း လျှာနဲ့သွားလို ကိစ္စတွေ ရှိတာပဲ မဟုတ်လား) ဒါပေမဲ့ သူ သည်းခံနိုင်ပါ တယ်တဲ့။ ဒါကိုလည်း သူ့ကိုယ်သူ ယုံကြည်ပါတယ်တဲ့။ အဲဒီအတွက် ဘာမှ မပူပါနဲ့တဲ့။ အိမ်ထောင်ရေးမှာ တရားလွန် တဖက်စောင်းနင်း လုပ်မလာရင်ပေါ့ လေတဲ့။ သူက တမျိုးတော့ တမျိုးပဲ။ ပထမဆုံး မေမေနဲ့ စကားပြောတော့ တိုတောင်းသလိုပဲ။ မဟုတ်ပါဘူး၊ ပရိယာယ်ဝေဝုစ် မပါဘဲ တဲ့တိုးပြောတတ်တဲ့ အကျင့်ပါ။ ဥပမာ–ဒုတိယအကြိမ် သူ အိမ်လာလည်တုန်းကပေါ့။ အဲဒီတုန်းက ဒွန်ညာ သူ့ကမ်းလှမ်းချက်ကို လက်ခံပြီးပြီ။ သူက ဘယ်လို ပြောသလဲဆိုရင် ဆင်းရဲတဲ့ မိန်းကလေး၊ ခန်းဝင်ပစ္စည်းဖိုး မတတ်နိုင်တဲ့ မိန်းကလေးမျိုးကိုပဲ ရှာပြီး လက်ထပ်ဖို့ ဆုံးဖြတ်ထားတာတဲ့။ သူ လက်ထပ်တဲ့ မိန်းကလေးဟာ ဘဝကို ရုန်းကန်နေတဲ့ မိန်းကလေးမျိုး ဖြစ်ရမယ်တဲ့။ ဘာပြုလို့လဲဆိုတော့ လင်ယောကျ်ားဟာသူ့ဇနီးအတွက်ဘာတာဝန်မှ ယူဖို့မလိုဘူးတဲ့၊ ဇနီးလုပ်သူက လင်ယောကျ်ားကို ကျေးဇူးရှင်လို့ အိမ်ဦးနတ်လို ကိုးကွယ်နိုင်ရင် အကောင်းဆုံး ပဲတဲ့။ သူက အဲဒါမျိုးတွေကို လေအေးကလေးနဲ့ သိုင်းသိုင်းဖွဲ့ဖွဲ့ ပြောနေတာ လေ။ သူပြောသလောက် လုလုပပ မေမေ ပြန်မရေးတတ်ပါဘူး။ မေမေက အဲဒီအကြောင်း ဒွန်ညာ့ကို ပြန်မေးတော့ မျက်နှာပျက်ပျက်နဲ့ ပြန်ပြောတယ်။ "စကားလုံးတွေဟာ တရားမဝင်ပါဘူး" တဲ့။ သူ အဖြေမပေးခင် ညမှာ လုံးလုံး မအိပ်ဘူး။ မေမေ အိပ်ပျော်နေပြီ ထင်ပြီး အိပ်ရာပေါ်က ဆင်းသွားတယ်။ အခန်းထဲမှာ တညလုံး ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေတယ်။ နောက် ဆုံးမှ မယ်တော်မာရီ ရုပ်တုတော်ရှေ့မှာ ဒူးတုပ်ထိုင်ချပြီး အကြာကြီး ဆုတောင်း နေတယ်။ မနက် မိုးလင်းတော့ သူ ဆုံးဖြတ်ပြီးတဲ့အကြောင်း မေမေ့ကို ဖွင့်ပြောတယ်လေ။

ပီတာစဘတ်ကိုပျိုတာပီထရိုဗစ်မကြာခင်ရောက်လာမယ့်အကြောင်း မေမေ ပြောပြီးပြီနော်။ သူ အဲဒီမှာ လုပ်ငန်းကြီးတခု စဖို့ အစီအစဉ် ရှိတယ်။ ဥပဒေလုပ်ငန်း ကုမ္ပဏီကြီးတဲ့။ အမှုတခုမှာ တနေ့ကပဲ နိုင်ခဲ့သေးတယ်။ ဘုရင်မင်းမြတ်ဆီ တိုက်ရိုက်တင်သွင်းရတဲ့ ပီတာစဘတ် တရားလွှတ်တော်ကို သူ သွားရမှာ။ ဒါကြောင့် သားအတွက်လည်း အားကိုးရမှာပါ။ မေမေနဲ့ ဒွန်ညာ ဆုံးဖြတ်တာ အဲဒီအတွက်လည်း ပါတယ်လေ။ သားရဲ့ ရှေ့ရေးအတွက် မပူရ တော့ဘူးပေါ့။ အင်း... အားလုံး အဆင်ပြေသွားမယ် ဆိုရင်တော့ မေမေတို့ကို ဘုရားသခင် ကိုယ်တော်တိုင် စောင်မတော်မူတာပဲ။ ဒါတွေအားလုံးဟာ ဒွန်ညာ့ အိပ်မက်တွေလေ။ ဒီကိစ္စကိုသူ့နဲ့ အရိပ်အမြွက်လောက်ပဲပြောထားသေးတယ်။ သူကလည်း ပြောပါတယ်၊ သူ့မှာ အတွင်းရေးမှူး လိုနေတာတဲ့၊ လူစိမ်းတယောက်

mgyoe.com

mgyoe.com SAMPLE BOOK

ကို ခန့်မယ့်အစား ဆွေထဲမျိုးထဲက လုပ်မယ့်လူရှိရင် ပိုကောင်းတာပေါ့တဲ့။ အရည်အချင်း ပြည့်ဖို့တော့ လိုတာပေါ့လေလို့လည်း ဖြည့်ပြောတယ် သားရဲ့။ ဒါပေမဲ့ သား ဥပဒေတန်း တက်ထားတဲ့ အတွေ့အကြုံနဲ့ဆိုရင် သားလုပ်နိုင်မှာ ပါလို့လည်း ပြောရဲ့။ လောလောဆယ်မှာတော့ ဒါလောက်နဲ့ ရပ်ထားကြတယ်။

ဒွန်ညာကတော့ အဲဒီကိစ္စပဲ စဉ်းစားနေတယ်လေ။ တနေ့မှာ သား သူ့ လက်ထောက် ဖြစ်လာနိုင်တယ်။ နောက် သူ့ ဥပဒေလုပ်ငန်းမှာ အစုဝင် ဖြစ်လာနိုင်တယ်၊ ဘာညာ ဘာညာပေါ့လေ။ မေမေကတော့ သူ့အတွေးအခေါ် အားလုံးကို ထောက်ခံတယ်၊ သဘောတူတယ်။ ဒါပေမဲ့ သားနဲ့ သူက မတွေ့ဖူး သေးတော့ အဲ... တွေ့စမှာ သားတို့ စိမ်းချင် စိမ်းနေကြဦးမှာပေါ့။ ဒွန်ညာက တော့ သူ့ခင်ပွန်းလောင်း အပေါ်မှာ ဩဇာလွှမ်းနိုင်လိမ့်မယ်လို့ စိတ်ချထား တယ်။ ဒါပေမဲ့ တို့သားအမိတွေရဲ့ အိပ်မက်တွေကိုတော့ ဖွင့်ပြောမထားဘူး။ သား ကျောင်းစရိတ်လည်း သူ ထုတ်ပေးမှာ သေချာပါတယ်။ ဖွင့်မပြောတာက တော့ သူ့အလိုလို ဖြစ်လာမယ့် ကိစ္စမို့ပါ။ သိပ်အားထုတ်စရာ မလိုပါဘူး။ နောက်ပိုင်းမှာ သားက သူ့လက်ထောက် ဖြစ်လာပြီး လခလည်း ကောင်းကောင်း ရမှာပါ။ ဒီအကြောင်း စကားမစသေးတဲ့ နောက်တကြောင်းက သားနဲ့ သူနဲ့ တွေ့တဲ့အခါ မျက်နှာ မငယ်စေချင်လို့လေ။ သူ့ရှေ့မှာ သား အကြောင်းပြောရင် ဒွန်ညာတယောက် ရွှင်နေတာပဲ သိလား။ သူကတော့ ခပ်အေးအေး ပြန်ပြော တယ်။ လူ တယောက် အကြောင်းကို စကားပြောကြည့်ပြီးမှ လေ့လာပြီး ဆုံးဖြတ်တာပေါ့တဲ့။

သူတို့ လက်ထပ်ပြီးရင် မေမေတော့ ခုလိုပဲ တယောက်တည်း နေချင် တယ်။ သူတို့နဲ့ လိုက်မနေဘူး။ သူကတော့ အတူနေဖို့ ပြောမှာ သေချာတယ်။ ဒါပေမဲ့မေမေကတော့ငြင်းမှာပါ။မေမေ့ အတွေ့အကြုံအရ ယောကျ်ားတွေဟာ သူတို့ ယောက္ခမတွေနဲ့ အတူ မနေချင်ကြပါဘူး။ အတူနေရင်လည်း နွေးနွေး ထွေးထွေး မရှိကြပါဘူး။ ဒါကြောင့် မေမေ သူ့ကို ဒုက္ခမပေးပါဘူး။ ဒါကြောင့် ကိုယ့်ဘာသာ ကိုယ်ပဲ နေမယ်။ မငတ်နိုင်ပါဘူး။ သားနဲ့ သမီးကလည်း မေမေ့ ကို မျက်နှာလွှဲ ခဲပစ် ထားမှာမှ မဟုတ်တာ။ ဖြစ်နိုင်ရင်တော့ သားနဲ့ရော၊ သမီး နဲ့ပါ သိပ်မဝေးတဲ့ နေရာမှာ နေချင်တယ်။ သားနဲ့ မတွေ့တာ သုံးနှစ်နီးပါး ရှိပြီ။ သားကို တွေ့ချင်လှပြီ။ ဖက်ထားချင်လှပြီ။ မေမေတို့ သားအမိ ပီတာစဘတ်ကို လာဖြစ်ဖို့ သေချာနေပြီ။ ဘယ်တော့ လာဖြစ်မယ်ဆိုတာသာ မသေချာသေးတာ။ ဒါပေမဲ့ သိပ်မကြာတော့ပါဘူး။ တပတ်အတွင်းတောင် ရောက်ချင် ရောက်လာ မှာ။ အဲဒါတော့ ပျိုတာပီထရိုဗစ်ချ်အပေါ်မှာ လုံးလုံး တည်တယ်လေ။ သူ ပီတာစဘတ် ရောက်ပြီး မကြာခင် မေမေတို့ကို ခေါ်မှာပါ။

mgyoe.com

mgyoe.com
SAMPLE BOOK

သူက ခပ်အေးအေးသမားပါ။ မင်္ဂလာဆောင်ဖို့လည်း မလောပါဘူး။ လာမယ့်ဝါကျွတ်လောက် ဖြစ်ရင် တော်ပါပြီတဲ့။ မဖြစ်နိုင်ရင်လည်း မယ်တော်မာရီ ပွဲတော်ကျမှဆိုလည်း ဖြစ်ပါတယ်တဲ့။ သားကို ရင်ခွင်ထဲ ဆွဲပြီး မေမေ နှုတ်ဆက်ချင်လှပြီ။ သားရဲ့ ညီမလေးကလည်း သူ့အစ်ကိုနဲ့ တွေ့ရတော့မှာမို့ အရမ်းပျော်နေတယ် လေ။ နောက်သလိုလိုနဲ့ ပြောသေးတယ် သိလား။ သားနဲ့ မြန်မြန် တွေ့ချင်လို့ ပျိုတာပီထရိုဗစ်ချ်ကို လက်ထပ်မှာတဲ့လေ။ ပြီးတော့ ပြောသေးတယ်။ အနမ်းများစွာ၊ ပွေ့ဖက်ခြင်းများစွာ ထည့်ပေးလိုက်ပါတယ်လို့ စာထဲ ထည့်ရေးပါတဲ့လေ။

မကြာခင် ရောက်လာမှာ ဖြစ်ပေမယ့် ဒီရက်ပိုင်းအတွင်း သားဆီကို မေမေ ငွေပို့ပေးပါဦးမယ်။ တတ်နိုင်သလောက်ပေါ့။ ဒွန်ညာနဲ့ ပျိုတာပီထရိုဗစ်ချ် လူ့ဇင် လက်ထပ်တော့မယ် ဆိုတာ လူတိုင်း သိနေတော့ မေမေ့ကို လူတွေ တလေးတစား ဖြစ်လာကြတယ်။ အဖာနာစီအီဗန်နိုဗစ်ချ်လည်း မေမေ့ ပင်စင်ကို အပေါင်ထားပြီး လွယ်လွယ်ကူကူ ချေးမှာ သေချာပါတယ်။ ဒါဆို ခုနစ်ဆယ့်ငါး ရူဘယ် ရမှာ။ သားဆီ နှစ်ဆယ့်ငါး၊ ဒါမှမဟုတ် သုံးဆယ်လောက် မေမေ ပို့နိုင်ပါလိမ့်မယ်။ မဟုတ်ရင် ဒါထက် ပို့နိုင်မှာ။ လာရမယ့် ခရီးစရိတ်အတွက် ဖယ်ထားရလို့လေ။ ပျိုတာက ခရီးစရိတ်တဝက် သူ ကျခံမယ် ပြောပါတယ်။ ရောမ သေတ္တာကြီးအတွက် တန်ဆာခလည်း သူ ပေးမယ် ပြောပါတယ်။ ဒါပေမဲ့ ပီတာစဘတ် ရောက်ပြီး ရက်အနည်းငယ်အတွက် သုံးဖို့ စွဲဖို့ ချန်ထားရသေးတယ်လေ။ လမ်းမှာတော့ ကုန်စရာ သိပ်မရှိပါဘူး။ ဒီကနေ ဘူတာကို မိုင် ခြောက်ဆယ်ပဲ ဝေးတာမဟုတ်လား။ အသိ လှည်းသမားတယောက်နဲ့ စီစဉ်ထားပြီ။ တတိယတန်းတွဲကပဲ စီးမယ်လေ။ ဒါကြောင့် သားဆီ နှစ်ဆယ့်ငါး ရူဘယ်အစား သုံးဆယ် ပို့နိုင်ကောင်းပါရဲ့။

ကဲ... စာလည်း ရှည်လှပြီ။ စာရွက်နှစ်ရွက်လုံးလည်း ပြည့်သွားပြီ။ ဒါပေမဲ့ သားရေ... ပြောစရာတွေ အများကြီး ကျန်သေးတယ်။ သား ကျန်းမာပါစေ၊ သားရဲ့ ညီမလေးကို ချစ်မြတ်နိုးပါ။ သူက သားကို သူ့ကိုယ်သူထက် ပိုချစ်တာ မဟုတ်လား။ သားဟာ မေမေတို့သားအမိရဲ့ ယုံကြည်ရာ၊ အားထားရာ မဏ္ဍိုင်ပါကွယ်။ သား ပျော်မှ မေမေတို့ ပျော်နိုင်မှာ။ ဘုရားသခင်ဆီမှာကော မှန်မှန် ဆုတောင်းရဲ့လား။ ယေ်ယေ်တုန်းကတော့ သား ဘုရားကျောင်းကို မှန်မှန်တက်တယ်နော်။ ဖန်ဆင်းရှင်ကိုယ်တော်ရဲ့ ကျေးဇူးတော်ကိုကော သား မှန်မှန်အာရုံပြုဖြစ်ရဲ့လား။ ခုခေတ်ပေါ်အတွေးအမြင်၊ အယူအဆတွေနောက်ကို သား လိုက်သွားမှာတော့ မေမေ ပူတယ်။ နတ္ထိကဝါဒမျိုးတွေလေ။ အဲဒီလို မဖြစ်အောင် မေမေ ဆုတောင်းပေးနေပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ငယ်ငယ်တုန်းက အကြောင်းတွေ သား မှတ်မိသေးလား။ သားဖေဖေ ရှိတုန်းကလေ။ မေမေ့ပေါင်ပေါ် ထိုင်ပြီး သမ္မာကျမ်းစာတွေ သား ရွတ်တယ်လေ။ အဲဒီတုန်းက မေမေတို့ မိသားစု အရမ်း ပျော်ခဲ့ကြတယ်နော်။

သားရေ... ဂွဒ်ဘိုင်။

ပြန်လည်၍ တွေ့ဆုံသည့်တိုင်အောင်ပေါ့နော်။

အနမ်းများစွာဖြင့်–

သားကို သက်ဆုံးတိုင် ချစ်မယ့်

မေမေ၊ ပူလ်ချာရီးယာရပ်စ်ကိုလ်နီကော့ဗ်

○

အမေ့စာကို ရပ်စ်ကိုလ်နီကော့ဗ်တယောက် အစမှ အဆုံး တောက်လျှောက် ဖတ်သွားသည်။ သူ့မျက်နှာ တခုလုံး မျက်ရည်တွေနှင့် စိုရွှဲနေသည်။ ဖတ်ပြီးသွားတော့ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ မျက်နှာပေါ်မှ အကြောတွေ ရှုံ့တွန့်နေသည်။ နှုတ်ခမ်းပေါ်တွင်တော့ အလွန့်အလွန် နာကြည်းသည့် အပြုံးရိပ် ထင်နေသည်။ ဦးခေါင်းကို ပိန်ရှုံ့နေသည့် ခေါင်းအုံးပေါ်သို့ ပစ်မှီလိုက်သည်။ ပြီးတော့ စဉ်းစားခန်း ဝင်သည်။ အကြာကြီး စဉ်းစားသည်။ ရင်ခုန်သံတွေ ပိုမြန်လာသည်။ သူ့အတွေးတွေ အပြင်းအထန် ဗလောင်ဆူလာသည်။ ဗီရိုတလုံးနှင့် တူသည့် အခန်းကျဉ်းကလေးထဲတွင် ခွေခွေခေါက်ခေါက်နှင့် မွန်းကျပ်လာ သည်။ သူ့မျက်လုံးတွေနှင့် သူ့စိတ်က ကျယ်ကျယ်လွင့်လွင့် လွင်ပြင်ကို တမ်းတလာသည်။ ဦးထုပ်ကို ဆတ်ခနဲ ကောက်ဆောင်းပြီး အပြင် ထွက်လာခဲ့သည်။ လှေကားတွင် ဘယ်သူနှင့် တွေ့တွေ့ သူ ဂရုမစိုက်တော့။ ဒါတွေအားလုံး သူ မေ့သွားပြီ။ သူ့ခြေလှမ်းတွေက ဗာစီလီ ဗက်စကီကျွန်း ဆီသို့ ဦးတည်နေသည်။ အလုပ်ကိစ္စတခု ရှိနေသည့်အလား သုတ်ခြေတင်နေ၏။ သို့သော် ထုံးစံအတိုင်း ဘယ်ကို သွားနေမှန်း မသိ။ တယောက်တည်း စကားတွေ တတွတ်တွတ် ပြောလျက်။ ရံခါတွင် အသံကျယ်သွားတတ်သည်။ လမ်းသွားလမ်းလာတွေက သူ့ကို တအံ့တဩ ကြည့်သွားကြသည်။ အများစုက သူ့ကို မူးလာသည်ဟု ထင်ကြသည်။

(၄)

အမေ့စာသည် သူ့ရင်ဘတ်ကို တည့်တည့် ထိမှန်သွားသည်။ စာဖတ်လို့ မဆုံးခင်ကပင် ဆုံးဖြတ်ချက် တခုကို ချပြီးသား ဖြစ်သွားသည်။

“ငါ အသက်ရှင်နေသမျှ အဲဒီ လူဇင် (ပျိုတာ ပီထရိုဗစ်ချ်) ဆိုတဲ့ လူနဲ့ ငါ့ညီမ ဘယ်တော့မှ မညားစေရဘူး”

mgyoe.com

mgyoe.com SAMPLE BOOK

တယောက်တည်း ဆက်ပြောသွားသည်။ သူ့ ဆုံးဖြတ်ချက်အတွက် အားရကျေနပ်လျက် ရှိသည်။ သူ့နှုတ်ခမ်းအစုံတွင် နာကြည်းသော၊ သို့သော် အောင်မြင်သော အပြုံးကို ပြုံးလျက်။

"ရှင်းနေတာပဲ။ မဟုတ်ဘူး မေမေ၊ မဟုတ်ဘူး ဒွန်ညာ။ မေမေတို့ ကျွန်တော့်ကို ညာလို့ မရပါဘူး။ အဲ... နေဦး၊ သူတို့က ငါ့သဘောတူညီမှု မပါဘဲ ဆုံးဖြတ်လိုက်ရတဲ့အတွက် တောင်းပန်ထားသေးတာပဲ။ ဒါပေါ့၊ တောင်းပန်ရမှာပေါ့။ သူတို့က ဘယ်သူဖျက်ဖျက် မပျက်နိုင်တော့ဘူး ထင်နေကြပုံရတယ်။ အင်း ...ကြည့်ကြသေးတာပေါ့လေ။ သူတို့ အဓိက ပြတဲ့ ဆင်ခြေက ဘာတဲ့... သူက သိပ်အလုပ်များတဲ့လူ တဲ့။ ဒါကြောင့် အလောတကြီး လက်မထပ်နိုင်သေးတာတဲ့၊ ဒီမယ် ဒွန်နက်ချ်ကာ၊ ငါ အကုန် အမြင်တယ်၊ သိတယ်၊ ကြားလား။ နင် ငါ့ကို ပြောစရာတွေ ရှိနေတယ်။ ဟုတ်တယ်နော်။ နင် ငါ့ကို ဘာတွေ ပြောချင်နေတယ် ဆိုတာ ငါသိတာပေါ့။ တညလုံး ဘာတွေ တွေးနေတယ်ဆိုတာ သိတာပေါ့။ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်လို့လေ။ ပြီးတော့ မယ်တော်မာရီ့ပုံတော်ရှေ့မှာ နင် ဘာတွေ ဆုတောင်းသလဲ။ မေမေ့အခန်းထဲက ပုံလေ။ ဂေါလဂေါသ* တောင်ကုန်းအထိ နင် မသွား နိုင်လို့ မဟုတ်လား။ ဒါဆို နောက်ဆုံး နင် ခေါင်းညိတ်လိုက်တယ်ပေါ့၊ ဟုတ်လား။ ဒီမယ် ဒွန်ညာ၊ နင့်လူက မျှတတဲ့ လူ၊ လက်တွေ့ကျတဲ့ လူ၊ ငွေကြေးချမ်းသာတဲ့ လူ၊ ရာထူးနှစ်ခုနဲ့ လူ၊ အတွေးအမြင်ရှိတဲ့ လူ (မေမေ ရေးထားတဲ့အတိုင်း ပြောတာ) တဲ့ ဟုတ်လား။ ပြီးတော့ ကြင်နာတတ်ပုံလည်း ရှိပါတယ်။ ကြင်နာတတ်ပုံတဲ့နော်... အင်း... ကောင်းကွာ၊ ထူးဆန်း တာက အတွေးအမြင်သစ် ခေတ်အကြောင်း မေမေက ဘာလို့ ရေးတာပါလိမ့်။ မစ္စတာ လူဇင်နဲ့ ငါ ဆက်ဆံရေး အဆင်ပြေအောင်လို့ ထင်ပါရဲ့။ ဒီသားအမိနှစ်ယောက် ငါ့ကို ပေါင်းပြီး ဟန်ဆောင် ဖုံးကွယ်နေကြတာပဲ။ အဲ... ဒွန်ညာရဲ့ အိပ်မပျော်တဲ့ အကြောင်းကတော့ အမှန် အတိုင်း ဖြစ်ပုံရတယ်။ မေမေနဲ့ ဒွန်ညာ ပြောတဲ့ စကားလုံးတွေကကော အမှန်အတိုင်းတွေ လား။ စာထဲမှာ ပါတဲ့အတိုင်း ဒီလူက အမေ့အပေါ် ဆက်ဆံပုံက ပြတ်ပြတ်တောင်းတောင်း နိုင်ပုံပဲ။ နေပါဦး၊ ဒွန်ညာ့ကို ချစ်ပါ။ သူက ငါ့ကို သူ့ကိုယ်သူထက် ပိုချစ်ပါတယ်တဲ့။ ဘာလို့ ဒါတွေ ထည့်ရေးရတာလဲ၊ သူ့ကိုယ်သူ အနစ်နာခံပြီး ဒီလူ့ကို လက်ခံလိုက်တာဟာ သူ့အတွက် မဖြစ်နိုင်ဘူးလား။ "သားဟာ မေမေတို့ ယုံကြည်ရာ၊ အားထားရာ မဏ္ဍိုင်ပါ" တဲ့။ ဩော်... မေမေရယ်"

တွေးရင်း တွေးရင်း ရပ်စ်ကိုလ်နီကော့ဗ် ဒေါသဖြစ်လာသည်။ ခုအချိန်မှာ အဲဒီ လူဇင်ဆိုတဲ့ကောင်ကို တွေ့ရင် သတ်မိမည် ထင်သည်။

လေတဖြူးဖြူးတွင် သူ ဆက်လျှောက်သည်။ အတွေးများဖြင့် သူ့ခေါင်း ချာချာလည် နေသည်။

---

* Golgotha – ဂျေရုဆလင်မြို့ပြင်ရှိ ခရစ်တော်အား ကွပ်မျက်သည့် နေရာ။
ကိုယ်တော်သည် မိမိ လက်ဝါးကပ်တိုင် ကို ထမ်းလျက် ဦးခေါင်းခွံအရပ် ဟူ၍ တွင်သော အရပ်သို့ ထွက်တော်မူ၏။ ထိုအရပ်ကား ဟေဗြဲ စကားအားဖြင့် ဂေါလဂေါသ အမည်ရှိ၏။

mgyoe.com

mgyoe.com SAMPLE BOOK

"အင်း... ဟုတ်တာပေါ့။ လူတယောက်အကြောင်း သိဖို့က တဖြည်းဖြည်း အချိန်ယူပြီး အကဲခတ်ရမှာပေါ့။ သူက လက်တွေ့ကျတဲ့ လူတဲ့၊ ကြင်နာတတ်ပုံလည်း ရပါတယ်တဲ့။ တန်ဆာခကို သူက တဝက် ကျခံပေးမယ်တဲ့။ ဒါဆို ကြင်နာတတ်ရောလား၊ အမေနဲ့ သတို့သမီးလောင်းက ကောက်ရိုးခင်း လှည်းတစီး ငှားပြီး ဘူတာဆင်းရသည်တဲ့။ (ဒီလိုလှည်းမျိုး ငယ်ငယ်က စီးဖူးပါတယ်) ကိစ္စမရှိပါဘူးတဲ့။ မိုင်ခြောက်ဆယ်ပဲ ဝေးတာတဲ့။ ဖြစ်နိုင်ပါတယ်။ ကဲ... ဝတ်ကောင်းစားလှနဲ့ မစ္စတာလူဇင်၊ ခင်ဗျားရဲ့ သတို့သမီးရဲ့ အမေဟာ ပင်စင်ကို ပေါင်ပြီး ခရီးစရိတ် လုပ်လာရတယ် ဆိုတာ ခင်ဗျား သိရဲ့လား။ ခင်ဗျားက လုပ်ငန်းရှင်ကြီး၊ ရာထူးနှစ်ခု ပိုင်ရှင်ကြီးပါ။ ဟုတ်လား။ ဒါဆို ကုမ္ပဏီအစုဝင်တွေက ခင်ဗျားရဲ့ ကုန်ကျစရိတ်ကို အညီအမျှ အချိုးကျ ခံကြရမှာပေါ့။ ဟို ဆိုရိုးစကားလိုလား။ အားလုံးအတွက် ပေါင်မုန့်နဲ့ ထောပတ် ဝေမယ်။ ဆေးတံသောက်ဆေးတော့ ကိုယ့်ဘာသာကိုယ် ယူခဲ့ကြဆိုတဲ့ စကားလေ။

"အင်း... လူတွေဟာ လိမ်စရာမရှိ ကိုယ့်ပေါင်ကို ဆွဲလိမ်နေကြတာပါလား။ တန်ဆာခက ဘယ်လောက်ကျမှာမို့လဲဗျာ။ ဒါကို ဒီလူက တဝက်ကြီးများတောင် ကျခံမယ်တဲ့။ ဒါကို ဟိုသားအမိက မမြင်ကြဘူးလား။ ဒါမှမဟုတ် တမင်တကာ မမြင်ချင်ယောင် ဆောင်နေတာလား။ နောက်မှ သိလာမယ် ဆိုပြီးတော့လေ။ သူတို့ ကျေနပ်နေတာတော့ အမှန်ပဲ။ အရေးကြီးတာ ကပ်စေးနှဲတာ မဟုတ်ပါဘူး။ တွန့်တိုတာက အကြောင်း မဟုတ်ဘူး။ အဲဒီလိုဖြစ်လာတဲ့ အခြေခံစိတ်ဓာတ်က စကားပြောတာ။ ဒါကြောင့် လက်မထပ်မီရော၊ လက်ထပ်ပြီးတဲ့အခြေအနေကိုရော ကြိုတွက်လို့ရပါတယ်။ ဘာကြောင့်ငွေကုန်ကြေးကျ ခံပြီး ပီတာစဘတ်ကို လာမှာလဲ။ ခပ်ပေ့ါပေ့ါတွက်ပြီး လာဖို့ စီစဉ်တာလား၊ ဒီကို ရောက်ရင် သူတို့ အိတ်ထဲ ပိုက်ဆံ ဘယ်လောက် ကျန်မှာလဲ။ ငွေစက္ကူကလေး နှစ်ရွက်လောက်ပဲ ကျန်မှာပေ့ါ။ အမေက သိနေပုံပဲ။ သူတို့နဲ့ အတူတူနေလို့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ဆိုတာလေ။ ဟိုလူက ခေါ်ရင်တောင် မေမေက ငြင်းမှာ။ သူ ဘာနဲ့ သွားနေမလဲ။ သူ့ပင်စင်ကလေး တရာ့နှစ်ဆယ် ခဏခဏ ပေါင်ရလို့ အတိုးနုတ်လိုက်ရင် ဘယ်လောက် ကျန်မှာမို့လဲ။ ဒါကို ပုဂ္ဂိုလ်က မသိကျိုးကျွန် လုပ်ထားမှာပေ့ါ။ ဒီတော့ သဘောမနောကောင်းတဲ့ မစ္စတာလူဇင်ကို အားကိုးကြရပြီပေ့ါ။ အင်း... သူတို့ ကုသိုလ်ကံ ကောင်းကြမည်လား၊ ဆိုးကြမည်လား။ သူတို့ သားအမိက အမှန်တရားကို လက်နှစ်ဖက် ဝှေ့ယမ်းပစ်ပြီး ခိုကိုးရာ ရှာကြတာကိုး။ လူဇင် ဆိုတဲ့ လူရဲ့ ရင်ဘတ်မှာ နန်းတွင်း အဆောင်အယောင်တွေ ချိတ်ထားမှာ သေချာတယ်။ အင်နာ* လို ဆုမျိုးတွေပေ့ါ။ ကန်ထရိုက်တွေ၊ ကုန်သည်ပွဲစားတွေနဲ့ ညစာစားတဲ့ အခါ တံဆိပ်တဝင်းဝင်းနဲ့ နေမှာပေ့ါ။ အင်း... မင်္ဂလာဆောင်မှာတောင် ဒီတံဆိပ်ကြီး ချိတ်လာမလား မပြောတတ်ဘူး။ အို... ဒီမကောင်းဆိုးဝါးအကြောင်း မစဉ်းစားတော့ပါဘူး။ အင်း... အမေ့အတွက်တော့

* The Order of St. Anne – (မယ်တော်မာရီ၏ မိခင်၊ ရုရှားတွင် အင်နာဟု ခေါ်သည်) စစ်ဘက်၊ နယ်ဘက်ထူးချွန်သူများအား ဘုရင်က ချီးမြှင့်သော ဘွဲ့ထူးတံဆိပ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဘုရားသခင်ထံမှာ ဆုတောင်းပေးရတော့မှာပဲ။ ဘုရားသခင်၊ ကျွန်တော်မျိုး၏ အမေကို စောင့်ရှောက်တော်မူပါ။ ဒွန်ညာ့အတွက် ကျတော့ကော...။

ဒွန်ညာ ညီမလေးရေ... နင့်အကြောင်း အစ်ကို ချေးခါးအူမ မကျန် သိတယ်နော်။ တို့မောင်နှမ နောက်ဆုံးတွေ့တော့ နင်က နှစ်ဆယ်ပဲ ရှိသေးတယ်နော်။ အစ်ကို ချစ်တဲ့ ညီမလေးအကြောင်း အစ်ကို ကောင်းကောင်း သိတာပေါ့ကွာ။ အမေ ရေးတဲ့အထဲ ပါတယ်။ 'ဒွန်နက်ချ်ကာက သိပ်အပင်ပန်းခံနိုင်တာ၊ သည်းညည်းခံနိုင်တာ' တဲ့။ သိပ်သိတာပေါ့၊ လွန်ခဲ့တဲ့ နှစ်နှစ်ခွဲလောက်ကတည်းက သိတာ။ မစ္စတာဆဗီဒရီဂေးလော့ဗ် အိမ်မှာ ဖြစ်ခဲ့တဲ့ အဖြစ်ဆိုးတွေကို သည်းခံနိုင်ခဲ့သလို မစ္စတာလူဇင်ရဲ့ သည်းညည်းကို ခံနိုင်ပါ့မလား။ သူ့ ယုံကြည်ချက်က မိန်းမဆိုတာ ယောကျ်ားက ကယ်ထားတာ၊ ယောကျ်ားက ကျေးဇူးရှင်၊ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး နေရမယ်။ သူတို့နှစ်ယောက် ပထမဆုံးတွေ့စဉ်က သူပြောတဲ့ စကားတွေတဲ့။ ပြောတော့ သူက မျှတတဲ့လူ တဲ့။ ကဲ... ဒွန်ညာ၊ သူ့ သဘောထားက ရှင်းနေ တာပဲ။ အဲဒီလို လူစားနဲ့ ကျွန်တော့် ညီမလေး လက်ထပ်မလို့တဲ့ဗျာ။ သူ ပေါင်မုန့်ကြမ်းကို ရေနဲ့ မျှောချရမှာ။ ဒါပေမဲ့ ဒွန်ညာဟာ သူ့ဝိညာဉ်ကို သူ ဘယ်တော့မှ ရောင်းစားမယ့် မိန်းကလေးမျိုး မဟုတ်ဘူး။ ဆင်းရဲတွင်း လွတ်ကင်းဖို့အတွက် ဘယ်တော့မှ သူ့လွတ်လပ်မှု၊ သူ့လောကနီတိကို အဆုံးခံမယ့် မိန်းကလေး မဟုတ်ဘူး။ ငါသိတဲ့ ဒွန်ညာဟာ အဲဒီလို မိန်းကလေး မဟုတ်ဘူး။ ခုလည်း သူ ဒီအတိုင်း ရှိနေမှာပါ။ ဘယ်တော့မှ ပြောင်းလဲမှာ မဟုတ်ဘူး။ ဒါ ဘာမှ ပြောစရာမလိုတဲ့ ကိစ္စပဲ။ ဆဗီဒရီဂေးလော့ဗ် အိမ်ကြီးမှာ ဒွန်ညာ နေခဲ့ရတဲ့ ဘဝဟာ သိပ်ခက်ခဲခဲ့တာပဲ။ ကလေးတွေလည်း ထိန်းပေးရသေးတယ်။ စာလည်း သင်ပေးရသေးတယ်။ ရတဲ့လစာက ရူဘယ်နှစ်ရာတည်း။ အိမ်ရှင်လူကြီးက လေးစား လောက်တဲ့ လူကြီး မဟုတ်ဘူး။ လွန်လည်း မလွန်ဆန်နိုင်ဘူး။ ဒီကြားထဲက သူ့ ဂုဏ်သိက္ခာ ကို အစွန်းအထင်း မရှိအောင် နေနိုင်ခဲ့တယ်။ ဒီ မစ္စတာလူဇင် ဆိုတဲ့ လူကတော့ ရွှေတွင်းတွေ၊ စိန်တွင်းတွေ ပိုင်သည့်တိုင် သူ့ကိုယ်တိုင် အတွက်ဆိုရင် ဒွန်ညာ လက်ခံမှာ မဟုတ်ဘူး။ ဒီလို လူရဲ့ တရားဝင် မောင်းမမိဿံ အဖြစ်ခံမှာ မဟုတ်ဘူး"

"ဒါဆို ဘာပြုလို့ သူ လက်ခံလိုက်တာလဲ။ အဖြေက ဘာလဲ။ ဘာပြုလို့ သူ့ကိုယ်သူ ရောင်းစားဖို့ ဆုံးဖြတ်တာလဲ။ သူ ကိုယ်တိုင်အတွက်ဆို ဒီအဖြစ်မျိုး အရောက်ခံမှာ မဟုတ် ဘူး။ ဒွန်ညာက အသေခံမယ့် မိန်းကလေးမျိုး။ သိပ်သေချာတာပေါ့။ သူ ချစ်တဲ့ အစ်ကိုနဲ့ အမေ့အတွက် သူ့ ဘဝကို စတေးလိုက်တာလေ။ အဓိကကတော့ ရပ်စ်ကိုလ်နီကော့ဗ်ဆိုတဲ့ ကောင်အတွက်ပေါ့။ ဒါဆိုရင်တော့ သွားပြီပေါ့။ ငါ့ဘဝအားလုံး တစစီ ဖြစ်ပြီပေါ့။ ပျော်စရာ မိသားစုဘဝကလေး ပျောက်ကွယ်သွားပြီပေါ့။ ဘာနဲ့ ဖြေမလဲ။ ဘယ်လို ဖြေမလဲ။ လောက နီတိကို ဘယ်လိုဆင်ခြေနဲ့ ဖြေရှင်းပြီး မမှန်ကန်တဲ့ တက္ကဗေဒတွေနဲ့ ဘယ်လို ဆက်နေမလဲ။ ဒါဟာ ဖြစ်သင့်ဖြစ်ထိုက်တဲ့ကိစ္စ၊ လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စလို့ ဖွတ်ယုံကြည်ရမှာလား။

mgyoe.com

mgyoe.com
SAMPLE BOOK

"သူကလည်း သူ့ဘဝသူ ပျော်၊ ငါကလည်း တက္ကသိုလ်ဆက်တက်၊ ပြီးတော့ သူနဲ့တွဲပြီး အလုပ်လုပ်၊ သူက တနေ့တခြား ပိုပြီး အောင်မြင်၊ ချမ်းသာ၊ နာမည်ကျော် လူကုံထံဘဝနဲ့တောင် နိဂုံးချုပ်နိုင်ဦးမယ်။

"ဒါဆို အမေ့အတွက်ကကော၊ အမေကလည်း သူ့ဘဝကို စတေးတာပဲ။ သူ့ရဲ့ အချစ်ဆုံး သားဦးအတွက်လေ။ သမီးနဲ့အတူ အနာခံတာပဲ။ တော်တော်မတရားတဲ့ လောကကြီးပါလား။ ဆွန်နက်ချ်ကာကလေးကကော။ ကမ္ဘာတည်သရွေ့ ငြင်းပယ်ဖို့ မဖြစ်နိုင်သည့် မိန်းကလေး။ ကိုယ့်ရဲ့ထာဝရ ဆွန်ညာကလေး။ ဩော်... မင်းနဲ့ ငါ့ညီမ ဘဝတူတွေပါလား။ တပါးသူ၊ တခြားလူတွေအတွက် ဘဝကို စတေးရတဲ့ မိန်းကလေးနှစ်ယောက်။ ဟုတ်တယ် မဟုတ်လား။ မင်း အဲဒီလို လုပ်သင့်သလား၊ အဓိပ္ပာယ်ကော ရှိရဲ့လား။ အဲဒီလို လုပ်ဖို့ အင်အားကော မင်းမှာ ရှိလို့လား။

"ညီမလေး ဒွန်ညာ၊ ဒွန်နက်ချ်ကာ၊ မင်း ဆွန်ညာဆိုတဲ့ ဆွန်နက်ချ်ကာကလေး အကြောင်း မသိသေးဘူးနော်။ နင့်ထက် ပိဇာတ်နာသေးတယ်၊ သိလား။ အမေ့စာထဲမှာ ပါတယ်။ 'အချစ်မပါသော်လည်း' တဲ့။ အချစ်မပါရင် လေးစားမှုလည်း မပါတော့ဘူးပေါ့။ အဲဒီအခါမှာ အပြန်အလှန် နားလည်ခွင့်လွှတ်တာတွေ ဘာတွေ ဘယ်ရှိတော့မလဲ။ ဒါဆို သန့်ရှင်းစင်ကြယ်မှု ဘယ်မှာ ရှိတော့မလဲ။ သန့်ရှင်းစင်ကြယ်တယ် ဆိုတာကော နင် နားလည်ရဲ့လား ဒွန်ညာ။ လူဇင်လို လူဆီက သန့်ရှင်းစင်ကြယ်မှု ဆိုတာ ဆွန်ညာရဲ့ သန့်ရှင်းစင်ကြယ်မှုမျိုးပဲ ဖြစ်တော့မှာပေါ့။ ပိုလို့တောင် အောက်တန်းကျချင် ကျလိမ့်ဦးမယ်။ ငတ်ပြီး သေရတာကမှ မြတ်ဦးမယ်။ သန့်ရှင်းစင်ကြယ်တယ် ဆိုတာ တန်ဖိုးကြီးတယ် ဒွန်ညာ။ နင် ခံရမှ နောင်တရဖို့ သတိရလိမ့်မယ်။ လူမသိအောင် ကျိတ်ငိုရတဲ့ မျက်ရည်တွေ၊ ကာယိကဝေဒနာ၊ စေတသိက ဝေဒနာတွေ အကြောင်း ကြိုစဉ်းစားထားပါ ညီမလေးရယ်။ မာဖာပီထရိုဗနာကို သတိရဦးလေ။ ပြီးတော့ အမေ့အကြောင်းလည်း စဉ်းစားလေ။ သူ့ခမျာ ခုကတည်းက အသည်းကွဲ နေရှာပြီ။ ပြီးတော့ အစ်ကို့အတွက်ကော၊ နင် ဒီလိုဘဝဆုံးအောင်လုပ်တဲ့ အနစ်နာခံမှုမျိုး ငါ လုံးဝလက်မခံပါဘူး ဒွန်ညာ။ မေမေရေ ...ကျွန်တော် အပြတ် ကန့်ကွက်ပါတယ်။ ကျွန်တော် အသက်ရှင်နေသရွေ့ အဲဒီ မင်္ဂလာပွဲ မဖြစ်စေရဘူး"

ရုတ်တရက် သတိရလာပြီး တုံ့ခနဲ ရပ်လိုက်သည်။ ဆက်တွေးသည်။

"လုံးဝ အဖြစ်မခံနိုင်ဘူး။ ဒါဆို မင်းက ဘယ်လိုလုပ် တားမလဲ။ မင်းမှာ တားပိုင်ခွင့်ကော ရှိလို့လား။ ဒီလိုအခွင့်အရေး ရှိပါတယ်လို့ သူတို့ကို မင်း ဘယ်လို သက်သေပြမလဲ။ မင်းရဲ့ ဘဝတခုလုံးရော၊ မင်းရဲ့အနာဂတ်ပါ သူ့လက်ကို ဝကွက်အပ်ရမှာ။ တက္ကသိုလ်က ဘွဲ့ရပြီးရင် အလုပ် ကောင်းကောင်း ရမယ်ပေါ့။ အဲဒါက ဟိုးအဝေးကြီးမှာ။ ပြဿနာက ခုချက်ချင်း ရှင်းရမှာ။ မင်း ခု ဘာလုပ်နေလဲ။ သူတို့ဆီကနေ မင်း ထွက်ပြေးနေတယ်။ သူတို့ ပိုက်ဆံ ရကြလိမ့်မယ်။ ပင်စင်ပေါင်တာ ရှုဘယ်တရာတဲ့။ ဆဗိဒရီဂေးလော့ဗ် မိသားစုဆီကလည်း ရချင်ရလိမ့်မယ်။ အဲဒီကိစ္စကော မင်းဘယ်လိုကာကွယ်မလဲ။ အဖာနာဆီအီဗန်နိုဗစ်ချ်

mgyoe.com

mgyoe.com SAMPLE BOOK

ဆီ နောက်မသွားရအောင်ကော မင်း ဘာလုပ်ပေးနိုင်လဲ။ နောက်ဆယ်နှစ်ကြာရင် မင်းက လက်ဖျား ငွေသီးနေပြီလေ။ အဲဒီအချိန်မှာ ဇာတိုးရလွန်းတဲ့ ဒဏ်နဲ့ မင်းအမေ မျက်စိကွယ်နေလောက်ပြီ။ ဒါမှမဟုတ်လည်း ငိုရလွန်းလို့ မျက်ရည်ပူမိပြီး မျက်လုံးကွယ်မှာ။ ဥပုသ်စောင့်ရလွန်းတော့ ဝါရှောင်ရတာ များပြီး တဖြည်းဖြည်း ခြောက်ကပ်သွားမှာ။ ကဲ ... မင်းညီမ ကျတော့ကော။ စဉ်းစားလေ၊ ဆက်စဉ်းစားလေကွာ။ ဆယ်နှစ်ကြာရင် မင်းညီမ ဘာဖြစ်နေမလဲ။ ဆယ်နှစ်အတွင်းမှာကော ဘယ်လို ဖြစ်နေမလဲ။ မင်း မှန်းကြည့်လို့ ရလား"

သည်လို စက်ဆုပ်ဖွယ် မေးခွန်းများဖြင့် သူ့ကိုယ်သူ နှိပ်စက်နေသည်။ သို့သော် သည်မေးခွန်းများကြောင့် ပျော်သလိုလိုလည်း ဖြစ်နေသည်။ စင်စစ် ခုမှ ထွက်လာသည့် မေးခွန်းများ မဟုတ်ပေ။ အနာဟောင်းမှ ထွက်လာသည့် မေးခွန်းဟောင်းများ ဖြစ်သည်။ သူ့စိတ်ကိုရော နှလုံးသားကိုပါ နှိပ်စက်နေသည့် မေးခွန်းများ၊ သူ့ကို အပြင်းအထန် နှိပ်စက်ပြီး အဖြေတောင်းနေသည့် မေးခွန်းများ။ ခုတော့ မိုးကြိုးပစ်သလို ပြင်းထန်သည့် အမေ့စာကြောင့် သည်မေးခွန်းတွေ စုပြုံ အန်ထွက်လာလေပြီ။ ခုတော့ အဖြေမရှာ၍ မရတော့ပြီ။ တခုခု လုပ်မှ ဖြစ်တော့မည်။ ချက်ချင်း လုပ်ရမည်။ လုပ်ဖြစ်အောင် လုပ်ရမည်။ မဟုတ်ရင်... ဘဝကို ဆက်နေလို့ ရတော့မည် မဟုတ်။

ပြင်းထန်သော ဝေဒနာဖြင့် သူ အော်လိုက်သည်။

"ကံကြမ္မာ ဖန်လာတဲ့အတိုင်း ငြိမ်ခံလိုက်။ ရင်ထဲမှာ ရှိသမျှ ကြိတ်မှိတ်ခံလိုက်။ ဘာမှ ကလန်ကဆန် လုပ်မနေနဲ့။ ဘဝကို မေတ္တာတရားနဲ့ နေ"

"ကိုယ့်လူ... မင်း နားလည်ရဲ့လား။ ဘယ်မှ သွားစရာမရှိတဲ့ဘဝကိုမင်း နားလည်လား"

မနေ့က မာမီလာဒွေါ်၏ ပြောစကားကို ချက်ချင်း သွားသတိရလိုက်သည်။

"လူဆိုတာ သွားစရာ တနေရာရာတော့ ရှိသင့်တာပေါ့ ကိုရင်လေးရာ" တဲ့။

မနေ့ကအကြောင်း ပြန်တွေးမိတော့ သူ့ခေါင်းတွေ ချာချာလည်သွားသည်။ စင်စစ် မနေ့က တနေ့တည်းကြောင့် မဟုတ်။ လွန်ခဲ့သည့်တလက မက်ခဲ့သည့် အိပ်မက်ကြောင့် ဖြစ်သည်။ အိပ်မက်ဟောင်းကို ပုံသဏ္ဍာန်အသစ်ဖြင့် ပြန်မြင်လာသည့်အခါ ဦးခေါင်းကို လာထိပြီး မြင်ကွင်းတခုလုံး မှောင်ကျသွားသည်။

ပတ်ဝန်းကျင်ကို အထိတ်တလန့် ဝေ့ကြည့်လိုက်သည်။ တနေရာရာတွင် ထိုင်ချလိုက်ချင်၏။ ခုံတန်းလျားကလေး တခု တွေ့လိုတွေ့ငြား မျက်စိကစားရင်း ကေပိုင်လမ်းမကြီးတလျှောက် ဆက်လျှောက်သွားသည်။ ရှေ့ခြေလှမ်းတရာ အကွာလောက်တွင် မြေစိုက်ခုံရှည်ကလေးတခု လှမ်းမြင်သည်။ သူ ဆက်ပြီး သုတ်ခြေတင်သည်။ သို့သော် စိတ်လှုပ်ရှားစရာ အဖြစ်တခုနှင့် တန်းတိုးလေတော့သည်။

သူ အမြန်လျှောက်နေစဉ် သူ့ရှေ့ ခြေလှမ်း နှစ်ဆယ်လောက်မှ သူ့လိုပင် ခုံတန်းလျားကလေးဆီသို့ ခပ်သွက်သွက် လျှောက်သွားနေသည့် အမျိုးသမီးတယောက်ကို သတိထားလိုက်မိသည်။ ပထမတော့ မြင်ကွင်းထဲမှ အရာအားလုံးလိုပင် ဘာမျှ ထူးဆန်းသည် မထင်မိ။

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်အပြန်လမ်းတွင် ဘာမှ သတိမထားမိဘဲ လျှောက်နေခြင်းမျိုး။ အခန်းပြန်ရောက်လျှင် ဘယ်လမ်းက ပြန်လာခဲ့မှန်း မမှတ်မိသည့် အဖြစ်မျိုး။ လမ်းတွင် ဘာတွေ မြင်တွေ့ခဲ့သည်ကို သတိမထားခဲ့မိသည့် အဖြစ်မျိုး။

သို့သော် သူ့ရှေ့မှ လျှောက်သွားနေသည့် အမျိုးသမီးကတော့ တမျိုးတဖုံ ထူးဆန်းနေသည်။ လှမ်းမြင်လိုက်ကတည်းက သူ့ကို ဆွဲဆောင်နေသည်။ သည်မိန်းမတွင် ဘာများ ထူးခြားတာရှိလို့လဲ သိချင်လာသည်။ ပထမဆုံး သတိပြုမိတာက သူ ထင်သလောက် အသက် မကြီးသေး။ မိန်းမငယ်ကလေး တယောက်ပဲ။ နေပူကျဲကျဲကြီးထဲတွင် ခေါင်းဆောင်း မပါဘဲ လျှောက်သွားနေသည်။ ထီးမဆောင်း၊ လက်အိတ်မစွပ်။ လက်ကို လွှဲကာ လွှဲကာဖြင့် သူ လျှောက်နေပုံမှာ ရယ်စရာ။ ပိုးပျော့အင်္ကျီကလေး ဝတ်ထားပုံကလည်း မသေမသပ်နှင့်။ ကြယ်သီးစုံတပ်မထား။ ခါးနောက်ပိုင်း စကတ်အပေါ်တည့်တည့်က စုတ်ပြဲနေသေးသည်။ အစတဖက်က ဖတ်လတ်ဖတ်လတ်နှင့်။ လက်ကိုင်ပဝါလေးတထည်ကို ဇက်ပိုးတွင် မညီမညာ သိုင်းတင်ထား၏။ လမ်းလျှောက်နေရင်း ဟိုယိုင်သည်ယိုင် ဖြစ်လာသည်။ ခုံနား ရောက်ခါနီးတော့ ရပ်စ်ကိုလ်နီကော့ဗ် သူ့ကို မီလာသည်။ ခုံ တဖက်စွန်းတွင် သူ လှဲချလိုက်သည်။ ဦးခေါင်းကို တွဲလောင်းချပြီး မျက်စိမှိတ်ထား၏။ အရမ်းပင်ပန်းလာပုံ။ ရပ်စ်ကိုလ်နီကော့ဗ် ငုံ့ကြည့်လိုက်သည်၊ သည်တော့မှ ကလေးမ အရက်မူးလာမှန်း သိတော့၏။ တော်တော် ထူးဆန်းသည့် မြင်ကွင်းပါလား။ ငါထင်တာ ဟုတ်မှ ဟုတ်ပါ့မလားဟု သံသယဝင်လာသည်။ သူ့မျက်နှာကို မြင်ရမှ ပိုအံ့သြသွားသည်။ ပီဘိငယ်ငယ်လေး။ ဆယ့်ခြောက်နှစ်လောက်ပဲ ရှိဦးမည်။ ရှိချင်မှလည်း ရှိမည်။ ဆယ့်လေးနှစ် အရွယ်လည်း ဖြစ်နိုင်သည်။ ဖြူဖြူချောချော ကလေး။ မျက်နှာတခုလုံး နီရဲနေသည်။ ရောင်ရမ်းနေသည့် အလား။ သူ ဘယ်ရောက်နေမှန်း၊ ဘာဖြစ်နေမှန်း သိပုံမပေါ်။ ဒူးတဖက်ကို အခြားတဖက်ပေါ် တင်လိုက်တော့ ဒူးပေါ် ပေါင်ပေါ် ဖြစ်သွားသည်။ လမ်းပေါ်တွင် ရောက်နေမှန်း လုံးဝ သိပုံမရ။

ရပ်စ်ကိုလ်နီကော့ဗ်သည် ထိုင်လည်း မထိုင်၊ ဆက်လည်း မလျှောက်ဘဲ မိန်းကလေး ရှေ့တွင် ဘာလုပ်ရမှန်း မသိဘဲ တွေပြီးရပ်နေသည်။ လမ်းမကြီးပေါ်တွင် လမ်းသွားလမ်းလာ ရှင်းနေသည်။ မွန်းလွဲ တနာရီ နေပူချိန်ဖြစ်၍ လူသွားလူလာ ရှင်းနေခြင်း ဖြစ်သည်။ သို့သော် မလှမ်းမကမ်းတွင် လူတယောက် ရပ်နေသည်။ ကောင်မလေးနောက်က လိုက်လာပြီး ကျော်တက်ကာ လမ်းထိပ်က သွားကြိုစောင့်နေတာ ဖြစ်ရမည်။ ရပ်စ်ကိုလ်နီကော့ဗ်ကြောင့် ကောင်မလေးဆီ ပြန်မလာဘဲ အခြေအနေ စောင့်ကြည့်နေခြင်း ဖြစ်မည်။ သူ လှမ်းကြည့် နေပုံက ရပ်စ်ကိုလ်နီကော့ဗ်ကို မကျေမနပ် ဖြစ်နေပုံ။ လူက စုတ်စုတ်ပြတ်ပြတ်နဲ့ ဘာလို့ ကိုယ့်လမ်း ကိုယ် မသွားတာလဲဟု စိတ်ခုနေပုံ။ အခြေအနေက ရှင်းနေပြီ။ သည်လူ့ပုံက ဝတုတ်တုတ်၊ မျက်နှာ နီစပ်စပ်နှင့်။ အသက်က သုံးဆယ်လောက်။ နှုတ်ခမ်းမွေးမှျင်မှျင်ကလေး နှင့်။ အဝတ်အစားက အထက်တန်းကျကျ။ ရပ်စ်ကိုလ်နီကော့ဗ် ထောင်းခနဲ ဒေါသဖြစ်လာ သည်။ ကောင်မလေးကို ထားခဲ့ပြီး ထိုလူ့ဆီ လျှောက်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟေး… ဆစ်ဒရီဂေးလော့ဗ်*၊ ခင်ဗျား ဒီမှာ ဘာလာလုပ်နေတာလဲ"

သူက အံကြိတ်ပြီး အော်မေးလိုက်သည်။ သူ့စိတ်ထဲတွင် မုန်းတီးမှုတွေ ပြည့်လျှံနေသည်။

"ဘာအဓိပ္ပာယ်လဲကွ"

ထိုလူက ရန်လိုသည့် အသံဖြင့် တအံ့တသြ ပြန်မေးသည်။

"ထွက်သွား၊ ဒီက ထွက်သွား၊ အဲဒီအဓိပ္ပာယ်ပဲ"

"အောင်မာ၊ မင်းက ဘာကောင်လဲ။ လူဝါးဝလှချည်လား"

ပြောပြောဆိုဆို သူက လက်ထဲက ကြိမ်လုံးကို မြှောက်လိုက်သည်။ သူ့လို လူပိန်ကလေးနှစ်ယောက်ကို ကိုင်ပေါက်နိုင်သည့် ထိုလူ့ဆီသို့ ဘာမှ မစဉ်းစားတော့ဘဲ လက်သီးနှစ်ဖက် ကျစ်ကျစ်ပါအောင် ဆုပ်ကာ ခုန်အုပ်လိုက်သည်။ သို့သော် နောက်မှ တစုံတယောက်က သူ့ကို ဖမ်းချုပ်ထားလိုက်သည်။ ရဲသားတယောက် ဖြစ်၏။ ရဲသားက သူတို့နှစ်ယောက်ကြား ဝင်ရပ်လိုက်သည်။

"ကဲ… လူကြီးမင်းတို့၊ တော်ကြပါတော့။ အများပြည်သူရဲ့ ရှေ့မှောက်မှာ ရန်မဖြစ်ရဘူးလေ။ ဘယ်လို ဖြစ်ကြတာလဲ၊ ခင်ဗျားက ဘယ်သူလဲ"

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်နှင့် ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး မေးခြင်းဖြစ်သည်။ ရဲသား၏ မျက်နှာမှာ စစ်သည်ကောင်းတယောက်၏ မျက်နှာမျိုး ဖြစ်သည်။ မျက်လုံးတွေက အရောင်တဖျပ်ဖျပ်။ အညိုရောင် နှုတ်ခမ်းမွေးကျင်စွယ်နှင့်။ သူ့မျက်နှာကို တည့်တည့်ကြည့်ပြီး သူ့ လက်မောင်းကို ဆုပ်လျက် ရပ်စ်ကိုလ်နီကော့ဗ် ဖြေသည်။

"အတော်ပဲ၊ ခင်ဗျားလို လူမျိုးကို ကျုပ် တွေ့ချင်နေတာ။ ကျုပ်နာမည် ရပ်စ်ကိုလ်နီကော့ဗ်၊ တက္ကသိုလ်ကျောင်းသားဟောင်း"

သူ့ကို ကြိမ်လုံးနှင့် ရိုက်ဖို့ ရွယ်သူဘက် လှည့်ကြည့်ပြီး ရဲသားကို –

"ခင်ဗျား လိုက်ခဲ့၊ ပြစရာ ရှိတယ်"

ရဲသားကို ခုံတန်းလျားကလေးဆီသို့ ဆွဲခေါ်သွားသည်။

"ဒီမှာကြည့်စမ်း၊ သူ လူမှန်းသူမှန်း မသိအောင် မူးနေတယ်။ လမ်းပေါ်မှာ လျှောက်သွားနေတယ်။ ဘယ်သူ ဘယ်ဝါမှန်းလည်း မသိဘူး။ လမ်းပေါ်က ကောင်မလေးနဲ့တော့ မတူဘူး။ တယောက်ယောက်က သူ့ကို အမူးတိုက်ပြီး မတရားကြံတာ။ ဒါ ပထမဆုံး အကြိမ် ထင်တယ်။ တွေ့လား၊ ပြီးတော့ လမ်းပေါ် လွှတ်ပေးလိုက်တယ်။ ကြည့်ပါဦး၊ အဝတ်တွေလည်း စုတ်ပြတ်လို့။ ဝတ်ထားပုံလည်း ကြည့်ဦး။ သူကိုယ်တိုင်ဝတ်တာ မဖြစ်နိုင်ဘူး။ ယောကျ်ားတယောက် မသေမသပ်နဲ့ အတင်းဝတ်ပေးလိုက်တာ။ အဲဒါ သေချာ

* သည်နာမည်ကို သည်နေ့မှ အမေ့စာထဲတွင် တွေ့ဖူးခြင်း ဖြစ်သည်။ သို့သော် သည်ပုဂ္ဂိုလ်ကို ရည်ညွှန်းခြင်း မဟုတ်။ ခုတလော သတင်းစာထဲတွင် နေ့တိုင်း ပါနေသည့် အမှုတခုတွင် မြေရှင်သူဌေးကြီး၏ နောက်တော်ပါး လူရှုပ်လူပွေတယောက်၏ အမည်။

mgyoe.com

mgyoe.com
SAMPLE BOOK

တယ်။ ဟိုလူပေါ်ကြောင့်ကို လှမ်းကြည့်လိုက်ပါဦး။ ကျွန်တော် သတ်မယ် လုပ်တဲ့လူလေ။ သူ့ကို တခါမှ မမြင်ဖူးဘူး။ ကျွန်တော် မရှိရင် ဒီကောင်မလေးအနား သူ ရောက်နေပြီ။ ကောင်မလေး အခြေအနေကို ကြည့်ပြီး သူ အလစ်သုတ်ဖို့ စောင့်နေတာ။ ကျွန်တော့်အလစ်ကို သူ စောင့်နေတာ။ ဒီကလေးမကို တနေရာရာ ခေါ်သွားပေးပါဗျာ။ ကျွန်တော် ပြောတာ ယုံပါ။ အဲဒီလူ အလစ်ချောင်းနေတာ။ ဟိုမှာ ခုထိ ယောင်လည်လည် လုပ်နေတုန်း။ သူ့လက်ပါမသွားအောင် ကောင်မလေးကို အိမ်ပြန်ပို့မှ ဖြစ်မယ်။ စဉ်းစားကြည့်ပါ ဆရာရယ်"

ရဲသားက အခြေအနေကို ချက်ချင်း သဘောပေါက်လိုက်သည်။ ဟိုလူကို အကဲခတ်ဖို့သိပ်မခက်။ ကောင်မလေးကို လှေ့လာရမည်။ ငုံ့ကြည့်လိုက်သည်။ ရဲသား စိတ်မကောင်းဖြစ်သွားပုံရသည်။

ခေါင်းယမ်းပြီး–

"သနားစရာလေးပဲဗျာ။ ကလေးသာသာကလေးပဲ။ မိုက်ရိုင်းလိုက်တဲ့ လူတွေ၊ ဟုတ်တယ်။ စော်ကားခံခဲ့ရတာ။ ဒီမယ် မလေး"

သူ စ,ခေါ်သည်။

"မလေး၊ မလေး ဘယ်မှာနေလဲ ဟင်"

ရီဝေဝေ မျက်လုံးများ ပွင့်လာသည်။ ပင်ပန်းနွမ်းနယ်နေသည့် မျက်လုံးများ။ ရဲသားကို မော့ကြည့်ပြီး လက်ဝှေ့ပြလိုက်သည်။

ရပ်စ်ကိုလ်နီကော့ဗ်က –

"ဒီမယ် ကိုယ့်ဆရာ၊ ရော့ ..."

အိတ်ထဲနှိုက်ကြည့်လိုက်တော့ကိုပက်နှစ်ဆယ်တွေ့သဖြင့်ကမ်းပေးလိုက်သည်။

"မြင်းရထားသမား တယောက် ခေါ်ဗျာ။ ပြီးတော့ သူ့လိပ်စာမေးပြီး လိုက်ပို့ခိုင်းလိုက်၊ လိပ်စာတော့ ရအောင် မေးရမှာပဲ"

"မလေး၊ မလေး"

ရဲသားက ပိုက်ဆံလှမ်းယူရင်း –

"ဒီမယ် မလေး၊ ရထားတစင်း ကျွန်တော် သွားခေါ်မယ်။ ရထားနဲ့ ပို့ပေးမယ်၊ ဘယ်ကို ပို့ပေးရမလဲ ဟင်။ မလေး ဘယ်မှာ နေလဲ"

"ရှူး ...ရှူး"

တိုးတိုးပြော ဟူသည့် အမူအရာဖြင့် လက်ဝှေ့ပြပြန်သည်။

"ဟာ... ဒုက္ခပါပဲ၊ အရှက်တကွဲ အကျိုးနည်းတွေ ဖြစ်ကုန်တော့မှာပဲ"

စိတ်ပျက်လက်ပျက် ခေါင်းယမ်းနေသည်။ ရပ်စ်ကိုလ်နီကော့ဗ်ဘက် လှည့်ပြီး–

"အဲဒါမှ ပြဿနာ" ဟု ဆိုကာ သူ့ကို မော့ကြည့်လိုက်၊ ကောင်မလေးကို ငုံ့ကြည့်လိုက်နှင့် စိတ်ပျက်နေပုံ ရသည်။ စုတ်စုတ်ပြတ်ပြတ်နှင့် ဒီလူကကော ဘယ်လိုလူလဲ။ ပြီးတော့ သူက ပိုက်ဆံ ထုတ်ပေးနေသေးသည်။ ရဲသား ဦးနှောက်ခြောက်သွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"သူ့ကို ဘယ်လောက်ဝေးဝေးက ခင်ဗျား လှမ်းတွေ့တာလဲ"

"ကျွန်တော် ပြောပြမယ်။ သူက ကျွန်တော့် ရှေ့က လျှောက်နေတယ်။ ဟောဒီ လမ်းမကြီးပေါ်မှာပဲ။ သူ့ ခြေလှမ်းတွေက သိပ်မမှန်ဘူး။ ဟောဒီ ခုံနားလည်း ရောက်ရော တခါတည်း လဲကျသွားတော့တာပဲ"

"အင်း... ကျွန်တော်တို့ ကမ္ဘာကြီး ဘယ်လို ဖြစ်နေပါလိမ့်။ ဒီလို ရိုးရိုးသားသား မိန်းကလေးတယောက်၊ အရက်တိုက်ပြီး ဖျက်ဆီးခံရတယ်တဲ့။ အဝတ်တွေလည်း စုတ်ပြတ်လို့။ ဒါလောက်တောင် လူတွေ တရားမဲ့နေကြပြီလား။ ကြည့်ရတာ မိကောင်းဖခင် သားသမီးကလေး ထင်ပါရဲ့ဗျာ။ ဒါမျိုးတွေ ကြာလေများလေ ဖြစ်နေပြီဗျ။ ကြည့်ပါဦး၊ ငယ်ငယ်လေးနဲ့ ပန်းကောင်းအညွန့်ချိုး ခံလိုက်ရတာ"

ပြောပြီး မိန်းကလေးကို ငုံ့ကြည့်ပြန်သည်။ သမီးချင်း စာနာနေပုံ။ သူ့မှာ သမီး ရှိနေပုံ ရသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ထပ်ဂျိကျ ပြန်သည်။

"အရေးကြီးတာက ဟိုငနဲကြီးရဲ့ ရန်ကို ကာကွယ်ဖို့ပဲ။ ဒီကောင်မလေးကို ဖျက်ဆီးတဲ့အထဲ သူလည်း ပါချင် ပါနေမှာ? သူ့ပုံကြည့်ရင် သိသာနေတာပဲ။ ကြည့်လေ၊ ခုထိ မသွားသေးဘူး"

ရပ်စ်ကိုလ်နီကော့ဗ်က အော်ပြောလိုက်ခြင်း ဖြစ်သည်။ ဟိုလူ ကောင်းကောင်း ကြားသွားသည်။ ဒေါသတကြီး ပြန်ကြည့်ပြီး ဆယ်လှမ်းလောက် ရွှေ့သွားသည်။

"သူ့ရန်ကို ကာကွယ်ဖို့ထက် အရေးကြီးတာက ဒီကလေးမကို ဘယ်ကို ပြန်ပို့ပေးရမလဲ သိဖို့ပဲ ဆရာလေး။ မလေး... မလေး"

ငုံ့ပြီး သူ ခေါ်ပြန်သည်။ သည်တခါ မျက်လုံး ဖွင့်ကြည့်တော့ သတိရလာပုံဖြင့် ခုံတန်းလျားပေါ် ထထိုင်သည်။ ပြီးတော့ ဝုန်းခနဲ ထရပ်ပြီး သူ လျှောက်လာသည့် ဘက်ကို ပြန်လျှောက်သွားသည်။

"အပါးပါ၊ အရှက်မရှိတဲ့ လူတွေ၊ လူရမ်းကားတွေ"

လက်ကို ဝေ့ကာ ဝေ့ကာဖြင့် အော်ရင်း အပြေးလျှောက်နေသည်။ သို့သော် ခြေလှမ်းတွေ မမှန်။ ဟိုယိုင် သည်ယိုင်နှင့်။ ဟို လူပေါ်ကြော့က လမ်းဟိုဘက် ပလက်ဖောင်းမှ ပြေးလိုက်သွားသည်။ ကောင်မလေးဆီမှ သူ့မျက်လုံးက မခွာ။

"ကဲ ...ဆရာလေး၊ ဘာမှ မပူနဲ့ သိလား။ သူ လက်ဖျားနဲ့တောင် မတို့စေရဘူး"

နှုတ်ခမ်းမွေးနှင့် ရဲက ပြောပြောဆိုဆို နောက်က ပြေးလိုက်သွားသည်။

"ခေတ်ကြီးကိုက စာရိတ္တပျက်နေတဲ့ ခေတ်ကြီးပဲ"

ဟု အော်ပြောသွားသည်။

ထိုတဒင်္ဂတွင် ရုတ်တရက်ကြီး ရပ်စ်ကိုလ်နီကော့ဗ် လျှပ်ပြက်သလို လက်ခနဲ ဖြစ်သွားသည်။ ရဲသားကို နောက်မှ လှမ်းအော်လိုက်သည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဟော့လူ၊ နေဦး"

ရဲသားက ပြန်လှည့်ကြည့်သည်။

"လွှတ်ထားလိုက်၊ သူတို့ဘာသာ ဘာဖြစ်ဖြစ်၊ သူ့ ကောင်မလေးနဲ့ ပျော်ချင်ပျော်ပစေပေါ့၊ ကျုပ်တို့အပူ တပြားသားမှ မပါဘူး"

သူက လမ်းတဖက်ခြမ်းမှ ပြေးနေသူကို လက်ညှိုးထိုး ပြောလိုက်ခြင်း ဖြစ်သည်။ ရဲသားက ဘာမှ နားမလည်သလို ပြန်လှည့်ကြည့်နေသည်။ ရပ်စ်ကိုလ်နီကော့ဗ် ရယ်ချလိုက်သည်။

"ဟာ... ဒုက္ခပါပဲ"

ရဲသားက လက်ဝှေ့ပြပြီး ဆက်ပြေးသွားသည်။ ရပ်စ်ကိုလ်နီကော့ဗ့်ကို စိတ်မနှံ့သူ တယောက်အဖြစ် မြင်သွားလေသည်လား မသိ။

တယောက်တည်း ကျန်ခဲ့တော့မှ စက်ဆုပ်ရွံရှာစွာ ပြောလိုက်မိသည်။

"ပါသွားပြီ၊ ကိုပက်နှစ်ဆယ် ပါသွားပြီ။ သူ ဘယ်လောက် ဖြတ်အုပ်မလဲ မသိဘူး။ အဲ... ရှိစေတော့၊ ကောင်မလေးကို သူ ခေါ်သွားကောင်းပါရဲ့၊ ဒါဆို ပြီးပြီပေါ့၊ နေပါဦး၊ ဒါတွေ ငါနဲ့ ဘာဆိုင်လို့လဲ။ ငါက ဘာကောင်မို့ လူတွေကို ကူညီနေရမှာလဲ။ ကူညီဖို့ အခွင့်အရေးကော ငါ့မှာ ရှိလို့လား။ သူတို့ဘာသာ သူတို့ အရှင်လိုက် ဝါးစား ဝါးစားပေါ့။ ငါနဲ့ ဘာဆိုင်တာမှတ်လို့။ ငါက ဘာကိစ္စ ကိုပက်နှစ်ဆယ် သွားပေးလိုက်တာလဲ။ ဒါ ငါ့ပိုက်ဆံလား"

သည်လို ထူးဆန်းသည့် စကားလုံးတွေ နှုတ်က ထွက်သွားပြီးတော့ ရင်ထဲ နင့်နေအောင် နာသွားသည်။ ခုံတန်းလျားပေါ်တွင် အရှပ်ကြိုးပြတ် ထိုင်ချလိုက်၏။ သူ့ခေါင်းထဲတွင် အတွေးပေါင်းစုံဖြင့် ချာချာလည်နေပြီ။ ဘာအကြောင်း တွေးလိုက် တွေးလိုက်၊ စိတ်သက်သာစရာ တကွက်မျှ မရှိ။ အားလုံးကို မေ့ပစ်လိုက်နိုင်ရင် ဘယ်လောက်ကောင်းမည်လဲ။ အရာတိုင်း ကို မေ့ထားလိုက်ချင်သည်။ အတိတ် တကဏ္ဍကို ထားခဲ့ပြီး အသစ်တဖန် ပြန်နိုးချင်လာသည်။

"အင်... သနားစရာ မိန်းကလေး"

သူ လှဲအိပ်သွားသည့် ခုံတဖက်စွန်းကို ကြည့်ပြီး ပြောလိုက်သည်။

"သူ အမူးပြေသွားရင် သူ့အဖြစ်ဆိုးတွေကို ပြန်သတိရလာလိမ့်မယ်။ အဲဒီမှာ သူ ငိုချမိလိမ့်မယ်။ အမေက သိသွားလိမ့်မယ်။ ပထမဆုံး သူ အရိုက်ခံရမှာ သေချာတယ်။ သေကောင်ပေါင်းလဲ ရိုက်လိမ့်မယ်။ အိမ်က မောင်းချချင်လည်း ချလိမ့်မယ်။ ဒါဆို လမ်းပေါ်ကို အပြီးအပိုင် ရောက်သွားပြီပေါ့။ ဒါဆို ဆေးရုံနဲ့လည်း လမ်းပေါက်သွားတော့မှာပါ။ (သူတို့တွေဟာ သည်အတိုင်းပဲလေ။ ရိုးသားတဲ့ အမေတွေ မသိအောင် အတူနေပြီး အခြား ဘဝမျက်နှာစာ တခု ဖွင့်တတ်ကြတယ်) သည်လိုနဲ့ သူတို့ အရက် သောက်တတ်လာကြတယ်။ ဆေးရုံရယ်၊ အရက်ဆိုင်ရယ်၊ လုပ်ငန်းခွင်ရယ် ကူးချည်သန်းချည်လုပ်ရင်း သုံးနှစ်လောက် ကြာလာတော့ ချုံးချုံးကျလာရော၊ အဲဒီအချိန်မှာ သူ ဆယ့်ရှစ်၊ ဆယ့်ကိုးလောက်ပဲ

mgyoe.com

mgyoe.com SAMPLE BOOK

ရှိဦးမယ်။ ဒီလို မိန်းကလေးမျိုးတွေ ငါ မတွေ့ဖူးဘူးလား။ သူတို့ဘဝ ဘယ်လို အဆုံးသတ်သွားကြသလဲ။ အားလုံး တပုံစံတည်းတွေချည်းပါပဲ။ သူတို့က ပြောကြတယ်။ ဒါ ဘာဆန်းလဲ။ ဒီလိုပဲ ဖြစ်ရမှာပေါ့တဲ့။ နှစ်တိုင်းနှစ်တိုင်း ဘယ်နှရာခိုင်နှုန်း အဲဒီလို ဖြစ်သွားတဲ့ အကြောင်းလည်း သူတို့ ပြောကြသေးတယ်။ လူမှုရေးနဲ့ ရာဇဝတ်မှုပြည့်တန်ဆာမှု လေ့လာဆန်းစစ်တဲ့ လူတွေလေ။ ရာခိုင်နှုန်းတဲ့၊ တော်တော်လှတဲ့ စကားလုံးကလေးပဲ။ သိပ္ပံနည်းလည်း ကျတယ်။ တိလည်း တိကျတယ်။ ရာခိုင်နှုန်း ဘယ်လောက် ဘယ်လောက်ပေါ့။ ဘာမှ စိတ်ပူစရာ မလိုတဲ့ အဓိပ္ပာယ်။ ဒါ်ဆို ဆွန်ညာကလေးကော အဲဒီရာခိုင်နှုန်းထဲ ပါသွားရင် ဘယ့်နှယ် လုပ်မလဲ။ ဒါလောက် မဆိုးရင်လည်း တခြား တနည်းနည်းနဲ့ ပျက်စီးမှာပဲ"

သူ ရုတ်တရက် တခုခုကို သတိရလိုက်သလို တုံ့သွားသည်။

"နေပါဦး၊ ငါ ခု ဘယ်သွားရမှာလဲ၊ ထူးဆန်းနေပါလား။ ငါက အထောက်အထား တခု ရှာနေတာ။ စာဖတ်ပြီးပြီးချင်း ငါ ထွက်လာခဲ့တာ။ ဇာဆီလီဇက်စကီကျွန်းကို သွားမယ်။ ရာဇူမိခင်ဆီ သွားမယ်ဆိုပြီး ထွက်လာတာ။ ဟုတ်ပြီ၊ ငါ သတိရပြီ။ ဒါပေမဲ့ ဘာအတွက် သွားမှာလဲ၊ ဘာကြောင့် ရာဇူမိခင်ဆီ သွားဖို့ သတိရလာတာလဲ၊ တော်တော် ထူးဆန်းပါလား"

ရာဇူမိခင်က တက္ကသိုလ်တုန်းက ကျောင်းနေဖက် သူငယ်ချင်း။ တော်တော်တော့ ထူးဆန်းသည်။ ရပ်စ်ကိုလ်နီကော့ဗ်သည် တက္ကသိုလ်တွင် အပေါင်းအသင်း မရှိသလောက်ပင်။ တယောက်တည်း နေသည်။ သူ့ဆီသို့ ဘယ်သူမှ မလာ။ သူကလည်း ဘယ်သူ့ဆီမှ မသွား။ ကြာတော့ သူသည် အထီးကျန်ဘဝသမား ဖြစ်လာသည်။ ဘယ်စကားဝိုင်းကိုမှ သူ မဝင်။ လူစုလူဝေးကို ဝေးစွာရှောင်သည်။ ပျော်ပွဲ ရွှင်ပွဲများနှင့်ဆို ဝေလာဝေး။ ဘယ်အဖွဲ့အစည်းနှင့်မှ မပတ်သက်။ အလွန် စာကြိုးစားသော၊ ဖွဲ့ကောင်းသော ကျောင်းသားအဖြစ် နာမည်ကြီးသည်။ သည်အတွက် သူ့ကို အခြားကျောင်းသားတွေ တလေးတစား ရှိကြသည်။ သို့သော် သူ့ကို ဘယ်သူမျှ မခင်ကြ။ သူသည် အလွန်ဆင်းရဲသော်လည်း လူအမြင် ကတ်လောက်အောင် ဘဝင်မြင့်သည်။ လူတွေနှင့် ဝေးသည်။ သူ့တွင် ကိုယ်ပိုင်လျှို့ဝှက်ချက် ရှိနေသည့် အလား။ အခြားကျောင်းသားများကို သူက မနူးမနပ်ကလေးတွေလို သဘောထားသည်ဟု ပတ်ဝန်းကျင် က သူ့ကို အကဲဖြတ်သည်။ အားလုံးထက် သူက ခေါင်းတလုံး ပိုမြင့်နေသလိုလို။ ယုံကြည်ချက်၊ ဗဟုသုတ၊ ထူးချွန်ထက်မြက်မှု၊ စိတ်ဝင်စားမှု အားလုံး သူက ထိပ်ဆုံးရောက်နေသည့် အလား။

သို့သော် ရာဇူမိခင်သည် သူ့အတွက် ခြွင်းချက် ဖြစ်နေသည်။ သူတို့နှစ်ယောက် အသွင်မတူကြ။ ရာဇူမိခင်က အပေါင်းအသင်း ဆုံသည်။ သူ့အပေါ် သူများတွေထက် ပိုပွင့်လင်းသည်။ သူသည် ပကတိရိုးသားသူ ဖြစ်သည်။ သူ၏ လေးနက်မှုနှင့် ဂုဏ်သိက္ခာကို ယင်းရိုးသားမှုက ဖုံးကွယ်ထားသည်။ သူ့ကို လူတိုင်း ချစ်ကြသည်။ သူသည် ရိုးသားသော်လည်း ထုံထိုင်းသူ တယောက်တော့ မဟုတ်ပေ။ သူ့ပုံသဏ္ဌာန်သည် ခံ့ညားသည်။ အရပ်မြင့်မြင့်၊ ဆံပင်

mgyoe.com

mgyoe.com SAMPLE BOOK

နက်နက်နှင့် လူချောတယောက် ဖြစ်၏။ မုတ်ဆိတ်ကိုမူ ဖြစ်ကတတ်ဆန်း ရိတ်တတ်သည်။ သူသည် ဖော့ဖယောင်းလို ပျော့ပျောင်းသူ ဖြစ်သော်လည်း မာပြီဟော့ ဆိုလျှင် သံမဏိလက်သီးဟု နာမည်ကြီးသူ ဖြစ်သည်။ တည ရန်ပွဲတခုတွင် ခြောက်ပေခွဲ ဗလကြီးတယောက်ကို တချက်တည်းနှင့် မှောက်ကျသွားအောင် ထိုးပစ်လိုက်သည်။ သောက်ပြီဟော့ ဆိုလျှင် အတိုင်းအဆ မရှိ သောက်ပြီး သောက်ချင်စိတ် မရှိသည့်အခါ အရက်ကို လုံးဝ လှည့်မကြည့်။ သူ နောက်ချင် ပြောင်ချင်စိတ် ရှိလာပြီ ဆိုလျှင် အားလုံး လက်မြှောက်ရသည်။ သူ တည်ပြီဟော့ ဆိုလျှင် ခင်ကြီးတပါးလို ဣန္ဒြေတခွဲသားနှင့် လုပ်နေတတ်သည်။ သူသည် ဘယ်လို အခက်အခဲမဆို ကျော်လွှားနိုင်သူ ဖြစ်သည်။ ဘယ်လို ဘဝကြမ်း လှိုင်းတံပိုးကမှ သူ့အား မချေမှုန်းနိုင်။ သူသည် ခေါင်မိုးနှင့် ကပ်နေသည့် အထပ်ခိုးတွင်လည်း နေနိုင်သည်။ ဘယ်လောက်အေးအေး၊ ဘယ်လောက်ဆာဆာ သူ ခံနိုင်သည်။ သူသည် အလွန်ဆင်းရဲသူ ဖြစ်သည်။ သို့သော် ဖြစ်သည့်နည်းဖြင့် ကြံ့ကြံ့ခံသည်။ အလုပ်တွေ တခုပြီး တခု ရှာလုပ်သည်။ ဘယ်နေရာမှာ ဘယ်အလုပ်မျိုး ရှိသည်ကို သူ ကောင်းကောင်း သိသည်။ တခါတွင် ဆောင်းရာသီ တချိန်လုံး သူ့အခန်းထဲတွင် အနွေးဓာတ် မရှိခဲ့။ သူက ဒါကို ပျော်ဖို့ကောင်းသည်တဲ့။ ပိုအိပ်လို့ ကောင်းသည်တဲ့။ ခုလောလောဆယ်တွင် သူလည်း စရိတ်ပြတ်သဖြင့် ကျောင်း ထွက်ထားရသည်။ သို့သော် မကြာခင် သူ ပြန်တက်နိုင်မှာ သေချာသည်။ သူက သည်လို ဖြစ်နေကျလေ။ သူ့ဆီ မရောက်သည်မှာ လေးလကျော်ပြီ။ မိမိ၏ လက်ရှိလိပ်စာကို သူ မသိ။ လွန်ခဲ့သည့် နှစ်လက လမ်းတွင် သူ့ကို မတော်တဆ လှမ်းမြင်တော့ သူ မမြင်အောင် လမ်းချိုးတခုထဲသို့ လှည့်ထွက်လာခဲ့သည်။ ရာဇူမီခင်က သူ့ကို သက်သက် ရှောင်ထွက်သွားမှန်း သိသည်။ သူငယ်ချင်းကို အနှောင့်အယှက် မပေးလို၍ အသာကြည့်နေလိုက်သည်။

(၅)

ရပ်စ်ကိုလ်နီကော့ဗ်သည် စိတ်ရှုပ်ရှုပ်နှင့် တတွတ်တွတ် ရွတ်ရင်း ဆက်လျှောက်နေသည်။

"တလောက သူ့ဆီသွားဖို့ စိတ်ကူးခဲ့သေးတာပဲ၊ အလုပ်ကလေး ဘာလေး ရမလားဆိုပြီးတော့လေ။ ကျူရှင်ပြတဲ့ အလုပ်ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ်ပေါ့။ ဒါပေမဲ့ မသွားဖြစ်ခဲ့ဘူး။ သွားရင် သူက သူ့အလုပ်ကို ခွဲပေးချင် ပေးမှာ။ လွှဲပေးချင် ပေးမှာ။ ကျူရှင်ပြမယ့် အိမ်ကို လူလူသူသူ သွားနိုင်အောင် အင်္ကျီတို့၊ ဖိနပ်တို့တောင် ဝယ်ပေးချင် ပေးနေဦးမှာ။ သူ့မှာလည်း ရှိတာမဟုတ်ဘူး။ သူ့ဆီ သွားဖို့ စိတ်ကူးတာ အဓိပ္ပာယ် မရှိပါဘူး"

ရာဇူမီခင်ဆီ သွားဖို့ စိတ်ကူးမိခြင်းအတွက် စိတ်မသက်မသာ ဖြစ်နေသည်။ ဘာမှ မထူးဆန်းသည့် ကိစ္စကလေးကို သူက ဧရာမ မကောင်းမှု ဒုစရိုက်ကြီး ထင်နေသည်။

"ရာဇူမီခင်နဲ့ တွေ့ရင် ငါ့ပြဿနာတွေ ရှင်းသွားမှာလား၊ သူ့ဆီမှာ ငါ့အတွက် အဖြေတွေ ရှိနေလို့လား"

mgyoe.com

mgyoe.com SAMPLE BOOK

သူ့ကိုယ်သူ တအံ့တဩ ပြန်မေးမိသည်။ နဖူးကို ပွတ်ပြီး ဆက်စဉ်းစားသည်။ ကံအားလျော်စွာလို့ ပြောရမည်လား၊ ရုတ်ခြည်း လျှပ်စီးလက်သလို ဝင်းလက်သွားခြင်းလား မသိ။ နောက်ဆုံးတွင် ဆုံးဖြတ်ချက် ချလိုက်သည့်အလား။ လုံးဝ တည်ငြိမ်သော အသံဖြင့် ပြောလိုက်သည်။

"ဟုတ်ပြီ၊ ရာဇူမီခင်ဆီ သွားမယ်။ တကယ် သွားဖြစ်အောင် သွားမယ်။ အဲ ... နေပါဦး၊ ခု မသွားသေးဘူး၊ နောက်နေ့မှ သွားမယ်။ ဒါဆို အားလုံး ကိစ္စပြီးနေချိန်ပေါ့။ အသစ်တဖန် ပြန်စတဲ့ နေ့ပေါ့"

ရုတ်ခြည်း သူ သတိပြန်ဝင်လာသည်။ ခုံတန်းပေါ်မှ ဝုန်းခနဲ ထရပ်ပြီး မပြေးရုံ တမည် လျှောက်သည်။ သူ့ စိတ်ထဲတွင် ချက်ချင်း အနိဋ္ဌာရုံတွေ ပေါ်လာသည်။ စိတ်ပျက်ဖွယ်ရာ အတိ။ လွန်ခဲ့သည့် တလကတည်းက စတင် စုဝေးနေသည့် အတွေး။ ရှေ့တည့်တည့်သို့ ဆက်လျှောက်သည်။

စိတ်လှုပ်ရှားမှုကြောင့် ကျောထဲ စိမ့်သွားပြီး အဖျားတက်ချင်သလို ဖြစ်ကာ တကိုယ်လုံး တုန်ခါလာတော့သည်။ ဒါလောက် ပူပြင်းသည့်အချိန်တွင် မေးချင်းရိုက်နေသည်။ သက်သာလို သက်သာငြား ဆိုပြီး ရင်ထဲက တောင်းဆိုလာသည့်နှယ် မြင်မြင်သမျှ အရာတွေကို ကျိုးကန်း တောင်းမှောက် လျှောက်ကြည့်နေသည်။ သို့သော် အရာတိုင်းသည် စိတ်ကူးထဲတွင် ပျောက်ကွယ်သွားကြသည်။ ခေါင်းငိုက်စိုက် ကျသွားပြီး ပြန်ထောင်လိုက်သည့် အချိန်တွင် စောစောက မြင်သည့် အရာအားလုံးကို သူ မမှတ်မိတော့ပေ။ တခါ ပြန်ပြီး ကျိုးကြည့် ကြောင်ကြည့် ကြည့်နေပြန်သည်။ ဘယ်လမ်းကို လျှောက်နေမှန်း သူ မသိ။ ဤသို့ဖြင့် ဗာစီလီယက်စ်စကီကျွန်းသို့ ရောက်လာခဲ့သည်။ ပြီးတော့မှ နီဗားမြစ်ကမ်း။ တံတားပေါ်က ဖြတ်ပြီး တဖက်ကမ်းမှ ကျွန်းများဆီသို့* ဆက်လျှောက်သည်။ မျက်စိအေးချင်စရာ စိမ်းစိမ်းစိုစို မြင်ကွင်းကြောင့် သူ့အာရုံ ပြောင်းသွားသည်။ မြို့ထဲက မြင်ကွင်းနှင့် တခြားစီ။ ပီတာစဘတ်သည် ဆောက်လုပ်ဆဲ မြို့ကြီးဖြစ်၍ ဖုန်တွေ၊ သဲတွေ ထူထပ်လှသည်။ လူတွေ၊ အဆောက်အအုံတွေနှင့် ရှုပ်ယှက်ခတ်နေသည်။ ဒီဘက်ပိုင်းမှာတော့ လူနေအိမ်ခြေ ကျဲသည်။ မကောင်း သော အနံ့အသက်များ မရှိ။ အရက်ဆိုင်တွေ၊ ဘီယာဆိုင်တွေ မရှိ။ မကြာပါချေ။ သူ့စိတ်တွေ အချဉ်ပေါက်လာပြန်သည်။ မကြာခဏ ရပ်ပြီး လူကုံထံတို့၏ နွေရာသီစံအိမ်ကြီးများကို ငေးကြည့်သည်။ စိမ်းစိုသော ပန်းခြံမြက်ခင်းများထဲတွင် ဝတ်ကောင်းစားလှနှင့် အမျိုးသမီးများကို လှမ်းမြင်ရသည်။ ရောမ ဆင်ဝင်ကြီးများ၊ လေသာဆောင်များ၊ အမိုးများအောက်တွင် ကလေးတွေ တပျော်တပါး ဆော့ကစားနေကြသည်။ ပန်းပွင့်တွေကို သူ စိတ်ဝင်တစား ငေးကြည့်နေသည်။ ကျန်တာတွေ သူ ဘာမျှ အာရုံမထားတော့။ ဖိတ်ဖိတ်တောက်နေသည့် မြင်းရထားကြီးများနှင့်လည်း သူ ဆုံသည်။ အပျော် မြင်းစီးထွက်ကြသည့်

* ပီတာစဘတ် အနောက်ပိုင်း နီဗားမြစ်ဝကျွန်းပေါ်ဒေသတွင် လူချမ်းသာများ နေထိုင်သည့် နွေရာသီစံအိမ်ကြီးများ ရှိသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

အမျိုးသား၊ အမျိုးသမီး များကိုလည်း တွေ့ရ၏။ သူတို့ကို ထူးဆန်းသည့် အကြည့်မျိုးဖြင့် သူ လှမ်းကြည့်သည်။ သို့သော် မြင်ကွင်းထဲက ပျောက်မသွားခင် မေ့သွားတော့သည်။ တနေရာတွင် ရပ်ပြီး အိတ်ထဲမှ ပိုက်ဆံလက်ကျန်ကို ရေကြည့်သည်။ ကိုပက် သုံးဆယ်လောက် ကျန်သေးသည်။

"နှစ်ဆယ်က ရဲသားကို ပေးခဲ့တယ်။ အမေ့စာ ရွေးပေးတဲ့ နာတာရှာကို သုံးကိုပက်၊ ဒါဆို မာမီလာဒွေါ်မ် မိသားစုကို ငါ ပေးခဲ့တာ ကိုပက် ငါးဆယ်လောက် ရှိမှာပေါ့"

သူ ပိုက်ဆံ ရေတွက်ခြင်းမှာ အကြောင်းတခုကြောင့် ဖြစ်သည်။ ပြီးတော့ ချက်ချင်း မေ့သွားတော့သည်။ ဘာကြောင့် ထုတ်ရေမိမှန်း မမှတ်မိတော့။

သြော် ...သတိရပြီ။ ထမင်းဆိုင် တဆိုင်ရှေ့ ဖြတ်လျှောက်တော့ ဗိုက်ဆာလာတာကို သတိရပြီး ရေကြည့်တာပဲ။ ဆိုင်ထဲ ဝင်ခဲ့ပြီး ဖော့ဒကာတခွက် မော့ကာ သားညှပ်မုန့် တယှက် မှာစားလိုက်သည်။ သူ မသောက်ဖြစ်သည်မှာ ကြာပြီ။ တခွက်သောက်ရုံဖြင့် ရီတီတီ ဖြစ်လာသည်။ ဆိုင်ထဲက ထွက်လာတော့ ခြေထောက်တွေ လေးလာသည်။ အရမ်း အိပ်ချင်လာသည်။ အိမ်ပြန်ဖို့ ခြေဦးလှည့်လိုက်သည်။ ပီထရော့စကီကျွန်း ရောက်တော့ ခဏနားသည်။ အရမ်းပင်ပန်းနေပြီ။ လမ်းဘေး ဆင်း၍ ချုံပုတ်တွေ ကြားထဲ တိုးဝင်ပြီး မြက်ခင်းပေါ်သို့ လဲကျသွားသည်။ မကြာခင် အိပ်ပျော်သွားတော့၏။

သည်လို စိတ်ပျက်စရာ အခြေအနေထဲမှာပင် ကြည်လင် ပီပြင်သည့် အိပ်မက်တွေ မက်နေသေးသည်။ တကယ့် အဖြစ်အပျက်များနှင့် မခြား။ အိပ်မက်က ဝတ္ထုတပုဒ် အလား ရသမြောက်သည်။ အလှည့်ကလေးတွေ၊ မမျှော်လင့်တာကလေးတွေနှင့်။ ပွတ်ရှိုကင် ဝတ္ထု လိုလို၊ တူရဂီညက်၏ ဝတ္ထုလိုလို။

အိပ်မက်ထဲတွင် ငယ်ဘဝကို ပြန်ရောက်သွားသည်။ နောက်ခံကားက သူတို့ နယ်မြို့ ကလေး။ သူ ခုနစ်နှစ်သားအရွယ်။ ဘာသာရေးပွဲတော် တခုတွင် အဖေနှင့် ပွဲဈေးတန်း လျှောက်သွားနေသည်။ နေရာက မြို့ပြင်။ အချိန်က ညဆည်းဆာ။ ရာသီဥတုက ညို့ညို့ ဆိုင်းဆိုင်း။ အိပ်မက်ထဲမှ တောမြို့ကလေး၏ ညနေဆည်းဆာသည် တကယ့် သူ ငယ်ငယ် က ရှုခင်းသာ ရုပ်ပုံလွှာ။ မိုးမခပင် တပင်တလေမျှ မရှိ။ ဟိုအဝေး မိုးကုပ်စက်ဝိုင်းတွင်တော့ တောတန်းကလေးက မျဉ်းဖြောင့်တကြောင်းလို ဖြောင့်တန်းလျက်။ မြို့စွန်တွင် အရင်က ဆိုင်ကြီးတဆိုင် ရှိသည်။ အဖေနှင့်အတူ သည်ဆိုင်ရှေ့ ဖြတ်လျှောက်တိုင်း အထိတ်တလန့် ဖြစ်ရသည်။ ဆိုင်ထဲတွင် လူတွေ ပြည့်ကျပ်နေပြီး အော်ဟစ် သောင်းကျန်းနေကြသည်။ ဆိုသူဆို၊ ဆဲသူဆဲ။ ရန်ပွဲတွေက စဲသည် မရှိ။ ဒီလိုအခါတွင် အဖေ့အနား တိုးကပ်ပြီး အသားတွေ ဆတ်ဆတ်တုန်နေတတ်သည်။ အရက်ဆိုင်ဘေးမှ လမ်းမှာ ဖုန်ထူထူ တောလမ်း ဖြစ်သည်။ ခြေလှမ်း သုံးရာလောက် လှမ်းလျှင် သုသာန်သို့ ရောက်သည်။ သုသာန်မြေ၏ အလယ် တည့်တည့်တွင် ကျောက်သားဖြင့် ပြီးသည့် ဘုရားကျောင်း ရှိသည်။ ဘုရားကျောင်းအမိုးက ခုံးခုံးချွန်ချွန်ကြီး။ ကြက်သွန်ဥကြီးနှင့် တူသည်။ အဖေနှင့် အမေ နောက်သို့ လိုက်ပြီး တနှစ်

mgyoe.com

mgyoe.com SAMPLE BOOK

လျှင် နှစ်ခါ ဘုရားဝတ်ပြုရသည်။ အဘွားအတွက် အောက်မေ့ဖွယ် ဝတ်ပြုပွဲ ဖြစ်သည်။ အဘွား ဆုံးသည်မှာ ကြာပြီ။ အဘွားကို သူ မမြင်ဖူးလိုက်။ သည်ပွဲမျိုးတွင် အမြဲတမ်း မုန့်ညက်တွေ လုပ်သွားသည်။ စပျစ်သီး ဌာပနာပြီး ဖိကာ လက်ဝါးကပ်တိုင် ပုံသဏ္ဌာန်ဖြစ်အောင် ပုံသွန်း သည်။

သည်ဘုရားကျောင်းကလေးကို သူ အလွန် ခင်မင်သည်။ ရုပ်ပွားတော်များက အိုမင်းလှပြီ။ မည်သည့် အမွမ်းအမံ အဆောင်အယောင်မျှ မရှိ။ ခင်ကြီးမှာလည်း အလားတူ စွာ အိုမင်းလှပြီ။ ခေါင်းတွေ တုန်နေပြီ။ အဘွား၏ အုတ်ဂူတဖက်တွင် ဂူအငယ်စားကလေး တခု ရှိသည်။ သူ့ညီကလေး၏ ဂူ။ ခြောက်လနှင့် ဆုံးသွားသည့် သူ့ညီလေး။ သူ လုံးဝ မမှတ်မိ။ သို့သော် သချိုင်းရောက်သွားသည့်အခါ အဘွား၏ ဝေယျာဝစ္စလုပ်ပြီးတိုင်း ညီလေး၏ အုတ်ဂူဘေးတွင် ရပ်၍ နဖူးနှင့် ပခုံးနှစ်ဖက်ကို လက်ဝါးကပ်တိုင်သဏ္ဌာန် လက်နှင့်ထိကာ ဘုရားကို အာရုံပြုသည်။ ပြီးတော့ ညီလေး၏ အုတ်ဂူကို ငုံ့ပြီး နမ်းသည်။

အိပ်မက်ထဲတွင် သည်သုသာန်လမ်းကို အဖေနှင့်အတူ သူ လျှောက်သွားနေသည်။ အရက်ဆိုင်ရှေ့ ရောက်တော့ အဖေ့လက်ကို တင်းတင်းဆုပ်ပြီး ဆိုင်ဘက်ကို လှည့်ကြည့် လှည့်ကြည့်နှင့် ပါသွားသည်။ သည်တခါ ပိုထူးခြားနေသည်။ ဆိုင်ထဲတွင် လူတွေ စည်ကား နေသော်လည်း ခါတိုင်း မြင်ကွင်းမျိုး မဟုတ်။ ဝတ်ကောင်းစားလှနှင့် မြို့သူ မြို့သားတွေ၊ ကျေးလက်က အမျိုးသမီးကြီးတွေက သူတို့ ခင်ပွန်း လယ်သမားကြီးများနှင့်။ အားလုံး မူးနေကြပြီ။ စကားဝိုင်းတွေ ဆူနေပြီ။ သီချင်းဆိုသူတွေက ဆိုနေကြသည်။ ဆိုင်ရှေ့တွင် မြင်းလှည်းတစီး ရပ်ထားသည်။ ထူးထူးဆန်းဆန်းလှည်း ဖြစ်နေသည်။ မြင်နေကျ ရောမ လှည်းကြီး မဟုတ်။ ဆွဲသည့်မြင်းကြီးကလည်း ရောမကောင်ကြီး မဟုတ်။ လည်ဆံမွေး တွေက ဖားဖားလျားလျား၊ ခြေဆံလက်ဆံတွေက တုတ်တုတ်ခိုင်ခိုင် မဟုတ်။ ဝိုင်စည်ကြီး တွေ သယ်သည့် လှည်းကြီးမျိုး ဖြစ်သော်လည်း ဆွဲမြင်းက မြင်းပိန် မြင်းလိုကလေး။ ဝိုင်စည် ကြီးတွေ အမို့အမောက်တင်ပြီး မနိုင်မနင်းဆွဲလျှင် လှည်းသမားက တအားရိုက်ပြီး မောင်း သည်။ သည်လို မြင်ကွင်းမျိုး မြင်ရလျှင် စိတ်မကောင်းဖြစ်ကာ မျက်ရည်ဝဲတတ်သည်။ ထိုအခါမျိုးတွင် အမေက ပြတင်းပေါက်နားမှ တွဲခေါ်သွားတတ်သည်ကို မှတ်မိနေသည်။

ဆိုင်ထဲတွင် အသံတွေ ရုတ်တရက် ပိုဆူလာသည်။ ရှုရှားဂီတသံ ပိုကျယ်လာသည်။ အနီနှင့် အပြာကျား ရုပ်အင်္ကျီနှင့် လယ်သမားကြီးတွေက ကုတ်အင်္ကျီတွေကို ပခုံးပေါ် တင် ထားကြသည်။ သူတို့အထဲမှ ကုပ်သားတွေ ခုံးထနေသည့် လူရွယ်တယောက်က ထွက် အော်သည်။

"အားလုံး တက်ကြပါ၊ တက်ကြပါ။ ခင်ဗျားတို့ကို အပျော်ခရီးထွက်ဖို့ ကျွန်တော် ပို့ပေးပါ့မယ်"

သူ့မျက်နှာက မုန်လာဥနီလို ရဲတွတ်နေသည်။

အားလုံး ဝိုင်းရယ်ကြသည်။ ပြီးတော့ တယောက် တပေါက် ပြောကြသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"မြင်းကဖြင့် အရှိုးပေါ် အရေတင်လို့"

"မင်း ရူးနေလား မီကိုလ်ကာ၊ ဒီလှည်းကြီးမှာ ဒီအရိုးပဒေသာ မြင်းကို တပ်ထားရတယ်လို့ကွာ"

"အသက်နှစ်ဆယ်လောက် ရှိပြီ ထင်တယ်"

"ကဲ... တက်ကြပါ၊ အားလုံးကို ကျွန်တော် တင်ခေါ်မယ်'

မီကိုလ်ကာက အော်ပြန်သည်။ ပြီးတော့ သူကိုယ်တိုင် လှည်းပေါ် ခုန်တက်ပြီး ကြိုးကို ဆွဲလိုက်သည်။ ပြီးတော့ မတ်တတ်ရပ်လျက် အော်ပြောသည်။

"ကျွန်တော့် မြင်းညိုကြီးကို မက်ဖေး ယူသွားလို့ဗျ။ ဒီမြင်းပိန်မကို ကောင်းကောင်း မောင်းပေးရမယ်၊ မြင်းမက ပိန်သာ ပိန်တာ၊ သောက်စား အရမ်းကြီးတာဗျ၊ ကဆုန်စိုင်း နိုင်းရမယ်"

သူက ကျာပွတ် တပြင်ပြင်နှင့် အသံအောကြီးဖြင့် ပြောနေခြင်း ဖြစ်သည်။ မြင်းမကို ရိုက်ရမည့်အတွက် သူ ပျော်နေပုံ။

"တက်ကြလေဗျာ၊ နတ်မြင်းပျံလို မြူကြွားပြလိမ့်မယ် ဆို"

"သူ မပြေးရတာ ဆယ်နှစ်လောက် ရှိပြီ ထင်ပါရဲ့ကွာ"

"အို... ခု သူ ပြေးပြလိမ့်မယ်"

လူတွေအားလုံး ဝိုင်းတက်ကြသည်။ ပြီးတော့ ဝိုင်း အော်ကြသည်။ တယောက်နှင့် တယောက် အော်ဟစ် နောက်ပြောင်လျက်။ လူခြောက်ယောက် တတန်း ထိုင်ပြီးပြီ။ နေရာလွတ်တွေ ကျန်နေဆဲ။ ဝဝတုတ်တုတ် မျက်နှာနီနီနှင့် တောသူမတယောက်ကို သူတို့ ခေါ်တင်လိုက်ကြသည်။ ပွင့်ရိုက်သရက်ထည် စကတ်ဖားဖားကြီးနှင့်။ ပုတီးစေ့တွေနှင့် ခြုံထည် လွှမ်းထားသည်။ ခေါင်းစည်း စည်းထားသည်။ ဖိနပ်တွင်လည်း ပုတီးစေ့တွေနှင့်။ အမျိုးသမီးက တချိန်လုံး ရယ်စရာတွေ ပြောပြီး သူကိုယ်တိုင်လည်း ရယ်နေသည်။ သူတို့ကို ဝိုင်းကြည့်နေသူများကလည်း တဝါးဝါး ပွဲကျလို့။ သည်လူအုပ်နှင့် သည်လှည်းကြီးကို မြင်းပိန်မကလေး ဆွဲမည့် မြင်ကွင်းကိုက ရယ်စရာ ဖြစ်နေသည်၊ ခရီးသည်များထဲမှ နှစ်ယောက်ကလည်း မီကိုလ်ကာအား ကူဖို့ ကျာပွတ်တွေ ဆွဲထုတ်ထားကြသည်။

"ကဲ... သမီးရေ... ဆွဲ"

ဟူသည့်အမိန့်ပေးသံကြားလိုက်သည်နှင့်မြင်းမ စရုန်းသည်၊ ကဆုန်စိုင်းဖို့ဝေလာဝေး၊ တလှမ်းချင်းကိုတောင် မနည်း လှမ်းနေရသည်။ လှည်းပေါ်က လူတွေရော၊ ဝိုင်းကြည့်နေသူများပါ အူတက်မတတ် ရယ်ကြသည်။ သို့သော် မီကိုလ်ကာက မရယ်အားဘဲ ဒေါပွလျက် ရှိသည်။ မြင်းမကို တရှမ်းရှမ်းဖြင့် ကျာပွတ်စာ ကျွေးတော့၏။

"တို့ပါ လိုက်မယ်ဟေ့"

ပရိသတ်ထဲမှ လူတယောက်၏ အော်သံ။

"တက်လေ၊ တက်လေ။ အားလုံး တက်ကြပါ။ သူ ဆွဲနိုင်ပါတယ်။ မဆွဲနိုင်ရင် သေတဲ့ထိ ရိုက်မယ်"

mgyoe.com

mgyoe.com SAMPLE BOOK

ကျာပွတ်သံ တရွှမ်းရွှမ်း ထွက်လာပြန်သည်။

သူက အဖေ့လက်ကို ဆွဲလှုပ်ပြီး မေးသည်။

"ဖေဖေ၊ ဖေဖေ။ သူတို့ ဘာလုပ်နေကြတာလဲ ဟင်။ မြင်းမလေး သနားပါတယ်"

"လာ ...လာ၊ သွားကြမယ်။ သူတို့ မူးနေကြတာလေ။ သူတို့အားလုံး လူစိတ်ပျောက်နေပြီ။ သူတို့ကို မကြည့်နဲ့။ လာ ...သွားကြမယ်"

အဖေက သူ့ကို ဆွဲခေါ်တော့ သူက အဖေ့လက်ထဲမှ အတင်း ရုန်းထွက်ပြီး မြင်းမလေးဆီ ပြေးသွားသည်။ မြင်းမလေး အခြေအနေ မကောင်းတော့။ ယိုင်နေပြီ။ လဲကျလုဆဲဆဲ ဖြစ်နေပြီ။

မီကိုလ်ကာ အော်သည်။

"ရိုက်... ရိုက်၊ သေအောင် ရိုက်"

ပရိသတ်ထဲမှ လူကြီးတယောက် အော်သံ ထွက်လာသည်။

"ဟေ့ ...လူမိုက်တွေ၊ မကောင်းဆိုးဝါးတွေ၊ မင်းတို့ ဘုရားသခင် ရိုက်မှာ မကြောက်ကြဘူးလား"

နောက်တယောက်က –

"ကြည့်ကြပါဦးဗျာ၊ မြင်းပိန်မကလေးကို လုပ်နေလိုက်ကြတာ။ မတန်တဆ"

"ဟေ့ ...မဆိုင်တဲ့လူ ဝင်မပြောနဲ့။ ဒါ ကျုပ်မြင်း၊ ကျုပ် ကြိုက်သလို လုပ်မယ်။ ကဲ... ထပ်တက်ကြဦးလေ။ ဒီကောင်မ မပြေး ပြေးအောင် လုပ်ပြမယ်"

မြင်းမကလေးသည် ကျာပွတ်ဒဏ်ကို မခံနိုင်တော့ဘဲ နောက်ခြေထောက်ကို မြှောက်ကာ မြှောက်ကာ ကန်တော့သည်။ စောစောက အော်ပြီး တားသည့် အဘိုးကြီးပင် မြင်ကွင်းကို ကြည့်ပြီး ပြုံးချင်လာသည်။ လဲလုလု မြင်းမက ကန်ဖို့ ကျောက်ဖို့ တတ်နိုင်သေးသည်။

နံဘေးပရိသတ်ထဲမှ လူနှစ်ယောက် တဖက်တချက်ဆီမှ ဝင်ရိုက်ကြပြန်သည်။

မီကိုလ်ကာက လှည်းပေါ်မှ အော်သည်။

"နှာနုကို ဖြတ်ရိုက်၊ မျက်လုံးကို* ရိုက်"

လှည်းပေါ်မှ တယောက်က အော်သည်။

"ကဲ... သီချင်းဆိုကြမယ်ဟေ့"

"အေး... ကောင်းတယ်၊ ဆိုကြမယ်၊ ပျော်ကြမယ်"

သီချင်းတွေ တယောက် တပေါက် အော်ဆိုကြပြန်သည်။ အမျိုးသမီးက တခစ်ခစ် ရယ်လျက်ပင်။

... သူက မြင်းမလေး ရှေ့တည့်တည့် ရောက်အောင် ပြေးချသွားသည်။ သူတို့က

* နီကိုလေနက်ကရာဆော့ဗ် (၁၈၂၁-၇၇)က 'ညနေမတိုင်မီ'ကဗျာတွင် အရိုက်ခံရသည့် မြင်းတကောင်အကြောင်း ပါသည်။ သည်ကဗျာကြောင့် ဒေါ်စတာယက်စကီ များစွာ စိတ်ထိခိုက်ခဲ့ပုံ ရသည်။ ကရမာဇော့ညီနောင်များတွင်လည်း သည်ကဗျာကို တနံတလျား ထည့်ရေးထားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

မျက်လုံးကို ထိအောင် တအား လွှဲရိုက်နေကြသည်။ သူ ငိုနေပြီ။ ရှိုက်ကြီးတငင် ငိုနေခြင်း ဖြစ်သည်။ မျက်နှာတခုလုံး မျက်ရည်တွေ ရွှဲနေပြီ။ သူ့ မျက်နှာကို ကျာပွတ်တချက် ရှပ်ထိသွားသည်။ သူ နာရမှန်း မသိ။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး စိတ်ပျက် လက်ပျက် ခေါင်းယမ်းနေသည့် မုတ်ဆိတ်ဖြူကြီးနှင့် အဘိုးအိုထံသို့ ပြေးချသွားသည်။ အမျိုးသမီးတယောက်က သူ့လက်ကို ကိုင်ပြီး လူတွေ တိုး၍ ရှေ့ဆောင်ခေါ်သွားသည်။ သို့သော် သူက အတင်းရုန်းပြီး မြင်းလှည်းဆီ ပြန်ပြေးလာခဲ့သည်။ မြင်းမမှာ ဖုတ်လှိုက် ဖုတ်လှိုက် ဖြစ်နေပြီ။ နောက်ဆုံး ထွက်သက် ရှူမထုတ်ခင် ရှေ့လက်နှစ်ဖက် ကျားကန်ပြီး နောက် ခြေထောက်နှစ်ဖက်နှင့် တချက် ကန်ပြန်သည်။

မီကိုလ်ကာက ဒေါသတကြီး အော်ပြန်သည်။

"သေ၊ သေ၊ ငရဲပြည်သွား"

သူ့ဒေါသကို သူ မထိန်းနိုင်သလို ကျာပွတ်ကို ပစ်ချပြီး လှည်းပေါ်မှ ရောမ သစ်သားချောင်းကြီး တချောင်းကို ဆွဲယူကာ မြင်းမ၏ ကျောကို တဒုန်းဒုန်း လွှဲရိုက်တော့သည်။

"ဒုက္ခပါပဲ၊ သူ သေအောင် ရိုက်မယ် ထင်တယ်"

ပရိသတ်ထဲမှ အသံတသံ။

"ဟုတ်တယ်၊ မြင်းမလေးကို သူ အသေသတ်နေတာ"

"ဟေ့... ဒါ ငါ့ပစ္စည်းကွ၊ ငါ လုပ်ချင်တာ လုပ်မယ်"

မီကိုလ်ကာသည် သစ်သားချောင်းကြီးကို ရှိသမျှ ခွန်အားသုံးပြီး မြင်းမ၏ ကျောပေါ်သို့ တအား လွှဲရိုက်ချလိုက်သည်။

"ရိုက်ကြလေ၊ ဝိုင်းရိုက်ကြလေ၊ ဘာလို့ ဆက်မရိုက်တာလဲ"

ပရိသတ်ထဲမှ နောက်ထွက်လာသည့် အသံအချို့။

မီကိုလ်ကာ နောက်တချက် အားရပါးရ ရိုက်ချလိုက်ပြန်သည်၊ မြင်းမက သူ့ကိုယ်သူ လဲမကျအောင် ထိန်းထားနိုင်ဆဲ။ လှည်းကိုဆွဲဖို့ ကြိုးစားနေဆဲ။ အာဂ မြင်းမ။ ဘယ်ယိမ်း ညာနွဲ့ ဖြစ်နေပြီ။ သူ့ကျောပေါ်သို့ တုတ်ချောင်းကြီး တချောင်းက တတိယအကြိမ် ဒုန်းခနဲ ကျလာသည်။ ပြီးတော့ စတုတ္ထအကြိမ်။ နောက် အကြိမ်ကြိမ်။ စည်းချက်မှန်မှန်။ သူ့လို ခွန်အားဖြင့် တချက်တည်း သည်မြင်းမ ဇီဝိန် မချုပ်နိုင်ခြင်းကြောင့် မီကိုလ်ကာ ပို၍ပို၍ ဒေါသ သည်းထန်လာသည်။

"သေနိုင်ပါရိုးလားကွ"

ပရိသတ်က ဝိုင်းအော်သည်။

"ဒီတချက်ဆိုရင်တော့ သွားပြီထင်တယ်"

အသံတသံ။

"ပုဆိန်နဲ့ ရှင်းလိုက်ရင် တချက်တည်း ကိစ္စပြတ်တဲ့ဟာကို"

နောက်တယောက်၏ အသံ။

mgyoe.com

mgyoe.com SAMPLE BOOK

"သူ့ကို လောက်တွေ စားသွားမှာပေါ့။ အားလုံး ဖယ်ကြ"

မီကိုလ်ကာသည် ဒေါသတကြီး အော်ရင်း တုတ်ချောင်းကြီးကို ချကာ လှည်းပေါ်မှ ကုလားအော်ကြီးကို ကောက်ကိုင်ပြီး "ကြည့်ကြဟေ့" ဟု အော်ရင်း သေအံ့မူးမူး မြင်းမကလေးပေါ်သို့ တအားလွှဲ ရိုက်ချလိုက်သည်။ မြင်းမပိန်ကလေးမှာ ခြေထောက် လေးချောင်းစလုံးကို တိခနဲ အဖြတ်ခံလိုက်ရသည့်အလား မြေကြီးပေါ်သို့ ဗုန်းဗုန်း လဲကျသွားတော့သည်။

မီကိုလ်ကာသည် လှည်းပေါ်မှ ခုန်ဆင်းကာ သေအံ့ဆဲဆဲ မြင်းမလေးဆီသို့ ပြေးသွားပြီး ကုလားအော်ကြီးနှင့် တအားထုပြန်သည်။ နောက်ဆုံးတွင် "ချကွာ၊ ချကွာ" ဟု ဆိုကာ ဆက်တိုက်ရိုက်သည်။ မြင်းမသည် ဇက်သွင်သွင် ကျိုးကျကာ ဒီဝိနိချုပ်သွားလေတော့သည်။

"ပွဲပြီးသွားပြီဟေ့"

လမ်းနံဘေးမှ အော်သံများ။

"ဟင်... သူ ပြောတော့ ကဆုန်စိုင်းမယ် ဆို"

မီကိုလ်ကာက ကုလားအော်ကြီး ကိုင်ပြီး မျက်ထောင့်နီနီနှင့် အော်ပြောသည်။ သူ့အမူအရာက အကုသိုလ် အလုပ်တခုကို မလုပ်ခဲ့မိသည့် အလား။

"ဟာ... တကယ့်လူပဲကွာ၊ ဘုရားသခင်ကို မကြောက်တာ ကျနေတာပဲ။ ဒီကောင် ပညတ်တော်ကိုတောင် နားလည်ရဲ့လား"

ပရိသတ်ထဲမှ ဆူဆူညံညံ အသံတွေ ထွက်လာသည်။

သို့သော် သူငယ်ကလေး တွေဝေနေသည်။ တပြိုင်တည်းတွင် အသံကုန်အော်ပြီး လက်နှစ်ဖက်ကို မြှောက်ကာ သွေးခြင်းခြင်းနီနေသည့် မြင်းမလေးဆီသို့ ပြေးသွားကာ မျက်လုံး၊ နှာခေါင်းတို့ကို နမ်းရှုပ်နေလေသည်။ ပြီးသည်နှင့် သေလွန်နေပြီ ဖြစ်သည့် မြင်းမ၏ လည်ပင်းကို ဖက်ကာ နမ်းရှုပ်လေတော့သည်။ ထိုအခါ သူ့မျက်နှာတခုလုံး သွေးတို့ဖြင့် ခြင်းခြင်းနီလျက် ရှိသည်။ ပြီးသည်နှင့် လက်သီးဆုပ်ကာ မီကိုလ်ကာ့ဆီသို့ တန်းပြေးသွားလေတော့သည်။ ထိုတဒင်္ဂမှာပင် အဖေက သူ့ကို ဖမ်းမိသွားပြီး ဆွဲခေါ်သွားတော့သည်။

"လာ... သား၊ အိမ်ပြန်ကြရအောင်"

"ဖေဖေ၊ သူတို့ ဘာဖြစ်လို့ သတ်ကြတာလဲ။ မြင်းမလေး သနားစရာ"

ပြောပြီး သူ ထပ်ငိုပြန်သည်။ သို့သော် သူ ဆက်ပြီး မရှိုက်နိုင်တော့။ စကားလည်း ဆက်မပြောနိုင်တော့။ အဖေက သူ့ကို ချော့သည်။

"သားရယ်၊ သူတို့ လူစိတ် ပျောက်နေကြပြီလေကွ။ အဲဒါ တို့နဲ့ ဘာမှ မဆိုင်ဘူး"

သို့သော် ထိုလူငယ်ကလေး၏ ရင်ထဲတွင် အလုံးကြီး ကျမသွားတော့ပေ။ တအားကျုံးအော်လိုက်သည်။ ထိုအချိန်တွင် သူ နိုးလာခြင်း ဖြစ်၏။

နိုးလာတော့ သူ့ တကိုယ်လုံး ချွေးတွေ ရွှဲနေသည်။ ဆံပင်တွေမှာ ချွေးဖြင့် စက်စက်နစ်ကာ စိုရွှဲနေတော့သည်။ အိပ်မက်ဆိုးမှ နိုးလာသော်လည်း အထိတ်တလန့် ဖြစ်နေဆဲ။

"အင်း... အိပ်မက်မို့ တော်ပါသေးရဲ့"

mgyoe.com

mgyoe.com SAMPLE BOOK

သစ်ပင်တပင်ကို မှီပြီး ပြောလိုက်သည်။

"ဘယ်လို ဖြစ်တာပါလိမ့်။ ငါ ဖျားနေတာလား။ ဘယ်လို အိပ်မက်မျိုးပါလိမ့်။ စိတ်ညစ်ဖို့ ကောင်းလိုက်တာ"

တကိုယ်လုံး ကျိုးကြေနေသလို စိတ်ထဲ ထင်လိုက်၏။ သူ့ဝိညာဉ်မှာ မှောင်အတိ ကျကာ ကျိန်စာသင့်နေသလား အောက်မေ့ရသည်။ ဒူးပေါ် လက်တင်ပြီး ဦးခေါင်းကို လက် နှစ်ဖက်ပေါ်သို့ ငုံ့ချလိုက်သည်။

"ဘုရားသခင်၊ ဘုရားသခင်၊ သူ့ခေါင်းကို ပုဆိန်နဲ့ခုတ်၊ ပူပူနွေးနွေး သွေးတွေ သွန်ကျလာ။ သော့ကို ဖျက်၊ ပစ္စည်း ယူ၊ တုန်တုန်ယင်ယင်နဲ့ ပုန်းနေတဲ့အချိန်မှာ ငါ့တကိုယ် လုံး သွေးတွေ ရွှဲနေမှာပေါ့။ ပုဆိန်နဲ့… အို… ဖြစ်နိုင်ပါ့မလား"

ပြောနေရင်း သူ့တကိုယ်လုံး နတ်ပူးသလို တုန်နေသည်။

"ငါ ဘယ်လိုဖြစ်တာပါလိမ့်"

ခေါင်း ပြန်ထောင်လိုက်တော့ သူ့ကိုယ်သူ ပြန်အံ့သြနေသည်။

"ငါ သိတယ်၊ ဒီလို ဝေဒနာမျိုးကို ငါ မခံစားနိုင်ဘူး။ ဒါဆို ဘာလို့ ဒီအတွေးတွေနဲ့ ငါ့ကိုယ်ငါ တချိန်လုံး နှိပ်စက်နေတာလဲ။ မနေ့ကတောင် စဉ်းစားမိသေးတယ်။ ရုံးရောက်၊ ဂါတ်ရောက်မယ့် ကိစ္စလေ။ ငါ မခံနိုင်ပါဘူးဆိုတာ ငါ သိတယ်။ ကဲ …ဒါဖြင့် ခု ဘာလုပ်မလဲ။ မနေ့က လှေကားအဆင်းမှာ ဒီအကြောင်း စဉ်းစားမိတာနဲ့ အော့ချင်အန်ချင် ဖြစ်လာသေး တယ် မဟုတ်လား။ တကယ်များ လုပ်မိရင် ….။

"ဟင့်အင်း၊ ငါ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး။ စိမ် တွက်ချက်ထားတဲ့အတိုင်း ဖြစ်လာ သည့်တိုင်၊ အားလုံး ဆုံးဖြတ်ထားပြီး ဖြစ်တဲ့တိုင်၊ သင်္ချာနည်းနဲ့ တွက်ချက် အဖြေထုတ် ထားပြီးတဲ့အတိုင်း ဖြစ်လာသည့်တိုင်၊ နောက်ပိုင်း ဖြစ်လာမယ့် ဂယက်တွေကို ငါ ခံနိုင်မှာ မဟုတ်ဘူး။ မဖြစ်ဘူး။ ငါ မလုပ်ရဲဘူး။ မဖြစ်နိုင်ဘူး။ ဒါဆို ဘာလို့ ဒီရက်တွေမှာ ငါ …"

သူ ထရပ်လိုက်သည်။ ပတ်ဝန်းကျင်ကို တအံ့တသြ ဝေ့ကြည့်လိုက်သည်။ ဘယ်လို ဘယ်လို ဒီနေရာကို ရောက်လာတာပါလိမ့်။ တီဗွီတံတားဘက်ဆီသို့ ထွက်လာခဲ့သည်။ သူ့မျက်နှာတွင် သွေးဆုတ်နေပြီ။ ဖြူဖပ်ဖြူရော် ဖြစ်နေပြီ။ မျက်လုံးတွေ ပူလောင်နေသည်။ ခြေထောက်တွေက သူ့ ခန္ဓာကိုယ်ကို မသယ်နိုင်တော့။ သို့သော် ရုတ်တရက် အသက် ဝဝ ရှူနိုင်လာသည်။ ရောမဖိစီးမှုကြီး တခုအောက်မှ ရုန်းထွက်လာနိုင်ခဲ့သလို ခံစားရ၏။ ရက်ရှည်လများ သူ့ရင်ဘတ်ပေါ်တွင် ပိနေသည့် ဝန်ထုပ်ဝန်ပိုးကြီး ပျောက်ကွယ်သွားပြီး ရုတ်တရက် ပေါ့ပါး လွတ်လပ်သွားသည်။

"အို …ဘုရားသခင်၊ တပည့်တော်အား လမ်းမှန်ကို ညွှန်ပြပေးတော်မူပါ။ တော်ပြီ။ ဒီအိပ်မက်အကြောင်း မေ့ပစ်လိုက်တော့မည်"

တံတားပေါ် ဖြတ်လျှောက်နေရင်း တဖြည်းဖြည်း တည်ငြိမ်လာသည်။ နီဗားမြစ် ရေပြင်ကို ငြိမ်းချမ်းစွာ ငေးမောနေသည်။ နေဝန်းနီနီကြီး ဝင်လုလုအချိန်မို့ မိုးကုပ်စက်ဝိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ပေါ်တွင် မေးတင်လျက် နောက်ဆုံး ပတ္တမြားသွေးရောင်ခြည်တွေ ဖြန့်နေသည်။ အားနည်းနေသော်လည်း ခန္ဓာကိုယ်ပေါ်မှ နာကျင်မှု ဝေဒနာတွေကို မေ့နေသည်။ တလလုံးလုံး နှလုံးသားတွင် အကျိတ်အဖု တခု ရှိနေသလို ခံစားနေခဲ့ရသည်။ ထိုအကျိတ် ရုတ်ခြည်း ပေါက်ထွက်သွားသည့်နှယ် ရင်ထဲ ပေါ့ပါးသွားသည်၊ လွတ်လပ်သွားသည်။ အပမှီသလို စွဲကပ်နေသည့် ထိုဝေဒနာမှ လွတ်မြောက်ခဲ့လေပြီ။

နောင်တွင် သည်ကာလ၊ သည်အဖြစ်အပျက်ကို အသေးစိတ် ပြန်စဉ်းစားသည်။ တချက်ချင်း ပြန်လည် သုံးသပ်သည်။ တော်တော် ထူးဆန်းသည့် အဖြစ်တခုပါလား။ ကြိုတင် ဆုံးဖြတ်ထားခြင်းမျိုး၊ အယူသီးမှုမျိုးဟု ထင်သည်။

ကိုယ့်ကိုယ်ကိုယ် နားလည်အောင် ဘယ်လိုမှ မရှင်းနိုင်သည့် အဖြစ်မျိုး။ ခါတိုင်းလို ဈေးဘက်က မပတ်တော့ဘဲ (ပတ်စရာလည်း အကြောင်း မရှိ) ပင်ပန်းနွမ်းနယ်စွာဖြင့် အိမ် တန်းပြန်လာခဲ့သည်။ သို့သော် ခါတိုင်းလိုပင် ဘယ်လမ်းက ပြန်ခဲ့မှန်း မသိဘဲ ဈေးဘက်သို့ ရောက်သွားသည်။ သူနှင့် တွေ့ဖို့ လုံးဝ မျှော်လင့်မထားခဲ့ပေဘဲ သွားတွေ့သည်။ တိုက်တိုက်ဆိုင်ဆိုင်။

ဈေးထဲကို သူ ဖြတ်သွားတော့ ကိုးနာရီ ထိုးနေပြီ။ ဆိုင်ရှင်တွေက ဆိုင်ပိတ်ဖို့ ပစ္စည်းတွေ သိမ်းနေကြပြီ။ ဈေးဝယ်သူတွေလည်း ရှင်းစပြုနေပြီ။ အရက်ဆိုင်တွေ၊ စားသောက်ဆိုင်တန်းတွေဘက် ရောက်လာသည်။ သည်နေရာကို ရုပ်စ်ကိုလ်နီကော့ဗ် သဘောကျသည်။ သူ့အဝတ်အစားတွေ စုတ်ပြတ်နေတာကို ဘယ်သူမှ သတိမထားမိသည့် နေရာမျိုး။

ကေနီလမ်းထောင့်တွင် ဈေးသည်လင်မယား နှစ်ယောက် စားပွဲနှစ်လုံးနှင့် တိုလီမိုလီကလေးတွေ ထိုင်ရောင်းနေကြသည်။ အပ်ချည်လုံးကလေးတွေ၊ လက်ကိုင်ပဝါကလေးတွေ၊ ဖဲပြားကလေးတွေ၊ စုံနေသည်။ သူတို့လည်း ပြန်ဖို့ ပြင်ဆင်နေကြပြီ။ ထိုစဉ် သူတို့ဆီသို့ အသိအမျိုးသမီးကြီး ရောက်လာသဖြင့် စကားပြောနေကြသည်။ အမျိုးသမီးကြီးမှာ လီဇာဗီတာ အီဗန်နိုဗာ ဖြစ်သည်။ သို့သော် သူ့ကို လူတိုင်းက လီဇာဗီတာဟုပဲ ခေါ်ကြသည်။ အလျိုနာ အီဗန်နိုဗာ၏ ညီမ။ အလျိုနာမှာ တနေ့က နာရီသွားပေါင်သည့် အပေါင်ခံ အမျိုးသမီးကြီး ဖြစ်သည်။ ယောကျ်ား ဆုံးသွားပြီ။ အစိုးရရုံး တရုံးမှ အောက်ဆုံးအဆင့် ဝန်ထမ်းဘဝဖြင့် ကွယ်လွန်သွားခြင်း ဖြစ်သည်။

လီဇာဗီတာကို ရုပ်စ်ကိုလ်နီကော့ဗ် ကောင်းကောင်း သိသည်။ သို့သော် လီဇာဗီတာက သူ့ကို သာမန်မျှသာ သိသည်။ အမျိုးသမီးက အသက် သုံးဆယ့်ငါးနှစ်ခန့် ရှိပြီ။ အရပ်မြင့်မြင့်၊ အကျည်းတန်တန် ဖြစ်၏။ အစ်မကို ကျွန်လို လုပ်ပေးနေသူ ဖြစ်သည်။ နုံနုံအအ ပုံစံမျိုး။ အစ်မကို တုန်နေအောင် ကြောက်ရပြီး တနေကုန် အလုပ်နှင့်လက် ပြတ်ရသည် မရှိ။ တခါတလေ အရိုက်ခံရသေးသည်။ ဈေးသည်လင်မယားရှေ့တွင် သူ မရွှံ့မရဲ ရပ်နေသည်။ လက်ထဲတွင် အထုပ်တထုပ် ပါလာသည်။ ဈေးသည်လင်မယား ပြောသမျှ နားစိုက်ထောင်နေသည်။ ကိစ္စတခုကို ဈေးသည်လင်မယားက အမျိုးသမီးအား သေသေချာချာ ရှင်းပြနေသည်။

mgyoe.com

mgyoe.com
SAMPLE BOOK

သူ့ကို မြင်တော့ ဘာမှ မထူးဆန်းပါဘဲနှင့် ရပ်စ်ကိုလ်နီကော့ဗ် တအား အံ့သြသွားသည်။ ဈေးသည် အမျိုးသားက အသံကျယ်ကျယ်နှင့် ပြောသည်။

"အဲဒါတော့ ကိုယ့်ဘာသာ ဆုံးဖြတ်ပေါ့ လီဇာဗီတာရယ်။ မနက်ဖြန် ခြောက်နာရီနဲ့ ခုနစ်နာရီကြား လာခဲ့၊ သူတို့လည်း လာလိမ့်မယ်"

"မနက်ဖြန်၊ ဟုတ်လား"

လီဇာဗီတာက ဘာမှ ဆုံးဖြတ်လို့ မရသည့် ပုံဖြင့် တွေနေသည်။ ဤတွင် ဈေးသည် အမျိုးသမီးက ဝင်ပြောသည်။

"ဒါကြောင့် အလျိုနာအီဗနိုဗ်နာ ရှင့်ကို နိုင်တာ။ ရှင်ဟာ တကယ့် ကလေးလေးလိုပဲ။ အင်းလေ… အရင်းမှ မဟုတ်တာ၊ ဝမ်းကွဲပဲဟာ"

ဤတွင် ယောကျ်ားလုပ်သူက ဝင်ပြောသည်။

"ဒီတခါ ခင်ဗျား အစ်မကြီးကို အသိမပေးနဲ့ပေါ့။ ကျွန်တော် စေတနာနဲ့ ပြောတာ၊ နောက်မှ သိချင် သိပစေပေါ့။ ခင်ဗျား မြက်မြက်ကလေး ရမှာဗျ"

"ဟုတ်လား၊ တကယ်"

"ခြောက်နာရီနဲ့ ခုနစ်နာရီကြားမှာသာ အရောက်လာ။ သူတို့အဖွဲ့က တယောက်ယောက်နဲ့ တွေ့ပေးမယ်၊ ဟုတ်ပြီလား"

"ကောင်းပြီ၊ ကောင်းပြီ။ ကျွန်မ လာခဲ့မယ်"

ပြောပြီး ချီတုံ ချတုံ ဖြစ်နေသေးသည်။ ပြီးမှ ခပ်ဖြည်းဖြည်း လှမ်းထွက်သွားသည်။ ထိုအချိန်တွင် ရပ်စ်ကိုလ်နီကော့ဗ်က သူတို့ကို ဖြတ်သွားပြီ။ နောက် ဘာတွေ ပြောကြသည်ကို သူ မသိတော့။ သူတို့ ပြောသမျှကို အားလုံး မှတ်လာခဲ့သည်။ ပထမ သူ အရမ်း အံ့သြသွားသည့် ကိစ္စကို ပြန်စဉ်းစားကြည့်တော့ အထိတ်တလန့် ဖြစ်သွားသည်။ ကျောထဲ စိမ့်သွား၏။ မနက်ဖြန် ခြောက်နာရီနှင့် ခုနစ်နာရီ ကြားတဲ့။ လီဇာဗီတာသည် အဘွားကြီး၏ တဦးတည်းသော အဖော် ဖြစ်သည်။ ဒါဆို ဒီအချိန်အတွင်း သူ တယောက်တည်း အိမ်မှာ ကျန်ခဲ့မှာပေါ့။

သူ့အခန်းသို့ ပြန်ရောက်ခါနီးပြီ။ သူ လျှောက်နေပုံမှာ သေဒဏ် ကျခံထားရသူ၏ ခြေလှမ်းများနှင့် တူနေသည်။ ယုတ္တိဗေဒနှင့် အမြော်အမြင်ရှိသော ရပ်စ်ကိုလ်နီကော့ဗ်သည် ခုတော့ ဘာကိုမှ စနစ်တကျ မစဉ်းစားတတ်တော့ပြီ။ စိတ်ထဲတွင် ရုတ်ခြည်း ကျဉ်းကျပ်သွားသည်။ ပြီးတော့ ချက်ချင်း ဆုံးဖြတ်ချက် ချပြီးသား ဖြစ်သွားသည်။

ကြာတောင့်ကြာရှည် စောင့်ဆိုင်းနေခဲ့ရသည့် အခွင့်အရေးတရပ် ဘွားခနဲ ပေါ်လာခြင်းပဲ။ စိတ်ထဲတွင် ဆောင်ရွက်ရမည့် တာဝန်က ပုံစံချထားပြီးသား။ ဟိုနေ့က တွေးထားခဲ့သည့် အန္တရာယ်မျိုး စိုးစဉ်းမျှ မရှိနိုင်။ ဘာမှ စုံစမ်းမေးမြန်းနေစရာ မလိုတော့။ မနက်ဖြန် သည်အချိန်တွင် အဘွားကြီးတယောက်တည်း အိမ်တွင် ရှိနေလိမ့်မည်။ သူ့ကြမ္မာကို သူ ဘယ်လိုမှ မသိနိုင်။ ရပ်စ်ကိုလ်နီကော့ဗ်က အကွက်စိပ်စိပ်ကလေး ချထားပြီးပြီ။

mgyoe.com

mgyoe.com SAMPLE BOOK

(၆)

လီဇာဗီတာကို ပြန်လာဖို့ ဟိုလင်မယား ဘာကြောင့် ချိန်းနေသည်ဟု ရပ်စ်ကိုလ်နီကော့ဗ် အကြမ်းဖျင်းသိနိုင်အောင် လေ့လာသည်။ ဘာမျှ ထူးဆန်းသည့် ကိစ္စ မဟုတ်။ မြို့ကို တက်လာသည့် မိသားစု မွဲပြာကျသွားသဖြင့် ပစ္စည်းတွေ ချရောင်းနေသည်။ အဝတ်အစားတွေနှင့် အမျိုးသမီး အသုံးအဆောင်တွေ ပါသည်။ ဈေးထဲတွင် ချရောင်းလျှင် အမြတ်အစွန်းနည်းမည်။ အလုံးအရင်းနှင့် ဝယ်သူတွေ့လျှင် ပိုက်ဆံ ပိုရမည်။ သည်အတွက် ကြားလူ လိုသည်။ လီဇာဗီတာသည် အလွန်ရိုးသားသူ ဖြစ်၍ ပွဲခပေးရသည့်တိုင် များများစားစား ကုန်မည် မဟုတ်။ သူ ဈေးဖြတ်ပေးလျှင်လည်း မျှမျှတတ ရှိလိမ့်မည်ဟု ရောင်းသူများဘက်မှ ယုံကြည်ထားသည်။

သို့ရာတွင် ရပ်စ်ကိုလ်နီကော့ဗ်သည် မကြာသေးခင်ကမှ အယူသီးချင်သလိုလို ဖြစ်လာသည်။ သူ့ကိုယ်သူ မသိဘဲ ဒီလိုဖြစ်နေသည်မှာ အတန်ကြာခဲ့ပြီ။ နောက်ပိုင်းတွင် ထူးထူးဆန်းဆန်းတွေ သူ့မျက်စိထဲတွင် မြင်လာသည်။ ထူးဆန်းသည့် တိုက်ဆိုင်မှုများနှင့်လည်း မကြာခဏ ကြုံရသည်။ မနှစ်က ဆောင်းတွင်းတွင် ကျောင်းတုန်းက သိခဲ့သည့် ကိုကိုလ်ရက်ဗ်က အဘွားကြီး အလျိုနာအီဗန်နိုဗာ၏ လိပ်စာကို သူ့အား ပေးသည်။ တခုခု ပေါင်ချင်လျှင် အဲဒီသွားပေါ့။ သို့သော် တော်တော်နှင့် သူ မသွားဖြစ်။ ကျူရှင်လေး၊ ဘာလေး ပေးနေရသဖြင့် နပ်မှန်နေသည်။ လွန်ခဲ့သည့် တလခွဲလောက်ကမှ သည်လိပ်စာကို ပြန်သတိရသည်။ သူ့တွင် ပေါင်စရာ ပစ္စည်းနှစ်ခု ရှိနေသည်။ အဖေ့ ငွေနာရီ တလုံးနှင့် ကျောက်နီသုံးလုံးတန်း လက်စွပ်ကလေးတကွင်း။ သူ မြို့က ထွက်လာတော့ ညီမလုပ်သူ ပေးလိုက်သည့် လက်စွပ်ကလေး။ လက်စွပ်ကို ပေါင်ဖို့ ဆုံးဖြတ်လိုက်သည်။ အဘွားကြီးကို စတင်မြင်ဖူးစဉ်ကပင် အလွန်ကပ်စေးနှဲပြီး စက်ဆုပ်ဖွယ်အတိ ဖြစ်ကြောင်း သတိထားမိသည်။ ငွေစက္ကူလေး နှစ်ရွက်ကို ကိုင်ပြီး ပြန်ဆင်းလာခဲ့သည်။ ခပ်စုတ်စုတ် လက်ဖက်ရည် ဆိုင်လေး တဆိုင်တွင် ထိုင်ပြီး လက်ဖက်ရည် သောက်ရင်း စဉ်းစားသည်။ သည်ကတည်းက အတွေး တခု သူ့ခေါင်းထဲတွင် ကိန်းဝပ်လာခဲ့ခြင်း ဖြစ်သည်။ တစတစ အမြစ်တွယ် ခိုင်မာကြီးထွားလာသော အတွေးမျိုး။ ကြက်ဥထဲမှ ကြက်ကလေးသဖွယ် ဖြစ်သည်။

အခြားစားပွဲတလုံးတွင် သူ မသိသော၊ လုံးဝ မမှတ်မိသော ကျောင်းသားတယောက်နှင့် လူငယ်အရာရှိတယောက် ထိုင်၍ လက်ဖက်ရည် သောက်နေကြသည်။ ဘိလိယက်ထိုးအပြီးတွင် သူတို့ လက်ဖက်ရည် ထိုင်သောက်နေကြခြင်း ဖြစ်သည်။ ဤတွင် တက္ကသိုလ်ကျောင်းသားက အရာရှိလုပ်သူအား ငွေတိုးပေးသည့် အဘွားကြီးအကြောင်း ပြောပြနေသံ ကြားလိုက်ရသည်။ နာမည်က အလျိုနာအီဗန်နိုဗာတဲ့။ ယောကျ်ားက စာရေးဝန်ထမ်း၊ ဆုံးသွားပြီ ဖြစ်ကြောင်းနှင့် သူ့လိပ်စာကိုပါ ပြောပြနေသည်။ ကဲ... မထူးဆန်းပေဘူးလား။

mgyoe.com

mgyoe.com
SAMPLE BOOK

သူက ဒီအဘွားကြီးနဲ့ အခုပဲ တွေ့လာတာ။ တိုက်ဆိုင်မှု ဆိုရင်လည်း တိုက် တိုက်ဆိုင်လွန်းလှပါကလား။

ရပ်စ်ကိုလ်နီကော့ဗ်က သူ့အလုပ်ကို တစုံတယောက်က လာရောက် ကူညီနေခြင်းလားဟု တွေးလိုက်မိသည်။ ကျောင်းသားလူရွယ်က အလျှိုနာ့အကြောင်း အသေးစိတ်တွေကို သူ့မိတ်ဆွေအား ဆက်ပြောနေသည်။

"အဘွားကြီးက မဆိုးပါဘူး။ သူဟာ ဂျူးတယောက်လို ချမ်းသာတယ်၊ အချိန်မရွေး ပိုက်ဆံချေးလို့ ရတယ်။ အဲ... ပစ္စည်းတန်ဖိုးထက်တော့ တပြားမှ ပိုမပေးဘူး။ ကျွန်တော်တို့အားလုံး သူ့ကို အားကိုးနေကြရတာ။ တခုပဲ ရှိတယ်။ အဘွားကြီးက အရမ်းလောဘကြီးတယ်"

ပြီးတော့ အဘွားကြီး ကောက်ကျစ် စဉ်းလဲပုံကိုလည်း ဆက်ပြောနေသည်။ တရက်လွန်တာနဲ့ အပေါင်ပစ္စည်း ဆုံးရကြောင်း၊ အတိုးကို တလ ခုနစ်ရာခိုင်နှုန်း၊ ရှစ်ရာခိုင်နှုန်းအထိ ယူကြောင်း၊ အဘွားကြီးတွင် လီဇာဗီတာဆိုသည့် ညီမတယောက် ရှိကြောင်း၊ စုန်းမကြီးက သူ့ကို သည်အရွယ်အထိ ရိုက်နှက် ဆုံးမနေသေးကြောင်း၊ လီဇာဗီတာမှာ အရပ်ခြောက်ပေ ရှိသော်လည်း ကလေးတယောက်လို အရိုက်ခံနေရပြီး ကျွန်လို အလုပ်လုပ်ပေးနေရကြောင်း စသည်... စသည်။

"လီဇာဗီတာဟာ ထူးတော့ ထူးဆန်းတယ်ဗျ"

ကျောင်းသားက ရဲကို ပြောပြရင်း ရယ်နေသည်။ လီဇာဗီတာ့အကြောင်း သူတို့ဆက်ပြောကြသည်။ ကျောင်းသားက ဟာသနှော၍ ပြောတော့ ရဲအရာရှိက သဘောကျပြီး အားရပါးရ ရယ်သည်။ သူ့အဝတ်ပြတွေ ချုပ်ဖို့ လွှတ်ပေးပါလားဟုလည်း ပြောသေးသည်။ ရပ်စ်ကိုလ်နီကော့ဗ်က တလုံးမကျန် သတိထားပြီး နားထောင်သည်။ သေသေချာချာ မှတ်သည်။

လီဇာဗီတာသည် အဘွားကြီး၏ ဖအေတူ မအေကွဲ ညီမ ဖြစ်သည်။ အသက်သုံးဆယ့်ငါးနှစ် ရှိပြီ။ အစ်မအတွက် တနေကုန် အလုပ် လုပ်ပေးရသည်။ အချက်အပြုတ်၊ အချုပ်အလုပ်၊ အလျှော်အဖွပ် အားလုံး သူ့တာဝန်။ အိမ်အတွက်သာ မဟုတ်၊ ရောင်းဖို့လည်း ချုပ်လုပ်ရသေးသည်။ သည်ကြားထဲ အခြားအိမ်တွေမှာ သန့်ရှင်းရေး လိုက်လုပ်ရသေးသည်။ ရသမျှအားလုံး အစ်မကြီးကို အပ်ရသည်။ အစ်မကြီး မသိဘဲ၊ ခွင့်ပြုချက် မရဘဲ လီဇာဗီတာ ဘာမျှ မလုပ်ရဲ။

အဘွားကြီး၏ သေတမ်းစာအရ လီဇာဗီတာသည် စားပွဲ၊ ကုလားထိုင် စသည့် ရွှေ့ပြောင်း၍ရသော ပစ္စည်းများသာ ရပိုင်ခွင့်ရှိပြီး အခြားပုံသေပိုင် ပစ္စည်းများ၊ အတွင်းပစ္စည်းများကို ဘုရားရှိခိုးကျောင်းသို့ လှူထားသည်။ သူ့ဝိညာဉ်ကို လူတွေ ထာဝရ သတိရအောင်လို့တဲ့။ လီဇာဗီတာသည် အရောင်းအဝယ်လည်း လုပ်ရသည်။ သူသည် တခါမှ

mgyoe.com

mgyoe.com SAMPLE BOOK
လက်မထပ်ဖူးသည့် အပျိုကြီး ဖြစ်သည်။ သူ့ခန္ဓာကိုယ် ဖွံ့စည်းပုံက အချိုးမကျ။ အရပ်မြင့်ပြီး ခြေထောက်က ခွင်တင်တင်။ ထို့ကြောင့် ခြေမျက်စိဖုံး ဂါဝန်ရှည်ကြီး အမြဲဝတ်ထားတတ်သည်။ သို့သော် သေသေသပ်သပ် နေတတ်သည်။ ကျောင်းသားအားလုံး တအံ့တသြ ရယ်မောရသည့် အချက် တခု ရှိသည်။ လီဇာဗီတာ မကြာခဏ ဗိုက်ကြီးခြင်း ဖြစ်သည်။

"ဒါနဲ့ အရုပ်ဆိုးတယ် ဆို"

ရဲအရာရှိက ဝင်ထောက်သည်။

"ဟုတ်တယ်။ ယောကျ်ားလျာလိုလို၊ မိန်းမလျာလိုလို၊ စစ်သားတယောက် မိန်းမယောင် ဆောင်ထားသလိုကြီး။ ဒါပေမဲ့ ရုပ်ဆိုးတယ်လို့တော့ ပြောလို့ မရဘူးဗျ။ မျက်နှာ အမူအရာနဲ့ မျက်လုံးတွေက နူးညံ့တယ်။ ကြင်နာတတ်တဲ့ပုံမျိုး။ ဒါကြောင့် ယောကျ်ားတွေ သူ့ကို သဘောကျကြတာလေ။ ကျိုးနွံတဲ့ အမူအရာနဲ့ ဘယ်တော့မှ ဘာကိုမှ စောဒက မတက်ဘူး။ သိပ်သဘောကောင်းတယ်။ ဘာပဲဖြစ်ဖြစ် သူ့ဘက်က သဘောတူဖို့ အဆင်သင့်ပဲ။ ပြီးတော့ ပြုံးလိုက်ရင် သိပ်ချစ်စရာ ကောင်းတယ်"

"ကိုရင်လည်း သူ့ကို သဘောကျတဲ့အထဲ ပါတယ်ပေါ့"

ရဲအရာရှိက ရယ်ပြီး ပြောသည်။

"သူ့မှာ ထူးခြားတာကလေးတွေ ရှိတယ် ဆိုတာ ပြောတာပါဗျာ။ ဒါပေမဲ့ ဟိုအဘွားကြီးကိုတော့ ကျွန်တော် သတ်ချင်တယ်။ ပစ္စည်းတွေကို အနုကြမ်း စီးချင်တယ်။ တကယ် ပြောတာ။ အဲဒီလို လုပ်မိရင် ကျွန်တော် ဘယ်တော့မှ နောင်တရမှာ မဟုတ်ဘူး"

ကျောင်းသားက စိတ်ပါလက်ပါ ပြောနေသည်။ ရဲအရာရှိက ရယ်နေသည်။ ရုပ်စ်ကိုလ်နီကော့ဗ် ကျောထဲ စိမ့်သွား၏။ တော်တော် ထူးဆန်းပါလား။

တက္ကသိုလ်ကျောင်းသားက စိတ်ပါလက်ပါ ဆက်ပြောသည်။

"ဒါထက် ကျွန်တော် တခု မေးပါရစေဗျာ။ အလေးအနက် မေးမှာပါ။ စောစောက ကျွန်တော် အရွှန်းတွေ ဖောက်ပြီး ပြောနေတာပါ။ ဆိုပါတော့ဗျာ။ ဒီမိန်းမကြီးက ကောက်ကျစ် စဉ်းလဲတဲ့၊ ပိုက်ဆံအတွက် ရူးသွပ်နေတဲ့ ခပ်တုံးတုံး မိန်းမကြီးပါ။ ဘယ်သူ့အတွက်မှ အကျိုး မပြုတဲ့ မိန်းမကြီးပါ။ ဒါထက် တဆင့်တက် ပြောရရင် လူတိုင်းအတွက် အဆိပ်အတောက်ပါ။ အဲဒီ မိန်းမကြီးမျိုး လူ့လောကမှာ မရှိရင်... ကျွန်တော် ပြောတာ သဘောပေါက်လား၊ နားလည်တယ် မဟုတ်လား"

"အင်း ...နားလည်ပါတယ်"

ရဲအရာရှိက သူ့ကျောင်းသား မိတ်ဆွေကို စူးစူးစိုက်စိုက် ကြည့်ပြီး ပြန်ပြောလိုက်သည်။

"အဲဒါက တပိုင်း၊ နောက်တပိုင်းက ခင်ဗျားတို့ ရဲတပ်ဖွဲ့မှာ ငွေကြေး မလုံလောက်လို့ လစ်ဟင်းနေတာတွေ အများကြီး။ အဲဒီအဘွားကြီး ဘုရားရှိခိုးကျောင်း လှူပစ်မယ့် ငွေတွေကို ခင်ဗျားတို့ သုံးလိုက်ရင် တိုင်းပြည်အတွက် ဘယ်လောက် အကျိုးရှိမလဲ။ လူတွေ
mgyoe.com

mgyoe.com
SAMPLE BOOK
ထောင်နဲ့ချီပြီး အမှန်တရားရဲ့ ကယ်တင်ခြင်းကို ရလိမ့်မယ်။ ထောင်ပေါင်းများစွာသော မိသားစုတွေ ဆင်းရဲတွင်းက လွတ်ကင်းကြလိမ့်မယ်။ ထောင်ပေါင်းများစွာသော လူနာတွေ ဆေးရုံပေါ်မှာ အသက် ဆက်ရှင်ကြလိမ့်မယ်။ အဲဒီမိန်းမကြီးကို သတ်မယ်လေ။ ပြီးတော့ သူ့ပိုက်ဆံတွေ ယူမယ်လေ။ တိုင်းပြည်ကောင်းကျိုး လုပ်မယ်လေ။ လူပေါင်းများစွာရဲ့ အသက်ကို ကယ်မယ်လေ။ ဒါဆို ဒီမဆိုစလောက် ရာဇဝတ်မှုလေးကို ကျူးလွန်ရကျိုး မနပ်ဘူးလား။ အသက်တချောင်းကို စတေးပြီး အသက်ပေါင်းများစွာကို ကယ်တင်ရတဲ့ အလုပ်ကို မလုပ်သင့်ဘူးလား။ ဒါက ကလေးတွေတောင် တွက်တတ်တဲ့ သင်္ချာပါ။ ဒီမိန်းမကြီး လောကမှာ ရှိနေတော့ ဘယ်သူ့အတွက် ကောင်းကျိုးပြုမှာလဲ။ အဆိပ်ပင် ရေလောင်းသလို ဖြစ်နေမှာပေ့ါ။ ဟိုတလောက သူ စိတ်ဆိုးလွန်းပြီး လီဇာဗီတာရဲ့ လက်ကို ဆွဲကိုက်သတဲ့။ ကံကောင်းလို့ မဖြတ်ရတာ''

ရဲအရာရှိ မှတ်ချက် ပေးသည်။

''ဒါပေ့ါ။ လောကမှာ ဒီလိုလူမျိုးတွေ မရှိသင့်ဘူးပေ့ါ။ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ။ သူ့ဘာသာသူ ရှိနေတော့ ဘာလုပ်လို့ ရမှာလဲ။ ဒါ သဘာဝပဲ''

''အာ ...ဒီမှာ နောင်ကြီး၊ သဘာဝကို ပြုပြင်ပေးရမယ်။ လမ်းလွှဲပေးရမယ်။ မဟုတ်ရင် ကျွန်တော်တို့တတွေ အဂတိနွံမှာ အားလုံး နစ်သွားကြလိမ့်မယ်။ အဲလိုဖြစ်ရင် လူတော် လူကောင်း ဆိုတာ တယောက်တလေတောင် ပေါ်လာတော့မှာ မဟုတ်ဘူး''

''တာဝန်နဲ့ အမှား အမှန် ခွဲခြားသိမြင်မှုတဲ့၊ လူတွေ ပြောပြောနေကြတာ။ တာဝန် အကြောင်း၊ အမှားအမှန် ဝေဖန်ပိုင်းခြားမှု အကြောင်း ကျွန်တော် မပြောလိုပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့တတွေ တာဝန်ရှိတာကို သိကြရဲ့လား။ အမှား အမှန် ခွဲခြားနားလည်ကြရဲ့ လား။ နေဦး၊ ခင်ဗျားကို နောက်မေးခွန်းတခု ထပ်မေးဦးမယ်''

''ခဏနေဦး၊ ကျွန်တော် တခု ပြောဦးမယ်၊ နားထောင်''

''ဟုတ်ကဲ့၊ ပြောပါ''

''ကိုရင် ပြောနေတာက စကားအဖြစ်လား၊ အဘွားကြီးကို ကိုရင်ကိုယ်တိုင် သတ်မှာလား''

''ဟာဗျာ၊ ဘယ်ကလာ။ ကျွန်တော်က တရားမျှတမှုအတွက် ပြောနေတာ။ ဓမ္မဓိဋ္ဌာန် ကျကျ ပြောနေတာ''

''အဲ... ဟုတ်ပြီ။ ကျွန်တော့်သဘော ပြောရရင်တော့ ခင်ဗျားကိုယ်တိုင် မလုပ်ရဲဘူး၊ ဒါဆို တရားမျှတမှု ဘယ်မှာ ရှိတော့မလဲ။ ကဲပါဗျာ... နောက်တပွဲလောက် သွားထိုးရအောင်''

ရပ်စ်ကိုလ်နီကော့ဗ် ဆောက်တည်ရာမရ ဖြစ်နေသည်။ ဒီလို စကားဝိုင်းသည် လူငယ်တို့ ဘာသာဘာဝ ပြောကြသည့် စကားဝိုင်းမျိုး ဖြစ်သည်။ ကြားဖူးပေါင်းလည်း များပြီ။ အကြောင်းအရာချင်း၊ ပုံသဏ္ဍာန်ချင်းတော့ မတူဘူးပေ့ါလေ။ ဒါပေမဲ့ သူတို့ ပြော
mgyoe.com

mgyoe.com SAMPLE BOOK
တာတွေက တိုက်ဆိုင်လွန်းနေတော့ သူ လှုပ်လှုပ်ရှားရှား မဖြစ်ဘဲ မနေနိုင်တော့ပေ။ တိုက်ပဲ တိုက်ဆိုင်လွန်းလှသည်။ သည်လက်ဖက်ရည်ဆိုင်ထဲမှ ထိုလူနှစ်ယောက် ပြောနေသည့် စကားဝိုင်းသည် ဘာမှ ထူးဆန်းသည်မဟုတ်။ သို့သော် အနာဂတ္တိ ပုံပြင်တခုနှင့် တူနေသည်။ တစုံတရာအတွက် နိမိတ် ဖတ်နေသည့် အလား။ တစုံတခုအတွက် နိမိတ်ဖတ်နေသည့်အလား။

၀

အိမ်ပြန်ရောက်တော့ ဆိုဖာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး တနာရီလုံးလုံး မလှုပ်မယှက် ငုတ်တုတ်ထိုင်နေသည်။ တဖြည်းဖြည်း မှောင်လာပြီ။ သူ့တွင် ဖယောင်းတိုင်မရှိ။ ရှိလျှင်လည်း ထွန်းဖို့ သူ သတိရမည် မဟုတ်။ ထိုတဒင်္ဂတွင် သူ ဘာတွေးနေမှန်း သူမသိ။ နောက်ဆုံးတွင်မှ သူ့ကိုယ်သူ ဖျားနေမှန်း သတိဝင်လာသည်။ ချမ်းစိမ့်နေသည်။ လှဲစရာ ဆိုဖာကြီး ရှိနေသည့် အတွက် ဝမ်းသာသွားသည်။ လှဲချလိုက်တော့ လေးလံစွာ အိပ်ပျော်သွားသည်။ အမည်းရောင် အမှောင်ထုကြီးက သူ့ကို ဖိစီး ဝါးမျိုပစ်လိုက်သည်။

အိပ်မက်မမက်ဘဲ သည်လောက်ကြာကြာ တခါမှ အိပ်မပျော်ဖူးခဲ့။ နာတာရှာ အခန်းထဲ ဝင်လာတော့ နောက်တနေ့မနက် ဆယ်နာရီ ထိုးနေပြီ။ အမျိုးသမီးကြီးက အတင်း လှုပ်နှိုးသည်။ ပေါင်မုန့်နှင့် လက်ဖက်ရည် ယူလာပေးသည်။ ထုံးစံအတိုင်း အကျရည် လက်ကျန်နှင့် ဖျော်လာသည့် လက်ဖက်ရည်။ သူ့ကိုယ်ပိုင် လက်ဖက်ရည်အိုးဖြင့် ထည့်လာသည်။

မကျေမနပ်နှင့် ဗျစ်တောက်ဗျစ်တောက် လုပ်နေ၏။

"အားအားရှိ အိပ်နေတာပဲ။ တွေ့ရာ နေရာ ထိုးအိပ်တာပဲလား"

သူ ကြိုးစားပြီး ထထိုင်သည်။ သူ့ ခေါင်းတွေ အုံ့ခဲနေသည်။ မတ်တတ်ထရပ်သည်။ ကြုတ်ထဲကျွဲသိပ်နေရသည့် အခန်းကလေးကို ဝေ့ကြည့်လိုက်သည်။ ပြီးတော့ ဆိုဖာပေါ် ပြန်ထိုင်ကျသွားသည်။

နာတာရှာက အော်ပြောပြန်သည်။

"ကြည့်၊ ပြန်အိပ်ဦးမယ်။ နေမကောင်းဘူးလား၊ ဘာဖြစ်နေတာလဲ"

သူက ဘာမှ ပြန်မပြော။

"လက်ဖက်ရည် မသောက်ချင်ဘူးလား"

ပြီးတော့ နံရံဘက် လှည့်ကာ မျက်စိမှိတ်လိုက်ပြန်သည်။ နာတာရှာက ခဏ ရပ်ကြည့်နေပြန်သည်။

"သူ တကယ် ဖျားနေပြီ ထင်တယ်" ဟု ပြောပြီး အခန်းထဲမှ ထွက်သွားသည်။

နှစ်နာရီထိုးတော့ စွပ်ပြုတ်ပန်းကန် ကိုင်ပြီး ပြန်ဝင်လာသည်။ လက်ဖက်ရည်ကို ခုထိ မသောက်ရသေး။ နာတာရှာ စိတ်တိုသွားပြီး သူ့ကို ကိုင်လှုပ်တော့၏။

mgyoe.com

mgyoe.com SAMPLE BOOK

"ကြည့်စမ်း၊ ခုထိ ဟောက်နေလိုက်တာ"

နာတာရှာက စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ သည်တော့မှ ထထိုင်ပြီး ကြမ်းပြင်ကို စိုက်ကြည့်နေသည်။ ဘာမှတော့ ပြန်မပြော။

"ဖျားနေပြီ မဟုတ်လား" ထပ်မေးတော့ သူ မဖြေ။

"အပြင်လေး ဘာလေး ထွက်ပြီး လေရှူပါလား၊ ကဲ... ဘာမှ မစားဘူးလား၊ ပြော"

"ဟင့်အင်း၊ နောက်မှ"

သူ့အသံက တိုးတိုးလေး။ နာတာရှာက သူ့ကို ကရုဏာ မျက်လုံးများဖြင့် စိတ်မသက်မသာ ရပ်ကြည့်နေသည်။ ပြီးမှ လှည့်ထွက်သွားသည်။

ခဏနေတော့ လက်ဖက်ရည်ခွက်နှင့် စွပ်ပြုတ်ပန်းကန်ကို အကြာကြီး ငေးကြည့်နေသည်။ ပြီးတော့မှ ပေါင်မုန့်နှင့် ဇွန်းကို ယူပြီး စစားသည်။ ခေါင်းကိုက် သက်သာသွားသည်။ ဘာတွေ စားမိမှန်း မသိ။ ဘာအရသာမှ မရှိ။ စားသောက်ပြီးတော့ ဆိုဖာပေါ်တွင် ပြန်ပြီး ကျောဆန့်လိုက်သည်။ သို့သော် အိပ်မပျော်တော့ပေ။ ကိုယ်စောင်းပြန် အားလျား မှောက်ပြီး ခေါင်းအုံးနှင့် မျက်နှာ အပ်ထားလိုက်သည်။ နေ့လယ် အိပ်တော့ အိပ်မက်တွေ မက်နေပြန်သည်။ သူ့အိပ်မက်တွေမှာ ထူးထူးဆန်းဆန်းတွေချည်း။ မကြာခဏ သူ အာဖရိက ကို ရောက်နေတတ်သည်။ အီဂျစ်ကို ရောက်နေတတ်သည်။ သဲကန္တာရထဲက အိုအေစစ်တွေ ကိုရောက်နေတတ်သည်။ ကန္တာရ ယာဉ်တန်းများ နားနေချိန်။ ကုလားအုတ်တွေက သစ်ပင်ရိပ် တွင် ငြိမ်းချမ်းစွာ လဲလျောင်းနေကြသည်။ အုန်းပင်တွေက အိုအေစစ် ပတ်လည်တွင် ဝိုင်းဖွဲ့ ထားကြသည်။ ကန္တာရခရီးသည်တွေ ဝိုင်းဖွဲ့ကာ ထမင်းစားနေကြသည်။ စမ်းချောင်းကလေး ထဲက စမ်းရေကြည်ကြည်ကို ငုံ့သောက်နေသည်။ စမ်းရေစီးသံသည် သာယာနာပျော်ဖွယ် ငြိမ့်ညောင်းလှသည်။ အရောင်မှာ အံ့သြဖွယ် ကောင်းလောက်အောင် ပြာလဲ့နေသည်။ ရောင်စုံ ကျောက်စရစ်ခဲများကို ဖြတ်ကျော် စီးဆင်းနေသည်။ ယင်းတို့အောက်မှ သဲမှုန်များ သည် ရွှေရောင်တဖျတ်ဖျတ် လက်နေသည်။ ထိုအချိန်တွင် နာရီထိုးသံ ကြားလိုက်သည်။ သူ လန့်သွားပြီး ခေါင်းထောင်ကြည့်လိုက်သည်။ ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်တော့... ဟိုက်... ဘယ်အချိန် ရှိပြီလဲ။

ဆိုဖာပေါ်မှ ခုန်ဆင်းလိုက်သည်။ တံခါးဆီကို တိတ်တိတ်ကလေး ခြေဖျားထောက် သွားပြီး လှေကားဘက်သို့ နားစွင့်လိုက်သည်။ ရင်တွေ မတရား ခုန်နေသည်။ လှေကားဆီမှ ဘာသံမျှ မကြားရ။ အားလုံး အိပ်မောကျနေသည့် အလား။ အင်း... တော်တော် ထူးဆန်းပါ လား။ နာရီပေါင်းများစွာ အိပ်ပျော်သွားသည်။ ဘာမှ မလုပ်ရသေး။ ဘာမှ မပြင်ဆင်ရသေး။ စောစောက နာရီသံချောင်းသံဟာ ခြောက်နာရီထိုးတာ ဖြစ်ရမယ်။ ငြိမ်သက်စွာ အိပ်ပျော် နေခြင်း၏ နေရာတွင် အဖျားတက်ကာ ရှုပ်ထွေးသော အတွေးများ အစားဝင်လာသည်။ သို့သော် ချည့်ချည့်နဲ့နဲ့ မဟုတ်။ အင်နှင့် အားနှင့် ဝင်လာခြင်းမျိုး။ ပြင်ဆင်စရာ သိပ်များများ စားစား မရှိပါ။ ရှိသမျှ ခွန်အားတွေ ညှစ်ထုတ်လိုက်သည်။ ဘာကိုမှ မမေ့ဖို့ သတိထားရမည်။

mgyoe.com

mgyoe.com SAMPLE BOOK

ရင်တွေ ပိုခုန်လာသည်။ အသက်ရှူ ကျပ်လာသည်။ ပထမဆုံး ကြိုးကွင်းကလေး တခု လုပ်ပြီး ကုတ်အင်္ကျီ အတွင်းဘက်တွင် အပ်ချည်နှင့် တုပ်သွားရမည်။ ဘာမျှ မခက်၊ ခဏ လေးနှင့် ပြီးနိုင်သည့် အလုပ်။ ခေါင်းအုံးအောက်သို့ ထိုးနှိုက်လိုက်သည်။ ဖွာလန်ကျဲနေသည့် ရှပ်အင်္ကျီဟောင်းတထည် ပါလာသည်။ ဖြက်နှစ်လက်မ၊ အလျား ဆယ့်ငါးလက်မ ရအောင် ဆွဲဖြလိုက်သည်။ ချည်ထည်ကုတ်အင်္ကျီရှည်ကိုယူပြီးအတွင်းဘက်လက်မောင်းအိုးအောက် တွင် အစကို ကွင်းလုပ်ပြီး အပ်ချည်နှင့် ချုပ်လိုက်သည်။ အပ်ချည်နှင့် အပ်ကို စက္ကူတွင် ထိုးပြီး စားပွဲပေါ်တွင် အသင့်ပြင်ထားသည်မှာ ကြာပြီ။ ကွင်းက ပုဆိန်ချိတ်ရန် ဖြစ်သည်။ ဘယ်လောက် ကောင်းသည့် စိတ်ကူးလဲ။ ပုဆိန်ကို သည်အတိုင်း ပေါ်တင်ကြီး ကိုင်သွားလို့ မဖြစ်ဘူးလေ။ အပေါ်အင်္ကျီအောက်တွင် ဝှက်ယူသွားပြန်လျှင်လည်း လက်နှင့် ဖိထားရမည် ဖြစ်၍ ဘေးလူတွေ ရိပ်မိနိုင်သည်။ ခုတော့ ပုဆိန်သည် အင်္ကျီလက်မောင်းအောက်တွင် ငြိမ်ငြိမ်ကလေး ပါလာလိမ့်မည်။ သည်လိုလုပ်ဖို့ စဉ်းစားရသည်မှာ နှစ်ပတ် ကြာသည်။

သည်ကိစ္စပြီးမှ ဆိုဖာ ဘယ်ဘက်ထောင့် အောက်ခြေသို့ လှမ်းနှိုက်လိုက်သည်။ ပေါင်ရမည့် ပစ္စည်းကလေး ပါလာသည်။ သည်ဟာကလေးကို သူ လုပ်ပြီး ဝှက်ထားသည်မှာ ကြာပြီ။ ရွှေပေါ်ချောထားသော သစ်သားတုံးကလေး တတုံး ဖြစ်သည်။ စီးကရက်ဘူး ကလေး အရွယ်။ လမ်းလျှောက်ရင်း မတော်တဆ ကောက်တွေ့ခဲ့သည့် သစ်သားတုံးကလေး။ နောက်တော့ သံဖြူပြားကလေးနှင့် ပတ်ထားလိုက်သည်။ အပြားကလေးကိုလည်း လမ်းပေါ် မှာ တွေ့ခဲ့သည်ပင်။ အစွန်းထွက်နေသည့် ထောင့်များကို ကတ်ကြေးဖြင့် ဖြတ်ပြီး သေသေ သပ်သပ် ဖြစ်သွားမှ စက္ကူဘူးသန့်သန့်ကလေးထဲ ထည့်လိုက်သည်။ ပြီးမှ စက္ကူဖာကလေး ကို ဖဲကြိုးဖြင့် လေးဖက်လေးတန် လှလှပပ ချည်လိုက်တော့ အဖိုးတန် ပစ္စည်းကလေးနှင့် တူသွားတော့သည်။ ဖဲကြိုးကလေး ဖြေနေစဉ် ခဏတော့ အဘွားကြီးအာရုံကို ဖမ်းစားထား နိုင်လိမ့်မည်။ သစ်သားတုံးကလေးက ပေါ့ပေါ့ကလေး ဖြစ်သော်လည်း သံဖြူ ပြားကလေး ၏ အလေးချိန် ထပ်ပေါင်းထားသဖြင့် အဘွားကြီး ဘယ်လိုမှ သံသယမဝင်နိုင်။ သစ်သား တုံးကလေး ဖြစ်ကြောင်း ဘယ်လိုမှ ကြိုမသိနိုင်။ လမ်းပေါ်မှ လူတယောက် အော်ပြောသံ ကြားမှ သူ သတိဝင်လာသည်။

"ဟော့... ခြောက်နာရီ ကျော်နေပြီဟော့"

"ဟာ... ဒုက္ခပါပဲ၊ ခြောက်နာရီကျော်နေပြီ ဆိုပါလား"

တံခါးဝကို ပြေးကပ်ပြီး နားစွင့်သည်။ ဘာသံမှ မကြားရ။ ဦးထုပ်ကို ဆွဲဆောင်းပြီး လှေကား ဆယ့်သုံးထစ်ကို ကြောင်တကောင်၏ ခြေလှမ်းများဖြင့် ဆင်းလာခဲ့သည်။

အရေးကြီးဆုံး အပိုင်းကို ရောက်လာပြီ။ နာတာရှာ့ မီးဖိုချောင်မှ ပုဆိန် ဝင်ယူရ မည့် ကိစ္စ။ ပုဆိန်ကို သုံးဖို့ အစောကြီး ဆုံးဖြတ်ထားခဲ့သည်။ သူ့တွင် ပန်းကိုင်း ဖြတ်သည့် မောင်းချဓား တချောင်း ရှိသည်။ သူ သိပ်စိတ်မချ။ သူ့ ခွန်အားကို သူ မယုံ။ ထို့ကြောင့်

mgyoe.com

mgyoe.com SAMPLE BOOK

ပုဆိန်ကို သုံးဖို့ ဆုံးဖြတ်ခဲ့ရခြင်း ဖြစ်သည်။ (သည်လို ဆုံးဖြတ်ခဲ့ရခြင်းမှာ တိုက်ဆိုင်စွာ ဖြစ်လာသည့် ထူးခြားမှုကလေး တခုကြောင့် ဖြစ်ကြောင်း သတိပြုထားသင့်သည်)

သို့သော် ကြာလေ (နောက်ဆုံးအပိုင်း ရောက်ခါနီးလေ) သူ ပြင်ဆင်ထားသမျှတို့ မသေသပ်လေ ဖြစ်လာသည်ဟု စိတ်ထဲ ထင်လာသည်။ ယုတ္တိမတန်ဟု မျက်စိထဲ မြင်လာသည်။ အတွင်းစိတ် လှုပ်ရှားမှုများကြောင့် ဆောက်တည်ရာမရ ခံစားခဲ့ရသော်လည်း သူ့စိမ်ချက်တွင် အလစ်အဟာ ရှိလိမ့်မည်ဟု ဘယ်တုန်းကမှ မထင်ခဲ့။

သူက အသေးစိတ်တွေကို လေ့လာတွက်ချက်ထားပြီးမှ ဆုံးဖြတ်ခဲ့တာ။ သံသယဟူ၍ စိုးစဉ်းမျှ မရှိတော့ ဆိုရင်... ခုမှ ဘာကြောင့် သူ စိတ်စနိုးစနောင့် ဖြစ်နေတာလဲ။ ခုတော့ လုပ်ရမည့် အလုပ်ကို သံသယဝင်လာပြီး ယုတ္တိ မရှိဟု ထင်လာသည်။ မဖြစ်နိုင်ဟု ထင်လာသည်။ ရောမ မှားယွင်းမှုကြီး တခုဟု မြင်လာသည်။ သေသေချာချာ ရေပက်မဝင်အောင် လုပ်ထားပါလျက် တကယ် အသေးစိတ်လာသောအခါ မဖြေရှင်းနိုင်သည့် အသေးအဖွဲတွေ၊ သံသယ ချောက်ကမ်းပါးကြီးတွေ ပတ်လည်ဝိုင်းလာသည်။

ပုဆိန်ရဖို့ အရေးမှာ ငှက်ပျောသီးအခွံ နင်းစားသလောက်တောင် မခက်သည့် ကိစ္စဖြစ်သည်။ နာတာရှာက မီးဖိုချောင်ထဲတွင် နေရချိန် မရှိသလောက် မဟုတ်လား။ အထူးသဖြင့် ညနေပိုင်းဆို ဟိုကိစ္စ၊ သည်ကိစ္စဖြင့် ရှုပ်ယှက်ခတ်ပြီး အပြင်ထွက်နေသည်က ခပ်များများ။ ဈေးသွားရသည်က တဖက်၊ ပြီးတော့ ဘယ်တော့မှ မီးဖိုချောင်တံခါးကို မပိတ်။ သည်အတွက် အိမ်ရှင်၏ အဆူအပူကို အမြဲခံရသည်။ သည်တော့ အသာလေးဝင်ပြီး ပုဆိန်ကို လစ်လာရုံပေါ့။ ကိစ္စပြီးတော့ (တနာရီလောက်အတွင်း) တိတ်တိတ်ကလေး ပြန်ထားလိုက်ရုံပေါ့။ သို့သော် သံသယ အစအမျှင်တွေ ထိုးထိုးထောင်ထောင် ဖြစ်လာသည်။ ပြန်လာထားသည့် အချိန်တွင် နာတာရှာ ပြန်ရောက်နေလျှင် အသာကလေး လျှိုပြီး အခန်းပေါ် ပြန်တက်။ သူ ပြန်ထွက်သွားမှ ပုဆိန် ပြန်ထားရမှာလား။ ပုဆိန် ပျောက်သွားပါပြီ ဆိုပြီး အော်ကြီးဟစ်ကျယ် လုပ်လျှင်ကော။ မိမိကလွဲပြီး ဘယ်သူ့ကိုမှ သူ သံသယဖြစ်မှာ မဟုတ်ဘူး။ မသင်္ကာစရာ အချက်အလက်တွေက အပုံအပင်။

သို့သော် သည်မျှ အရေးမပါသော အသေးအဖွဲ ကိစ္စလေးများကိုတော့ သူ ထည့်မတွက်။ တွက်ချိန်လည်း မရှိတော့။ အရေးကြီးသည့် တိုက်ကွက်ကလွဲပြီး ကျန်တာတွေ စဉ်းစားချိန် မရတော့ပေ။ သို့သော် ပုဆိန်ယူဖို့ ကိစ္စကို သူ ဖော့တွက်ခဲ့မိလေပြီ။ သူ စဉ်းစားဆုံးဖြတ်ပြီးသည့် တနေ့တွင် အဲဒီကို သွား၊ လုပ်စရာရှိတာ လုပ်၊ ပြီး ပြန်လာ။ အသေးစိတ်တွေ တွက်ပြီးသား မဟုတ်လား။ ဘာလို့ ဒါလောက် အချိန်ဆွဲနေတာလဲ။ မြန်မြန်လုပ်၊ မြန်မြန် ဖြတ်လိုက်ပါလားဟုပင် ကိုယ့်ကိုယ်ကိုယ် အားပေးမိသေးသည်။ စိတ်ကူးတာတွေ များနေပြီ။ တော်လောက်ပြီပေါ့။ ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်လာသည်။ မိမိ အစီအမံတွေက ယုတ္တိဗေဒ ကျပြီးသားတွေပဲ။ လောကနီတိ ဘောင်အတွင်းက အစဉ်းသိ အသေးစိတ်တွေ

mgyoe.com

mgyoe.com SAMPLE BOOK

စဉ်းစားပြီးသားပဲ။ သူက ဗေဒကာကို ကျွမ်းကျင်သူပဲ။ သည်ကိစ္စတွင် မုတ်ဆိတ်ရိတ်ဓားလို ထက်သူပဲ။ ဘာမှ အလစ်အဟာ မရှိနိုင်သည့် ကိစ္စပဲ။

သို့စင်လျက် နောက်ဆုံးအဆင့်တွင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတွေ ကျဆင်းလာသည်။ ထိုအခါ တရားခံ ရှာချင်လာသည်။ ဘယ်သူ့ကြောင့်၊ ဘယ်ဝါ့ကြောင့် ဒီအလုပ်ကို လုပ်မှာလဲ။ တစုံတယောက်က၊ တစုံတရာက သူ့အား တွန်းအားပေးနေသည့် အလား။

သည်နောက်ဆုံးနေ့ကမူ ကံအားလျော်စွာတွေ၊ တိုက်ဆိုင်မှုတွေသည် လုပ်ငန်းပြီးမြောက်မှုအတွက် အလိုအလျောက် သူ့ဘာသာသူ ဖြစ်နေသည့်အလား။ တစုံတယောက်က သူ့အား လက်ဆွဲပြီး စေခိုင်းနေသည့်အလား။ သူ ဘာမျှ မမြင်တော့၊ မသိတော့။ မမြင်နိုင်သည့် အင်အားတမျိုးက သူ့ကို အတင်းခိုင်းနေသည့်နှယ်။ ထိုအရာကို သူ မတွန်းလှန် နိုင်တော့ပေ။ စက်ထဲ ပါသွားသော အဝတ်စကလေး တခုလို မည်သို့မျှ ရုန်းထွက်၍ မရတော့ပေ။

ပထမပိုင်းတွင် မေးခွန်းတခုနှင့် ရင်ဆိုင်ခဲ့ရသည်။ ဘာကြောင့် ရာဇဝတ်မှုတွေကို လွယ်လွယ်နှင့် ထုတ်ဖော်နိုင်ကြတာလဲ။ ပြီးတော့ ရာဇဝတ်မှု ကျူးလွန်သူတွေက ဘာကြောင့် သဲလွန်စတွေကို ထင်သာမြင်သာအောင် ထားခဲ့ကြတာလဲ။ သူက ထူးဆန်းသော ကောက်ချက် များစွာ ချနိုင်ခဲ့သည်။ အဓိကအချက်မှာ ရာဇဝတ်သားတယောက်သည် သူ အသုံးပြုသည့် လက်နက်ပစ္စည်းကို ဖျောက်ပစ်ရာတွင် မကျွမ်းကျင်ခြင်းကြောင့် မဟုတ်။ ကျူးလွန်ချိန်တွင် သူကိုယ်တိုင် ချိနဲ့သား မကိုက်ဘဲ အိုးနင်းခွက်နင်းဖြစ်ကာ ထူးထူးဆန်းဆန်းတွေ မြင်လာပြီး ကလေးတယောက်၏ မနူးမနပ် အတွေးမျိုးတွေ ဝင်လာတတ်ခြင်းကြောင့် ဖြစ်သည်။ စင်စစ် ထိုအချိန်သည် စေ့စပ်သေချာဖို့ အများဆုံး လိုအပ်သည့်အချိန် ဖြစ်သည်။ ရပ်စ်ကိုလ်နီကော့ဗ်၏ အခိုင်အမာ ယုံကြည်ထားချက်မှာ သည်လို အရေးကြီးဆုံးအချိန်တွင် ဆင်ခြင်တုံတရားတွေ ဝေမှုန်ဝါးခြင်းက လူတယောက်အား ရုတ်တရက် ချက်ချင်း လွှမ်းမိုးလိုက်ခြင်း မဟုတ်။ ရောဂါတခုလို သူ့ကိုယ်တွင်းတွင် ကပ်ငြိနေပြီး တစတစ နေရာယူ ကြီးထွားလာခြင်း ဖြစ်သည်။ ရာဇဝတ်မှု ကျူးလွန်အံ့ မူးမူးတွင် အမြင့်ဆုံးသို့ရောက်လာခြင်းဖြစ်သည်။ အလုပ်ပြီးသွားတော့ သည်ဝေဒနာသည် သူ့တွင် ဆက်လက် ကပ်ငြိနေဆဲ ဖြစ်သည်။ ဘယ်ရွေ့ ဘယ်မျှ ကြာအောင် ကပ်ငြိနေမည် ဆိုသည်ကတော့ တဦးချင်းအပေါ်တွင် မူတည်သည်။ သည်ရောဂါက ရာဇဝတ်မှုကို ကျူးလွန်စေခြင်းလား၊ ရာဇဝတ်မှု ကျူးလွန်ဖို့ အကြောင်းတရားက သည်ရောဂါလား၊ သို့မဟုတ် သည်ရောဂါနှင့် သွေးသား တော်စပ်လေသလား ဆိုသည်ကိုတော့ သူ မသေချာသေး။ အဖြေထုတ်ဖို့လည်း မစွမ်းသေး။

သည်လို နိဂုံးတွေ၊ ကောက်ချက်တွေ ဆွဲပြီး မိမိ ဆောင်ရွက်ရမည့် အမှုတွင်တော့ သည်လိုအဖြစ်မျိုးတွေ၊ ဟာကွက်တွေ မရှိစေရဟု ဆုံးဖြတ်လိုက်သည်။ သည် ဆုံးဖြတ်ချက်သည် သေသေချာချာ အကွက်ချထားသည့် စီမံချက် ပြီးသည်အထိ ကိုယ်နှင့်မကွာ ရှိနေရမည်။ သည်စီမံ ချက်မှာ ရာဇဝတ်မှု မဟုတ်ပေ။ ရုတ်တရက် နာရီခေါင်းလောင်း ထိုးသံ ကြားလိုက်တော့ ထင်တာတွေနှင့် တခြားစီ ဖြစ်ကုန်သည်ကို အံ့ဩဖွယ်ရာ တွေ့ရှိရလေသည်။

mgyoe.com

mgyoe.com SAMPLE BOOK

လှေကားအောက် မရောက်မီပင် ဘာမဟုတ်သည့် ပြဿနာကလေးက ပြဿနာ ဖြစ်လာသည်။ နာတာရှာ မရှိခိုက်တွင် အခန်းရှင် အမျိုးသမီးများ မီးဖိုဆောင်ထဲ ရောက်နေမည်လား၊ ဒါမှမဟုတ် သူ့ အခန်းတံခါး ဖွင့်လျက်သား ဖြစ်နေမလား ဟူသည့် အတွေးဖြင့် မသိမသာ ငဲ့ကြည့်လိုက်သည်။ သူ့တံခါး ပွင့်နေလျှင် ပုဆိန်ဝင်ယူဖို့ ခက်လိမ့်မည်။

ဟိုက်...သူ မျက်လုံးပြူးသွားသည်။ နာတာရှာက အပြင်မသွားဘဲ မီးဖိုခန်းထဲတွင် ရှိနေသည်ကို သူ သေသေချာချာ ရှင်းရှင်းကြီး မြင်လိုက်ရသောကြောင့် ဖြစ်သည်။ လျှော်ပြီးသား အဝတ်တွေကို တန်းပေါ် လိုက်ဖြန့်လှန်းနေသည်။ သူ့ကို တချက် ငဲ့ကြည့်သည်။ သူက မျက်နှာလွှဲပြီး ဆက်လျှောက်လာခဲ့သည်။

သွားပြီ။ ခဲလေသမျှ သဲရေကျပြီ။ ပုဆိန် မရနိုင်တော့။ သူ အကြီးအကျယ် တုန်လှုပ်သွားတော့သည်။ လှေကားထစ်တွေကို ခြေသံလုံလုံနှင့် ဆင်းခဲ့ပြီး စဉ်းစားသည်။

"သူ ဒီအချိန် အပြင်ထွက်မယ်ဆိုတာ ငါ ဘယ်လိုကြောင့် တွေးမိတာပါလိမ့်။ ဘာလို့ ငါ သေသေချာချာ တွက်မိတာလဲ"

စိတ်ဓာတ်အကျကြီး ကျသွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း အထင်သေးသွားမိ၏။ ဘယ်လောက် ရယ်ဖို့ကောင်းတဲ့ အဖြစ်လဲဟု တွေးပြီးမှ ဒေါသဖြစ်လာသည်။ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်လောက်အောင် စိတ်ပျက်သွားသည်။

အောက်ဆုံးထပ် တံခါးပေါက်အဝ ရောက်တော့ ခဏတွေစဉ်းစားသည်။ ဤနေ့ မပျက် လမ်းပေါ် ထွက်ပြီး လျှောက်ရမှာလား။ တော်တော်ကြောင်တဲ့ ကိစ္စပဲ။ အထဲကို ခပ်တည်တည်နှင့် ပြန်ဝင်ဖို့က ပိုကြောင်လိမ့်မည် ထင်သည်။

နူတ်မှ အလိုလို ထွက်သွားသည်။

"ဒီလိုအခွင့်အရေးမျိုးက ဒီနေ့ ယူချင်ယူ မဟုတ်ရင်ဘယ်တော့မှရမှာ မဟုတ်တော့ဘူး"

ဘာဆက်လုပ်ရမှန်း မသိဘဲ အပေါက်ဝတွင် တွေရပ်နေသည်။ တဖက်တွင် အပေါက်စောင့်၏ အခန်းငယ်ကလေး ရှိသည်။ တံခါး ဟထား၏။ အခန်းထဲ လှမ်းကြည့်လိုက်တော့ သူ့တကိုယ်လုံး တောင့်ခနဲ ဖြစ်သွားသည်။ နှစ်လှမ်းလောက်နှင့် ဝင်သွားလို့ရသည့် လှေကားအောက်က အခန်းကျဉ်းကလေး။ ခုံတခုံအောက်မှ အရောင်လက်နေသော အရာတခုကို လှမ်းမြင်လိုက်၍ ဖြစ်သည်။

ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်သည်။ ဘယ်သူ့ကိုမှ မတွေ့ရ။ အပေါက်စောင့်၏ အခန်းကလေးထဲသို့ ခြေဖျားထောက် ဝင်လာခဲ့သည်။ ပြီးတော့ သူ့နာမည်ကို ခပ်တိုးတိုး အော်ခေါ်ကြည့်သည်။

"သေချာတယ်၊ သူ အခန်းထဲမှာ မရှိဘူး၊ တံခါးဖွင့်ထားတော့ ဝေးဝေးသွားမှာ မဟုတ်ဘူး။ တိုက်ရှေ့မှာ ရှိနေတာ သေချာတယ်"

ဟုတ်ပါသည်။ ပုဆိန်ကလေးပါ။ ခုံအောက်က ဆွဲထုတ်လိုက်သည်။ ကုတ်အင်္ကျီ အောက်သို့ ထိုးသွင်းပြီးလက်နှစ်ဖက်ကို ကုတ်အင်္ကျီထဲ နှိုက်ပြီး အခန်းထဲမှ ခပ်တည်တည် ထွက်လာခဲ့သည်။ ဘယ်သူမှ သတိထားမိစရာ အကြောင်းမရှိ။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဟာ ငါ့ကုသိုလ်နဲ့ ငါ ဖြစ်လာတာ" ဟု တွေးပြီး သူ့ဘာသာသူ ပြုံးလိုက်သည်။ သည်ကံကောင်းမှုကြောင့် သူ အားတက်လာသည်။ အတိုင်းအဆမရှိ တက်ကြွလာခြင်း မျိုး။

သူ ခပ်အေးအေး လျှောက်လာခဲ့သည်။ အဆောတလျင် မဟုတ်။ ဘယ်သူမှ မရိပ်မိအောင် ပုံမှန်အတိုင်း ခပ်အေးအေး လျှောက်နေခြင်းမျိုး။ ဘေးဘီကို မကြည့်။ လမ်းသွား လမ်းလာတို့၏ မျက်နှာကို မကြည့်။ ထိုစဉ် သူ့ဦးထုပ်စုတ်ကို သူ သတိရလိုက်သည်။

"ဟာ... သေတော့မှာပဲ။ လွန်ခဲ့တဲ့ နှစ်ရက်ကဆို ငါ ကောင်းကောင်း ဝယ်နိုင်တာ ပေါ့။ ခုတော့ ..."

စိတ်ထဲက ကျိတ်ပြီး ကျိန်ဆဲလိုက်သည်။ လမ်းဘေးဆိုင် တဆိုင်ထဲကို မျက်စိကစားပြီး ကြည့်လိုက်သည်။ ခုနစ်နာရီ ဆယ်မိနစ်တောင် ရှိနေပြီကော။ အမြန်နှုန်းဖြင့် သွားမှ ဖြစ်တော့မည်။ ပြီးတော့ ဟိုဘက် ပလက်ဖောင်းကို ပြောင်းပြီး သွားမှ ဖြစ်မည်။

အစောပိုင်းက သည်အချိန်၊ သည်အခြေအနေကို တွေးကြည့်သည်။ စိတ်ထဲမှ သိပ်ကြောက်နေမည် ထင်ခဲ့၏။ ခုတော့ သည်လို မဟုတ်။ ကြောက်စိတ် မဝင်။ လုံးဝ တည်ငြိမ်စွာဖြင့် ကြောက်ရွံ့ခြင်းမှ ကင်းဝေးနေသည်။ မဆီမဆိုင် အတွေးများပင် ခေါင်းထဲ ဝင်လာနေသေးသည်။ သို့သော် တဒင်္ဂမျှသာ။

ယူဆူပေါ့မ်ပန်းခြံကို ဖြတ်လျှောက်တော့ ရေပန်းကြီးများက သူ့ကို ဆွဲဆောင်ထားလိုက်သည်။ သည့်ထက် မြင့်နိုင်လျှင် ဘယ်လောက် ကောင်းလိုက်မလဲ။ အများပြည်သူ့ပန်းခြံထဲတွင် လေထုပို၍ သန့်ရှင်း အေးမြလာလိမ့်မည်။ ပန်းခြံကြီးကိုလည်း အများကြီးပိုချဲ့ ချင်သည်။ သည်ပန်းခြံနှင့် နွေရာသီပန်းခြံ ပိုချဲ့လိုက်လျှင် ဟိုး မစ်ဟိုင်းလော့စကီ နန်းတော်ပန်းခြံနှင့် သွားဆက်လိမ့်မည်။ ဒါဆို ပီတာစဘတ်မြို့ကြီး ပို၍ ကျက်သရေ တိုးသွားပေလိမ့်မည်။ ဤတွင် မြို့နေလူတွေ အကြောင်း ဆက်တွေးမိသည်။ သူတို့တတွေ ဘာကြောင့် ပန်းခြံ မရှိ၊ ရေပန်း မရှိသည့် နေရာတွေမှာ နေနေကြတာပါလိမ့်။ မြောင်းပုပ်နံ့တွေ၊ အမှိုက်ပုံတွေ ယင်တလောင်းလောင်းနှင့်။ ဈေးနား ရောက်လာတော့မှ သတိပြန်ဝင်လာသည်။

"ဟာ... သေတော့မှာပဲ၊ ဘာလို့ မဆိုင်တာတွေ လျှောက်တွေးနေတာလဲ"

"ကြိုးစင်ကို သွားနေတဲ့ လူတွေလည်း ဒီလိုပဲ နေမှာ ထင်တယ်။ လမ်းမှာ မြင်တွေ့သမျှ အရာအားလုံးကို လိုက်မှတ်နေ၊ တွေးနေမယ် ထင်တယ်"

သူ့ခေါင်းထဲကို လျှပ်ပြက်သလို လက်ခနဲ ဖြစ်သွားသည့် အတွေး။ သို့သော် လျှပ်စီးလိုပင် ချက်ချင်း ပြန်ပျောက်သွားသည်။ ဟိုတိုက်ကြီးကို လှမ်းမြင်နေရပြီလေ။ ဝင်းတံခါးဝကို ရောက်ခါနီးပြီ။ နာရီသံချောင်းခေါက်သံ ကြားလိုက်ပြန်သည်။

"ဟင်... ခုနစ်နာရီခွဲ ဆိုပါလား။ မဖြစ်နိုင်ဘူး၊ နာရီမြန်နေတာ ဖြစ်မယ်"

ကံကောင်းပါသည်။ တမင်အကွက်ချ ချိန်ကိုက်ထားသည့်အလား။ ဝင်းထဲကို ဝင်ရမည့် အချိန်တွင် ဧရာမ ကောက်ရိုးလှည်းကြီး တစီး ဖြတ်မောင်းလာသည်။ တိုက်ကြီး

mgyoe.com

mgyoe.com
SAMPLE BOOK

ပေါ်မှ လူတွေ မမြင်အောင် လှည်းကြီး နံဘေးမှ ကပ်လျှောက်သွားသည်။ ဝင်းတံခါးဝ အရောက်တွင် လှည်းနောက်မှ ညာဘက်ကို ဖျတ်ခနဲချိုးပြီး ခပ်သွက်သွက် လျှောက်သွားသည်။ အထပ်တိုင်း၏ ပြတင်းပေါက်တွေ ဖွင့်ထားသည်။ သူ လုံးဝ မော့မကြည့်။ ငိုက်စိုက်ငိုက်စိုက်နှင့် လျှောက်သွားသည်။ လှေကားထစ်တွေပေါ် စတက်ပြီ ...။

တဒိုင်းဒိုင်း ခုန်နေသည့် နှလုံးပေါ်သို့ လက်နှင့် ဖိလိုက်သည်။ တပြိုင်တည်းတွင် ပုဆိန်ကိုပါ စမ်းကြည့်လိုက်သည်။ သတိကြီးစွာဖြင့် လှေကားထစ်တွေကို ခပ်သွက်သွက် လှမ်းတက်လာခဲ့သည်။ မကြာခဏ ရပ်ပြီး အခန်းတွေကို နားစွင့်သည်။ လုံးဝ တိတ်ဆိတ်နေ၏။ အခန်းတံခါးတွေ အားလုံး ပိတ်ထား၏။ ဆင်းလာသူ တယောက်မျှ မရှိ။ ဒုတိယထပ်ရောက်မှ အခန်းတံခါး ပွင့်နေသည်ကို တွေ့ရ၏။ အခန်းထဲတွင် ဆေးသမားတွေ ဆေးသုတ်နေကြသည်။ ဘယ်သူမှ သူ့ကို ငဲ့မကြည့်ကြ။ သူ ခဏ တွေစဉ်းစားသည်။

"သူတို့ မရှိရင်တော့ ပိုကောင်းမှာပဲ။ ကိစ္စ မရှိလောက်ပါဘူး။ အပေါ်နှစ်ထပ် ကွာသေးတာပဲ"

အဘွားကြီး၏ အောက်ထပ်အခန်းတွင် လူမရှိ။ မကြာသေးခင်က ပြောင်းသွားပုံရသည်။ 'ငှားရန်' ချိတ်ထားသည့် စက္ကူကတ်ပြား ဆိုင်းဘုတ်ကလေး ကွာကျနေသည်။ လေးထပ်ရှိ အဘွားကြီး၏ အခန်းနှင့် မျက်နှာချင်းဆိုင် အခန်းတွင်လည်း လူ မရှိချေ။

ရပ်ပြီး လေကို တဝရှူသွင်းလိုက်သည်။ အပြေးအလွှား စဉ်းစားပြန်သည်။

"ပြန်လှည့်သွားရင် ကောင်းမလား"

သူ့အမေးကို သူ့ဘာသာသူ ပြန်မဖြေဘဲ အဘွားကြီး အခန်းတံခါးကို နားကပ်ထောင်ကြည့်သည်။ ဘာသံမှ မကြားရ။ နောက်ဆုံး ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်ပြီး ရင်ချီလိုက်သည်။ ပုဆိန်ကို တခါ ထပ်စမ်းသည်။ မေးခွန်းတွေ ခေါင်းထဲ တန်းစီ ဝင်လာပြန်သည်။

"ငါ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်နေသလား၊ ငါ သိပ်စိတ်လှုပ်ရှား လွန်းနေသလား။ အဘွားကြီးက ဘယ်သူ့မှ ယုံတာ မဟုတ်ဘူး။ ငါ ဣန္ဒြေပျက်နေရင် ချက်ချင်းရိပ်မိမှာ။ ခဏ စောင့်ရင် ကောင်းမလား၊ ရင်ခုန်သံ ငြိမ်သွားတဲ့အထိလေ"

သူ့ရင်ခုန်သံ မရပ်တော့ပါ။ ပိုလို့ပင် ခုန်လာသည်။ ဆက်လက် သည်းမခံနိုင်တော့၍ တံခါးခေါင်းလောင်းကြိုးကို ဆွဲလိုက်သည်။ အတွင်းဘက်မှ မြည်သံ ကြားရသည်။ မိနစ်ဝက်အတွင်း ခပ်ကျယ်ကျယ် ထပ်ဆွဲလိုက်သည်။

ဘာသံမှ မကြားရ၊ ဆက်ပြီး ဆွဲနေရင် အဓိပ္ပာယ်ရှိမည် မဟုတ်၊ အဘွားကြီး အထဲမှာ ရှိနေတာ သေချာသည်။ တယောက်တည်းမို့ သင်္ကာမကင်းစိတ် ပိုများနေလိမ့်မည်။ သည် အဘွားကြီး၏ အမူအကျင့်ကို သူ အလွတ်ရနေသည် မဟုတ်လား။ တံခါးကို နားကပ်ပြီး ထပ်နားထောင်ပြန်သည်။ သူ့အာရုံခံစားမှုက သိပ်အားကောင်းနေလို့လား၊ ဒါမှမဟုတ် အတွင်းဘက်မှ အသံဗလံကပင် ကြားသာနေလို့လား မသိ။ လှုပ်ရှားမှု၏ အသံတမျိုး

mgyoe.com

mgyoe.com SAMPLE BOOK

ကြားလိုက်သည်။ သတိကြီးစွာဖြင့် တံခါးမင်းတုပ်ကို အသာကလေး ဖြုတ်နေသံ။ အပြင်ဘက်မှ သူက သတိကြီးစွာဖြင့် လှုပ်ရှားနေသလို အတွင်းဘက်ကလည်း အလားတူ တုံ့ပြန်နေပုံ။

သို့သော် သူက ချက်ချင်းပုံစံ ပြောင်းလိုက်သည်။ ခိုးကြောင်ခိုးဝှက် အနေအထားမှသည် ပြောင်ပြောင်တင်းတင်း ပုံစံသို့ ပြောင်းလိုက်ခြင်းဖြစ်သည်။

"ဖွင့်ပါဗျ၊ ကျွန်တော်ပါ"

ပြောပြီး တတိယအကြိမ် ခေါင်းလောင်းကြိုးကို အသာအယာ ဆွဲလိုက်သည်။ တည်ငြိမ်စွာဖြင့်။ သည်အကြောင်း နောက်ပြန် စဉ်းစားကြည့်သည်။ အလွန် အဓိပ္ပာယ် ရှိသည့် အကွက်ပါလား။ သည်လိုလုပ်ဖို့ လုံးဝ ကြိုတင် ပြင်ဆင်ထားခြင်း မရှိခဲ့ပါ။ ထိုစဉ် စိတ်တွေ လှုပ်ရှားလွန်းပြီး ထုံထိုင်းနေချိန် ဖြစ်သည်။ စိတ်နှင့်ကိုယ် မကပ်သလို ဖြစ်နေချိန်။

တစက္ကန့်အတွင်း အတွင်းဘက်မှ မင်းတုပ်ဖြုတ်သံ ကြားလိုက်ရသည်။

(၇)

ခါတိုင်းလိုပင် တံခါး ပွင့်သည် ဆိုရုံကလေး ပွင့်လာပြီး အမှောင်ထဲမှ သံသယမျက်လုံး နှစ်လုံးဖြင့် စူးစူးဝါးဝါး ကြည့်နေသည်။ သည်တခါတော့ ရပ်စ်ကိုလ်နီကော့ဗ် တယောက် အရမ်း စိတ်လှုပ်ရှားသွားပြီး မလုပ်သင့်သော အမှားကို ကျူးလွန်လိုက်မိသည်။

အိမ်တွင် တယောက်တည်း ရှိနေခိုက်မို့ အဘွားကြီး စိုးရိမ်ထိတ်လန့်နေလိမ့်မည်။ သူ မည်မျှ ဟန်ဆောင်ကောင်းစေကာမူ အဘွားကြီး၏ မသင်္ကာစိတ်ကို ဟန့်တားနိုင်မည် မဟုတ်။ ဤသို့ဖြင့် တံခါးရွက်ကို သူ့ဘက် ဆွဲဖွင့်လိုက်သည်။ တံခါးပြန်ပိတ်ပြီး အဘွားကြီး ချက်မထိုးနိုင်အောင် လုပ်လိုက်ခြင်း ဖြစ်သည်။ သို့သော် အဘွားကြီးကလည်း တံခါးလက်ကိုင်ကို မလွှတ်။ ဆွဲထားဆဲ။ ထို့ကြောင့် အပြင်ဘက်သို့ အဘွားကြီး ပါသွားမတတ် ဖြစ်သွားသည်။ လမ်းပိတ်သွားတော့ ရပ်စ်ကိုလ်နီကော့ဗ်က အတင်း တိုးဝင်လိုက်သည်။ အဘွားကြီးက လန့်ပြီး လမ်းဖွင့်ပေးလိုက်သည်။ တခုခု ပြောမည် ပြုပြီးမှ ပြောမထွက်ဘဲ သူ့ကို စိုက်ကြည့်နေသည်။

သူက တတ်နိုင်သမျှ အသံကို ထိန်းပြီး ပြောသည်။

"မင်္ဂလာပါ အလျိုနာအီဗန်နိုဗာ"

သို့သော် သူ့အသံက သူ့အမိန့်ကို မနာခံ။ လှိုင်းထနေသည်။ တုန်ယင်နေသည်။ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေသည်။

"ကျွန်... ကျွန်တော်... ဟိုနေ့က ပြောထားတဲ့ ပစ္စည်းကလေး ပါလာတယ်။ လာ... ဟို... ဟိုဘက် အလင်းရောင်အောက် သွားရအောင်"

သူက အိမ်ရှင် ဝင်ခွင့်မပြုဘဲ အခန်းထဲ တန်းဝင်သွားသည်။ အဘွားကြီးက သူ့နောက်မှ လိုက်ဝင်ရင်း–

mgyoe.com

mgyoe.com
SAMPLE BOOK

"ဘုရားသခင်၊ အဲဒါက ဘာလဲ။ မင်းက ဘယ်သူလဲ၊ မင်းအလုပ်က ဘာလဲ"

"ဟာ... ဒုက္ခပါပဲ အလျှိုနာအီဗန်နိုဗာ။ မမှတ်မိဘူးလား။ ရပ်စ်ကိုလ်နီကော့ဗ်လေ။ ဟိုနေ့က ကျွန်တော် ပြောတဲ့ပစ္စည်း ပါလာတယ်"

သူက ပြောရင်း ပစ္စည်းထုပ်ကလေးကို ကမ်းပေးသည်။ အဘွားကြီးက တချက်ဝေ့ကြည့်ပြီး မဖိတ်ဘဲ ရောက်လာသည့် ဧည့်သည်၏ မျက်လုံးများကို တည့်တည့် စိုက်ကြည့်နေသည်။ သူ့အကြည့်က မကျေမနပ်အကြည့်။ မယုံသင်္ကာ အကြည့်။ သည့်အပြင် စက်ဆုပ် ရွံရှာမှုလည်း စွက်နေသေးသည်။ တမိနစ်ခန့် ကုန်သွားသည်။ သူ ဆောက်တည်ရာမရ ဖြစ်ကာ ကြောက်စိတ်တွေ ဝင်လာပြန်သည်။ အဘွားကြီး၏ အမူအရာက တစုံတရာကို အကဲခတ်မိသည့်အလား။ မျက်လုံးအစုံတွင် သရော်တော်တော် အရောင်တမျိုး လက်သွားသည်ဟု သူ ထင်လိုက်သည်။ နောက်မိနစ်ဝက်လောက် ဘာမှ မပြောဘဲ အဘွားကြီးက သူ့ကို စိုက်ကြည့်နေလျှင် သူ ထွက်ပြေးမိမှာ သေချာသည်။

သူကလည်း စက်ဆုပ်စွာဖြင့် အဘွားကြီးအား ပြောချလိုက်သည်။

"ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား။ ဘာလို့ စိုက်ကြည့်နေတာလဲ။ ခင်ဗျား မလိုချင်ရင် ပြော၊ တခြားနေရာ သွားမယ်။ ကျွန်တော့်မှာ အချိန် မရှိဘူး"

အစီအစဉ် မရှိဘဲ သူ့နှုတ်မှ ရုတ်တရက် ထွက်သွားခြင်း ဖြစ်သည်။

သည်တော့မှ အဘွားကြီး သူ့ကို မှတ်မိသွားသည်။ သူ အသံမာမာနှင့် ပြောလိုက်ခြင်းကြောင့် ပိုအဆင်ပြေသွားခြင်း ဖြစ်သည်။

"အို... မင်းကလည်းကွယ်၊ လောရန်ကောဲ။ ဖြည်းဖြည်းပေါ့။ ကဲ... ဘာလဲ ပြ"

အပေါင်ပစ္စည်းကို လှမ်းကြည့်ပြီး မေးသည်။

"ကျွန်တော် ဟိုနေ့က ပြောခဲ့တဲ့ ငွေစီးကရက်ဘူးလေ"

အဘွားကြီး လက်ကမ်းပေးသည်။

"ဟင်...ဘာဖြစ်တာလဲ။မင်းမျက်နှာတွေက ဖြူဖပ်ဖြူရော်နဲ့။လက်တွေကလည်း တုန်လို့ပါလား။ မင်း ရေကူးပြီး ပြန်လာတာလား ဟင်"

သူ ခပ်ပြတ်ပြတ် ဖြေသည်။

"ဖျားနေလို့ဗျ၊ စားစရာလည်း မရှိ၊ ဖျားလည်း ဖျားဆိုတော့ မျက်နှာမှာ သွေးဘယ်ရှိတော့မလဲဗျာ"

သူ့တွင် ရှိသမျှ အားအင်တွေ ခန်းခြောက် ပျောက်ကွယ်သွားပြီ ထင်လိုက်သည်။ သို့သော် သူ့အဖြေက ထိရောက်သည်။ အဘွားကြီးက အထုပ်ကလေးကို လှမ်းယူသည်။

"ဘာပစ္စည်းလဲ ဟင်"

ထပ်မေးသည်။ ရပ်စ်ကိုလ်နီကော့ဗ်ကို ကြည့်ပြီး အထုပ်ကလေးကို ဆ,ကြည့်နေသည်။

"စီးကရက်ဘူးလေဗျာ။ ငွေစီးကရက်ဘူး၊ ဖွင့်ကြည့်လေ"

mgyoe.com

mgyoe.com SAMPLE BOOK

"အင်း... ငွေအစစ်တော့ ဟုတ်ဟန် မတူဘူး။ ပတ်ထားလိုက်တာလည်း မနည်း ပါလား"

အထုပ်ဖြေဖို့ အလင်းရောင်ရှိသည့် ပြတင်းပေါက်ဆီသို့ လျှောက်သွားသည်။ ပြတင်းပေါက် အားလုံး ပိတ်ထား၏။ သူ့ကို ကျောပေးပြီး လျှောက်သွားခြင်းဖြစ်သည်။ ရပ်စ်ကိုလ်နီကော့ဗ်က ကုတ်အင်္ကျီကြယ်သီးတွေ ဖြုတ်လိုက်သည်။ ကြိုးကွင်းထဲမှ ပုဆိန်ကို ဆွဲထုတ်သည်။ သို့သော် ကုတ်အင်္ကျီ ပြင်ပသို့ မထုတ်သေး။ သူ့လက်မောင်း ကြွက်သားတွေ လုံးဝ အားမရှိတော့ပေ။ တကိုယ်လုံး ထုံထိုင်းနေသည်။ ပုဆိန် လွတ်ကျမသွားအောင် မနည်း ကိုင်ထားရသည်။ ရုတ်ခြည်း ခေါင်းတွေ မူးနောက်ကာ ချာချာလည်နေသည်။

"ကြည့်ပါဦး၊ ပတ်ထားလိုက်တာ"

အဘွားကြီးက စိတ်ပျက်လက်ပျက် ပြောရင်း သူ့ဘက် ပြန်လှည့်လာသည်။

လုံးဝ အချိန်မဖြုန်းနိုင်တော့။ သူ့ကိုယ်သူ သတိမထားမိလိုက်ဘဲ ပုဆိန်ကို ထုတ်ကာ လက်နှစ်ဖက်နှင့် လွှဲမြှောက်လိုက်သည်။ အားသိပ်မစိုက်ရဘဲ အဘွားကြီး၏ ဦးခေါင်းပေါ်ကို အလိုအလျောက် ခုတ်ချလိုက်သည်။ သို့သော် အသွားဘက်နှင့် ခုတ်မိခြင်း မဟုတ်ဘဲ ပုဆိန် အနောင့်ဘက်နှင့် ထုမိခြင်း ဖြစ်သည်။ သူ့ခွန်အား မပါသလောက်ပင်။ ဤသည်မှာ သူ့အထင်။ နောက်ဆုံး ပုဆိန်ကျအလာတွင် သူ မွေးထားသည့် ခွန်အားတွေ အများကြီးပါသွားသည်။ ခါတိုင်းလိုပင် အဘွားကြီး၏ ဦးခေါင်းတွင် ဘာအဆောင်းမှ မပါ။ ဆံပင်ဖြူဖြူတွေက ပါးပါး လေး။ သူ့အရပ်က ပုသဖြင့် ပုဆိန်ချက်သည် ငယ်ထိပ်တည့်တည့်တွင် စိုက်ကျသွားသည်။ သူ အော်တော့ အော်သည်။ သို့သော် သူ့အသံမှာ တိုးတိုးလေးသာ ထွက်လာနိုင်သည်။ ခန္ဓာကိုယ်သည် ချက်ချင်း ကြမ်းပြင်ပေါ်သို့ ခွေကျသွားတော့သည်။ ရုတ်တရက် အသက် မထွက်သေး။ ဦးခေါင်းဆီသို့ လက်နှစ်ဖက် မြှောက်တက်လာသေးသည်။ လက်တဖက် ထဲတွင် အပေါင်ပစ္စည်း ထုပ်ကလေး ကိုင်လျက်သား။ နောက်တချက် အနောင့်ဖြင့်ပင် ထုချလိုက်သည်။ နောက်ဆုံးတချက်ကျတော့ ရှိသမျှ ခွန်အား သုံးထည့်လိုက်သည်။ ယင်း နှစ်ချက်စလုံး ပထမ အချက်ကျသည့် ငယ်ထိပ်တည့်တည့်တွင်ချည်း ဖြစ်သည်။ ချက်ချင်း သွေးတွေ အိုင်ထွန်းသွားသည်။ ခန္ဓာကိုယ်သည် ပက်လက်လန်ကျသွားသည်။ သူက ဘေးဖယ် လိုက်ပြီး အဘွားကြီး၏ မျက်နှာကို ငုံ့ကြည့်သည်။ အသက် မရှိတော့ပေ။ မျက်လုံး နှစ်ဖက် မှာ ထွက်ကျတော့မလို ပြူးထွက်နေသည်။ မျက်နှာမှာ ရှုံ့တွပြီး ပုံပျက်ပန်းပျက် ဖြစ်သွား သည်။

ပုဆိန်ကို အလောင်းနံဘေးတွင် ချထားလိုက်သည်။ အဘွားကြီး၏ အိတ်ကပ် ထဲသို့ လက်နှိုက်သွင်းလိုက်သည်။ သွေးတွေနှင့် မထိအောင် ဂရုစိုက်ပြီး နှိုက်သည်။ ညာဘက် အိတ်။ သည်အိတ်ထဲတွင် သော့ထည့်ထားမှန်း ယခင် တခေါက်ကတည်းက သူ မှတ်ထား ခဲ့သည်။

စိမ်ကိန်း အောင်မြင်သွားပြီ။ ကြောက်စိတ်တွေ ပျောက်ကွယ်သွားပြီ။ ခေါင်းထဲ

mgyoe.com

mgyoe.com SAMPLE BOOK

တွင် ရှုပ်ထွေးမနေတော့။ ကြည်လင်သွားပြီ။ သို့သော် လက်တွေကတော့ တုန်နေဆဲ။ နောက်ပိုင်းတွင် ထိုတဒင်္ဂကို ပြန်စဉ်းစားသည်။ အရာတိုင်းကို သွေးအေးအေးနှင့် စီစဉ်နိုင်ခဲ့သည်ဟု သူ ယုံကြည်သည်။

သော့တွဲကို ဆွဲထုတ်လိုက်သည်။ စတီးကွင်းနှင့် သီထားသည့် ရောမသော့တွဲကြီး။ အိပ်ခန်းထဲသို့ ပြေးဝင်သွားသည်။ အခန်းမှာ ခပ်ကျဉ်းကျဉ်း ဖြစ်သည်။ ရောမ အိပ်ရာကြီးမှာ သန့်ရှင်းဖြူဖွေးနေသည်။ ဝွမ်းကပ်ကို ပန်းတွေ ထိုးထားသည်။ တဖက်နံရံတွင် ရောမ ဘုရားစင်ကြီး ရှိသည်။ မယ်တော်မာရီ ရုပ်တုပေါင်းများစွာ တင်ထား၏။ တဘက်နံရံတွင် အံဆွဲတွေ အပြည့်နှင့် ဗီရိုကြီးတလုံး။ သော့တွေကို အံဆွဲသော့ပေါက်တွေထဲ ထည့်ပြီး လှည့်သည့်အခါ သော့တွဲမှ ထွက်လာသော အသံကြောင့် သူ လန့်သွားသည်။ အလွန်ထူးဆန်းသည့် အဖြစ်။ ဘာမှ ကြောက်စရာကောင်းသည့် အသံမျိုး မဟုတ်။ သော့တွဲကြီး ပစ်ချပြီး လစ်ဖို့တောင် စိတ်ကူးလိုက်သေးသည်။ သို့သော် မဖြစ်နိုင်တော့ပြီ။ သူ့အဖြစ်ကို သူ တွေးပြီး ငါ ကြောင်တာပဲဟု ပြုံးမိသည်။ ဒုတိယအတွေးကြောင့် တုန်လှုပ်သွားပြန်သည်။ အဘွားကြီး မသေဘဲ ထလာမှဖြင့်...၊ အံဆွဲကို သော့တန်းလန်းနှင့် ထားခဲ့ပြီး အလောင်းဆီသို့ ပြန်ပြေးကြည့်သည်။ ပုဆိန်ကို ကောက်ကိုင်ပြီး တချက် ထပ်ထုဖို့ ရွယ်လိုက်သည်။ သို့သော် မထုတော့ဘဲ အရှိန်သတ်လိုက်သည်။ သေသေချာချာ ငုံ့ကြည့်ပြီး အတည်ပြုလိုက်သည်။ အဘွားကြီး အသက် မရှိတာ သေချာပြီ။ ဦးခေါင်းတခုလုံး စိစိညက်ညက် ကြေနေပြီပဲ။ လက်နှင့် တို့ကြည့်မည်လုပ်ပြီးမှ လက်ကို ဆတ်ခနဲ ရုပ်လိုက်သည်။ သွေးအိုင်ကြီးက ကျယ်သည်ထက် ကျယ်လာနေပြီ။ ဤတွင် အဘွားကြီး၏ လည်ပင်းမှ ကြိုးကလေးကို သတိထားလိုက်မိသည်။ သူ ဆွဲဖြုတ်လိုက်သည်။ သွေးတွေနှင့် စက်စက်နစ်ကာ ချော်နေသဖြင့် လွယ်လွယ်နှင့် ဖြုတ်မရ။ အတွင်းခံအင်္ကျီနှင့် ငြိနေသလား မသိ။ ပုဆိန်သွားနှင့် ကြိုးကို ဖြတ်ဖို့ စဉ်းစားသည်။ သို့သော် လက်က မရဲ။ ကြိုးနှင့် အသားကပ်နေသည်။ နှစ်မိနစ်ခန့် ကြိုးကို မ,ယူပြီးမှ ဖြတ်လို့ရတော့သည်။ ဖြတ်ပြီးတော့ဆွဲယူလိုက်သည်။ ထင်သည့်အတိုင်းပင်။ ကြိုးတဖက်ထိပ်တွင် ဆာလာအိတ်ကလေး ပါလာသည်။ ဆာလာအိတ်ကလေး၏ ထိပ်တွင် လက်ဝါးကပ်တိုင်ကလေး နှစ်ခု။ တခုက စိုက်ပရပ်စ် ထင်းရှူးသား။ တခုက ကြေး။ ယင်းနှစ်ခု နှင့် တွဲလျက်က ကြွေရည်သုတ် မယ်တော်မာရီ ရုပ်တုကလေး။ ဆာလာအိတ်ထဲတွင် ပစ္စည်း တွေ အပြည့်။ ရုပ်တုနှင့် လက်ဝါးကပ်တိုင် နှစ်ခုကို အဘွားကြီး၏ ရင်ဘတ်ပေါ် ဖြုတ်ချခဲ့ပြီး ဆာလာအိတ်ကို ဖွင့်မကြည့်ဘဲ အိတ်ထဲ ထိုးထည့်လိုက်သည်။ သည်တခါ ပုဆိန်ကို ယူခဲ့ပြီး အိပ်ခန်းဆီသို့ ပြန်လာခဲ့သည်။

သူ့ လှုပ်ရှားမှုတွေ အရှမ်းမြန်လာသည်။ သော့တချောင်းပြီး တချောင်း ကိုင်ပြီး သော့ပေါက်တွေထဲ ထည့်သည်။ တခုမှ မဝင်။ လက်တွေ အလွန်အမင်း တုန်ကာ အလွဲလွဲ အချော်ချော် ထိုးထည့်နေမိခြင်း ဖြစ်၏။ သူ့တွင် အခြားလုပ်စရာ မရှိတော့သလို၊ တချောင်း

mgyoe.com

mgyoe.com SAMPLE BOOK

ပြီး တချောင်း ဆက်ကာဆက်ကာ ထိုးထည့်နေသည်။ ဤတွင် အကြီးဆုံး သော့ကြီးတချောင်းကို သတိရလိုက်သည်။ သည်သော့ကြီးက အံဆွဲသော့ မဖြစ်တန်ရာ။ သေတ္တာတလုံးရဲ့ သော့ ဖြစ်ရမည်။ ထိုသေတ္တာထဲတွင် အဖိုးတန် ပစ္စည်းတွေ ဝှက်ထားတာ ဖြစ်ရမည်။ ချက်ချင်း ထပြီး ဗီရိုတွေအနားမှ ခွာကာ ခုတင်အောက်တွင် သေတ္တာတွေ ရှာသည်။ သူ ထင်သည့်အတိုင်းပင်။ အလျား နှစ်ပေခွဲလောက် ရှိသည့် ဧရာမသံသေတ္တာကြီးကို တွေ့ရသည်။ အဖုံးကို ကတ္တီပါစနှင့် မူလီစုပ်ထားသည်။ အကြီးဆုံး သော့ကြီးနှင့် အံကိုက်။ ဆွဲဖွင့်ကြည့်လိုက်တော့ အပေါ်ဆုံးတွင် ပိတ်ဖြူစတခုနှင့် လွှမ်းထားသည်ကို တွေ့ရ၏။ အစအောက်တွင် အနီရောင် ကုတ်အင်္ကျီတထည်၊ ကုပ်ပိုးက ယုန်မွေး။ ကုတ်အင်္ကျီအောက်တွင် ပိုးဝတ်စုံ တထည်၊ ပြီးတော့ ရှုံတဘက်တထည်၊ အောက်တွင်တော့ ဘာမှ မရှိ။ အားလုံး အဝတ်ဟောင်းတွေချည်း။ သူက လက်နှစ်ဖက်မှ သွေးတွေကို အနီရောင် ကုတ်အင်္ကျီနှင့် သုတ်ပစ်နေသည်။ သူ့ဘာသာသူ ကျေနပ်နေသည်။ အနီရောင်နှင့် သွေးကို သုတ်လိုက်တော့ ဘယ်သူမှ သတိမပြုမိတော့ဘူးပေါ့။ သည်တော့မှ တစုံတရာကို သတိရပြီး အလန့်တကြား ဖြစ်သွားသည်။

"ဒုက္ခပဲ၊ ငါ ရူးသွားပြီလား"

အဝတ်ဟောင်းတွေ ဖွနေစဉ် ရွှေနာရီတလုံး ထွက်ကျလာသည်။ သည်တော့မှ အဝတ်တွေ ဆက်ဖွသည်။ လက်စသတ်တော့ ရွှေထည်ပစ္စည်းတွေကို အဝတ်ဟောင်းတွေထဲမှာ ညှပ်ထားတာကိုး။ အပေါင်ပစ္စည်းတွေ ဖြစ်ရမည်။ ဆွဲကြိုးတွေ၊ လက်ကောက်တွေ၊ နားဆွဲတွေ၊ ဆံထိုးတွေ မျိုးစုံတွေ့ရသည်။ အချို့ကို စက္ကူဘူးကလေးများထဲတွင် ထည့်ထားသည်။ အချို့ကို သတင်းစာစက္ကူဖြင့် ပတ်ထားသည်။ အားလုံး သေသေသပ်သပ်။ လုံးဝအချိန်မဖြုန်းတော့ဘဲ အားလုံး ကျုံးပြီး ကုတ်အင်္ကျီအိတ်ထဲ၊ ဘောင်းဘီအိတ်ထဲ ထိုးသိပ်ထည့်သည်။ အကုန်ယူလို့ မပြီးခင် အဘွားကြီး၏ အလောင်းဘက်မှ ခြေသံတွေ ကြားလိုက်ရသည်။

ရပ်စ်ကိုလ်နီကော့ဗ် ချက်ချင်း တောင့်ခနဲ ဖြစ်သွားသည်။ ပြီးတော့ အားလုံး ငြိမ်သွားသည်။ စောစောကလေးက ကြားလိုက်သည့် ခြေသံတွေ မကြားရတော့။ ဟုတ်ရဲ့လား၊ ငါ့စိတ်တွေ ချောက်ချားနေတာလား။ ထိုစဉ် ငိုသံသဲ့သဲ့ ကြားလိုက်ရသည်။ ပြီးတော့ ချက်ချင်း တိတ်သွားပြန်သည်။ တမိနစ်၊ နှစ်မိနစ်ခန့် အပ်ကျသံကိုမျှ ကြားရလောက်အောင် တိတ်သွားပြန်သည်။ ပုဆိန်ကို ဆွဲပြီး အခန်းထဲမှ ဝုန်းခနဲ ပြေးထွက်သွားသည်။

ကြည့်စမ်း။ လီဇာဗီတာ။ အခန်းလယ်တွင် ရပ်ပြီး သူ့အစ်မ၏ အလောင်းကို စိုက်ကြည့်နေသည်။ လက်ထဲတွင် အထုပ်တထုပ် ဆွဲလျက်။ မျက်နှာက ဖယောင်းရုပ်လို သွေးမရှိတော့။ အော်ဖို့ကြိုးစားသော်လည်း မအော်နိုင်ဘဲ ဖြစ်နေသည့် ပုံမျိုး။ ပုဆိန်ကြီးနှင့် သူ ပြေးထွက်လာတာ မြင်တော့ တကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ ပါးစပ်ဟသော်လည်း ဘာသံမှ ထွက်မလာ။ သူ့ကို စိုက်ကြည့်နေရင်း အခန်းထောင့်သို့ နောက်ဆုတ်

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုတ်နှင့် ရွှေ့သွားသည်။ အသံမှု ယခုအချိန်အထိ ထွက်မလာသေး။ အကြောက်လွန် ကာ အသံပျောက်သွားသည့်အလား။ ရပ်စ်ကိုလ်နီကော့ဗ်က ပုဆိန်ကို မြှောက်ပြီး ဦးခေါင်းကို ချိန်ကာ ရှေ့တိုးသွားသည်။ လီဇာဗီတာသည် ကလေးတယောက်လို ငိုမဲ့မဲ့ ဖြစ်လာသည်။ အလွန်ကြောက်တတ်သူ ဖြစ်သည့်အလျောက် ခေါင်းပေါ်ကို လက်နှင့်ကာဖို့ပင် သူ့ခမျာ သတိမရရှာ။ လက်ကလေး တဖက်တော့ မြှောက်တက်လာသည်။ သို့သော် ဦးခေါင်းကို ကာဖို့ မဟုတ်။ ရှေ့မတိုးပါနှင့်ဟု ပြောနေဘိသကဲ့သို့ လက်နှင့် တားနေဟန်။ ပုဆိန်သွားသည် နဖူးတည့်တည့်တွင် စိုက်ဝင်သွားသည်။ ခေါင်းနှစ်ခြမ်း ကွဲသွားပြီး ဒူးညွှတ်ခွေကျသွားသည်။ ရပ်စ်ကိုလ်နီကော့ဗ်သည် အယောင်ယောင် အမှားမှားနှင့် သူ့လက်ထဲမှ အထုပ်ကို ဖမ်းဆွဲထားလိုက်သည်။ ပြီးမှ လွှတ်ချလိုက်ကာ တံခါးဆီသို့ ပြေးထွက်လာခဲ့သည်။

ကြောက်စိတ်တွေ ပြန်ဝင်လာသည်။ မမျှော်လင့်ဘဲ ဖြစ်သွားသည့် ဒုတိယ လူသတ်မှုကြောင့် ပိုပြီး ဆောက်တည်ရာမရ ဖြစ်သွားခြင်းပင်။ သည်နေရာမှ အမြန်ဆုံး လစ်ထွက်သွားချင်ပြီ။ ထိုတဒင်္ဂတွင်သာ အခြေအနေမှန်ကို နားလည်နိုင်မည် ဆိုလျှင် ရှေ့တွင် သူတွေ့ရမည့် အခက်အခဲပေါင်းများစွာသည် လိပ်ပြာလွင့်မတတ် ထိတ်လန့်ကြောက်ရွံ့စရာတွေချည်း ဖြစ်ကြောင်း သဘောပေါက်မည် မုချ။ သို့သော် သည်လိုကိစ္စတွေ မစဉ်းစားနိုင်အောင် ကိုယ့်ကိုယ်ကိုယ် စက်ဆုပ်ရွံ့ရှာစိတ်က သူ့ကို လွှမ်းမိုးသွားသည်။ အခန်းထဲ ပြန်ဝင်ဖို့ သေတ္တာထဲတွင် ဆက်ရှာဖို့ သူ ဘယ်တော့မှ စိတ်ကူးတော့မည် မဟုတ်။

သူ့စိတ်တွေ လွင့်ပါးစပြုလာပြီ၊ သူ့ကိုယ်သူ ဘယ်ရောက်နေမှန်း မသိသလို ကြောင်စီစီဖြစ်နေသည်။ အမိက အကြောင်းအရာထက် သာမညအသေးအဖွဲကလေးတွေ ခေါင်းထဲ ဝင်လာနေသည်။ သို့စဉ်လျက် မီးဖိုချောင်ကို လှမ်းကြည့်ပြီး ရေအပြည့်နှင့် ရေတပုံး မြင်တော့ ပုဆိန်နှင့် လက်ကို ဆေးဖို့တော့ သူ သတိရှိနေသေးသည်။ လက်နှစ်ဖက်စလုံး သွေးတို့ဖြင့် စေးကပ်နေပြီ။ ပုဆိန်သွားကို ရေထဲ နှစ်ချလိုက်ပြီးမှ ပြတင်းပေါက်ပေါင်ပေါ်မှ ဆပ်ပြာတုံးကလေးကို ယူပြီး လက်နှစ်ဖက်နှင့် ပုဆိန်ကို ဆေးကြောသည်။ ပုဆိန်သွားကိုရော၊ ပုဆိန်ရိုးကိုပါ ဆပ်ပြာနှင့် သေသေချာချာ ဆေးသည်။ သုံးမိနစ်ခန့် ကြာသွားသည်။ အဝတ်စ တစနှင့် ပုဆိန်ကိုရော၊ လက်ကိုပါ သေသေချာချာ သုတ်သည်။ အခြောက်ခံသည်။ ပြီးတော့ ပြတင်းပေါက်နားသွားပြီး ပုဆိန်ကို သေသေချာချာ စစ်ကြည့်သည်။ သွေးစသွေးန လုံးဝ မရှိတော့။ ပုဆိန်ရိုး ရေစိုနေသည်ကလွဲပြီး ပကတိ သန့်ရှင်း စင်ကြယ်သွားပြီ။ ပုဆိန်ကို ကုတ်အင်္ကျီအောက်မှ ကြိုးကွင်းထဲသို့ နေရာတကျ ထည့်လိုက်သည်။ အလင်းရောင်မှိန်မှိန်တွင် သူ့ကိုယ်သူ ပြန်ကြည့်သည်။ ဘွပ်ဖိနပ်ပေါ်မှ သွေးစက် အနည်းငယ်မှအပ အင်္ကျီ၊ ဘောင်းဘီတို့တွင် အစက်အပြောက် လုံးဝမတွေ့ရ။ အဝတ်စကို ရေဆွတ်ပြီး သားရေဘွပ်ဖိနပ်ကို သုတ်ပစ်လိုက်သည်၊ သူ ဘယ်လောက် သေသေသပ်သပ် ဖြစ်အောင်လုပ်ပြီး ဖြစ်သော်လည်း တကိုယ်လုံး

mgyoe.com

mgyoe.com SAMPLE BOOK

ကို စစ်ဆေးခြင်း မပြုနိုင်၍ သူ့ကိုယ်တွင် မသက်ာဖွယ်ရာ တမျိုးမျိုး ကျန်နေလိမ့်ဦးမည်ဟု သူ ထင်နေသေးသည်။

အခန်းလယ်တွင် သူ မတ်တတ်ရပ်လိုက်သည်။ နက်နက်နဲနဲ တွေးနေသည်။ အတွေးတွေ အမှောင်ကျသွားသည်။ ငါ ရူးသွားပြီလား။ ငါ့ကိုယ်ငါ မကာကွယ်နိုင်တော့ဘူးလား။ လုပ်စရာရှိတာကို မလုပ်ဘဲ ငါ ဘာလုပ်နေတာလဲ။ 'သေတော့မှာပဲ၊ ငါ ထွက်ပြေးရမှာ။ မပြေးဘဲ ဘာလုပ်နေတာလဲ'

ပြောပြီး တံခါးဝကို ပြေးချသွားသည်။ သူ ဘယ်တုန်းကမှ မကြုံဖူး၊ မတွေးဖူးသည့် ထိတ်လန့် တုန်လှုပ် ချောက်ချားချင်စရာ အရိပ်မည်းကြီးက အပြင်တွင် စောင့်နေလေပြီ။

သူ့မျက်စိ သူ မယုံနိုင်လောက်အောင် ဖြစ်သွားသည်။ သူ ဝင်လာခဲ့သည့် တံခါးမကြီး ပွင့်လျက်သားပါလား။ အတွင်းမှ ဘောက်ချိတ်မချဘဲ ခပ်ဟဟ ပွင့်နေသည်။ လီဇာဗီတာ လာတုန်းက သည်အတိုင်း ထားခဲ့တာ ဖြစ်မည်။ ပြေးသွားပြီး တံခါးဘောက်ချိတ်ကို ကွင်းထဲ ထိုးထည့်ချလိုက်သည်။

"ဟာ ...မဟုတ်သေးပါဘူး။ ငါက ထွက်ပြေးရမှာ"

ဘောက်ချိတ်ကို ပြန်ဖြုတ်ပြီး အပြင်လှေကားကို နားစွင့်လိုက်သည်။ အကြာကြီး နားကပ်ထောင်သည်။ လှေကားခြေရင်းဆီမှ လူနှစ်ယောက် စကားအော်ပြောနေသံကြားရသည်။ "သူတို့ ဘာတွေ ပြောနေတာလဲ" အသာ ဆက်နားထောင်သည်။ နောက်ထပ် ဘာသံမျှ မကြားရတော့။ သူတို့ ထွက်သွားကြပြီ ထင်ပါရဲ့။ သူ အပြင်ထွက်မည့်ဆဲဆဲတွင် အောက်ထပ် အခန်းတခန်းမှ ဂုန်းခနဲ တံခါးပွင့်လာသံနှင့်အတူ လူတယောက် လေချွန် ပြီး ဆင်းသွားသံ ကြားလိုက်သည်။ အသံတွေ ပိုဆူနေသည်ဟု စိတ်ထဲ ထင်လိုက်၏။ အပြင်ထွက်၊ တံခါး နောက်ပြန်ပိတ်ပြီး အသာ စောင့်နေလိုက်သည်။ နောက်ဆုံးတွင် အားလုံး ငြိမ်သက်သွားသည်။ ဘယ်သူ့ အရိပ်အယောင်မှ မမြင်ရတော့။

သူ ဆင်းလာတော့မှ ခြေသံ ကြားလိုက်ရသည်။ ခပ်သဲ့သဲ့။ အောက်ဆုံးထပ်မှ ခြေသံ ဖြစ်မည်။ သူ့ခေါင်းထဲတွင် ချက်ချင်း သတိဝင်လာသည်။ သူ အပေါ်တက်လာနေတာများလား၊ လေးထပ်ကို တက်မှာလား၊ အဘွားကြီးအခန်းကိုလေ။ ကြားနေရသည့် ခြေသံက ထူးဆန်းသည်။ တည်တည်ငြိမ်ငြိမ်။ ခပ်လေးလေး၊ ခပ်မှန်မှန်။ ဟော... သူ ပထမထပ်ကို ကျော်လာပြီ။ ခြေသံက ပိုမြန်လာသည်။ သူ ဆက်တက်လာနေသည်။ ဟိုက်... တတိယထပ်ကို ရောက်လာနေပြီ။ သူ့ကိုယ်သူ ကျောက်ဆစ်ရုပ်တခု ဖြစ်သွားပြီ ထင်လိုက်၏။ မက်ဖူးသည့် အိပ်မက်ထဲက အတိုင်းပင်။ သူ့ကို သတ်မည့်သူက ပြေးလာနေသည်။ သူက ထွက်ပြေးလို့ မရ။ ခြေထောက်တွေ အမြစ်တွယ်နေသည့် အလား။ လက်တွေပါ လှုပ်လို့ မရ။

နောက်ဆုံး ဧည့်သည်က လေးထပ် ရောက်ချိန်ကျမှ သတိဝင်လာပြီး အခန်းထဲသို့

mgyoe.com

mgyoe.com SAMPLE BOOK

ဖျတ်ခနဲ ပြန်ဝင်ပြီး တံခါးချက် ဘောက်ချိတ်ကို အသာလေး ချိတ်လိုက်သည်။ အလို အလျောက် လှုပ်ရှားလိုက်နိုင်ခြင်းသည် သူ့ဗီဇစိတ်ကြောင့် ဖြစ်နိုင်သည်။ ပြီးတော့မှ တံခါးနားကပ်၍ အသက် မရှူအားဘဲ အသာငြိမ် နားထောင်နေသည်။ ဉေ့သည်ကလည်း သူ ထင်သည့်အတိုင်း သည်အခန်း၊ သည်တံခါးတွင် လာရပ်သည်။ တံခါး တဖက်တချက်တွင် သူတို့ နှစ်ယောက် မျက်နှာချင်းဆိုင် ရပ်နေကြသည်။ စောစောက သူနှင့် အဘွားကြီး၏ ပုံစံအတိုင်းပင်။ သို့သော် သည်တခါ တံခါးကို အတွင်းဘက်မှ နားစွင့်ရသူက သူ။ ရပ်စ်ကိုလ် နီကော့ဗ်။

ဉေ့သည်၏ အသက်ရှူသံ ပြင်းပြင်းကို အတိုင်းသား ကြားနေရသည်။ သူ့အသက် ရှူသံကို နားထောင်ပြီး လူဝကြီးတယောက် ဖြစ်ရမည်ဟု ရပ်စ်ကိုလ်နီကော့ဗ် မှတ်ချက် ချလိုက်သည်။ ပုဆိန်ကို လက်ထဲတွင် တင်းတင်းဆုပ်လျက်။ စိတ်ထဲတွင်တော့ အိပ်မက် လိုလို၊ ဘာလိုလို။ ဉေ့သည်က ခေါင်းလောင်းကြိုးကို ခပ်တင်းတင်း ဆွဲလှုပ်လိုက်သည်။

ခေါင်းလောင်းသံ ထွက်လာတော့ အခန်းထဲမှ လှုပ်ရှားသံ တမျိုး ကြားလိုက်သလို စိတ်မှာ ထင်လိုက်၏။ ခဏ နားစွင့်ကြည့်လိုက်သည်။ ဉေ့သည်က နောက်တကြိမ် ဆွဲပြန် သည်။ ခဏနေပြီး စိတ်မရှည်သလို တံခါးလက်ကိုင်ကို ဆွဲလှုပ်သည်။ ဒေါသတကြီး တအား ဆွဲလှုပ်ခြင်း ဖြစ်၏။

ရပ်စ်ကိုလ်နီကော့ဗ် မျက်လုံးအပြူးသားနှင့် တုန်ခါနေသော ကွင်းထဲမှ ဘောက်ချိတ် ကို အထိတ်တလန့် စိုက်ကြည့်နေသည်။ သူ့အားနှင့်ဆိုလျှင် အချိန်မရွေး ပြုတ်ထွက်သွားနိုင် သည်။ ဘောက်ချိတ်နှင့် ကွင်းကို လက်နှင့်ဖိထားဖို့ စိတ်ကူးသေးသည်။ မဖြစ်သေး။ သူ ပိုပြီး သံသယ ဝင်သွားနိုင်သည်။ သူ့ခေါင်းတွေ ချာချာလည်နေပြန်သည်။ လူစိမ်း၏ ဒေါသ တကြီး အော်သံကြောင့် သူ ပြန်သတိဝင်လာသည်။

"ဟေး... အထဲမှာ ဘာတွေဖြစ်ကုန်ပြီလဲ၊ ဗျို့... အလျိုနာအီဗန်နိုဗာ၊ လီဇာဗီတာ၊ ခင်ဗျားတို့ကို ဘယ်သူ ကုပ်ချီးသွားပြီလဲ။ ဖွင့်၊ မြန်မြန်ဖွင့်စမ်းပါဗျ"

သူ့အသံက စည်ပိုင်းထဲက အော်သံမျိုး။ ပြီးတော့ ခေါင်းလောင်းကြိုးကို ဒေါသတကြီး ဆွဲပြန်သည်။

ထိုသူသည် သည်အိမ်သို့ လာနေကျ ဖြစ်ဟန်တူသည်။

ထိုအချိန်တွင် အောက်မှ နောက်တယောက် ခြေလှမ်းသွက်သွက်နှင့် တက်လာသံ ကြားလိုက်ရသည်။ လေးထပ် ရောက်တော့ ထိုတယောက်က ပထမလူကို လှမ်းမေးသည်။

"ဘယ်သူမှ မရှိကြဘူးလားဗျ။ ဟာ... ကို့ချ်ပါလား၊ နေကောင်းရဲ့လား"

လူငယ်တယောက် ဖြစ်ဟန်တူသည်။ အသံက ခပ်ရှင်ရှင်။

"ရှိလား၊ မရှိလားတော့ မသိဘူးကွ။ ငါ ဆွဲလှုပ်တာနဲ့ တံခါးရွက်တော့ ပြုတ်ကျ တော့မယ်။ နေပါဦး၊ မောင်ရင်က ကျုပ်ကို ဘယ်လိုလုပ် သိတာလဲ"

"တနေ့ကပဲ ခင်ဗျားကို သုံးပွဲနိုင်တယ်လေဗျာ။ ဂမ်ဘရီနုပ်စ်ရဲ့ ဘိလိယက်ခုံမှာလေ"

mgyoe.com

mgyoe.com SAMPLE BOOK

"ဩော်... အေး"

"ကျွန်တော် အလုပ်ကိစ္စနဲ့ လာတာဗျ။ ဒီအဘွားကြီး ဘယ်များ သွားနေပါလိမ့်"

"ငါလည်း အလုပ်ကိစ္စနဲ့ လာတာပါပဲကွာ"

"အင်း... ငွေစကလေးများ ရမလားလို့ထွက်လာတာ။ မတွေ့တော့လည်း ပြန်ရုံပေါ့ဗျ"

လူငယ်က စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

"အေးပေါ့ကွာ၊ ပြန်ရုံရှိတာပေါ့။ သွားစရာရှိလည်း ဘာလို့ ချိန်းလဲကွာ၊ သေနာမကြီး။ ဒီနေ့ချိန်းလို့ ငါ လာခဲ့တာကွ။ နည်းနည်းနောနော ခရီး မဟုတ်ဘူး။ ဘယ်တုန်းကမှ အိမ်ပြင် မထွက်တဲ့ မိန်းမကြီး၊ ခြေထောက်လည်း ကောင်းတာ မဟုတ်ဘဲနဲ့"

"ကျွန်တော်တို့ အောက်က တံခါးမှူးကို မေးကြည့်ရင် ကောင်းမလား"

"ဘာမေးမှာလဲ"

"ဘယ်သွားလဲ၊ ဘယ်အချိန် ပြန်ရောက်မယ် ပြောသွားလဲပေါ့ဗျာ"

"ငါတော့ မထင်ပါဘူးကွာ၊ ဒီအဘွားကြီး ဘယ်မှ မသွားတတ်ပါဘူး။ ငါ မကျေနပ်ဘူး၊ မကျေနပ်ဘူး"

ပြောပြီး တံခါးလက်ကိုင်ကို တအား ဆွဲလှုပ်ပြန်သည်။

"ကဲ... ကွာ ဒါဖြင့်လည်း ပြန်ရုံရှိတာပေါ့"

ဤတွင် လူငယ်က အော်ပြောသည်။

"ခဏနေဦးဗျ။ ခင်ဗျား တံခါးကို တအား ဆောင့်ဆွဲလိုက်တော့ အထဲက အသံကြားလား"

"ဘာသံလဲ"

"ခင်ဗျား သဘောမပေါက်ဘူးလား။ အထဲမှာ တယောက်ယောက် ရှိနေတယ်ဗျ။ သူတို့ အပြင်သွားရင် တံခါးကို အပြင်က သော့ခတ်သွားရမှာပေါ့။ ဘာလို့ အထဲက ချိတ်ချိတ်ထားရမှာလဲ။ ခင်ဗျား ဆောင့်ဆွဲလိုက်တုန်းက ဘောက်ချိတ် လှုပ်ခါသွားတာ မကြားလိုက်ဘူးလား။ သူတို့ အထဲမှာ ရှိနေတယ်။ တမင် ဖွင့်မပေးတာ"

ကို့ချ်က တအံ့တဩ ဖြစ်သွားသံဖြင့်–

"ဟေ... ဒါဆို ဘာအဓိပ္ပာယ်လဲကွ"

တံခါးကို တအား ဆွဲလှုပ်ပြန်သည်။ လူငယ်က ထပ်အော်ပြောသည်။

"နေဦးဗျ၊ နေဦး။ အရမ်းမဆွဲနဲ့တော့။ ခင်ဗျား တွန်းတယ်၊ ဆွဲတယ်၊ သူတို့ ဖွင့်မပေးဘူး။ ဒါဆို သူတို့ သတိလစ်နေတာ မဖြစ်နိုင်ဘူးလား။ ဒါမှမဟုတ်..."

"ဒါမှမဟုတ် ဘာလဲ"

"ဒီမယ် ကျွန်တော် ပြောတာ နားထောင်၊ တံခါးမှူး သွားခေါ်ပြီး ...အတင်း ..."

"အေး... ကောင်းတယ်"

သူတို့နှစ်ယောက် တဒုန်းဒုန်းနှင့် ပြေးဆင်းသွားကြသည်။ သုံးလေးထပ် ဆင်းမိမှ လူငယ်က –

mgyoe.com

mgyoe.com
SAMPLE BOOK

"နေဦးဗျ၊ ခင်ဗျား ဒီမှာ စောင့်နေ၊ ကျွန်တော် တယောက်တည်း ဆင်းမယ်"

"ဘာပြုလို့လဲကွ"

"အခြေအနေက ဘာမှန်း မသိဘူးလေ"

"အေး ...ဖြစ်နိုင်တယ်"

လူငယ်က စိတ်အားထက်သန်စွာ ဆက်ပြောသည်။

"ကျွန်တော်က စုံထောက်ဘက်မှာ ဝင်ဖို့ ကြိုးစားနေတာဗျ။ တခုခု ဖြစ်နေတာ သေချာတယ်"

ပြောပြီး ပြေးဆင်းသွားသည်။

ကို့ချို နေခဲ့သည်။ ခေါင်းလောင်းကြိုး တချက် လာထပ်ဆွဲသည်။ ပြီးတော့ ခဏ စဉ်းစားနေပုံဖြင့် ငြိမ်သွားသည်။ ပြီးမှ တံခါးရွက်ကို ဆွဲကြည့်၊ တွန်းကြည့် လုပ်နေသည်။ ပြီးတော့ ငုံ့ပြီး သော့ပေါက်ထဲမှ အထဲကို ကြည့်သည်။ သူ ဘာမှ မမြင်နိုင်။ အတွင်းဘက်မှ သော့ချောင်း ထိုးသွင်းလျက် တန်းလန်းနှင့် မဟုတ်လား။

ရပ်စ်ကိုလ်နီကော့ဗ်က ပုဆိန်ကိုင်လျက် ဆက်ရပ်နေသည်။ အဖျားတက်ချင် သလိုလို ဖြစ်လာသည်။ သူတို့ ဝင်လာလျှင် တိုက်ဖို့ အဆင်သင့် ပြင်ထားသည်။

ကို့ချိုက စောင့်နေရသည်ကို စိတ်မရှည်တော့သလို ဗျစ်တောက်ဗျစ်တောက် လုပ်လာသည်။ ခဏနေတော့ ဒုန်းဒုန်းဒိုင်းဒိုင်းနှင့် ပြေးဆင်းသွားသည်။

'ကဲ... ငါ ဘာဆက်လုပ်မလဲ'

သူ့ကိုယ်သူ ပြန်မေးရင်း ရပ်စ်ကိုလ်နီကော့ဗ် တံခါးဘောက်ချိတ်ကို ဖြုတ်လိုက် သည်။ တံခါးကို အသာဟ ကြည့်လိုက်သည်။ အပြင်ဘက်တွင် ဘာသံမှ မကြားရ။ ဘာမှ စဉ်းစားမနေတော့ဘဲ အပြင်ထွက်လိုက်သည်။ တံခါးကို နောက်ပြန်ပိတ်ခဲ့၏။ တတ်နိုင်သမျှ အံကျအောင် ပိတ်ခဲ့ပြီး ဆင်းလာခဲ့သည်။

လှေကားသုံးထစ် ဆင်းအပြီးတွင် အောက်ဘက်မှ အသံဗလံတွေ ကြားလိုက်ရ သည်။ အဲဒါမှ ဒုက္ခ၊ ဘယ်မှာ သွားပုန်းရမှာလဲ၊ ဘယ်ကို ထွက်ပြေးရမှာလဲ။ ပြေးစရာမြေ မရှိတော့။ အပေါ် ပြန်တက်ပြေးဖို့ ပြင်လိုက်သည်။

"ဟော့ကောင် ခွေးမသား၊ သူ့ကို ဖမ်းထားပေးကြစမ်းပါဗျာ"

အော်ပြောပြီး အခန်းတခန်းထဲမှ လူတယောက် ပြေးလိုက်သွားသံ ကြားလိုက် သည်။ တဆက်တည်း အသံကုန် အော်သွားသည်။

"မစ်ကာ၊ ဟေ့ ...မစ်ကာ၊ သေခြင်းဆိုး"

အသံ တဖြည်းဖြည်း ဝေးသွားသည်။ နှစ်ယောက်စလုံး အပြင်ရောက်သွားကြပြီ။ ထို့နောက်ဆူညံဆူညံ လူသံတွေထွက်လာသည်။ ပြီးတော့လှေကားပေါ် တက်လာကြသည်။ အားလုံး သုံးယောက်။ တယောက်က စောစောက လူငယ်။

"သေချာတယ်၊ သူတို့ပဲ"

mgyoe.com

mgyoe.com SAMPLE BOOK

စိတ်မာတတ်ကျသွားသည်။ ခပ်တည်တည်နှင့် ဆင်းသွားရုံပဲ ရှိတော့သည်။ သူတို့က တားမည် ဆိုလျှင်တော့…သွားပြီ။ အားလုံး ကိစ္စ ပြတ်ပြီ။ မတားဘဲ ဖြတ်သွားလျှင်လည်း မိမိကို သူတို့ မှတ်မိကြမည် မုချ။ မကြာခင် မျက်နှာချင်းဆိုင် တိုးတော့မည်။ သူတို့နှင့်ဆုံဖို့ တထပ်ပဲ ကျန်တော့သည်။ ဤတွင် လွတ်မြောက်ရာလမ်းကို ရုပ်စိကိုလ်နီကော့ဗ် ရုတ်ခြည်း တွေ့သွားခြင်း ဖြစ်သည်။ စောစောကလေးက ဆူဆူညံညံနှင့် ဆင်းသွားသော ဆေးသုတ်သမား နှစ်ယောက်၏ အခန်း။ တံခါးပွင့်လျက်သား။ ကံကောင်းလိုက်သည့် ဖြစ်ခြင်း။ အခန်းထဲတွင် သုတ်လက်စ ဆေးပုံးက စုတ်တံတန်းလန်းနှင့်။ အသာလေး ဖျတ်ခနဲ ချိုးဝင်လိုက်ပြီး နံရံကို ကျောပေးကာ အသာကပ်နေလိုက်သည်။ သူတို့ သုံးယောက် လေးထပ်သို့ တက်သွားကြပြီ။ အော်ကျယ်အော်ကျယ် ထင်ကြေးအမျိုးမျိုး ပေးလျက်။ ခဏစောင့်ပြီးမှ ခြေသံမကြားအောင် အောက်ထပ်သို့ ဆင်းလာခဲ့သည်။

လှေကားထဲတွင် ဘယ်သူနှင့်မှ မဆုံတော့။ ခြံဝင်းတံခါးအထိ ဘယ်သူနှင့်မှ မတွေ့။ ဘယ်ဘက် ချိုးပြီး လမ်းပေါ်သို့ ထွက်ခဲ့သည်။

သည်အချိန်လောက်ဆိုရင် သူတို့ အခန်းထဲ ရောက်နေလောက်ပြီ။ စောစောက အတွင်းမှ ပိတ်ထားသည့် တံခါးမကြီး ပွင့်နေတာတွေ့ရင် သူတို့ တအံ့တသြ ဖြစ်နေကြလိမ့်မည်။ ပြီးတော့ အလောင်းတွေကို တွေ့သွားကြလိမ့်မည်။ လူသတ်သမား မြေလျှိုးသွားသည်လား၊ မိုးပျံသွားသည်လား သူတို့ ဝေခွဲမရ ဖြစ်နေကြလိမ့်မည်။ သူတို့ တက်အလာတွင် ဆေးသုတ်နေသည့် အခန်းလွတ်ထဲ ဝင်ပုန်းနေလိမ့်မည်ဟုလည်း အမှန်အတိုင်း တွေးကောင်း တွေးနေကြလိမ့်မည်။

သူသည် ခြေလှမ်းကို ကြိုးစားပြီး မှန်မှန်လှမ်းနေသည်။ သုတ်ခြေ မတင်မိဖို့ သတိထားနေရသည်။ ရှေ့လမ်းချိုးရောက်ဖို့ ခြေလှမ်းတရာလောက် လျှောက်ရဦးမည်။ ရှေ့ဆက် မလျှောက်ဘဲ ဝင်းတံခါးတခုထဲ ချိုးဝင်ပြီး လှေကားတခုပေါ်ကို တက်သွားရ ကောင်းမလား၊ မကောင်းနိုင်။ ပုဆိန်ကို တနေရာရာမှာ ပစ်ချခဲ့ရင်ကော။ ဒါမှမဟုတ် အငှားရထားတစီး တားစီးရမည်လား။ မဖြစ်သေးဘူး၊ တခုမှ မကောင်းဘူး။

နောက်ဆုံးတွင် လမ်းချိုးတခုထဲ ချိုးဝင်လိုက်သည်။ တဖြည်းဖြည်းနှင့် သူ လမ်းလျှောက်ပုံက အလောင်းကောင်၏ ခြေလှမ်းများနှင့် တူလာသည်။ တဝက်လောက် လွတ်မြောက်ခဲ့ပြီ ဆိုသည်ကို သူ သိသည်။ ဘယ်သူမှ သူ့ကို သံသယမျက်စိဖြင့် မကြည့်ကြ။ ပျာယာခတ်နေသည့် လူအုပ်ကြီးထဲတွင် သူ ပျောပါနေပြီ။ သို့သော် ရင်ထဲတွင် အလွန်အမင်း လေးလံနေ၏။ ပေါ့ပါးသွားခြင်း မရှိ။ တကိုယ်လုံး ချွေးရွှဲကာ စက်စက်နစ်နေပြီ။ ခုံးကျော်တံတားတခု အောက်မှ အထွက်တွင် လူတယောက်က သူ့ကို လှမ်းပြောသည်။

"ဟိုမှာ ဟင်းလျာဆိုင်တဆိုင် ဖွင့်တယ်တဲ့ဗျ"

သူ ဘာမှ ပြန်မပြောလိုက်။ သူ ဘယ်သွားနေမှန်း သိပ်မသေချာ။ ရှေ့ဆက် လျှောက်လေ ပိုဆိုးလေ ဖြစ်လာသည်။ ခုံးတံတားအောက်မှ အထွက်တွင် ပိုပြီး ကြောက်

mgyoe.com

mgyoe.com
SAMPLE BOOK

စိတ်တွေ ဝင်လာမှန်း သူ့ကိုယ်သူ သတိထားမိသည်။ လမ်းပေါ်တွင် သူ လဲကျသွား၍ ဖြစ်၏။ သူ့ကို လူတွေ မသင်္ကာ ဖြစ်လာနိုင်သည်။ ပြန်လှည့်ဖို့ စိတ်ကူးလိုက်၏။ သို့သော် ယိုင်တိုင် ယိုင်တိုင်ဖြင့်ပင် အိမ်အရောက် ပြန်လာနိုင်ခဲ့သည်။

ဝင်းတံခါးကို ဖြတ်ဝင်လာတော့ ပို၍ ရီဝေဝေ ဖြစ်လာသည်။ သူ့ကိုယ်ပေါ်မှ ပုဆိန်ကို လုံးဝ မေ့နေသည်။ လှေကားကို တက်မှ ပြန်သတိရသည်။ အရေးကြီးဆုံး အလုပ်တခု ကျန်နေသေးသည်။ ပုဆိန် ပြန်ပေးဖို့ ဖြစ်၏။ အလွန့်အလွန် လျှို့လျှို့ဝှက်ဝှက် သေသေ သပ်သပ် လုပ်ရမည့် ကိစ္စ။

သည်တခါလည်း သူ ထပ်ကံကောင်းပြန်သည်။ တံခါးမှူး၏ အခန်းတံခါး ပိတ်ထားသည်။ သို့သော် သော့ခတ်မထား။ အခန်းထဲတွင် သူ ရှိနေပုံရသည်။ လုပ်သင့်၊ မလုပ်သင့် ခွဲခွဲခြားခြား မစဉ်းစားနိုင်တော့ဘဲ တံခါးကို တွန်းဖွင့်လိုက်သည်။ အကယ်၍ အစောင့်က ""ဘာလိုချင်လို့လဲ" မေးလာလျှင် သူက ဘာမှမပြောဘဲ ပုဆိန်ကို ကမ်းပေးလိုက်မည် ဖြစ်သည်။ သို့သော် အခန်းထဲတွင် သူ မရှိ။ ထို့ကြောင့် ခုံအောက်က သူ ယူခဲ့သည့် နေရာတွင် ပြန်ထားလိုက် နိုင်ခဲ့သည်။ လုံးဝ ခြေရာလက်ရာ မပျက်။ သူ့အခန်းကို ပြန်ရောက်သည်အထိ ဘယ်သူနှင့်မျှ မတွေ့။ အိမ်ရှင်၏ အခန်းတံခါး ပိတ်ထားသည်။ အခန်းထဲ အသာဝင်ပြီး ဆိုဖာပေါ် ခါတိုင်းလိုပင် ပစ်လှဲလိုက်သည်။ အိပ်လို့ မပျော်။ သို့သော် သညာမဲ့စွာဖြင့် ကြောင်တောင်တောင် ဖြစ်နေသည်။ ထိုအချိန်တွင် တယောက်ယောက် ဝင်လာလျှင် ချက်ချင်း ခုန်ထပြီး အော်မိလေမလား မသိ။ ခေါင်းထဲတွင် အတွေးစများ ပြန့်ကျဲနေသည်။ သို့သော် ဘာတခုမှ မှတ်သား၍ မရနိုင်ဘဲ ဖြစ်နေ၏။ ဘာတခုကိုမှ ဆုပ်ကိုင်၍ မရနိုင်ဘဲ ဖြစ်နေ၏။ ဘယ်လောက်ပင် ကြိုးစားစေကာမူ ...။

ဝဝဝ

mgyoe.com

mgyoe.com SAMPLE BOOK

အပိုင်း (၂)

(၁)

သူ အိပ်နေခဲ့သည်မှာ ကြာပြီ။ အလွန့်အလွန် ကြာခဲ့ပြီ။ ရံဖန်ရံခါ နိုးလာသည်။ ညတွေကို ဖြတ်သန်းနေမှန်း သတိထားမိသည်။ နောက်ဆုံး နိုးလာချိန်မှာ ဆိုဖာပေါ်တွင် အစနဲ့သား။ အလင်းရောင်ကို သတိထားသည်။ မိုးများ လင်းနေပြီလား။ သူ့အာရုံခံစားမှုတွေ ထုံထိုင်း နေဆဲ ဖြစ်သည်။ လမ်းပေါ်မှ စူးစူးဝါးဝါး အော်ဟစ်သံတွေ ကြားလိုက်သည်။ ညစဉ် နှစ်နာရီ၊ သုံးနာရီလောက်တွင် ကြားရသည့် အမူးသမားများ အရက်ဆိုင်မှ ထွက်လာချိန်။ ခုလည်း သည်အသံတွေကြောင့် သူ နိုးလာခြင်း ဖြစ်သည်။ "ဒါဆို နှစ်နာရီ ကျော်ပြီ ပေါ့" ဟု သူ ခန့်မှန်း ကြည့်လိုက်သည်။ တယောက်ယောက်က သူ့ကို ဆွဲထူလိုက်သည့် အလား သူ ဝုန်းခနဲ ထရပ်လိုက်သည်။

"ကြည့်စမ်း၊ နှစ်နာရီကျော်ပြီပဲ"

ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ ရုတ်တရက် အားလုံးကို မှတ်မိလာသည်။ ကြည်ကြည် လင်လင် မှတ်မိခြင်းမျိုး။

ပထမတော့ သူ့ကိုယ်သူ ရူးသွားပြီ ထင်လိုက်၏။ ကျောထဲ စိမ့်သွားသည်။ စင်စစ် သူ့တကိုယ်လုံး တုန်တုန်ယင်ယင် ဖြစ်နေခြင်းမှာ အဖျားဝင်နေသောကြောင့် ဖြစ်သည်။ သူ အိပ်ပျော်ရင်း ဖျားနေခြင်း ဖြစ်သည်။ တဖြည်းဖြည်းနှင့် တုန်တက်လာသည်။ သွားချင်း ရိုက်လာသည်။

တံခါးဖွင့်ပြီး အပြင်သို့ နားစွင့်လိုက်သည်။ တတိုက်လုံး အိပ်မောကျနေချိန်။ သူ့ကိုယ်သူရော၊ အခန်းကိုပါ တအံ့တသြ ကြည့်နေသည်။ မနေ့က ပြန်ရောက်လာတော့

mgyoe.com

mgyoe.com SAMPLE BOOK

အဝတ်မလဲဘဲ၊ ဦးထုပ်ကိုပင် မချွတ်နိုင်ဘဲ ပစ်လှဲအိပ်လိုက်ခြင်း ဖြစ်၏။ တံခါးကို ပြန်ပိတ်ပြီး ချက်ချဖို့ သတိမရခဲ့ပေ။ ဦးထုပ်က ခေါင်းအုံးနံဘေး ကြမ်းပြင်ပေါ် ကျနေသည်။

"တယောက်ယောက်များ ဝင်လာရင် ဘယ်လို ထင်မလဲ မသိဘူး။ ငါ့ကို မူးနေတယ် ထင်မှာပဲ"

ပြတင်းပေါက်ဆီကို ပြေးသွားသည်။ အလင်းရောင်တွင် သူ့ကိုယ်သူ ပြန်ကြည့်သည်။ ဘာများ သိသာတာ ရှိမလဲ။ သည်လောက်နှင့် မလုံလောက်နိုင်သေး။ အဝတ်တွေကို ချွတ်ပြီး သေသေချာချာ ထပ်ကြည့်သည်။ ဖင်ပြန် ခေါင်းပြန်ကြည့်သည်။ အတွင်း အပြင် လှန်လှောကြည့်သည်။ သူ့ကိုယ်သူ မယုံကြည်သလို သုံးလေးခါ ပြန်စစ်သည်။ ဘောင်းဘီအောက် အနားစွန်းတွင် ခြောက်ကပ် မာကျောနေသည့် သွေးကွက်ကလေး တခုမှအပ အခြား ဘာအပြစ်အနာအဆာမှ မတွေ့။ မောင်းချဓားဖြင့် ဘောင်းဘီအနားကို ဖြတ်ပစ်လိုက်သည်။ ပြီးပြီ။ ဘာသဲလွန်စမှ မကျန်တော့။ ဆာလာအိတ်ကလေးကို ခုမှ သတိရသည်။ အဘွားကြီး၏ သေတ္တာထဲမှ ယူလာသည့် ပစ္စည်းတွေ ခုထက်ထိ အိတ်ထဲတွင် သည်အတိုင်း ရှိနေဆဲ။ ထုတ်ယူပြီး ဝှက်ထားဖို့ သူ သတိမရ။ အဝတ်တွေ ချွတ်ပြီး စစ်ဆေးနေချိန်အထိ သည်အထုပ်ကို သူ သတိမရ။ ခုမှ အလောတကြီး ဆွဲထုတ်ပြီး အိတ်ကလေးကို စားပွဲပေါ် ပစ်တင်လိုက်သည်။ ပြီးတော့ သွန်ချလိုက်သည်။ အိတ်ကို အတွင်းအပြင် လှန်ပြီး ခါချသေးသည်။ ပစ္စည်းတွေကို စားပွဲထောင့်သို့ ဆွဲစုလိုက်သည်။ ယင်းစားပွဲထောင့်တည့်တည့် နံရံတနေရာတွင် နံရံကပ်စက္ကူ စုတ်ပြဲနေသည်။ သည်အပေါက်ထဲသို့ သူက ပစ္စည်းတွေ အားလုံး ထိုးသွင်းလိုက်သည်။ အားလုံး ဝင်သွားသည်။ ဆာလာအိတ်ပါ ထပ်ထည့်တော့ ဆံ့သည်။ အားလုံး စားပွဲပေါ်မှ ပျောက်သွားပြီ။ သူ ပျော်သွားသည်။

ခါးဆန့်ပြီး အခြေအနေ ကြည့်လိုက်သည်။ နံရံ ဖောင်းနေသည်ကို တွေ့တော့ သူ အလန့်တကြား ဖြစ်သွားသည်။

"သေပါတော့၊ တော်တော်တုံးတဲ့ ငါပါလား။ ဒါဟာ ပစ္စည်းဝှက်ရမယ့် နေရာလား"

သူ့အစီအစဉ်တွင် ပစ္စည်းယူဖို့ မပါ။ ငွေသား ရမည် ထင်သဖြင့် ပစ္စည်းဝှက်ဖို့ ကြိုတင် မစဉ်းစားခဲ့ခြင်း ဖြစ်သည်။

"ဒုက္ခပါပဲ။ ဒါပစ္စည်းဝှက်နည်းလား။ ငါ့မှာ ယုတ္တိဗေဒတွေ ဘယ်ရောက်ကုန်ပြီလဲ"

စိတ်ပျက်လက်ပျက်နှင့် ဆိုဖာပေါ် ပြန်ထိုင်ချလိုက်သည်။ တုန်တက်လာပြန်သည်။ ကျောင်းတက်တုန်းက ဝတ်သည့် ကုတ်အင်္ကျီရှည်ကြီးကို ကောက်ဝတ်လိုက်သည်။ စုတ်ပြတ်သတ်နေပြီ ဖြစ်သော်လည်း နွေးတော့ နွေးသေးသည်။ အဖျားကြောင့် အိပ်ချင်သလိုလို ဖြစ်လာပြန်သည်။ ခေါင်းတွေ အုံခဲပြီး သတိလစ်ချင်လာသည်။

နောက် ငါးမိနစ်အကြာတွင် တခါ ခုန်ထပြန်သည်။ သူ့ကိုယ်သူ ဒေါသဖြစ်ကာ စိတ်တွေ လှုပ်ရှားနေ၏။ အဝတ်တွေ ပုံထားရာသို့ ထသွားသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ဘာမှ ကိစ္စတွေ မပြတ်သေးဘဲနဲ့ ငါ ဘာလို့ အိပ်ပျော်သွားရတာလဲ။ ဒီမှာ ကြည့်စမ်း၊ ကုတ်အင်္ကျီထဲက ကြိုးကွင်းကို ဘာမှ မလုပ်ရသေးဘူး။ ဒါ မေ့ရမယ့် ကိစ္စလား။ ဒီလို သဲလွန်စ မျိုးကို ပျောက်ဖို့ မေ့ရမလား"

အဝတ်ကြိုးကွင်းကို ဆွဲဖြုတ်ပြီး နှစ်ခြမ်းခွဲ ပစ်လိုက်သည်။ ပြီးတော့ ခေါင်းအုံး အောက်မှ အဝတ်ပုံထဲ ထိုးထည့်လိုက်သည်။

"ဒါလောက် သေးတဲ့ အဝတ်စကလေးကိုတော့ ဘယ်သူမှ သံသယဖြစ်မှာ မဟုတ်ဘူး။ အင်း... မဖြစ်လောက်ပါဘူး။ မဖြစ်လောက်ပါဘူး"

အခန်းလယ်တွင် ရပ်ပြီး ထပ်ကာ ထပ်ကာ ပြောနေသည်။ ပြီးတော့ စိတ်ဆင်းရဲ ပင်ပန်းစွာဖြင့် အခန်းထဲတွင် လျှောက်ကြည့်ပြန်သည်။ ဘာများ မေ့ကျန်တာရှိဦးမလဲ။ ဆင်ခြင် တွေးတောမှုတွေ အားနည်းကုန်ပြီလား။ သည်သံသယကြောင့် သူ အရမ်းတုန်လှုပ် သွားသည်။

"ဒါလောက် မြန်မြန်ကြီး ငါ တုံးသွားနိုင်သလား"

ဟုတ်ပါသည်။ သူ တုံးနေပါပြီ။ တယောက်ယောက် ဝင်လာလျှင် တန်းမြင်နိုင် သည်။ ကြမ်းပြင်ပေါ်တွင် ဖြတ်ပစ်လိုက်သော ဘောင်းဘီ အနားကို ခုထိ မရှင်းရသေး။ အရူးတယောက်လို အော်ပြောလိုက်သည်။

"ငါ ဘာဖြစ်နေတာလဲ၊ ဘာဖြစ်သွားပြီလဲ"

စဉ်းစားဉာဏ် တုံးလာပြီဆိုလျှင် အဝတ်အစားများတွင် သွေးတွေ ဘယ်လောက် စွန်းစွန်း သူ သတိထားမိမည် မဟုတ်။ သူ့အသိဉာဏ်တွေ တကယ်ပင် မှိုင်းမှောင်နေပြီလား။ ခုမှ ရုတ်တရက် သတိရလာသည်။ ဆာလာအိတ်ကလေးမှာလည်း သွေးတွေ ပေကုန်တာပဲ။

"ဟာ... သေတော့မှာပဲ။ ငါ အိတ်ထဲ ထည့်တုန်းက ဆာလာအိတ်မှာ သွေးတွေ ရွှဲနေတာပဲ။ ဒါဆို ငါ့အင်္ကျီအိတ်မှာလည်း စွန်းကုန်ပြီပေါ့"

အိတ်ကို ချက်ချင်း အပြင်ဆွဲထုတ်လိုက်သည်။ ထင်သည့်အတိုင်း အိတ်အတွင်း ပိုင်းတွင် သွေးကွက်များကို တန်းတွေ့ရတော့သည်။

"အင်း... ဒါဆို ငါ ဆင်ခြင်တုံတရားသိပ်မဆိုးသေးဘူး။ ဒါကြောင့် ငါ သတိရတာပေါ့"

သူ အားတက်လာသည်။ ဝမ်းသာသွားသည်။ သက်ပြင်းရှည်ကြီး တချက် ချလိုက်၏။

"ငါ နေမကောင်းလို့ စိတ်တွေ ကယောက်ကယက် ဖြစ်နေတာ ထင်ပါရဲ့"

ဘောင်းဘီ ဘယ်ဘက်အိတ်ကို အတွင်းဘက်မှ ဆွဲဆုတ်ပစ်လိုက်သည်။ ထိုအချိန် တွင် အခန်းထဲသို့ အလင်းရောင် ထိုးဆင်းကျလာသည်။ ထိပ်ပြဲနေသည့် ဖိနပ်ဦးပိုင်းတွင် ခြေအိတ်ဖုံးထားသော ခြေမနှင့် ခြေညှိုး ပြူထွက်နေသည်။ ခြောက်နေသော သွေးရောင် ဖြင့် ခြေအိတ်မှာ ညိုညစ်ညစ် ဖြစ်နေသည်။ ဖိနပ်ကို ကန်ထုတ်ပစ်လိုက်၏။ သွေးအိုင်ထဲကို သတိလက်လွတ်ပြီး နင်းမိခြင်းပါကလား။

mgyoe.com

"ဘယ်လို လုပ်ရမှာလဲ။ ဘောင်းဘီအိတ်ရယ်၊ အနားစရယ်၊ ခြေအိတ်ရယ်"

အားလုံးကို စုကိုင်ပြီး အခန်းလယ်တွင် ငိုင်လျက် ရပ်နေသည်။

"မီးဖိုထဲ ပစ်ထည့်ရမှာလား။ သူတို့ လာရှာရင် မီးပုံကို အရင်ကြည့်မှာ။ မီးရှို့ပစ်လိုက်ရင်ကော။ ငါ့မှာ မီးခြစ်ဆံတောင် မရှိတာပဲ။ အပြင်ထွက်ပြီး တနေရာရာမှာ ပစ်မှဖြစ်မယ်။ ဟုတ်တယ်၊ အားလုံး အပြင်မှာ သွားပစ်ရမယ်"

သူ ထပ်ကာ ထပ်ကာ ပြောနေရင်း ဆိုဖာပေါ် ပြန်ထိုင်ချလိုက်သည်။

"ခု လုပ်ရမယ်၊ ခုချက်ချင်း လုပ်ရမယ်"

သို့သော် လူက ထလို့မရဘဲ ခေါင်းအုံးပေါ်သို့ လန်ကျသွားသည်။ ပြီးတော့ မေးချင်းရိုက်ပြီး ခိုက်ခိုက်တုန် ချမ်းကာ အဖျားတက်လာသည်။ ကုတ်အင်္ကျီစုတ်ကြီးကို ဆွဲပြီး ဝတ်လိုက်ပြန်သည်။ နာရီပေါင်းများစွာ သတိလစ်သွားလိုက်၊ အမှောင်ထုထဲမှ ပြန်နိုးလာလိုက် ဖြစ်နေသည်။ နိုးလာသည်နှင့် နှုတ်က တတွတ်တွတ် ရွတ်လျက်။

"ချက်ချင်း သွားရမယ်၊ ခုချက်ချင်း သွားပြီး ဒါတွေ လွှင့်ပစ်ရမယ်။ အမြန်ဆုံး လုပ်ရမယ်"

သူ အကြိမ်ကြိမ် ထဖို့ ကြိုးစားသည်။ နောက်ဆုံးတွင်မှ တံခါးထုသံကြောင့် လုံးလုံး နိုးလာတော့သည်။

"ဖွင့်စမ်း၊ ဖွင့်စမ်း။ အိပ်လိုက်တာ အသေကောင် ကျနေတာပဲ။ ဟောက်နေလိုက်တာလည်း ခုနစ်အိမ်ကြား ရှစ်အိမ်ကြား၊ တကတဲတော်"

နာတာရှာက တံခါးကို ထုရင်း ဗျစ်တောက် ဗျစ်တောက် လုပ်နေသည်။

"တနေကုန် တနေခန်း သူမို့ အိပ်နိုင်တယ်။ ဖွင့်လေ၊ ဆယ်နာရီ ထိုးနေပြီတော့"

"သူ အခန်းထဲမှာ ရှိရဲ့လား"

ယောကျ်ားတယောက်၏ အသံ။

"အောက်ထပ်က တံခါးမှူး အသံပါလား၊ သူက ဘာကိစ္စနဲ့ တက်လာတာလဲ"

ဝုန်းခနဲ ထရပ်ပြီး ဆိုဖာပေါ်တွင် ထိုင်လိုက်သည်။ ရင်ဘတ်အောင့်လာသည်အထိ နှလုံးက ခုန်လာသည်။

"ဟာ... အထဲမှာ ရှိတာပေါ့၊ ဒါကြောင့် သူ ချိတ်ချိတ်ထားနိုင်တာပေါ့။ ကဲ... ဖွင့်ပါ။ ရှင့်ကို ဘယ်သူမှ ကိုက်မစားပါဘူး။ ခေါက်ဆွဲ လုပ်ထားတယ်"

"သူတို့ ဘာလိုချင်လို့လဲ။ တံခါးမှူးက ဘာကိစ္စ ပါလာတာလဲ။ အားလုံး ပေါ်သွားပြီလား။ ဖွင့်ပေးလို့ ဖြစ်ပါ့မလား"

ခါးကိုင်းပြီး ဘောက်ချိတ်ကို ဆွဲဖြုတ်ပေးလိုက်သည်။ သူ အခန်းတံခါးဖွင့်ဖို့ အိပ်ရာပေါ်မှ ထဖို့ မလို။ ဘောက်ချိတ်ကို လှမ်းမီနိုင်သည်။

ဟုတ်ပါသည်။ နာတာရှာနှင့်အတူ ရပ်နေသူမှာ သူတို့တိုက်၏ တံခါးမှူး ဖြစ်ပါသည်။

နာတာရှာက သူ့ကို အထူးအဆန်းသဖွယ် ကြည့်နေသည်။ သူက တံခါးမှူးကို

mgyee.com

mgyoe.com SAMPLE BOOK

ဘုကြည့် လှမ်းကြည့်သည်။ တံခါးမှူးက သူ့ကို ချိပ်ပိတ် တံဆိပ်တုံး ထုထားသည့် စာအိတ်ညို တလုံး ကမ်းပေးသည်။

"ရဲစခန်းက သမ္မန်စာပါ ခင်ဗျ"

"ဘာ... ရဲစခန်း၊ ဟုတ်လား။ ဘယ်ရဲစခန်းလဲ၊ ဘာကိစ္စလဲ"

"အဲဒါတော့ ကျွန်တော် မသိပါဘူး"

ပြောပြီး တံခါးမှူးက လှည့်ထွက်သွားသည်။

"ဖျားနေတယ်၊ ဟုတ်လား"

နာတာရှာက သူ့ကို စိုက်ကြည့်နေရာမှ မေးလိုက်သည်။ တံခါးမှူး ပြန်လှည့်လာသည်။ နာတာရှာက တံခါးမှူးဘက် လှည့်ပြီး ဆက်ပြောသည်။

"သူ မနေ့ကတည်းက ဖျားနေတာ"

သူက ဘာမှ ပြန်မပြောဘဲ လက်ထဲ ကိုင်ထားသည့် စာအိတ်ကို ငုံ့ကြည့်နေသည်။

"ဒါဆိုလည်း မထနဲ့လေ။ နေမကောင်းရင် ဘာလို့ သွားမလဲ။ ဖုတ်ပူမီးတိုက် လုပ်စရာ မလိုပါဘူး။ အဲဒါက ဘာတွေလဲ"

အခြားလက်တဖက်ကို ကြည့်ပြီး မေးလိုက်ခြင်း ဖြစ်သည်။ သည်တော့မှ သူ့ ညာဘက်လက်က ခြေအိတ်နှင့် အဝတ်စတွေကို ကိုင်ထားဆဲ ဖြစ်ကြောင်း သတိရသည်။ ကိုင်လျက်သား အိပ်ပျော်နေတာပါလား။

"ဩော်... ငါ့နယ်၊ ကြည့်ပါဦးဟယ်။ အဝတ်စုတ်တွေ ကောက်ပြီး ရတနာတွေလို လက်ထဲမှာ ဆုပ်ပြီး အိပ်နေတယ်တဲ့"

ပြောပြီး နာတာရှာ စိတ်ပျက်လက်ပျက် ရယ်သည်။ ညာဘက်လက်ထဲမှ အဝတ်စတွေကို ကုတ်အင်္ကျီထဲ ထိုးသွင်းပြီး နာတာရှာကို စူးစူးဝါးဝါး ပြန်ကြည့်သည်။ အဖမ်းခံရမည့်ဆဲဆဲ လူတယောက်ကို သည်လို သရော်သင့်သလား။

"ဒါထက် နေပါဦး၊ ရဲစခန်း..."

"လက်ဖက်ရည် ကျန်သေးတယ်၊ ယူခဲ့ရမလား"

"နေပါစေ၊ ကျွန်တော် ခု သွားမှာ"

ပြောပြောဆိုဆို ထရပ်သည်။

"လှေကားကို ဆင်းနိုင်မှာ မို့လား"

"ရတယ်၊ သွားမယ်"

"ဒါဆိုလည်း သဘောပါပဲ တော်"

သူတို့နှစ်ယောက် ထွက်သွားတော့ ခြေအိတ်နှင့် အဝတ်စတွေကို ထုတ်ကြည့်သည်။

"အစွန်းအထင်းတွေတော့ ရှိသေးတယ်။ ဒါပေမဲ့ သိပ်ထင်ထင်ရှားရှား မဟုတ်ပါဘူး။ အဟောင်းအမြင်းတွေ မဟုတ်လား။ တော်ပါသေးရဲ့။ နာတာရှာတယောက် လုံးဝ သံသယ မဖြစ်..."

mgyoe.com

mgyoe.com
SAMPLE BOOK

ခုမှ လက်တွေ တုန်တုန်ယင်ယင်ဖြင့် စာအိတ်ကို ဖောက်ဖတ်နိုင်တော့သည်။ သူ့အကြာကြီး အချိန်ယူ ဖတ်သည်။ နောက်မှသဘောပေါက်သွားပြီး ဟင်းချနိုင်တော့သည်။ ယနေ့နံနက် ကိုးနာရီခွဲတွင် ရဲမှူးနှင့် လာတွေ့ဖို့ ခေါ်သည့် ရိုးရိုးသမ္မန်စာ ဖြစ်သည်။

"ဒါပေမဲ့ ရဲနဲ့ငါ ဘယ်တုန်းကမှ မပတ်သက်ခဲ့တာပဲ။ ဘာလို့ ခေါ်ရတာလဲ။ ပြီးတော့ ဒီနေ့ကျမှ ရွေးခေါ်တာ ဘာသဘောလဲ။ တခါတည်း ကိစ္စပြီးသွားရင်လည်း ကိစ္စပြတ်တာပဲ"

တွေးရင်း စိတ်ထဲ နောက်ကျူ ရှုပ်ထွေးလာသည်။ ဘုရားဝတ်ပြုဖို့ ဒူးထောက်ချ လိုက်သည်။ သို့သော် ဝတ်မပြုဖြစ်ဘဲ ရယ်ချလိုက်သည်။ ကိုယ့်အဖြစ်ကို ကြည့်ပြီး ရယ် လိုက်မိခြင်း ဖြစ်သည်။ ပြီးတော့ ခပ်သွက်သွက် အဝတ်လဲသည်။

"လာမယ့်ဘေး ပြေးတွေ့တာ ကောင်းပါတယ်။ ခြေအိတ် ပြန်ဝတ်မယ်။ ဒါမှ ဖုန်တွေ သဲတွေထဲမှာ အစွန်းအထင်းတွေ ပျောက်သွားမှာပေါ့"

သို့သော် ဝတ်ပြီးပြီးချင်း မသတိစိတ်ဖြင့် ဆတ်ခနဲ အလန့်တကြား ပြန်ဆွဲချွတ်ပစ် လိုက်သည်။ သို့သော် အခြားတစုံ မရှိသဖြင့် ပြန်စွပ်လိုက်သည်။

"ဒါတွေဟာ ဘာမှ ဆန်းကြယ်တဲ့ ကိစ္စ မဟုတ်ပါဘူး"

သူ့စိတ်တပိုင်းက သည်လိုတွေးသော်လည်း သူ့ ခန္ဓာကိုယ်က တုန်နေသည်။

"ကဲ... ခု ခြေအိတ် ဝတ်ပြီးပြီ၊ ဘာဖြစ်လဲ'

သူ့ရယ်သံ ပျောက်သွားသည်။

"မဟုတ်ဘူး၊ ငါ ဒါလောက် သတ္တိ မကောင်းဘူး" ဟု တွေးမိပြန်သည်။

ဒူးတွေ တုန်နေသည်ကို ငုံ့ကြည့်ပြီး သူ့ဘာသာ သူ ပြောပြန်သည်။

"ဒါ ကြောက်လို့ပေါ့'

ခေါင်းထဲက ထိုးကိုက်လာသည်။ အဖျားက အပြင်းတက်လာသည်။

"ဒါ ပရိယာယ် ဆင်တာ၊ ပရိယာယ်နဲ့ ဖြားယောင်းပြီး ငါ့ကို ထောင်ချောက်ထဲ သွင်းမှာ"

လှေကားထစ်တွေ နင်းဆင်းရင်း ဆက်တွေးလာသည်။

"အဆိုးဆုံးက ငါ အဖျားတက်နေတယ်။ ကယောင်ကတမ်းတွေ ပြောရင်း အစတွေ ထွက်လာနိုင်တယ်'

ဆင်းလာရင်း ပစ္စည်းတွေကို ပြန်သတိရသည်။ အားလုံး နံရံကပ်စက္ကူထဲတွင် ဒီအတိုင်း ထားပစ်ခဲ့သည်။

"ငါ သွားနေတုန်း သူတို့ လာရှာချင် ရှာကြမှာ"

သူ တုံ့ခနဲ ရပ်လိုက်သည်။ ပြီးမှ လက်ဝှေ့လိုက်ပြီး ဆက်ဆင်းခဲ့သည်။

"တွေ့သွားလည်း ကိစ္စပြတ်တာပေါ့"

အပြင်တွင် မတရား ပူနေသည်။ မိုးတစက်မှ မကျတာ ကြာပြီ၊ ဖုန်ထူပြီး ဖုန်ထဲတွင် အုတ်ခဲမှုန့်တွေ၊ ထုံးမှုန့်တွေ ရောထွေး လွင့်ပျံ့နေပြန်ပြီ။ ပြီးတော့ စားသောက်ဆိုင်နံ့တွေ၊

mgyoe.com

mgyoe.com SAMPLE BOOK

အရက်ဆိုင်နံ့တွေကလည်း ခါတိုင်းလိုပင်။ အမူးသမားတွေကလည်း ဟိုနေ့က အတိုင်းပင်။ လမ်းလျှောက်ဈေးသည်တွေ၊ ယုံ့ရွဲ့နေသည့် ပြုံလုလု မြင်းရထားတွေကလည်း လမ်းပေါ်တွင် ရှုပ်ယှက်ခတ်နေသည်။ နေရောင်ခြည်က စူးရှလွန်းသဖြင့် မကြည့်နိုင်လောက်အောင် ဖြစ်ကာ မျက်စိတွေ ကျိန်းစပ်လာသည်။ ခဏနေတော့ သူ မူးရီမူးဝေ ဖြစ်လာသည်။ အဖျား တက်နေသူတို့၏ ထုံးစံအတိုင်း စူးစူးရှရှ အလင်းရောင်ကို မကြည့်ချင်။

ဟိုအိမ်ကြီးနား ရောက်တော့ ရင်တွေ ခုန်လာသည်။ ငဲ့ကြည့်လိုက်ပြီး ချက်ချင်း မျက်နှာလွှဲပစ်လိုက်သည်။ ရဲစခန်း ရောက်ခါနီးတော့ သူ တွေးသည်။

"သူတို့ မေးလာရင်တော့ ငါ ပြောလိုက်မှာပဲ"

အိမ်နှင့် ရဲစခန်းမှာ နှစ်ဖာလုံခန့်သာ ဝေးသည်။ အဆောက်အအုံသစ် တခု၏ လေးထပ်တွင်ဖြစ်သည်။သည်နေရာကို ပြောင်းလာသည်မှာ မကြာသေး။ရဲစခန်းအဟောင်း ကို ဟိုတုန်းက ခဏရောက်ဖူးသည်။ ကြာတော့ ကြာခဲ့ပြီ။ ဝင်းထဲ ဝင်လာပြီးနောက် လက်ယာ ဘက်တွင် လှေကားတခု တွေ့သည်။ လေးထပ်သို့ တက်လာခဲ့သည်။

"ဟိုရောက်ရင် ဒူးထောက်ပြီး ငါလုပ်ခဲ့သမျှ ဖွင့်ဟ ဝန်ခံလိုက်တော့မယ်"

ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

လှေကားက ခပ်မတ်မတ်၊ ခပ်ကျဉ်းကျဉ်း။ လှေကားထစ်များကို ရေးဆေးချထား သည်။ အခန်းတိုင်း တံခါးတွေ ဖွင့်ထား၏။ တက်နေရင်း အသက်ရှူကျပ်လာသည်။ စာအုပ် ကလေးတွေ ကိုယ်စီ ချိုင်းညှပ်လျက် တံခါးမှူးတွေ တက်ချည်၊ ဆင်းချည် လုပ်နေကြသည်။ အမှုသည်တွေ ဖြစ်ဟန်တူသည့် မိန်းမ၊ ယောကျာ်း အများအပြားလည်း လှေကားထဲတွင် တွေ့ရ၏။

ရုံးခန်းတံခါး ဖွင့်ထားသည်။ အထဲဝင်ပြီး ဧည့်ခန်းထဲတွင် တောသူတောင်သား များနှင့်အတူ ရပ်စောင့်နေလိုက်သည်။ အခန်းက ဆေးသုတ်ပြီးစမို့ ဆေးနံ့ပြင်းပြင်း ထွက် နေသည်။ အသက်ရှူ ကျပ်ချင်လာသည်။ ခဏရပ်စောင့်ပြီး နောက်တဖက်သို့ ကူးလာခဲ့ သည်။ ဒုတိယအခန်းထဲတွင် စာကူး စာရေးအချို့ စာထိုင်ရေးနေကြသည်။ သူတို့ အဝတ် အစားများမှာ သူ့ထက် မဆိုသလောက်ပဲ ပို၍ သပ်ရပ်လေသည်။ ရဲစခန်း အခန်းများက ကျဉ်းသော်လည်း သပ်သပ်ရပ်ရပ် ရှိသည်။ သူ့ကို ဘယ်သူမှ ဂရုမစိုက်ကြ။ သူတို့ပုံစံတွေကို ကြည့်ပြီး စိတ်ထဲ ထူးဆန်းနေသည် ထင်လိုက်၏။ သူတို့ အထဲမှ တယောက်က မေးသည်။

"ဘာကိစ္စလဲ"

သူက သမ္မန်စာ ထုတ်ပြလိုက်သည်။ ထိုလူက သမ္မန်စာကို ကြည့်ပြီး-

"သြော်... မောင်ရင်က တက္ကသိုလ်ကျောင်းသားလား"

"ကျောင်းသားဟောင်းပါ"

သူက အခန်းတခန်းဆီသို့ လက်ညှိုးညွှန်ပြပြီး-

"အဲဒီအခန်းထဲ သွား၊ စာရေးတယောက်ကို ပြလိုက်"

mgyoe.com

mgyoe.com
SAMPLE BOOK

ထိုအခန်းထဲမှ လူတွေက စောစောက လူတွေထက် သန့်သန့်ပြန့်ပြန့် ရှိသည်။ ညှော်သည်များထဲတွင် အမျိုးသမီးနှစ်ယောက် ပါသည်။ တယောက်က ဝမ်းနည်းခြင်း ဝတ်စုံ အနက် ဝတ်ထားပြီး စာသင်နှင့် မျက်နှာချင်းဆိုင်တွင် ထိုင်၍ စာသင် ရွတ်သမျှ စကားလုံးတွေကို လိုက်ရေးနေသည်။ နောက်တယောက်က ခပ်ဝဝ။ သို့သော် ဆွဲဆောင်မှု ရှိသည်။ မျက်နှာတွင် မှဲ့ယင်ချေးကလေးတွေနှင့်။ ဝတ်ကောင်းစားလှများ ဆင်မြန်းထားကြ၏။ ရင်သားပေါ်မှ ဆွဲပြားကြီးတွေက လက်ဖက်ရည်ပန်းကန်ပြားလောက် ရှိသည်။ တခုခုကို ရပ်စောင့်နေပုံ ရသည်။ ရပ်စ်ကိုလ်နီကော့ဗ်က စာသင်အား သမ္မန်စာ ကမ်းပေးလိုက်သည်။ "ခဏစောင့်" ဟု ပြောပြီး သောကဝတ်စုံ အမျိုးသမီးနှင့် အလုပ်ဆက်လုပ်နေသည်။

အသက်ဝဝ တချက် ရှူသွင်းလိုက်သည်။

"တခြားကိစ္စ ဖြစ်မှာပါ"

စိတ်ထဲ ပေါ့ပါးသွားသည်။ အားတင်းလိုက်၏။

"ငါ သက်သက် အတွေးခေါင်နေတာပဲ။ တော်တော်တုံးတဲ့ ငါပါလား။ အိမ်သုတ်ဆေးနံ့က တမျိုး၊ ခေါင်းတွေ မူးလာပြီ"

ရင်ထဲက မကောင်းတော့။ ယိုင်လဲမသွားအောင် မနည်း သတိထားနေရသည်။ သည်ကြားထဲမှ ရဲစာသင်ကို သူ စိတ်ဝင်စားနေသည်။ စာသင်ကလည်း သူ့ကို အကဲခတ်နေသည်။ စာသင်သည် နှစ်ဆယ့်နှစ်နှစ်အရွယ် လူငယ်တယောက် ဖြစ်၏။ သို့သော် သူ့အသက်ထက် ပို၍ ရင့်ရော်နေသည် ထင်ရ၏။ အဝတ်အစားကို ခေတ်မီမီ သေသေသပ်သပ် ဝတ်ထားသည်။ လက်တွင် လက်စွပ်တွေ အထပ်ထပ်နှင့်။ ဆွဲကြိုးကြီးက အင်္ကျီအပြင် ထွက်နေသည်။ နိုင်ငံခြားသား တယောက်နှင့် ပြင်သစ်စကား ညှပ်ညှပ်ပြောသည်။ အသံထွက် သိပ်မဆိုး။

"ထိုင်လေ လီဇာအီဗန်နိုဗ်ဘာ"

နံဘေးတွင် ကုလားထိုင်ရှိလျက်နှင့် မထိုင်ဘဲ ရပ်နေသည့် မှဲ့ယင်ချေးသက်သက်နှင့် မဖက်တီးကို စာသင်က လှမ်းပြောသည်။

"ကျေးဇူးတင်ပါတယ်ရှင်"

အမျိုးသမီးက ဂျာမန်ဘာသာဖြင့် ပြန်ပြောသည်။ သူ ထိုင်ချလိုက်သည့်အခါ အပြာနုရောင် ဂါဝန်ရေသီနားသည် ဝဲခနဲ ဝိုင်းကျသွားသည်။ ရုံးခန်းကျဉ်းကလေး၏ တဝက်လောက် နေရာယူသွားသည်။ တပြိုင်တည်းတွင် ရေမွှေးနံ့လည်း လှိုင်သွား၏။ သူ့ဂါဝန်ကြီး မတရား နေရာယူလိုက်ကြောင်းနှင့် ရေမွှေးနံ့ တခန်းလုံး လှိုင်သွားကြောင်း သိလိုက်သဖြင့် အမျိုးသမီး ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။ ပြီးတော့ မရွံ့မရဲ ပြုံးသည်။

သောကဝတ်စုံနှင့် အမျိုးသမီး အလုပ်ပြီးသွားသည်။ မတ်တတ် ထရပ်သည်။ ထိုစဉ် အခန်းထဲတွင် လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ အရာရှိတယောက် ဝင်လာခြင်းကြောင့် ဖြစ်သည်။ သူက ခေါင်းတင်မောင်းတင် ဝင်လာခြင်း ဖြစ်သည်။ ပခုံးနှစ်ဖက် နိမ့်ချည် မြင့်ချည်

mgyoe.com

mgyoe.com SAMPLE BOOK
နှင့်။ အခန်းနှင့် မလိုက်အောင် စုတ်ပြတ်နေသည့် ရပ်စ်ကိုလ်နီကော့ဗ်ကို မလိုတမာ လှမ်းကြည့်သည်။ သူ့အကြည့်ကို ဂရုမစိုက်သလို လုပ်နေသည့် သူကောင့်သားကို ရဲအရာရှိက လှမ်းဟောက်တော့သည်။

"ခင်ဗျား ဘာလိုချင်လို့လဲ"

"ကျွန်တော့်ကို သမ္မန်စာနဲ့ ဆင့်ခေါ်လို့ လာတာပါ"

ဤတွင် စာသင်က ဝင်ရှင်းပြသည်။

"ငွေရလိုမှုကိစ္စပါ ဆရာ။ ဟို... တက္ကသိုလ်ကျောင်းသားလေ။ ဒီမှာပါ ခင်ဗျား၊ ဒါလေး ဖတ်ကြည့်ပါ"

စာသင်က ကတ်ထူဖုံးစာအုပ် တအုပ်ကို လှန်ပြီး ရပ်စ်ကိုလ်နီကော့ဗ်ဆီသို့ ကမ်းပေးသည်။

ရပ်စ်ကိုလ်နီကော့ဗ် တွေသွားသည်။

"ငွေရလိုမှုတဲ့၊ ဘာငွေလဲ။ ဒါဆို... ဟိုကိစ္စ မဟုတ်ဘူးပေါ့"

သူ ပျော်သွားသည်။ စိတ်ထဲ ချက်ချင်း ပေါ့ပါးသွားသည်။ ရင်ထဲတွင် ဆို့နေသည့် အလုံးကြီး ကျသွားပြီ။

ရဲအရာရှိက အော်ပြီး မေးသည်။ သူ့စိတ်ထဲတွင် သည်အနုပ်စုတ် ကုပ်စုတ်က သူ့ကို မထီလေးစား လုပ်နေသည်ဟု ထင်နေသည်။

"ဒီမယ် လူကြီးမင်း၊ ခင်ဗျားကို ချိန်းတာ ဘယ်နှနာရီလဲ။ ကိုးနာရီ မဟုတ်လား။ ခု ဆယ့်တနာရီ ကျော်နေပြီ"

ရပ်စ်ကိုလ်နီကော့ဗ်ကလည်း အော်ပြီး ပြန်ဖြေသည်။

"ကျုပ်ဆီ ဒီစာရောက်လာတာ ဆယ့်ငါးမိနစ်ပဲ ရှိသေးတယ်။ ကျုပ်က နေကောင်းတာ မဟုတ်ဘူး။ ဒီအချိန် ရောက်ရင် တော်ပြီပေါ့ဗျ"

"သိပ်အော်မပြောပါနဲ့"

"ကျုပ် မအော်ပါဘူး၊ အော်တာက ခင်ဗျား။ ကျုပ်က ကျောင်းသားတယောက်နော်၊ ကျုပ်ကို ဘယ်သူမှ အော်ခွင့် မရှိဘူး"

ရဲအရာရှိ ဒေါသအမျက် ခြောင်းခြောင်းထွက်လေပြီ။

"ဒီမယ် ကိုယ့်လူ၊ ဒါ အစိုးရ အဆောက်အအုံနော်၊ ဒီလိုနေရာမှာ ခင်ဗျား ရိုင်းပျခွင့် မရှိဘူး"

"အစိုးရ အဆောက်အအုံထဲမှာ ခင်ဗျားဟာ ဝန်ထမ်းတယောက် ဖြစ်တဲ့အတွက် ပိုပြီး ရိုင်းပျခွင့် မရှိသေးတယ်။ ပြီးတော့ တာဝန်ချိန်မှာ ခင်ဗျား စီးကရက် သောက်နေတယ်။ ဒါဟာ ဒီက ဧည့်သည်အားလုံးကို မလေးမစား လုပ်တာပဲ"

သည်လို ပြောလိုက်ရသဖြင့် သူ ပိုပျော်သွားသည်။

"ကဲ... မဆိုင်တာတွေ လျှောက်မပြောပါနဲ့။ ခင်ဗျား အပေါ် ငွေတောင်းခံတဲ့ကိစ္စ

mgyoe.com

mgyoe.com
SAMPLE BOOK
ရှင်းပြပါ။ ဟော့... အလက်ဇန္ဒရား၊ သူ့ကို ပြလိုက်။ ခင်ဗျားမှာ ပေးစရာ ကြွေးတွေ ရှိတယ် မဟုတ်လား"

ရပ်စ်ကိုလ်နီကော့ဗ်က သူ့စကားကို နားမထောင်တော့ဘဲ စာအုပ်ကို လှမ်းဆွဲယူလိုက်သည်။ နှစ်ခေါက်၊ သုံးခေါက် ဖတ်သည်။ သူ နားမလည်။

"ဒါ ဘာအဓိပ္ပာယ်လဲ"

ရဲစာသင်ကို သူ ပြန်မေးလိုက်သည်။

"ခင်ဗျား ပေးပါ့မယ် ဆိုတဲ့ ကတိခံဝန်ချက်အရ တဖက်က တောင်းဆိုလာတယ်။ ခင်ဗျားက ရုံးစရိတ်နဲ့ ဒဏ်ငွေ အပါအဝင် ပေးရမယ်။ မပေးနိုင်ရင် ဘယ်တော့ ပေးပါ့မယ် ဆိုတဲ့ ရက်အတိအကျ ဖော်ပြပြီး ခံဝန်ချုပ် ရေးပေးရမယ်။ ပြီးတော့ အဲဒီငွေ မဆပ်နိုင်မချင်း ဒီမြို့က ဘယ်မှ မသွားပါဘူး ဆိုတဲ့ ခံဝန်ချုပ်လည်း လုပ်ရမယ်"

"နေပါဦး၊ ကျုပ်မှာ ဘာအကြွေးမှ မရှိတာ"

"အဲဒါ ကျွန်တော်တို့အလုပ် မဟုတ်ဘူး။ ခင်ဗျား အပေါ်မှာ ခံဝန်ချုပ်နဲ့ ရစရာ ရှိတဲ့ တရာ့ဆယ့်ငါး ရူဘယ်ကို ရလိုကြောင်းနဲ့ ဦးတိုက်လျှောက်ထားလာတာ။ အိမ်ရှင်ကို ခင်ဗျား ကတိလက်မှတ် ထိုးပေးထားတာ ကိုးလ ရှိပြီ"

"အိမ်ရှင် ဟုတ်လား၊ သူက ကျွန်တော့်အခန်း ပိုင်ရှင်ပဲ"

"အဲဒီအခန်းပိုင်ရှင်ကပဲ လျှောက်ထားလာတာ"

စာသင်က စိတ်မကောင်းသည့် အပြုံးမျိုး။ တပြိုင်တည်းတွင် အောင်မြင်သည့် အပြုံးမျိုးဖြင့် အူကြောင်ကြောင် မနူးမနပ် လူတယောက်ကို ပြောနေသည့် ပုံမျိုး။ 'ကဲ... မှတ်ကရော၊ မင်း ဘာတတ်နိုင်သေးလဲ' ဟု ပြောနေသည့် အလား။

ရပ်စ်ကိုလ်နီကော့ဗ်အတွက် သည် ကြွေးကိစ္စလောက်က အကြောင်းလား။ ဘာပူစရာ ရှိလဲ။ မတ်တတ်ရပ်လျက်က သူ တခေါက် ပြန်ဖတ်သည်။ သူတို့ ပြောတာတွေ နားထောင်သည်။ သို့သော် စိတ်ပါလက်ပါ မဟုတ်တော့။ တဖက်တွင် သူ ပျော်နေသည်။ အန္တရာယ် စက်ကွင်းထဲက လွတ်ကင်းခဲ့ပြီ မဟုတ်လား။ ထိုတဒင်္ဂတွင် သူ့ စိတ်အစဉ်သည် သံသယတွေ၊ မေးခွန်းတွေ လုံးဝ ကင်းလွတ်နေလေသည်။ ဘာကိုမှ ကြိုတင်မှန်းဆခြင်း မရှိ၊ ခွဲခြမ်း စိတ်ဖြာခြင်း မရှိ၊ အနာဂတ် မျှော်မှန်းချက် မရှိ၊ တိရစ္ဆာန်တကောင် ပျော်သလို ပျော်နေသည်။ ထိုစဉ် လျှပ်စီးတွေ လက်ကာ မိုးကြိုးပစ်သံတွေနှင့် ရုံးခန်းထဲတွင် သိမ့်သိမ့်တုန်သွားသည်။

သိက္ခာကို မောက်ကျော် စော်ကားခံရလေခြင်းဟု ခံပြင်းနေသည့် ရဲအရာရှိသည် မိုးခြိမ်းသံများနှင့်အပြိုင် ဒေါသကြီးနေဆဲ ဖြစ်သည်။ ကျန်နေသည့် အမျိုးသမီးကို မဲလေတော့သည်။ အနက်ရောင် သောကဝတ်စုံနှင့် အမျိုးသမီး ကိစ္စပြီး၍ ပြန်သွားပြီ။

"ကဲ... မဟိုသင်း၊ ခင်ဗျားအိမ်မှာ အပျော်ကြူးကြတာ၊ သောင်းကျန်းကြတာ တလမ်းလုံး နားမခံသာနိုင်အောင်ပဲ ဆို၊ မနေ့ညက ဘာဖြစ်တာလဲ၊ ဆိုပါဦး။ မူးကြ ရူးကြ၊
mgyoe.com

mgyoe.com SAMPLE BOOK
ထိုးကြ ကြိတ်ကြနဲ့ဆို။ ခင်ဗျား ထောင်ထဲ ဝင်ချင်နေပြီလား။ ခင်ဗျားကို ကျွန်တော် သတိပေးထားတာ ဆယ်ကြိမ် ရှိပြီ။ ဆယ့်တကြိမ်မြောက် ကျရင်တော့ ခင်ဗျား အထဲဝင်ရမှာ သေချာနေပြီ။ ခင်ဗျားဟာ ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ"

ရပ်စ်ကိုလ်နီကော့ဗ်၏ လက်ထဲမှ စာရွက်စာတမ်းတွေ လွတ်ကျသွားသည်။ မချေမင် အပြောခံရသည့် ဝတ်ကောင်းစားလှနှင့် အမျိုးသမီးကို သူ ငေးကြည့်နေသည်။ စိတ်ဝင်စားလာပြီး သူတို့ဇာတ်လမ်းကို ဆက်နားထောင်ရင်း ရယ်ချင်လာသည်။ တပြိုင်တည်းတွင် အကြောဆွဲသလို တွန့်လိမ်လာသည်။

"ဗိုလ်ကြီး အီလျာပီထရိုဗစ်ချ် ခင်ဗျာ"

ဒေါသတကြီး ပြောနေသည့် သူ့အရာရှိကို စာသင်က ထိန်းဖို့ ကြိုးစားသည်။ နောက်မှ သူ့အတွေ့အကြုံအရ အသာလွှတ်ထားလိုက်ဖို့ ဆုံးဖြတ်လိုက်သည်။ ဘာနှင့်မှ သူ့ကို တားလို့ရတော့မည် မဟုတ်။ သူက ဒေါသကုမ္ပာရ ဗိုလ်ယမ်းဘီလူး မဟုတ်လား။ ဝတ်ကောင်းစားလှနှင့် အမျိုးသမီးချောချောကြီးက ပထမ မိုးကြိုးသံကြောင့် လန့်ဖျပ်သွားသော်လည်း တဖက်သားက သူ့ကို နှိမ့်နှိမ့်ချချ ပြောလေ၊ သဘောကျလေ ပုံစံမျိုး ဆောင်ထားသည်။ သူ့အပြုံးက ပိုပြီး စွဲမက်စရာပင် ဖြစ်လာသေးသည်။ ရံခါတွင် ခါးညွတ်ကာ အရိုအသေပေးရင်း သူ့အလှည့်ကို စောင့်နေသည်။ နောက်ဆုံး သူ့အလှည့် ရောက်လာတော့သည်။

"ဆူပူသောင်းကျန်း ရန်လုပ်တဲ့ အထဲမှာ ကျွန်မ လုံးဝ မပါပါဘူး ဗိုလ်ကြီး"

ရုရှားစကားကို ဂျာမန်သံဝဲဝဲဖြင့် ပဲစေ့တွေ ဒယ်အိုးထဲ သွန်ချလိုက်သလို တရစပ်ပြောတော့သည်။

"ကျွန်မရဲ့ ဂုဏ်သိက္ခာ အပြည့်နဲ့ အိမ်ဟာ ဘယ်တုန်းကမှ ပတ်ဝန်းကျင်ကို ထိခိုက်အောင် ဆူဆူပူပူ မလုပ်ခဲ့ဖူးပါဘူး။ ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့အိမ်ကို သူက မူးမူးရူးရူးနဲ့ ရောက်လာတာ။ ကျွန်မအပြစ် လုံးဝမပါဘူး ဗိုလ်ကြီး။ ကျွန်မ ရှင်းပြမယ်။ ကျွန်မဟာ ဆူဆူပူပူလုပ်တာကို လုံးဝ မကြိုက်ပါဘူး။ သူက လူမှန်းသူမှန်း မသိအောင် မူးလာတာ။ သုံးပုလင်းပေးပါလို့ တောင်းတယ်လေ။ ပြီးတော့ ခုံပေါ် တက်ပြီး စန္ဒရားကို ခြေထောက်နဲ့ ဆောင့်တီးတယ်။ ကျွန်မလို ဂုဏ်သရေရှိအိမ်မှာ လုပ်သင့်လား ဟင်။ စန္ဒရားခလုတ်တွေ ကျိုးပဲ့ကုန်တယ်လေ။ ရှင် မိုက်ရိုင်းလှချည်လားလို့ ကျွန်မ ပြောလိုက်တယ်။ သူက ပုလင်း တလုံးယူပြီး လူတကာကို နောက်ကနေ ပုလင်းနဲ့ တိုးဝှေ့သွားနေတယ်။ ဒါနဲ့ ကျွန်မလည်း တံခါးမှူးကားလ်ကို ခေါ်ရတော့တာပေါ့။ သူက ကားလ်ကို မျက်လုံးတည့်တည့် ထိုးထည့်တယ်၊ ပြီးတော့ ဟင်နရီယက်ကိုလည်း မျက်လုံးကိုပဲ ထိုးတယ်။ ပြီးတော့ ကျွန်မ ပါးကို ငါးချက် ရိုက်တယ်။ ကဲ... ဗိုလ်ကြီး စဉ်းစားကြည့်ပါ။ ကျွန်မရဲ့ ဂုဏ်သရေရှိအိမ်မှာ အဲဒီလိုလုပ်တာရှင့်။ အဲဒီတော့ ကျွန်မ ဆော်မိတာပေါ့။ အဲဒီတော့မှ သူက ဝက်ပေါက်စလေးလို ပြတင်းပေါက်ကနေ အသားကုန် အော်နေတယ်။ ဘယ်လောက် ကျက်သရေ မဲ့လိုက်သလဲလို့၊ ထို့... အဲဒီမှာ ကားလ်က သူ့အကျႌ ကုပ်ပိုးကို ဆွဲပြီး လမ်းပေါ် ဆွဲထုတ်သွားတာ။ ဒဏ်ငွေ
mgyoe.com

mgyoe.com
SAMPLE BOOK

ဆယ့်ငါးရှုဘယ် ဆောင်ရမယ်လို့လည်း သူ့ကို ပြောတယ်။ ဂုဏ်သရေရှိတဲ့ လူမျိုး မဟုတ်ပါဘူး ဗိုလ်ကြီးရယ်။ ပြီးတော့ ပြောသေးတယ်။ နင့်အကြောင်းကို ငါ ကောင်းကောင်း ရေးမယ်၊ လူတိုင်း ပိုင်းဟားအောင် ရေးမယ်၊ သတင်းစာတိုင်းမှာ ပါစေရမယ်လို့လည်း ပြောသေးတယ်"

"ဩော်... စာရေးဆရာ အုပ်စုထဲကကိုး"

"ဒါပေမဲ့ လူကြီးလူကောင်း စာရေးဆရာ မဟုတ်ပါဘူး ဗိုလ်ကြီးရယ်။ ကျွန်မလို ဂုဏ်သရေရှိ အိမ်မျိုးမှာ..."

"ကဲ... ကဲ... တော်ပါတော့ မဟိုသင်းရယ်၊ ကျုပ် ခင်ဗျားကို အကြိမ်ကြိမ် သတိပေးပါလျက် ..."

"ဗိုလ်ကြီး အီလျာပီထရိုဗစ်ချ်"

စာသင်က အသာခေါင်းညိတ်ပြီး သူ့အရာရှိအား သတိပေးလိုက်ပြန်သည်။

"အဲ... ကဲ... လေးစားအပ်တဲ့ လာဗိဇာအိဗန်နိုဗာ ခင်ဗျား၊ ခင်ဗျားကို နောက်ဆုံး ပြောမယ်။ ဒါ နောက်ဆုံးဆိုတာတော့ ယုံပါ။ ခင်ဗျားရဲ့ ဂုဏ်သရေရှိအိမ်မှာ နောက်ထပ် ဒါမျိုးဖြစ်ရင်တော့ ခင်ဗျားကို ကျုပ် ကိုယ်တိုင် အဲ... အထက်တန်းကျကျ ပြောပါ့မယ်။ ကျုပ်ကိုယ်တိုင် ဖမ်းပြီး ထောင်ထဲ ပို့မယ်။ ကျုပ်ပြောတာ ကြားတယ်နော်။ အင်း ... လက်စသတ်တော့ စာရေးဆရာ တယောက်ကိုး။ ဂုဏ်သိက္ခာရှိတဲ့ ခင်ဗျား စံအိမ်ကြီးထဲမှာ ရမ်းကားသွားတယ် ဟုတ်လား"

သူက ရပ်စ်ကိုလ်နီကော့ဗ်ကို တချက် လှမ်းကြည့်ပြီး -

"လွန်ခဲ့တဲ့ နှစ်ရက်ကလည်း အရက်ဆိုင်တဆိုင်မှာ ဒါမျိုး ဖြစ်သေးတယ်လေ။ စားသောက်ပြီး ပိုက်ဆံမပေးဘူး။ တယောက်က အတင်းတောင်းရင် ဆောင်းပါးရေးမယ် တဲ့။ နောက်တခုက လွန်ခဲ့တဲ့အပတ်က သင်္ဘောပေါ်မှာ ဖြစ်တာ။ စာရေးဆရာယောင်ယောင် ဘာယောင်ယောင် တကောင်က ဂုဏ်သရေရှိ မိသားစုတစုကို စော်ကားမော်ကား လုပ်တယ်။ သူ့ကို အခြားလူတွေက အခန်းထဲက ကန်ထုတ်ပစ်လိုက်ကြတယ်။ သူတို့လို လူတွေဟာ အဲဒီအတိုင်းပဲ။ စာရေးဆရာတွေတဲ့၊ ခေတ်ပညာတတ်တွေတဲ့၊ ကျောင်းသားတွေတဲ့။ ထွီ..."

အမျိုးသမီးဘက် လှည့်ပြီး -

"ခင်ဗျား သွားတော့။ ခင်ဗျားအိမ်ကို ကျွန်တော်ကိုယ်တိုင် စောင့်ကြည့်မယ်၊ ကြားလား"

လီဇာအိဗန်နိုဗာက ပြုံးပြုံးကလေး ထွက်သွားသည်။ အရပ်လေးမျက်နှာကို ခါးညွတ် အရိုအသေ ပေးသွားသေးသည်။ အခန်းထဲမှ အထွက်တွင် အရာရှိတယောက်နှင့် ဝင်တိုးသည်။ ထိုအရာရှိက လူကြီးလူကောင်းဆန်သည့် နှုတ်ခမ်းမွေးနှင့် ခန့်ချော ချောသူတယောက် ဖြစ်သည်။ သူက ရဲမှူး နီကိုဒင်မ်ဖိုးမစ်ချ် ဖြစ်သည်။ လီဇာအိဗန်နိုဗာက နဖူးနှင့် ကြမ်းပြင် ထိလုမတတ် အရိုအသေပေးပြီး ခြေလှမ်းစိပ်စိပ်ကလေးဖြင့် ပြေးထွက်သွားသည်။ နီကိုဒင်မ် ဖိုးမစ်ချ်က အီလျာ ပီထရိုဗစ်ချ်ကို ခပ်ရွှင်ရွှင် လှမ်းပြောသည်။

mgyoe.com

mgyoe.com SAMPLE BOOK

"ပစ်ကွာ၊ ပစ်ကွာ၊ မိုးကြိုးတွေ။ လက်ကွာ၊ လက်ကွာ၊ လျှပ်စီးတွေ။ တိုက်ကွာ၊ တိုက်ကွာ၊ မုန်တိုင်းတွေ၊ လေဆင်နှာမောင်းတွေ။ မောင်ရင့်ဒေါသတွေ ဆူပွက်နေပြန်ပြီလား။ လေ့ကားထဲမှာကတည်းက ငါ ကြားပါတယ်ကွာ"

"ဘာမှ မဟုတ်ပါဘူး ဆရာ"

သူ ချက်ချင်း လူကြီးလူကောင်း ဆန်သွားသည်။ လုံးဝတည်ငြိမ်စွာဖြင့် စာရွက်တထပ် ကိုင်ပြီး စောင့်နေသူ အမှုသည်များဆီ ထလာ၍ ယဉ်ကျေးစွာ အလုပ်လုပ်နေသည်။

"တဆိတ်ခင်ဗျာ၊ ဒီအနားမှာ လက်မှတ်ကလေး တချက် ထိုးလိုက်ပါ။ ဟောဒီအနားမှာ ဟောဒီစာသားလေး ထည့်ရေးလိုက်ပါ"

စသည် စသည်ဖြင့်။ ရပ်စ်ကိုလ်နီကော့ဗ် အနားရောက်တော့ –

"ကဲ... ဆရာလေး၊ ကျောင်းသားဟောင်းဖြစ်ဖြစ်၊ ကျောင်းသားသစ်ဖြစ်ဖြစ်ပေါ့။ ကတိဝန်ခံချက်တွေ အမျိုးမျိုးပေးပြီး အခန်းလခကျတော့ မပေးဘူး၊ ဆင်းခိုင်းတော့လည်း မဆင်းဘူးတဲ့၊ သူက အစပိုင်းတော့ အဟုတ်ပဲ ဆရာ။ ခဏနေတော့ ကျွန်တော့်ကို မလေးမစား လုပ်တော့တာပါပဲ။ သူ့ရှေ့မှာ စီးကရက်သောက်လို့တဲ့ဗျာ။ သူ့ကို သေသေချာချာကြည့်ပါဦး ဆရာရယ်"

"ဆင်းရဲတာဟာ အပြစ်မဟုတ်ပါဘူးကွာ၊ မင်းက သည်းခံစိတ်မှ မမွေးနိုင်ဘဲကိုးကွ။ မင်းက တို့ တပ်ထဲတုန်းက ယမ်းဘီလူးနဲ့ တူနေတယ်။ စိတ်ထဲ မတွေ့ဘူးဆိုရင် ဒိုင်းခနဲ ပေါက်ကွဲတာ မကောင်းဘူးကွ"

နီကိုဒင်မ်ဖိုးမစ်ချ်က ရပ်စ်ကိုလ်နီကော့ဗ်ဘက် လှည့်ပြီး စကားဆက်သည်။

"မင်း သူ့လိုလူမျိုးကို အဲဒီလို သွားမလုပ်နဲ့။ သူလည်း ယမ်းဘီလူးပဲ။ ဒါပေမဲ့ သူ့ကို ကြည့်ပြီး စိတ်ထား မြင့်မြတ်တဲ့လူလို့ ငါ ယုံတယ်။ ဒါပေမဲ့ သွားမထိနဲ့၊ ချက်ချင်း ပေါက်ကွဲမယ်။ မီးထတောက်မယ်၊ အကုန်လောင်ကုန်မယ်။ ဒါပေမဲ့ သူ့နှလုံးသားက ဖြူစင်တယ်၊ ရွှေနှလုံးသား...၊ အင်း... ဗိုလ်ယမ်းဘီလူးကို ငါ အမှတ်ရသေးတော့ကွာ"

"ဆရာ ဘယ်တပ်ရင်းမှာ တွေ့ခဲ့တာလဲ"

အီလျာပီထရိုဗစ်ချ်က စိတ်လက်ပေါ့ပါးသွားဟန်ဖြင့် သူ့အထက်လူကြီးကို မေးလိုက်သည်။

ရပ်စ်ကိုလ်နီကော့ဗ်သည် ချက်ချင်း သူတို့နှင့် စကားပြောချင်စိတ် ပေါက်လာသည်။

"ကျွန်တော် တောင်းပန်ပါတယ် ဗိုလ်ကြီးခင်ဗျာ"

ရဲမှူးဘက်သို့ လှည့်ပြီး–

"ရဲမှူးကြီး ခင်ဗျား၊ ကျွန်တော့်ကိုလည်း နားလည်ပေးသင့်ပါတယ်။ ကျွန်တော် မလေးမစား ပြောမိတဲ့အတွက် တောင်းပန်မယ့်ဆဲဆဲပါ။ ကျွန်တော်ဟာ မကျန်းမာတဲ့ ကျောင်းသားတယောက်ပါ။ ဆင်းရဲတဲ့ဒဏ်ကြောင့်၊ မွဲတဲ့ဒဏ်ကြောင့် ကျောင်းထွက်ထားရတဲ့ လူငယ်တယောက်ပါ။ ဒါပေမဲ့ မကြာခင် ကျွန်တော့်ဆီ ငွေရောက်လာတော့မှာပါ။

mgyoe.com

mgyoe.com
SAMPLE BOOK
နယ်မှာ ကျွန်တော့် အမေနဲ့ ကျွန်တော့် ညီမလေး ရှိပါတယ်။ သူတို့ ငွေပို့မှာပါ။ အဲဒီအခါ ကျွန်တော် အခန်းလခ ပေးမှာပါ။ ကျွန်တော့်အိမ်ရှင် အမျိုးသမီးဟာ အရမ်းသဘောကောင်းပါတယ်။ ဒါပေမဲ့ ကျွန်တော် ကျူရှင်ဆရာအလုပ် ဆက်မလုပ်နိုင်ရကောင်းလား ဆိုပြီး ကျွန်တော့်ကို ဒေါပွနေပါတယ်။ ထမင်း မကျွေးတာ လေးလ ရှိပါပြီ။ ဘာပြုလို့ သူ ဒီလို တိုင်ဟယ် တောဟယ် လုပ်တာလဲ ဆိုတာ ကျွန်တော် နားမလည်နိုင်အောင်ပါပဲ။ ခု အတင်းတောင်းနေတယ်။ ကျွန်တော် ဘယ်လို လုပ်ပြီး...”

စာသင် တစခန်း ထပြန်သည်။

“အဲဒါ ကျွန်တော်တို့နဲ့ မဆိုင်ဘူးလေ”

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ခင်ဗျား ပြောတာ မှန်ပါတယ်။ ကျွန်တော့်ကို ရှင်းပြခွင့်ပြုပါ”

ရပ်စ်ကိုလ်နီကော့ဗ်က စာသင်ကို ပြောသလိုလိုနှင့် ရဲမှူးကို ဆက်ပြောသည်။ စာသင် ဂါတ်စာရေးက သူ ပြောတာတွေကို စိတ်မဝင်စားသလို စာရွက်စာတမ်းတွေကို ဖွနေသည်။

“ကျွန်တော့်ဘက်က ရှင်းပြပါရစေ ခင်ဗျာ။ နယ်ကနေ မြို့ရောက်လာကတည်းက ဒီအခန်းမှာ ကျွန်တော် နေလာတာပါ။ သုံးနှစ်တောင် ရှိခဲ့ပါပြီ။ အဲ... ဇာတ်လမ်းကို အစက ပြောရရင်တော့ ကျွန်တော်က သူ့သမီးကလေးကို လက်ထပ်ပါ့မယ်လို့ ကတိပေးခဲ့ဖူးတယ်။ နှုတ်ကတိ ဆိုပါတော့။ မိန်းကလေးက... အဲ... ကျွန်တော် သဘောကျပါတယ်၊ ဒါပေမဲ့ ကျွန်တော် မချစ်ဘူး။ အဲ... ဒါပေမဲ့ လူငယ်ချင်းတော့... အဲ... သူ့အမေက ကျွန်တော့်ကို အခန်းမှာ အကြွေးနေခွင့် ပေးတယ် ဆိုပါတော့။ အဲဒီမှာ ကျွန်တော့်ဘဝဟာ... ကျွန်တော် စဉ်းစားဉာဏ် နည်းခဲ့တာ ...”

အီလျာပီထရိုဗစ်ချ်က ခပ်ရိုင်းရိုင်း ဖြတ်ပြောသည်။

“အဲဒီအသေးစိတ်တွေ နားထောင်ဖို့ ကျွန်တော်တို့မှာ အချိန်မရှိဘူးဗျ”

“ဟုတ်ကဲ့၊ လက်စနဲ့ ကျွန်တော် ဆက်ပါရစေ၊ ပြောခွင့်ပြုပါ။ ဒါမှ ဇာတ်ရည်လည်မှာမို့ပါ။ မနှစ်တုန်းက ကောင်မလေး ငန်းဖျားဖျားပြီး ဆုံးသွားတယ်ဗျာ။ မမပရပ်စ်ကိုဗယာပါရှင်ကာက ခု လက်ရှိအခန်းကို ပြောင်းနေတော့ ကျွန်တော်လည်း အထပ်ခိုးကလေးမှာ နေဖို့ လိုက်ပြောင်းခဲ့ရပါတယ်။ ကျွန်တော့်ကို အရမ်းခင်ပါတယ်။ လုံးဝ ယုံတယ်။ ကျွန်တော်ကလည်း အလားတူပါပဲ။ ဒါကြောင့် ကျွန်တော် မပေးနိုင်သေးတဲ့ တရာ့ဆယ့်ငါး ရူဘယ်ကို ကတိစာချုပ် လက်မှတ်ထိုးပေးလိုက်တာပေါ့။ ဆက်ပြောပါရစေဗျာ။ အဲဒီစာရွက်ကလေး လက်မှတ်ထိုးပေးရင် ကျွန်တော့်ကို ကြိုက်သလို ဆက်နေတဲ့။ ပေးနိုင်တဲ့ အချိန်မှ ပေးတဲ့။ သူ့ပါးစပ်က အဲဒီအတိုင်း ပြောခဲ့တာပါဗျာ။ ခုတော့ ကျွန်တော် စာသင်တဲ့ အလုပ်ကို မလုပ်နိုင်တော့တာနဲ့ သူ ခုလို လုပ်တာပါဗျာ။ ကျွန်တော် ဘာပြောနိုင်မလဲ”

“ဒီမယ် ကိုယ့်လူ။ ခင်ဗျားရဲ့ အသေးစိတ်တွေ၊ စိတ်မကောင်းစရာတွေဟာ ကျုပ်တို့ အလုပ် မဟုတ်ပေဘူးဗျ”

mgyoe.com

mgyoe.com SAMPLE BOOK

အီလျာအီဗန်နိုဗစ်ချ် ဖြတ်ပြောခြင်း ဖြစ်သည်။

"ခင်ဗျား တခုခု ဆုံးဖြတ်ရမယ်၊ အကြောင်းပြန်ရမယ်။ ခင်ဗျားရဲ့ အတွေးဇာတ်လမ်းတွေ၊ အချစ်ဇာတ်လမ်းတွေ ကျွန်တော်တို့ ဂရုစိုက်ချိန် မရဘူး"

နီကိုဒင်မ်ဖိုးမစ်ချ်က–

"ဒါတော့ မင်း လွန်တာပေါ့ အီလျာပီထရိုဗစ်ချ်၊ မင်းမှာ အသည်းနှလုံး မရှိဘူးလား"

ပြောပြီး စားပွဲတွင် ဝင်ထိုင်ကာ သီချင်း ညည်းနေသည်။ မျက်နှာကတော့ စိတ်မကောင်း ဖြစ်နေပုံ။

စာသင်က ရပ်စ်ကိုလ်နီကော့ဗ်ကို ပြောသည်။

"ကဲ ...ရေး"

"ဘာရေးရမှာလဲဗျ"

"ကျုပ် ပြောတာ လိုက်ရေး"

ရပ်စ်ကိုလ်နီကော့ဗ် စဉ်းစားမရ ဖြစ်သွားသည်။ တောင်းပန်စကား ပြောလိုက်ခါမှ ကိုရွှေစာသင်က ပိုပြီး အထင်သေး၊ အမြင်သေး ဖြစ်လာသည်။ ချက်ချင်း ပြောင်းလဲသွားခြင်းမျိုး။ သူသာ သည်လိုဖြစ်မသွားလျှင် သူတို့နှင့်သူ မိတ်ဆွေ ဖြစ်တော့မှာ သေချာသည်။ သည်လူ ဘယ်လို ဖြစ်သွားတာပါလိမ့်။ စကားပြောစရာ မရှိတော့သလို ဟာလာဟင်းလင်း ဖြစ်သွားသည်။ အခန်းထဲတွင် ရဲတွေနှင့် မဟုတ်ဘဲ မိတ်ဆွေ အပေါင်းအသင်းတွေ စုပြုံရောက်လာလျှင်လည်း သူ့တွင် ပြောစရာစကားလုံးတွေ ရှာတွေ့မည် မဟုတ်။ ရုတ်တရက် ရင်ထဲတွင် တမျိုးကြီး ဖြစ်လာသည်။ လောကကြီး တခုလုံး မှိုင်းအုံ့ ညိုမည်းလာသည်။ လောကအမှောင်ထုအောက်တွင် တယောက်တည်း ကျန်ခဲ့သည့်အလား။ အဆုံးမရှိသည့် အထီးကျန်ဝေဒနာ။ ထိုအခြေအနေတွင် ရုတ်ခြည်း သတိဝင်လာသည်။ အီလျာပီထရိုဗစ်ချ် ရှေ့တွင် ရင်ဖွင့်လိုက်ရသည့်အတွက် တိမ်းတိမ်းပွေပွေ ဖြစ်သွားခြင်းမျိုး မဟုတ်။ သူ့ကို အပေါ်စီးက အနိုင်ယူသွားခြင်းအတွက်ကြောင့် မဟုတ်။ ဘဝင်မြင့်နေသည့် ရဲတွေကြောင့် မဟုတ်။ ဂျာမန်အမျိုးသမီးနှင့် ရုံးလုပ်ထုံးလုပ်နည်းများကြောင့် မဟုတ်။ ခုအချိန်တွင် သူ့အား မီးရှို့သတ်စေဟု စီရင်ချက်ချလျှင်လည်း သူ ဖြုံမည် မဟုတ်။ ထိုစီရင်ချက်အမိန့်ကို ဂရုတစိုက် နားထောင်ချင်မှ နားထောင်လိမ့်မည်။

ထိုတဒင်္ဂတွင် သူ့ကို လွှမ်းနေသည်က သူ မသိသည့် အင်အားတမျိုး။ သူနှင့် အလွန်စိမ်းသည့် မမြင်နိုင်သော ခွန်အားတမျိုး။ သည်လိုခံစားမှုမျိုး တခါမှ မဖြစ်ပေါ်ဖူးခဲ့။ သည်လို အတွေ့အကြုံမျိုး တခါမျှ မရှိခဲ့။ သည်အဖြစ်ကို သူ နားမလည်။ သို့သော် သူ့စိတ်စွမ်းအင်နှင့် ဆင်ခြင်တုံ တရားကြောင့် သူ ရှင်းရှင်းလင်းလင်း မြင်လာသည်။ သည်လူတွေနှင့် သည်ရဲစခန်းလို နေရာတွင် စကားဆက်ပြောလို့ မဖြစ်တော့။ စောစောကလို ရင်ဖွင့်ပြီး ပြောချလိုက်ရတာမျိုး မဖြစ်နိုင်တော့။

စာသင်က ကြက်တူရွေး စကားပြောသလို တတွတ်တွတ် ရွတ်နေသည်။ သူ ရွတ်နေကျမို့ သူ့အတွက် ဘာမျှ မခက်။ ကျွန်တော် မပေးနိုင်ခြင်း အကြောင်းမှာ ကတိဝန်ခံချက်

mgyoe.com

mgyoe.com SAMPLE BOOK

အတိုင်း သည်နေ့ သည်နေ့... တွင် ပေးဆပ်ပါမည်။ ထိုနေ့ ထိုနေ့အထိ ကျွန်တော် သည်မြို့မှ ထွက်မသွားပါ။ ကျွန်တော်သည် အခန်းကို တပါးသူအား ရောင်းမစားပါ။ တဆင့် ငှားရမ်းခြင်း မပြုပါ။ စသည်... စသည်။

ရဲစာသင်က ရပ်စ်ကိုလ်နီကော့ဗ်ကို သေသေချာချာ ကြည့်ပြီး-

"ဟင်... ခင်ဗျား ဆက်မရေးနိုင်ဘူးလား။ ကြည့်စမ်း၊ ကလောင်တံကိုတောင် မကိုင်နိုင်တော့ဘူး။ ဘာလဲ... ခင်ဗျား နေမကောင်းဘူးလား"

"ရပါတယ်။ ခေါင်းထဲ မူးလာလို့၊ ဆက်ပြောပါ"

စာသင်က သူ့လက်ထဲမှ စာရွက်ကို ဆွဲယူသွားပြီး-

"ကဲ... ဒါလောက်ဆို ရပြီ။ ခင်ဗျား လက်မှတ်ထိုးတော့"

စာသင်က သူ့လက်ထဲမှ စာရွက်ကို ဆွဲယူပြီး တခြားအမှုသည်တွေနှင့် အလုပ်ရှုပ်နေသည်။

ရပ်စ်ကိုလ်နီကော့ဗ်က ကလောင်တံပါ ကမ်းပေးလိုက်သည်။ ထပြန်သွားရမည့်အစား သူက စားပွဲပေါ် လက်တင်ပြီး ဦးခေါင်းကို လက်နှစ်ဖက်ပေါ် တင်ထားလိုက်သည်။ ဦးနှောက်တည့်တည့်ကို သံချွန်နှင့် နှက်လိုက်သလို ခံစားလိုက်ရ၏။

ရုတ်ခြည်း အတွေးတခု ဝင်လာသည်။ နီကိုဒင်မ် ဖိုးမစ်ချ်ဆီ ထသွားပြီး မနေ့က အပြစ်ကို ဝန်ခံလိုက်မည်။ အသေးစိတ် ပြောပြလိုက်တော့မည်။ ပြီးတော့ သူတို့ကို အခန်း ခေါ်သွားမည်။ ပစ္စည်းတွေ ဝှက်ထားသည့် နေရာကို ပြလိုက်တော့မည်။ သည်ဆန္ဒက သူ့ကို အပြင်းအထန် စေ့ဆော်နေပြီ။

"အင်း... ခဏတော့ ပြန်စဉ်းစားဦးမှ ထင်ပါရဲ့။ စဉ်းစားနေရင် လုပ်ဖြစ်တော့မှာ မဟုတ်ဘူး။ ထမ်းထားရတဲ့ ကျောပေါ်က ဝန်ထုပ်ကြီးကို ပစ်ချချင်လှပြီ"

သူ အပြေးအလွှား စဉ်းစားသည်။ နီကိုဒင်မ်ဖိုးမစ်ချ်က အီလျာပီထရိုဗစ်ချ်ကို ပြောနေသည့် စကား တစွန်းတစ ကြားလိုက်သည်။

"မဖြစ်နိုင်ဘူးကွ။ သူတို့နှစ်ယောက်စလုံးကို လွှတ်ပစ်ရမှာ။ ဘာမှ အထောက်အထား မခိုင်လုံဘူး။ သူတို့ လုပ်တာ ဆိုရင် ဘာလို့ သူတို့က တံခါးမှူးကို ဆင်းခေါ်မလဲ။ လှည့်ကွက် တခုလား၊ မဖြစ်နိုင်ဘူး။ လှည့်ကွက် ဆိုရင်လည်း တော်တော့်ကို ကြောက်စရာကောင်းတဲ့ လှည့်ကွက်ပဲ။ နောက်တချက်၊ တံခါးမှူးတွေရော၊ ဈေးသည်မိန်းမကြီး တယောက်ပါ တက္ကသိုလ်ကျောင်းသား ပက်စ်ထရီယာကော့ဗ်ကို အဲဒီ တိုက်ထဲဝင်တဲ့ ဝင်းတံခါးမှာ လှမ်းမြင်လိုက်ကြတယ်။ သူငယ်ချင်း သုံးယောက်နဲ့ လျှောက်လာနေရင်း အဲဒီ ဝင်းတံခါးနား ရောက်မှ လူချင်းခွဲလိုက်ကြတာ။ ပြီးတော့ တံခါးမှူးတွေကို မေးတယ်။ အခန်းလွတ် ရှိလားတဲ့၊ အဲဒါ သူ့အပေါင်းအသင်းတွေနဲ့ လမ်းမခွဲခင် တိုက်တကာ လျှောက်မေးလာတာ။ ဒီလို အကြံအစည်ရှိတဲ့ လူတယောက်ဟာ အဲဒီလို လုပ်ပါ့မလား။ ဒီအနားတဝိုက်မှာ အခန်း ရှာပါ့မလား။ ကဲ... ကို့ချ်ဆိုတဲ့ လူကို ကြည့်၊ သူက အောက်ထပ် ငွေပန်းထိမ်

mgyoe.com

mgyoe.com SAMPLE BOOK

ဆရာဆီမှာ နာရီဝက်လောက် စကားပြောနေသေးတာ။ ရှစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်အလို ကျမှ အဘွားကြီးအခန်းကို တက်သွားတာ။ ကဲ... မင်း စဉ်းစားစမ်း"

"ကျွန်တော် တခု ဆွေးနွေးပါရစေ ဆရာ။ သူတို့ဟာ ဝိရောဓိတွေနဲ့ ဓာတ်လမ်း ဆုံးထားတယ်။ တံခါးခေါက်တော့ အတွင်းက ပိတ်ထားတယ်လို့ ကျွန်တော်တို့ဆီမှာ ထွက်တယ်နော်။ ခဏလေးကြာလို့ သူတို့ ပြန်တက်လာတော့ တံခါးပွင့်နေတယ်တဲ့"

"ဟုတ်တယ်လေ၊ အဲဒီအတိုင်းပဲ။ လူသတ်သမားက အထဲမှာ ရှိနေတယ်။ အတွင်း ဘက်က ဘောက်ချိတ် ချိတ်ထားတယ်။ ကို့ချ်က တံခါးမှူးဆီ ဆင်းလိုက်သွားတာဟာ မှားတာပဲ။ အဲဒီမှာ ရာဇဝတ်သားက လစ်ထွက်သွားပြီး တနည်းနည်းနဲ့ သူတို့ မတွေ့အောင် ဆင်းသွားတာ။ ကို့ချ် ပြောတာ မမှတ်မိဘူးလား။ လက်နှစ်ဖက်လုံးနဲ့ လက်ဝါးကပ်တိုင် သင်္ကေတလုပ်ပြီး 'ကျွန်တော်သာ ရပ်စောင့်နေရင် ပုဆိန်စာ မိမှာ သေချာတယ်' တဲ့"

"ဒါဆို လူသတ်သမားကို ဘယ်သူမှ မမြင်လိုက်ဘူးပေါ့"

"ဘယ်လို လုပ်ပြီး မြင်မှာလဲ။ အဲဒီတိုက်ကြီးက နောအေး* ရဲ့ လှေကြီးလောက် ကြီးတဲ့ဟာကို၊ ဓာတ်လမ်းကတော့ ရှင်းနေပါပြီ"

"ကျွန်တော့်အတွက်တော့ ရှုပ်နေတုန်းပဲ ဆရာ"

ရပ်စ်ကိုလ်နီကော့ဗ်က ဦးထုပ် ကောက်ဆောင်းပြီး တံခါးဝဆီ ထသွားသည်။ သို့သော် တံခါးဝကို မရောက်။ မိုက်ခနဲ ဖြစ်သွားသည်။ သူ သတိရလာတော့ ကုလားထိုင် တလုံးတွင် ထိုင်လျက်သား ဖြစ်နေသည်။ လက်ယာဘက်မှ လူတယောက်က သူ့ကို တွဲထားသည်။ လက်ဝဲဘက်တွင် လူတယောက် ရပ်နေသည်။ လက်ထဲတွင် အဝါရောင် ရေ တဖန်ခွက်ကို ကိုင်လျက်။ နီကိုဒင်မ်ဖိုးမစ်ချ်က သူ့ရှေ့တွင် ရပ်နေသည်။ သူ့ကို စိုက်ကြည့် နေ၏။ သူက ကုလားထိုင်မှ ထရပ်လိုက်သည်။

"ဘာလဲ၊ ခင်ဗျား နေမကောင်းဘူးလား"

သံပြတ်ဖြင့် မေးသည်။

စာသင်က ဝင်ပြီး မှတ်ချက်ပေးသည်။

"သူ လက်မှတ်ထိုးတုန်းက ကလောင်တံ မနည်းကိုင်နေရတယ် ဆရာ"

ပြောပြီး သူ့ စားပွဲသို့ ပြန်သွားကာ စာရွက်စာတမ်းများနှင့် အလုပ်ရှုပ်နေသည်။ တဆက်တည်းတွင် လှမ်းမေးလိုက်သည်။

"ခင်ဗျား ဖျားနေတာ ဘယ်လောက်ကြာပြီလဲ"

"မနေ့ကတည်းက"

ရပ်စ်ကိုလ်နီကော့ဗ် တိုးတိုးဖြေသည်။

"မနေ့က ခင်ဗျား အပြင်ထွက်သေးလား"

---

* Noah – နောအေး၊ လူမျိုးစုခေါင်းဆောင်။ ရောမလှေကြီး တည်ဆောက်ပြီး မိသားစု၊ ဆွေမျိုးများနှင့် တိရစ္ဆာန်များပါ သယ်ဆောင်၍ ရေဘေးမှ ကယ်တင်ခဲ့သူ။(ကမ္ဘာဦးကျမ်း အခန်းကြီး ၅၊ အခန်းငယ်၉)

mgyoe.com

mgyoe.com
SAMPLE BOOK

"ထွက်တယ်"

"ဖျားနေလျက်သားနဲ့ အပြင်ထွက်တယ်၊ ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်အချိန် ထွက်သလဲ"

"ည ခုနစ်နာရီ နောက်ပိုင်း"

"ခင်ဗျား ဘယ်သွားလဲ"

"ဒီလိုပဲ လမ်းပေါ် လျှောက်သွားနေတာပေါ့"

"အင်း... ရှင်းပါတယ်ဗျာ"

ရပ်စ်ကိုလ်နီကော့ဗ်က မေးသမျှ တိုတိုတုတ်တုတ် ဖြေသည်။ သူ့မျက်နှာမှာ ဖယောင်းရုပ်လို ဖြူဖွေးနေသည်။ စာသင်ဂါတ်စာရေးကို မျက်လုံးချင်းဆိုင်ပြီး အဖျားကြီးနေသည့် မျက်လုံးနက်များဖြင့် စိုက်ကြည့်နေသည်။

နီကိုဒင်မ်ဖိုးမစ်ချ်က –

"သူ ကောင်းကောင်း မရပ်နိုင်ဘူးကွ"

"ဟုတ်တယ် ဆရာ"

အရာရှိက တခုခုပြောမည်ပြုပြီးမှ စာသင့်ကို တချက် လှမ်းကြည့်ပြီး ခပ်မဆိတ်နေလိုက်သည်။ သူတို့နှစ်ယောက် တယောက်ကို တယောက် ကြည့်ပြီး ထူးဆန်းစွာ ငြိမ်သက်သွားသည်။ နောက်ဆုံးတွင်မှ စာသင်က –

"ကဲ... ခင်ဗျား ပြန်နိုင်ပြီလေ"

ဟု ဆိုသည်။

ရပ်စ်ကိုလ်နီကော့ဗ် အခန်းထဲမှ ထွက်လာခဲ့သည်။ သူတို့နှစ်ယောက် စိတ်လိုက်မာန်ပါ အပြန်အလှန် ဆွေးနွေးနေသံကို သူ ကောင်းကောင်း ကြားနေရသည်။ နီကိုဒင်မ်ဖိုးမစ်ချ်၏ အသံက ပိုကျယ်လာသည်။ လမ်းပေါ် ရောက်တော့ သတိကောင်းကောင်း ပြန်ရလာသည်။

"သူတို့ လာရှာကြတော့မယ်။ ချက်ချင်း လာရှာကြမှာ။ ဒီကောင်တွေ ရိပ်မိသွားပြီ"

ကြောက်ရွံ့စိတ်က သူ့ဦးခေါင်းမှ ခြေဖျားအထိ လွှမ်းခြုံထားလိုက်ပြီ။

(၂)

"သူတို့ ရှာပြီး နေရင် ဘယ့်နှယ်လုပ်မလဲ။ ငါ အခန်းထဲမှာ ရှိနေတုန်း သူတို့ ရောက်လာရင် ဘယ့်နှယ် လုပ်မလဲ"

အခန်း ပြန်ရောက်တော့ ဘယ်သူမှ မရှိ၊ ဘယ်သူမှ မလာ။ နာတာရှာပင် အခန်းထဲ မဝင်။ ဘာမှ ခြေရာလက်ရာ မပျက်။ သေလိုက်ပါတော့။ ဒီပစ္စည်းတွေ ဒီလိုနေရာမှာ ထားသွားရတယ်လို့ပဲ။

mgyoe.com